
www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဖော်ဝိုင်

**အတွင်းဖလင်**

ကိုဇင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၇ ခုနှစ်၊ ဧပြီလ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဗျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

**နတ်သမီး**

နားလည်ရခက်တဲ့ပြဇာတ်

ဗျူးစာပေ၊ ၂၀၁၇။

၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) နားလည်ရခက်တဲ့ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

**အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း**

ဤနေ့ရက်စွဲပါ ၁၄-၇-၂၀၁၁ နေ့မှစ၍ မောင်ဝန်းရံခ အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဖ ဦးခင်ထွန်း၊ အမိ ဒေါ်နှင်းရီ

"တောက်"

သတင်းစာကို လုံးချေဆုတ်ဆွဲ၍ ခံပြင်းဒေါသတို့ဖြင့် တက်ခေါက်သံက အဆမတန် ကျယ်လောင်သွား၏။ ထင်လင်းနှင့် မျိုးကိုက ဝန်းရံခ လက်ထဲက သတင်းစာကို သေချာပွတ်သပ် ဆွဲဖြန့်ပြီး ဖတ်ကြည့်ကာ မျက်မှောင်ကုပ်လျက် ဝန်းရံခကို မော့ကြည့်သည်။

ဘယ်လိုဖြစ်တာလဲဆိုသည့် သဘော။

"အဲဒါ ဖေဖေထွန်းနဲ့ မေမေနှင်း လက်ချက်မဟုတ်ဘူး။ တို့မိန်းမရဲ့ ကောက်ကျစ်တဲ့ ဆုံးဖြတ်ချက် ဖြစ်ရမယ်"

"ဘယ်မိန်းမလဲ၊ မင်းအဖေနဲ့အမေက သားသမီးမရနိုင်လို့

www.burmeseclassic.com

www.burmeseclassic.com



မင်းကို မွေးစားခဲ့တာဆို၊ တခြားကန့်ကွက်ကြားဝင်မယ့် သားသမီးတွေလည်း မရှိဘဲနဲ့"

"ကန့်ကွက်တာတွေ ဘာတွေလုပ်ရအောင်၊ မင်းအဖေနဲ့ အမေက အမွေပေးစရာရော ရှိလို့လား။ သူတို့တောင် မနည်းရုန်းကန်ရှာဖွေစားသောက်နေရတာ၊ မင်းပညာရေးက မင်းဘာသာ ငွေရှာပြီး ကျောင်းတက်ခဲ့ရတာ မဟုတ်လား။ ဘာမက်မောစရာရှိလို့ အမွေဖြတ်တယ်လေး ဘာလေးနဲ့ ကြော်ငြာရတာလဲ"

ဘယ်သူမှ မသိအောင် မျိုသိပ်ထားချင်ပေမယ့် ထင်လင်းနှင့်မျိုးကို ကိုတော့ နားလည်အောင် ရှင်းပြရတော့မည် ထင်သည်။ အေးစက်နေသော ရေနွေးတစ်ခွက်ကို မော့သောက်ရင်းနှင့် နောက်တစ်ကြိမ် တက်ခေါက်သံကိုပါ မျှောချလိုက်ရသည်။

"မက်လောက်စရာ အမွေမရှိသလို ဖေထွန်းနဲ့မေမေနှင်းဆီက မေတ္တာတရားကလွဲပြီး ငါ ဘာမှ မတောင့်တခဲ့ပါဘူး။ ဖေထွန်းနဲ့မေမေနှင်းကလည်း ငါ့ကို သားအရင်းတစ်ယောက်လို နွေးထွေးတဲ့ မေတ္တာတွေပေးပြီး စောင့်ရှောက်တယ်၊ ဆုံးမသွန်သင်တယ်"

"အေးလေ အဲဒါ ငါတို့သိပါတယ်၊ သူတို့ဆက်ဆံရေးက မွေးစားသားလို့တောင် ထင်ရတာ မဟုတ်ဘူး။ ငါတို့ မိဘတွေထက်တောင် နွေးထွေးတယ်"

"ဟုတ်တယ် အရမ်းပျော်စရာကောင်းပါတယ်၊ ငွေကြေးမပြည့်စုံပေမယ့် စိတ်ချမ်းသာခဲ့ရတယ်၊ သူတို့ကလည်း ဆယ်နှစ်သားအရွယ် ငါ့ကို မွေးစားပြီး မြို့ကိုပြန်လာရမှ မိသားစုဘဝနဲ့ အဓိပ္ပာယ်ရှိလာတယ်လို့ တဖွဖွ ပြောတယ်"

"အဲဒါကို အခုမှ ဘယ်လိုတွေ ဖြစ်ကြတာလဲ အမွေ...အမွေခံ

www.burmeseclassic.com

www.burmeseclassic.com



သားအဖြစ်က စွန့်လွှတ်တယ်ဆိုတာ မင်းအဖေ အမေ နာမည်မှတ်ပုံတင်နဲ့နော်၊ ဘွဲ့လက်မှတ်တက်ယူပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေခဲ့တာတောင် သိပ်မကြာသေးဘူး''

''တောက်''

တက်ခေါက်ပြီး အံကိုကြိတ်ထားမိတာ မေးကြောကြီးတွေတောင် တင်းရင်း ထောင်ထလာသည်။ အပြစ်မဲ့သော ရေနွေးပန်းကန်လေးက သူ့လက်တွင်းမှာ မွမွကြေတော့မည် ထင်၏။

လက်ရှိအခြေအနေမှာ ကျေနပ်ခြင်း၊ မကျေနပ်ခြင်းထက် အတိတ်ဆိုတာ ချန်ထားလို့မရ၊ မေ့ပျောက်ထားလို့မရ။

အသိစိတ်တွေ တရေးရေး နောက်ပြန်လှည့်ရင်း . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဝန်းရံခ ဆိုသော နာမည်က တံငါရွာငယ်လေးနှင့် ဘယ်လိုမှ မလိုက်ဖက်။ ထိုနာမည်ကို မြို့ကြီးသားတွေကို အထင်ကြီးတတ်သည့် မေမေက မွေးပြီးပြီးချင်း ပေးခဲ့တာဖြစ်ပြီး တကယ်တမ်း အမည်တွင်ခဲ့တာက အငိုသန်လို့ ချက်ကလေးရှုနေခဲ့သည်မို့ ချက်ရှု တဲ့။ သူ့နာမည်က ချက်ရှု။

ခြောက်နှစ်သားအရွယ်လောက်မှာ ရွာဦးဘုန်းတော်ကြီး စာသင်ကျောင်းမှာ သူငယ်တန်းတက်ခဲ့ရပြီး အမေက အဖေရှာပေးသည့် ငါးတွေကို မြို့ဈေးလေးကိုတက်၍ ရောင်းသည်။ တစ်နေ့မှာတော့ ပင်လယ်ဘက် ငါးဖမ်းထွက်ရာက အဖေ ပြန်မလာတော့။

လေကြီးမိုးကြီးကျမှာတောင် မိသားစု စားဝတ်နေရေးအတွက် ငါးရှာထွက်သွားတော့ အဖေက တာဝန်ကျေကျေနှင့် အိမ်ပြန်ရောက်မလာ။

"အံ့မယ်လေး ကိုဖိုးအေးရယ်၊ တော့်သားလေးကို လေးတန်း အောင်ပြီးရင် မြို့ကျောင်းမှာ ထားချင်လို့ ငွေစုမှ ဖြစ်မယ်ဆို ငါတို့ ချွေတာစုဆောင်းမှ ငါတို့သားက ပညာတတ်ကြီးဖြစ်မှာသိပြီး အရက်

www.burmeseclassic.com

www.burmeseclassic.com



တောင် ဖြတ်ခဲ့တဲ့သူက အခု ဘယ်လိုလုပ်မှာလဲတော့၊ ကျုပ်တို့သားအမိကို မျက်နှာငယ်ငယ်နဲ့ နေရအောင် ထားခဲ့တာလား၊ ကျုပ်တို့သားအမိကိုပါ ခေါ်သွားပါလား ကိုဖိုးအေးရဲ့၊ တော် မရှိရင် ဒီသားလေးအပေါ် ကျုပ် ဘယ်လိုလုပ် တာဝန်ကျေနိုင်မှာလဲ၊ ရက်စက်တယ် ကိုဖိုးအေးရယ်၊ ရက်စက်တယ်''

အမေက သွားလေသူကို အပြစ်တင်သည်။ သူ့ကိုချစ်သည့် စိတ်နှင့် အဖေ့ကို တာဝန်မကျေဘူးဟု စွပ်စွဲ၏။ တကယ်တမ်းတော့ အမေလည်း တာဝန်မကျေခဲ့ပါ။ နေပူမရှောင် မိုးရွာမရှောင် ငါးပိုမန်း ခေါင်းပေါ်ရွက်ပြီး ဈေးရောင်းကျွေးမွေးခဲ့သည့် အမေက သူ လေးတန်း တက်ရမည့်နှစ်မှာပဲ အပြင်းဖျားကာ ဆုံးပါးသွားခဲ့သည်။ သူ့ဘဝက အဖေမရှိ အမေမရှိ၊ အားကိုးတွယ်တာစရာ မရှိ။

သူ ညစဉ်ညတိုင်း နေ့စဉ်နေ့တိုင်း အဖေနှင့်အမေကို တ,ကာ ငိုခဲ့သည်။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ။ ဘယ်လိုရှန်းကန်ရမှန်းမသိ အားငယ်နေခဲ့၏။

''ဒီလို အားငယ်ပြီး တငိုငိုလုပ်နေလို့ ဘယ်ဖြစ်မှာလဲ ချက်ရူ၊ ဘဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ ဘုန်းကြီးကျောင်းသား လုပ်ရင်း ပညာသင်ပေ့ါ၊ မြေပိုင်ယာပိုင်လည်း မင်းမိဘတွေက အမွေထား ခဲ့နိုင်တာ မဟုတ်ဘူး၊ သူများလယ်ထဲမှာ တဲလေးဆောက်ထားတာက လည်း အစောင့်အရှောက်မှ မရရင် ဘယ်သူက ထားချင်မှာလဲ''

ဘဘုန်းကြီးရဲ့မိန့်မှာစကားနှင့် ဆယ်နှစ်သားအရွယ် သူ့ဘဝက ဘုန်းကြီးကျောင်းရဲ့ ဝေယျာဝစ္စလုပ်ရတဲ့သူ ဖြစ်သွားခဲ့သည်။ တကယ် တော့ ဘုန်းကြီးကျောင်းသားအလုပ်ဆိုတာလည်း မလွယ်ပါ။ မနက် လေး နာရီအုံးမောင်းခေါက်လျှင် ဘုန်းကြီးတွေ အရင်နိုးမှ

www.burmeseclassic.com



အရုဏ်ဆွမ်းနေ့ ဆွမ်းဘုန်းကြီးတွေနှင့် ဆွမ်းလိုက်ခံ။ သပိတ်ဆွမ်းချိုင့်အကုန်ဆေး။ ဘုရားအိုးလဲ။

တခြားဘုန်းကြီးကျောင်းသားတွေနှင့် အတူတူ တစ်ကျောင်းလုံးသန့်ရှင်းရေးလုပ်။ ရွာထဲကို ဆွမ်းချိုင့်လိုက်ပေး။ ပြီးလျှင် ဘဘုန်းကြီးကိုနှိပ်နင်းပေးနှင့် စာကြည့်ချိန်အလွန်ရှားပါးခဲ့သည်။

ဒါပေမဲ့ မိမရှိ ဖမရှိ ဖြစ်နေချိန်မှာ သူ့အတွက် တန်ဖိုးကြီးကြီးခိုနားစရာပါ။

ထိုအရိပ်ကလွဲလျှင်. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘဘုန်း ကံသာရွာက ဦးခင်ထွန်းနဲ့ဒေါ်နှင်းရီ ရောက်နေပါတယ် ဘုရား"

"ဩော် အေး ချက်စူ ရေနွေးကြမ်းလုပ်ခဲ့ပါကွယ်"

"တင်ပါ့ဘုရား"

ညွှန့်သည်တွေအတွက် ရေနွေးယူပေးပြီး ဘဘုန်းကြီး နိုင်းလျှင် အဆင်သင့်ရှိနေအောင် ခပ်လှမ်းလှမ်းမှာ ထိုင်စောင့်နေရသည်။

ညွှန့်သည် ဦးလေးကြီးနှင့် ဒေါ်ကြီးက သူ့မိဘတွေနှင့် မတိမ်းမယိမ်းအရွယ်မို့ မိဘတွေကို သတိရကာ မျက်ရည်တွေတောင် ဝဲတက်လာသည်။

ဒါပေမဲ့ ဦးလေးကြီးက ကံသာရွာသားပုံစံ အသားညိုညို ထောင်ထောင်မောင်းမောင်းရှိပေမယ့် အဒေါ်ကြီးက ဖြူဖြူသွယ်သွယ် နှာတံချွန်ချွန် နှုတ်ခမ်းရဲရဲလေးနှင့် မြို့သူပုံစံမျိုး ဖြစ်သည်။

"ခင်ထွန်း ဒကာမလေးကို မြို့ပြန်မပို့သေးဘူးလား။ သူ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



အနေဆင်းရဲအစားဆင်းရဲနဲ့ ဒုက္ခရောက်နေရောပေါ့''

''တင်ပါ့၊ တပည့်တော်လည်း ပြန်တော့ ပို့ချင်ပါတယ်၊ သူ့အိမ်က ခါးခါးသီးသီး ဘယ်လိုမှ လက်မခံသေးလို့ပါ ဘုရား၊ သားသမီးရလို့ မြေးမျက်နှာမြင်ပြီး စိတ်ပြောင်းသွားမယ် ထင်ပေမယ့် ခုချိန်ထိ သားသမီးကလည်း မရသေးတော့ ဘယ်လိုမှ မတတ်နိုင်ဘူး ဖြစ်နေတာပါ''

''အဲလိုဆိုပြီး ဒီမှာနေလာတာ လေးငါးနှစ်မကတော့ဘူး မဟုတ်လား၊ ဒီလောက်ကြာနေမှတော့ မိဘတွေက စိတ်ပြောင်းချင်လည်း ပြောင်းလောက်ပါပြီ''

''တပည့်တော် ကြိုးစားပါသေးတယ် ဘုရား၊ ဒါပေမဲ့ သူ့မိဘတွေက မြန်မာပြည်မှာ မရှိကြတော့ပါဘူး၊ တပည့်တော်နဲ့ လိုက်ပြေးတာ ရှက်လို့ဆိုပြီး နိုင်ငံခြားမှာနေတဲ့ သမီးကြီးဆီ လိုက်သွားကြတာ အခုထိ ပြန်မလာကြတော့ပါဘူး''

''ဪ ဒီလိုတွေ ဖြစ်နေကြတာလား၊ ဘယ်လိုဖြစ်ဖြစ် မိဘကိုတော့ အပြစ်မယူကြနဲ့၊ ဒါနဲ့ ဒီလိုတွေ ဖြစ်နေတယ်ဆိုပြီး တောမှာပဲ ဇာတ်မြှုပ်နေလို့တော့ မဖြစ်ဘူးလေ၊ မင်းလည်း ရန်ကုန်၊ ၁ အချိန်ကြာကြာနေပြီး အလုပ်လုပ်ဖူးတာပဲ၊ ဒကာမလေးကို မြို့[ ]န်ခေါ်သွားပြီး ရှာဖွေလုပ်ကိုင်ကျွေးပေါ့၊ တောမှာ တစ်သက်လုံးနေ ဘာ့ ဘယ်ဖြစ်မှာလဲ''

''အဲဒီလိုလုပ်ချင်ပေမယ့် မြို့မှာက သားထောက်သမီးခံ မရှိရင် အသေခက်တယ် ဘုရား၊ တောမှာလို အရပ်ကောင်းလို့ အလောင်းလှတာမျိုး မရှိဘူး၊ အခုလည်း သူ့ကို ဘာမှမလုပ်နိုင်းဘဲ လယ်ထဲယာထဲဆင်းပြီး တပည့်တော် ရှာဖွေကျွေးနေတာပါ''

''ဘာပြောပြော မြို့အဆင့်အတန်းနဲ့တော့ ကွာတာပဲလေ၊ မြို့

www.burmeseclassic.com

www.burmeseclassic.com



မှာက မရှိရင် တက္ကစီမောင်းလို့ရတယ်၊ ဆိုက်ကားနင်းလို့ရတယ်၊ တော မှာတော့ သူများရဲ့ စာရင်းငှားဘ၀က လွတ်မြောက်မှာလား၊ ခဏလေး မကြည့်နဲ့ ရေရှည်တွေးမှပေါ့"

"တင်ပါ့"

ဘုန်းကြီးနှင့်ဦးခင်ထွန်း စကားကောင်းနေပေမယ့် ဒေါ်နှင်းရီက ခင် ပုဝ်းလုမ်းမှာ ညှိုးငယ်စွာ ထိုင်နေသော ချက်စူကိုသာ အကဲခတ် ငေးကြည့်လျက်ရှိသည်။ ပြီးမှ ဘုန်းဘုန်းဘက်ကို လှည့်၍ လက်အုပ်လေး ချီကာ

"ဒီကလေးက ဟိုတလောတုန်းက သေသွားတဲ့ မခင်ထူး သား လေးလား ဘုရား"

"ဟုတ်ပါ့ သူ့အမေ ဆုံးတာ ရှစ်လလောက်ရှိပြီလေ၊ လေးတန်း စာမေးပွဲတောင် ဖြေပြီးသွားပြီ၊ မြို့ကျောင်းဆက်ထားဖို့ ဘုန်းကြီးလည်း အခက်တွေ့နေ၀.၁၊ လေ့ခက ကုသိုလ်ယူခိုင်းလို့ရတယ် ထားဦး၊ ကျောင်း စရိတ်ထောက်ပံ့ဖို့က ခက်သားလား၊ ဘုန်းကြီးက ဒီမှာ စာသင်သား စရိတ်က ရှိသေးတော့ အများကိုငဲ့နေရတယ်"

"တပည့်တော်မတို့ မွေးစားပြီး ကျောင်းထားပေးရင်ရော ဖြစ် မလား ဘုရား"

"ဘယ်လိုကွဲ့"

"နှင်း ဘာတွေ ပြောနေတာလဲ"

ဘုန်းကြီးနှင့် ဦးခင်ထွန်း အံ့အားသင့်သွားကြသည်။ ထို စကားကို ကြားလိုက်သော ချက်စူက မျှော်လင့်ချက်နှင့် မျက်လုံးလေး ပြူးလည်နေသည်။

"သူက မိဘမဲ့နေတယ်၊ နှင်းတို့မှာ သားသမီး မရှိဘူး၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက် လိုအပ်ချက်ကို တစ်ယောက် ဖြည့်ဆည်းရာရောက်ပါ တယ်၊ ပြီးတော့ သူ့ကို ကျောင်းထားပေးရမှာ ကုသိုလ်လည်းရတာပေါ့''

''အဲဒါတော့ ဒကာမကြီး ပြောတာ ဟုတ်တယ် ခင်ထွန်း၊ အခုချိန်မှာ မြေဩဇာကျွေး စိုက်ပျိုးတတ်ရင် အသီးအပွင့်ဖြစ်လာတဲ့ အခါ ကိုယ်ပြန်ပြီး စားသုံးလို့ရတာပေါ့၊ မင်းတို့အရွယ်တွေက ဒီအတိုင်း နေမှာမှ မဟုတ်တာ၊ အိုလာမယ်၊ နာလာမယ်၊ အဲဒီအချိန်ကျရင် မင်းတို့ မှာ ပြုစုမယ့်သူ ရှိလို့လား''

''တင်ပါ့၊ အဲဒါကို နားလည်ပေမယ့် နှင်းကိုတော့ ပြည့်စုံအောင် မထားနိုင်သေးလို့''

''အဲဒီအတွက် တွေးမပူပါနဲ့၊ ဒီကလေးကို မွေးစားပြီးရင် မြို့ ကိုပြောင်းကြမယ်လေ၊ ဒီကလေးပညာရေးအတွက် နှင်းလည်း တစ်ဖက် တစ်လမ်းက အလုပ်လုပ်ပြီး ငွေရှာပါ့မယ်''

''သူဌေးသမီးက ဘာအလုပ်လုပ်နိုင်မှာလဲ၊ နှင်း ဆန္ဒရှိရင် မွေးစားလိုက်ပါ၊ ကိုယ် အလုပ်ပိုလုပ်ပါ့မယ်၊ ဘုန်းဘုန်းဘုရား ဒီကလေး ကို မွေးစားဖို့ ဘယ်လိုလုပ်ရမလဲ ဘုရား''

''တောမှာပဲ စာချုပ်စာတမ်းလည်း မလိုပါဘူး၊ ဒီကလေးလည်း နည်းနည်းအသိဝင် အရွယ်ရောက်လာပြီဆိုတော့ မင်းတို့အတွက် ကျွန်း ကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန် အထောက်အပံ့ရမှာပါ၊ နှုတ်တစ်ရာ စာတစ်လုံး ဆိုပေမယ့် လူတစ်ယောက်ရဲ့ ကတိသစ္စာက ကမ္ဘာတည်ပါ တယ်၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ် မေတ္တာပဲ ထားပါ''

တစ်ထိုင်တည်းဆုံးဖြတ်ချက်များက ချက်စူဘဝတစ်ခုလုံး အပြောင်းအလဲ ဖြစ်ခဲ့သည်။

ဘယ်လောက် အံ့ဩစရာကောင်းလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ရဲ့ မတိုင်ခင်လေးကပဲ သူက မိဘမဲ့ဘုန်းကြီးကျောင်း သားဘဝ။

အခုကျတော့ သူ့မှာ အဖေ အမေနှင့် မျက်ရည်တွေလည်ကာ အဖေပေဟာင်း၊ အမေပေဟာင်းကို သတိရမိသည်။ မြို့ကို မသွားခင် အဖေနှင့်အမေရဲ့ မြေပုံလေးကို ဒူးတုပ်ကာ ကန်တော့၍ နှုတ်ဆက်ရတော့မှာ ပေါ့။

မခွဲခွာချင်ပေမယ့် ကံကြမ္မာရဲ့အလိုတော်အတိုင်း. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ကဲ ချက်ရူ၊ သူတို့က မင်းရဲ့အဖေ အမေဖြစ်သွားပြီ၊ သူတို့ကို မင်းရဲ့မိဘတွေလို သဘောထားနိုင်ရဲ့လား မေတ္တာထားနိုင်ရဲ့လား"

"တင်ပါ့ တပည့်တော်က အဖေနဲ့အမေ အရမ်းလိုချင်နေတာပါ ဘုရား၊ ဒီက ဦးဦးနဲ့ဒေါ်လေးကို မိဘတွေလို နေပါမယ်"

"အေး ဒါဆို အဖေ အမေလို့ ခေါ်ရမယ်နော်၊ ဆုံးမသွန်သင်တာကို နားထောင်ရမယ်၊ ခိုင်းသမျှအလုပ်ကို မရိုမကပ် လုပ်ပေးရမယ်၊ ပညာလည်း ကောင်းကောင်းသင်ရမယ် ကြားလား"

"တင်ပါ့ ဘုန်းဘုန်း စကားကို နားထောင်ပါ့မယ် ဘုရား၊ တပည့်တော် အဖေနဲ့အမေ မြေပုံလေးကို သွားကန်တော့ပါရစေ၊ သူငယ်ချင်းတွေကိုလည်း နှုတ်ဆက်ပါရစေ ဘုရား"

"အေး အေး သံခဲနဲ့ အေးမ မနက်ကတည်းက ကျောင်းကို ရောက်နေတယ် မဟုတ်လား၊ သူတို့ကို ခေါ်သွားလိုက်လေ၊ မင်းမိဘတွေ မြေပုံကန်တော့သွားရင်းနဲ့ ရွှေဦးစေတီကိုပါ ဝင်ကန်တော့ခဲ့ ကြားလား၊ ဟိုရောက်ရင် ဘုရားတရား မိဘဆရာသမား မမေ့နဲ့၊ ကြည်ဖြူစုံချမ်းသာ

www.burmeseclassic.com



ရင် ရွာကို တစ်ခေါက်ပြန်လာနိုင်အောင်လည်း ကြိုးစား၊ ဟိုရောက်ရင် လုံးဝ လူပေါင်းမမှားစေနဲ့၊ ဒီမိဘတွေရဲ့ကျေးဇူးကိုလည်း ကျေးမစွတ်မိစေနဲ့"

ဘဘုန်းကြီးက တတွတ်တွတ် မှာတမ်းချွေလို့ မပြီးနိုင်။ စကားဆုံးမှ အဖေနှင့်အမေ မြေပုံကို ကန်တော့ဖို့ ထွက်လာခဲ့ရပြီး သံခဲနှင့် အေးမက အဖော်လိုက်ပေးကြသည်။

မိဘတွေရဲ့ မြေပုံလေးကို ရောက်ဖို့ လယ်ကန်သင်းနှင့် ချောင်းမြောင်းတွေကို ဖြတ်ရသည်။ ဝင်းဝါနေသော ရွှေဝါရောင် စပါးခင်းကိုလည်း လွမ်းလွမ်းဆွေးဆွေး ကြည့်ဖြစ်၏။

မြစ်ရိုးတစ်လျှောက် လမ်းလျှောက်လာရင်း တံငါလှေလေးတွေကိုကြည့်ကာ မျက်ရည်မဆယ်နိုင်။

"နင်က မြို့သားကြီးဖြစ်တော့မှာ ဘာလို့ ငိုနေတာလဲ ချက်စု"

"ဘယ်အချိန်မှ ပြန်လာဖြစ်မယ်မှန်းမသိတဲ့ ရွာလေးကို ကြိုပြီး လွမ်းလို့ပေါ့ဟာ၊ အဖေနဲ့အမေသာရှိရင် ဒီရွာလေးကို ငါ ခွဲရမှာမဟုတ်ဘူး"

"ငါတို့လည်း စိတ်မကောင်းပါဘူး၊ ရွာမှာ ဘုရားပွဲတွေရှိတိုင်း ဘုန်းကြီးကျောင်းမှာ အလှူရှိတိုင်း နင့်ကို သတိရနေမှာပါ၊ အဆိုအကဝါသနာပါတဲ့နင်က ငိုပြီး ထွက်မသွားပါနဲ့"

မငိုပါနဲ့လို့ သူ့ကိုအားပေးနေသည့် အေးမက နှပ်တွေ ထွက်လောက်အောင် တအီးအီး ရှိုက်ငို၏။

သံခဲက·သူ့ပခုံးကို လာဖက်ကာ

"ငါ ကြီးလာရင် အေးမကို ယူမှာ၊ ငါတို့ မင်္ဂလာဆောင်ကျရင်

www.burmeseclassic.com

www.burmeseclassic.com



လာဖြစ်အောင် လာခဲ့နော်၊ အဘကို ဝက်သားကျွေးနဲ့ မင်္ဂလာဆောင် နိုင်းမှာ"

"အေးပါ ချောင်းထဲကို ငါးပက်သွားရင် တစ်ယောက်တည်း မသွားနဲ့နော်၊ ငါက အရင်လို ဘုန်းကြီးကျောင်းကနေ ခိုးထွက်ပြီး မင်းနောက် အဖော်လိုက်ပေးလို့ မရတော့ဘူး၊ သာအေးတို့နဲ့လည်း မပေါင်းနဲ့၊ သူတို့က ပိုက်ဆံမရှိတဲ့ ငါနဲ့ပေါင်းလို့ဆိုပြီး မင်းကို သိပ်ကြည့် တာ မဟုတ်ဘူး မဟုတ်လား၊ မြို့ကျောင်းကို ဆိုင်ကယ်နဲ့တက်နိုင်တယ်ဆို ပြီး ဘဝင်မြင့်နေတာ"

"အေးပါကွာ မင်းပြန်လာရင် မြို့သူချောချောလေး ယူခဲ့နော်၊ မိဘမဲ့ဘုန်းကြီးကျောင်းသားက မြို့သူအချောအလှကို ယူနိုင်တယ်ဆိုပြီး ရွာကို လာကြွားလှည့်စမ်းပါကွာ"

စကားတွေက အဆုံးမသတ်နိုင်။

ရွာကို အခုမှ သံယောဇဉ်ပိုဖြစ်မိကာ ဘယ်နေရာကို ကြည့် ကြည့် လွမ်းဆွေးစရာတွေနှင့် ပြည့်နှက်နေသည်။ ဒါပေမဲ့ မျက်ရည်တွေ ကြားကပဲ နှုတ်ဆက်ရတော့မှာပါ။

သံ့ရဲ့ဘဝက သေချင်တဲ့ကျား တောပြောင်းခြင်းလား။ တစ်ရွာ မပြောင်း သူကောင်းမဖြစ်မှာစိုးလို့ ရွာနှင့်မိဘတွေကို စွန့်ခွာလာခဲ့ရခြင်း လား။

လောကဓံလှိုင်းတံပိုးများက သူ့အပေါ်မှာသာ စုပြုံလျက်. . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လှည်းတစ်တန်၊ လှေတစ်တန်၊ ကားတစ်လှည့်နှင့် ရန်ကုန်ကို ရောက်လာကြတော့ နေစရာအိမ်က အဆင်သင့် မရှိပါ။ ဖေဖေထွန်း မိတ်ဆွေတွေရဲ့ အဆက်အသွယ်နှင့် ဆင်းရဲသားရပ်ကွက်လေးမှာ အိမ်ငှား နေရသည်။

ထိုအဆက်အသွယ်နှင့်ပင် ဖေဖေထွန်းက ဆိုက်ကားနင်းရင်း အရင်းအနှီးလေးဖြင့် ဈေးထဲမှာ ကုန်စိမ်းရောင်းသည်။ သူ့ကိုတော့ ရပ်ကွက်အလွန်က ကျောင်းမှာ ကျောင်းအပ်ပေးပြီး သားအရင်းတမျှ ဂရုစိုက်ခဲ့ကြသည်။

သူ့ဘက်ကလည်း မိဘရင်းသဖွယ် ပြုစုလုပ်ကိုင်ပေးခြင်းဖြင့် ကျေးဇူးတရားတွေကို တုံ့ပြန်ခဲ့ပါသည်။

"ဟယ် သားလေး ဝန်းရံ ဘာလို့ ရေတွေဆွဲထည့်နေတာလဲ၊ ရပ်ကွက်ထဲက မောင်အေးကို ရေဖြည့်ပေးဖို့ မေမေ ပြောထားပါတယ်"

"မေမေနှင်းကလည်း ပိုက်ဆံအပိုကုန်တာပေါ့၊ သားက ဒီရေ

www.burmeseclassic.com

www.burmeseclassic.com



သောက်တော့ ဆွဲနိုင်ပါတယ်၊ မေမေနှင်း ဈေးသွားရင် ရေအဝချိုးပြီး သနပ်ခါးလှလှလေး ခြေဆုံးခေါင်းဆုံး လိမ်းသွားနော်၊ သား သနပ်ခါး သွေးထားလိုက်မယ်"

"သားရယ် စာကိုပဲ ကြိုးစားပါ၊ သားအဖေက စာမရရင် ရိုက်မယ်လို့ ပြောထားတယ်နော်"

"ဒီအလုပ်တွေ လုပ်လို့ သား စာကျက်မပျက်ပါဘူး မေမေနှင်း ရဲ့ ဘုန်းကြီးကျောင်းမှာဆိုရင် စာကိုမနည်းလုကျက်နေရတာ၊ ညကျရင် ဖေထွန်းနဲ့မေမေနှင်းကို နင်းနှိပ်ပေးရင်း သား စာကျက်လို့ရတာပဲ၊ ကုသိုလ် လည်းရ စာလည်းရ ဘယ်လောက်ကောင်းလဲ"

"ဟုတ်ပါပြီတော်၊ မွေးရကျိုးနပ်လိုက်တာ သားလိမ္မာလေးရယ်၊ ကဲ မေမေ ဈေးက ပြန်လာရင် သား ဘာစားချင်လဲ မှာလိုက်၊ သားလေး ကို ဟင်းကောင်းကောင်း ချက်ကျွေးရမယ်"

ဒေါ်နှင်းရီ ပြောနေဆဲမှာ ဦးခင်ထွန်းက အိမ်ရှေ့ထွက်လာပြီး

"မင်းက သားကို ဟင်းကောင်း ချက်ကျွေးမယ်တွေ ဘာတွေ ပြောမနေနဲ့၊ သူ့အတွက် ထည့်ပေးတဲ့အသားဟင်းကို ကိုယ် ထမင်းစား ပြန်လာတိုင်း ကိုယ့်ဟင်းပန်းကန်ထဲမှာ အပိုတွေ့တယ်"

"ဟင် သားအတွက် ထည့်ပေးတာကို ဘာလို့ ဖေထွန်းအတွက် ချန်ခဲ့တာလဲ"

"သားက ကျောင်းပဲတက်ရတာ ဖေထွန်းက တစ်နေကုန် ဆိုက်ကားနင်းနေရတာ၊ ပင်ပန်းတာပေါ့၊ အဲဒါကြောင့် အစားများများ စားပြီး အားရှိနေမှဖြစ်မှာ၊ သားအတွက်က ဒီအဖေနဲ့အမေရဲ့ မေတ္တာ တွေရနေရင် ပြည့်စုံပါပြီ"

"သားလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာသိတတ်လိုက်တာ သားရယ်"

ဖေထွန်းနှင့်မေမေနှင်းက ကြည်နူးမျက်ရည်တွေဝေလျက် ဝိုင်းဖက်တွယ်ထားကြသည်။ တရှုံ့ရှုံ့နမ်းကာ ချစ်လို့လည်းမဝ။

သူကလည်း ဖေထွန်းနှင့် မေမေနှင်းရဲ့ပါးလေးတွေကို ဘယ်ပြန်ညာပြန် နမ်းရင်း မေတ္တာတွေ ခံယူခဲ့သည်။

ဒီလိုနှင့် နွေးထွေးကြည်နူးစရာ အချိန်တွေကို ဖြတ်သန်းရင်း မိသားစုဘဝလေးက သွေးရင်းသားရင်းပမာ တစ်သားတည်း ဖြစ်သွားကြသည်။

သူ ဆယ်တန်းအောင်သော နေ့ကဆိုလျှင် ဖေထွန်းနှင့်မေမေနှင်းက အပျော်လွန်ကာ ဆိုက်ကားမနင်း ဈေးမရောင်းကြဘဲ တစ်နေကုန်ဘုရားတွေသွား လျှောက်လည်ကြ၊ ရုပ်ရှင်ကြည့်ကြနှင့် တခြားမိသားစုတွေထက်ပင် အကဲပိုခဲ့ကြသည်။ ညအိပ်ရာဝင်တော့လည်း တစ်အိပ်ရာတည်းမှာ အတူတူအိပ်ခဲ့ကြသည်။

ထိုညက အဖေနှင့်အမေကို သတိရကာ မျက်ရည်ကျခဲ့ရသေးသည်။

အဖေနှင့် အမေသာ ရှိသေးလျှင်လည်း ဖေထွန်းနှင့်မေမေနှင်းတို့လို ပျော်နေမှာပဲပေါ့။ တစ်ရွာလုံးကို လှည့်ပတ်ကြွားလို့လည်း ဆုံးမည် မထင်။

အခုလည်း သူ့ဘဝ ရေမျောကမ်းတင် ဖြစ်မသွားတာ သိပ်ဝမ်းသာနေကြမှာပါ။

ဘဝမှာ ဒီအတိုင်း အဆင်ပြေနေခဲ့ပါလျက်. . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

သက်ပြင်းချသံတွေနှင့် အိပ်ရာဝင်ခဲ့ကြရတာ တစ်ပတ်ပင် ပြည့်တော့မည်။ အဖေထွန်းနှင့် မေမေနှင်း တိုးတိုးကြိတ်ကြိတ် တိုင်ပင် ရင်း အိပ်မပျော်နိုင် ဖြစ်နေတာ သူ သိလို့ ဘာအကြောင်းလဲ မေးကြည့် သော်လည်း ဘာမှ ရေရေရာရာ အဖြေမပေးကြ။

"ဘာမှမဟုတ်ပါဘူး သားရယ်၊ သားက နောက်ဆုံးနှစ်စာမေး ပွဲ ဖြေနေချိန်မှာ ဘာမှစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့"

"ဘာပဲဖြစ်ဖြစ်ပါ၊ မိသားစုအရေးကိစ္စကို ဘယ်အချိန်ဖြစ်ဖြစ် တိုင်ပင်ရမှာပေါ့"

"သား မသိသင့်တဲ့ တခြားကိစ္စပါ သားရယ်၊ နောက်တော့မှ သားကို မေမေတို့ ပြောပြပါမယ်"

ဘယ်လိုမေးမေး ဘာမှလည်း မပြော။ စိတ်ထိခိုက်စရာ ကြီး ကြီးကျယ်ကျယ်မို့ မစားနိုင်မသောက်နိုင် မျက်နှာမကောင်း ဖြစ်နေကြ တာကို သူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး အဆင်မပြေလို့ ဒီအိမ်လေးကို ရောင်းထုတ်ချင်နေတာလား။

တက္ကသိုလ်နေစဉ်အတွင်းမှာ ဆိုက်ကားနင်း သတင်းစာပို့ ဂျာနယ်ရောင်းနှင့် ကိုယ့်စရိတ်ကိုယ် ရှာခဲ့သည်။

ဒါကြောင့်မို့ ဖေထွန်းနှင့် မေမေနှင်းက သူတို့ စုဆောင်းထားသည့် ငွေလေးဖြင့် ဒီပေနှစ်ဆယ် ပျဉ်ထောင်အိမ်လေးကို ဝယ်ခဲ့သည်။

"သားအတွက် မေမေတို့ရဲ့ အမွေလေး ကျန်ခဲ့အောင်လို့ပါကွယ် သားလေးက မေမေတို့ကို ငဲ့ညှာပြီး ကိုယ့်စရိတ်နဲ့ကိုယ်ရှာပြီး ကျောင်းတက်နေတာ မေမေတို့ စိတ်မကောင်းဘူး၊ အဲဒါကြောင့် သားအတွက် မေမေတို့ တစ်ခုခုလုပ်ပေးချင်တယ်၊ ဘာအတွက်နဲ့မှ ရောင်းချဖို့ စိတ်မကူးဘူး၊ သား အိမ်ထောင်ကျတဲ့အခါ မေမေတို့ရဲ့ လက်ဖွဲ့ပေါ့ သားရယ်"

ရည်ရွယ်ချက်ကြီးကြီးမားမားနှင့် တဖွဖွကြည်နူးမဆုံး ပြောခဲ့သည်။ ခုတော့ ဘာတွေများ အခက်အခဲ ဖြစ်နေလို့လဲ။ သူ စာမေးပွဲဖြေပြီးမှ ပြောပါမည်တဲ့။

သိချင်စိတ်ပြင်းပြပေမယ့် ကာသိကအောင့် စနောင့်စနင်းဖြင့် စာမေးပွဲကို ပြီးအောင် ဖြေလိုက်ရသည်။

ထိုနေ့မှာပင် သူ သိချင်တာကို အတိအကျ ထပ်မေးခဲ့၏။

"မေမေတို့ အရမ်းစိတ်ထိခိုက် ခံစားနေကြတယ်ဆိုတာ သား သိပါတယ်၊ ဘာအကြောင်းလဲဆိုတာ သားကို ပြောပြပါ မေမေ"

မေမေက သူမေးတာ မဖြေသေးဘဲ မျက်ရည်အရှင်ကျ၏။ ဖေထွန်း သက်ပြင်းရှိုက်သံက ငိုသံစွက်လျက် လေးပင်အက်ရှနေ၏။

"အဲဒီလို ဖေထွန်းနဲ့ မေမေ မချိမဆံ့ ခံစားနေတာက သားကို

www.burmeseclassic.com

www.burmeseclassic.com



ဒီပြီး နားကျင်အောင်ပါတယ်၊ သားတစ်ယောက်လို သဘောထားတယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ပြောပြပေးပါ''

''သားရယ်''

''ပြောလိုက်ပါတော့ နှင်းရယ်၊ ပြောမှဖြစ်မယ့် ကိစ္စမို့လား၊ ဒီလို သားရယ်၊ နှင်းရဲ့မိဘတွေက နိုင်ငံခြားမှာ ဆုံးသွားကြပြီ''

''ဗျာ''

''အဲဒီ မိဘတွေရဲ့အရင် နှင်းရဲ့အစ်ကိုနဲ့အစ်မကလည်း ကား အက်ဆီးဒင့်တစ်ခုနဲ့ ဆုံးသွားကြတယ်''

''ဩော်''

အဲဒါကြောင့် မေမေ စိတ်ထိခိုက်နေတာလားလို့ တွေးပြီး စိတ်မကောင်းဖြစ်ရသည်။ မေမေ့လက်ကလေးကို ထွေးဆုပ်၍ နှစ်သိမ့်မိ၏။

မေမေက သူ့လက်ကို ခပ်တင်းတင်း ပြန်ဖျစ်ညှစ်ကာ မျက်ရည် တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်၏။

''မငိုပါနဲ့လို့ တားချင်ပေမယ့် မတားရက်ပါဘူး မေမေရယ်၊ မသေခင် နောက်ဆုံးအချိန်လေးမှာ မပြုစုလိုက်ရလေခြင်းလို့ မေမေ နောင်တရနေမှာပဲ မဟုတ်လား''

''အဲဒါလည်း ဟုတ်ပါတယ်၊ ပြီးတော့ သားနဲ့ခွဲရမှာစိုးလို့''

''ဗျာ သားနဲ့ ဘာလို့ ခွဲရမှာလဲ''

''နှင်းမိဘတွေက အမွေတွေနဲ့အတူတူ တာဝန်တွေပါ နှင်း အပေါ် စုပုံထားခဲ့တယ် သား၊ အဲဒီထဲမှာ သားကို စွန့်လွှတ်ဖို့လည်း ပါ တယ်''

''ဟင်''

မေမေ ပြောမထွက်တာကို ဖေထွန်း ပြောပြပေးမယ့် သူ နား

www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်။ မေမေနှင်းက သူ့မျက်နှာကို ဖွဖွလေး ပွတ်သပ်ကိုင်တွယ်ပြီး

"သားနဲ့ဒီလိုနေရတဲ့ဘဝလေးကို မေမေ ပျော်နေတာပါ။ သား အဖေကို ချစ်တဲ့စိတ်နဲ့ မိဘတွေရဲ့ စွန့်ပစ်ခံခဲ့ရတာကိုလည်း မေမေ ဝမ်းမနည်းခဲ့ နောင်တမရခဲ့ဘူး"

"သား နားလည်ပါတယ်၊ သားနဲ့ခွဲရမယ့် အကြောင်းရင်းကိုပဲ ပြောပါ မေမေနှင်း"

"ဒီလို သားရယ်၊ မေမေ့ရဲ့မိဘတွေက မေမေ အပျိုဘဝက နေခဲ့တဲ့ နှစ်ဆောင်ပြိုင် တိုက်ကြီးနဲ့ အတွင်းပစ္စည်းတွေအားလုံး အမွေ အဖြစ် ပေးခဲ့တယ်"

"ဟာ အဲဒါဆို မေမေတို့ ဆင်းရဲတဲ့ ဒီဘဝကနေ လွတ်မြောက် ပြီပေါ့"

သူ့အတွက် မတွေးဘဲ မေမေတို့အတွက် ဝမ်းသာအားရ ဖြစ် သွားသော သူ့မျက်နှာကို မေမေက မျက်ရည်တွေ ဝေ့သီလျက် ငေးငေး လေးကြည့်ကာ

"မေမေ ဒါတွေ မမက်လို့ ချစ်သူနောက်ကို လိုက်ပြီး ဆင်းရဲ တဲ့ ဘဝမှာ စိတ်ချမ်းသာသာ နေခဲ့တာပါ၊ အခု မိဘတွေရဲ့ နောက်ဆုံး ဆန္ဒနဲ့ မလိုချင်လည်း ယူရတော့မယ်"

"ဖေထွန်းကို လက်ခံပေးခဲ့လို့ ဒီလို စီမံထားခဲ့တာနေမှာပါ"

"ဟုတ်ပါတယ် သားအဖေထွန်းကိုတော့ ခွဲလို့မရနိုင်မှန်း သိသွား လို့ လက်ခံပေးသွားတဲ့သဘောပါပဲ၊ ဒါပေမဲ့ မေမေတို့အကြောင်းကို အကုန်စုံစမ်းလေ့လာထားတဲ့ သူတို့က မွေးစားသားဖြစ်တဲ့ သားကိုတော့ သွေးမတော် သားမစပ်လို့ အသိအမှတ်မပြုဘူး၊ စံစားခွင့်မပြုနိုင်ဘူးတဲ့ လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောရရင် နှင်းရဲ့အစ်မကြီးမှာ သားနဲ့ရွယ်တူလောက်ရှိမယ့် သမီးတစ်ယောက် ကျန်ခဲ့တယ်၊ နာမည်က တိမ်မွေ့ခင် တဲ့၊ သူ့ကို ဖေဖေတို့က အမွေတွေ ဆက်ထိန်းရင်းနဲ့ စောင့်ရှောက်ရမယ်၊ ဒါက အမွေထိန်းရှေ့နေတွေနဲ့ သေချာစီစဉ်ခဲ့တဲ့ကိစ္စပဲ၊ ဒီအိမ်ကြီးနဲ့ အမွေတွေ တိမ်မွေ့ခင် မိဘ၊ နှင်းရဲ့အစ်မနဲ့လည်း သက်ဆိုင်နေတာ မဟုတ်လား"

"တိမ်မွေ့ခင်က ရုပ်ကလေး လှသလောက် မမလိုပဲ မာနကြီးတယ်၊ အရှိန်အဝါနဲ့ မာန်လည်းရှိတယ်တဲ့ သား၊ သားနဲ့ ဆက်နွယ်ပတ်သက်မှုမရှိအောင် ဘွားအေဆီမှာတောင်းဆိုတယ်၊ မြေးအနှစ်ဆိုတော့ ဘွားအေကလည်း အကုန်လိုက်လျောပေးခဲ့တယ်"

"ဩော်"

ဒါ တိမ်မွေ့ခင်ကြောင့်ဆိုတာ ဝန်းရံ့ နားလည်သဘောပေါက်သွားခဲ့သည်။ သူ့လို သွေးမတော် သားမစပ် သူစိမ်းတစ်ယောက်နှင့် မသက်ဆိုင်ဘူးဆိုသည့် သဘောပေါ့။

သူ မမြင်ဘူးသော တိမ်မွေ့ခင်က သူ့ကို ဖယ်ထုတ်တာ ဝမ်းမနည်းပေမယ့် မေမေတို့နှင့်ခွဲရမှာကိုတော့ သူ့ရင်တွေ နာကျင်စူးရှနေသည်။

မေမေတို့လည်း ဒါကြောင့်မို့ မချိမဆံ့ ခံစားနေရတာနေမှာပါ။

"အရင်ကလို ငယ်ရွယ်တဲ့စိတ်နဲ့ သားနဲ့ခွဲရမှာဆို ဒီအမွေတွေ မယူဘူးလို့ မေမေ မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက် ချလိုက်ချင်ပါတယ်၊ ဒါပေမဲ့ တူမလေးကလည်း တစ်ယောက်တည်း ကျန်ခဲ့ရှာတယ်"

"သူက မြန်မာပြည် ပြန်ရောက်နေပြီလား"

"မရောက်သေးဘူး သား၊ သူ့ကျောင်းကိစ္စတွေ ပြီးမှ လာမှာတဲ့

www.burmeseclassic.com



မေမေတို့ကိုတော့ အခုကတည်းက အဲဒီအိမ်မှာ သွားနေနိုင်းတယ်၊ အမွေထိန်းရှေ့နေကြီးတွေက လွှဲပေးချင်ပြီတဲ့လေ"

"ဒါဆိုလည်း သွားပေါ့ မေမေရယ်၊ သားအတွက် နောက်ဆံမတင်းပါနဲ့"

"သား"

"တိမ်မွှေ့ခင်က မိန်းကလေး၊ ပြီးတော့ မေမေတို့ရဲ့ သွေးရင်းသားရင်းပဲ၊ သားက သူစိမ်းသက်သက်ပါ"

"သား သား အဲလို မပြောပါနဲ့ သားရယ်၊ မေမေ့ရင်တွေ ကွဲပါလိမ့်မယ်၊ သားကို မေမေတို့ ဘယ်လောက်ချစ်တယ်ဆိုတာ သား သိတယ် မဟုတ်လား၊ ဆင်းရဲတဲ့ဘဝမှာ အတူရုန်းကန်ရင်းနဲ့ ဘယ်လောက်ချစ်တယ်ဆိုတာ သား သိတယ်မဟုတ်လား၊ ဆင်းရဲတဲ့ဘဝမှာ အတူရုန်းကန်ရင်းနဲ့ ဘယ်လောက်တောင် ပျော်ရွှင်ခဲ့ရလဲ၊ ချမ်းသာတဲ့ဘဝကို မေမေ ပျော်ပျော်ကြီးနဲ့ ပြန်သွားချင်လို့ မဟုတ်ပါဘူး၊ တူမလေးတစ်ယောက်တည်း ကျန်ခဲ့တာဆိုလို့ မေမေ ဆုံးဖြတ်ရခက်နေတာပါ"

မေမေ မျက်ရည်တွေကိုမြင်ပြီး စကားနာ မထိုးသင့်မှန်း အသိဝင်၏။ သူ့အတွက် ဆင်းရဲပင်ပန်းစွာ ပေးဆပ်ခဲ့သည့်အချိန်တွေကို အားနာသင့်သည်ပဲ။

"သားပြောတာကို မေမေနှင်း စိတ်မကောင်းမဖြစ်ပါနဲ့၊ ဖြစ်သင့်တာကို မေမေနှင်း ဆုံးဖြတ်ရတော့မယ်ဆိုတာ သား နားလည်ပါတယ်၊ သားက ကျောင်းလည်း ပြီးသွားပြီ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ပါပြီ မေမေနှင်း"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ သားကို မေမေ စိတ်မချနိုင်ပါဘူး သားရယ်၊ သားရှိနေမယ့် ဒီအိမ်လေးကို မေမေ ခဏ ခဏ လာတွေ့

www.burmeseclassic.com



မယ် သား"

"အခုလောလောဆယ်လည်း ဖေဖေတို့ ဟိုအိမ်ကို မပြောင်းသေးပါဘူး။ သားက မိစုံဖစုံနဲ့ ဘွဲ့ဝတ်စုံဝတ်ပြီး ဓာတ်ပုံရိုက်ချင်သေးတယ်လို့ ပြောတယ်နော်၊ သား ဘွဲ့ယူပြီးမှ ဖေဖေတို့ သွားမယ်"

"ဟို တိမ်မွေ့ခင် ပြန်ရောက်လာရင်"

"သူလည်း အဲဒီအချိန်လောက်မှ ပြန်လာဖြစ်မှာပါ၊ ဒီအတောအတွင်းမှာ ဖေဖေတို့မိသားစု ပျော်ပျော်ရွှင်ရွှင် နေကြမယ် သား"

ဒါကလည်း အခိုက်အတန့်လေးပဲ ကျန်တော့တာ မဟုတ်လားလို့ မထေ့ငေါ့ချင်တော့ပါ။

ဒီတစ်သက် မခွဲခွာရတော့ဘူး ထင်ထားသည့် မိဘတွေ အမှတ်မထင် ခွဲခွာရဦးမှာပါလား။

ယောက်ျားဖြစ်ပြီး မျက်ရည်နှင့် မကင်းသော သူ့ဘဝက ဘယ်လို ကံကြမ္မာမျိုးလဲ. . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"တောက်"

အတိတ်ကနေ ပြန်ရောက်လာမှ တက်ခေါက်သံက ပို၍ ကျယ်လောင် ပြင်းထန်သွားသည်။ မျက်ရည်စက်တချို့ပါ ဖျတ်ခနဲ လွင့်စင်သွားတော့ ထင်လင်းနှင့်မျိုးကိုက သူ့အတွက် ရေခဲစိမ်ရေသန့်ဘူးတစ်ဘူး မှာပေးပြီး ဖန်ခွက်ထဲ ထည့်ပေး၏။

"ရင်ပူတော့ သက်သာမှာမဟုတ်ဘူး၊ ဒါပေမဲ့ သောက်လိုက်ပါ"

"ပြီးရင် အကုန်ဖွင့်ချကွာ၊ နည်းနည်းသက်သာအောင်"

မျိုးကိုနှင့်ထင်လင်းရဲ့ နှစ်သိမ့်မှုကြောင့် သူ့ရဲ့မျက်လုံးအရှိန် လျော့သွား၏။

ရေတစ်ဖန်ခွက်လုံး မော့သောက်လိုက်ပေမယ့် မရှုသာ မရှိက်သာ လှိုက်ထွက်လာသော သက်ပြင်းတွေကတော့ မပေါ့ပါးပါ။

"ဒါဆို ဘွဲ့လက်မှတ်တက်မယူခင်ကတည်းက အတွေးကြီးတဲ့ ဖြစ်နေတဲ့ ပြဿနာတွေပေါ့"

"ကျောင်းပြီးလို့ တစ်ခါတစ်ရံမှ တွေ့ဖြစ်တဲ့ မင်းတို့ကို ငါ့အပူ

www.burmeseclassic.com

www.burmeseclassic.com



ဆွေ ဆွေးဆက်မှာစိုးလို့ မျိုသိပ်ထားခဲ့တာ၊ ငါ ဘွဲ့ယူပြီးနောက်နေ့ကတည်းက ဘိုအိမ်ကြီးကို မေမေတို့ ပြောင်းသွားကြရတာ၊ အခုအိမ်မှာ ငါ တစ်ယောက်တည်းရယ်၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မင်းတို့နဲ့ဆုံဖို့ လက်ဖက်ရည်ဆိုင်ကို ထွက်လာတဲ့နေ့မှ သတင်းစာထဲမှာ အမွေစားအမွေခံသားအဖြစ်က စွန့်လွှတ်တယ်ဆိုတဲ့ သတင်းက ပါလာတယ်''

''တိမ်မွေ့ခင် ပြန်ရောက်နေလို့ ဒီသတင်းကို မဖြစ်မနေ ထည့်ခိုင်းလိုက်တာ မဖြစ်နိုင်ဘူးလား''

''ဟင့်အင်း ဒီလို ပြတ်ပြတ်သားသား ကင်းကင်းရှင်းရှင်း လုပ်မထားရင် ပြန်မလာဘူးဆိုလို့ မေမေနှင်းတို့က မထည့်ချင်ဘဲ ထည့်လိုက်ရတာဖြစ်မယ်၊ သူ ကျိုင်လိုက်ရရင် အဒွေပစ္စည်းဥစ္စာတွေက အားလုံး အရှုပ်အရှင်းဖြစ်ကုန်မှာလေ၊ မိန်းကလေးတစ်ယောက်တည်း နိုင်ငံခြားမှာ နေရင် မသင့်တော်လို့ မေမေတို့က သူ့စိတ်ကြိုက် လိုက်လျောပေးနေရတာ ဖြစ်မှာ''

''အေးလေ သူ့လုပ်ပုံက သူတို့ပိုင်ဆိုင်မှုတွေကို သွေးသားမတော်စပ်တဲ့မင်းက မက်မောမှုတွေနဲ့ ပတ်သက် စပ်ယှက်မှာစိုးရိမ်လို့ နေမှာပေါ့''

''အဲဒါကို ငါ ခံပြင်းတာ၊ သူက ငါ့ကို မြင်ဖူးလို့လား၊ ငါ့စိတ်နဲ့ကိုယ်ကျင့်တရားကိုရော သူလေ့လာထားလို့လား၊ ဘာလိုင်းကြီး သူစိမ်းဆိုတဲ့ အတွေးတစ်ခုတည်းနဲ့ အထင်သေးနေတာ''

''မင်းကရော တိမ်မွေ့ခင် ဘယ်လိုမိန်းကလေးလည်းဆိုတာ မြင်ဖူးတွေ့ဖူးလို့လား''

ထင်လင်း မေးခွန်းကို ခေါင်းခါမလိုလုပ်ပြီးမှ ဝန်းရုံခေါင်း ညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေနှင်းက အဲဒီမိန်းမပို့လိုက်တဲ့ ခတ်ပုံကို ငါ့ကို ပြဖူးတယ်၊ မျက်လုံးအိမ်က အရမ်းစူးရှလို့ မာနကြီးတယ်ဆိုတာ ဖြစ်နိုင်တဲ့ ရုပ်မျိုးပဲ၊ အသားအရေက မအေတူရင် ရွှေလိုဝင်းအိနစ်နေမှာလို့ မေမေက ဝေဖန်တယ်၊ ထူးခြားတာက စူးရှတဲ့ မျက်ဝန်းတွေကို အားကောင်းအောင် ပံ့ပိုးနေတဲ့ မျက်ခုံးတွေပဲ၊ ရိတ်သင်ထားတာ တမင်တကာ ပုံဖော်ထားတာမျိုး မဟုတ်ဘူး၊ နှုတ်ခမ်းတွေက တော်တော် အဆိပ်ပြင်းတယ်၊ ပုရိသတွေကို ဝါးစားနိုင်လောက်တဲ့အထိ ဆွဲဆောင်မှုရှိတယ်"

"မင်း အသေးစိတ် လေ့လာထားတာပဲ၊ အမုန်းနဲ့လား၊ ရန်သူလို့ သတ်မှတ်ပြီးတော့လား"

"နှစ်ခုလုံးပဲ၊ တိမ်မွှေ့ခင်ဆိုတာ ငါ့အတွက် နတ်ဆိုးဂြိုဟ်ဆိုး တစ်ကောင်လို့ ငါ သတ်မှတ်ထားတယ်"

"မင်း ဘာလုပ်မှာလဲ"

မျိုးကို မေးခွန်းကို အဖြေမပေးခင် အရင် အံ့ကြိတ်လိုက်မိ၏။ တက်ခေါက်ရတာ ရိုးအီသွားပြီမို့ လက်သီးကို အားထည့်၍ တင်းတင်း ဆုပ်ထားကာ

"အဲဒီလို မိန်းမကို ငါ့ရဲ့ချစ်သူအဖြစ် ငါ့အနားမှာ ထားပြီး"

"ဝန်းရံ"

"မုန်းနေတဲ့သူကို မမြင်ချင် မတွေ့ချင်၊ ရင်မဆိုင်ချင်ဘူးဆိုပြီး ကိုယ်နဲ့မဆိုင်သလို လွှတ်ထားလိုက်ရင် အရှုံးပေးတာနဲ့ အတူတူပဲကွ၊ ရန်သူကို အနားမှာထားပြီး အနုနည်းနဲ့ နှိပ်စက်ရတာမှ ပိုပြီး အရသာရှိမှာ"

"မင်း စိတ်ကူးယဉ်နေတာလား၊ အဲလောက် အကြီးကြီးတင်းနေတဲ့ မိန်းမနားကို မင်း ဘယ်လိုနည်းလမ်းသုံးပြီး ချဉ်းကပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလွယ်တွေးပြီး လွတ်လမ်းမရှာနဲ့၊ ဒီကိစ္စ တကယ်ဖြစ်ခဲ့ရင်တောင် မင်းမွေးစားမိဘတွေက သူတို့သွေးသား တူမအရင်းဘက်က ဆတ်ဆတ်ခါပြီး နာကြည်းမသွားနိုင်ဘူးလား"

"အဲဒီအထိ ကြိုတွေးမထားဘူး၊ မသိအောင် ကြိုးစားရင်းက သိသွားခဲ့ရင်လည်း ငါ အမှန်အတိုင်းပဲ ဝန်ခံမှာ"

ဘယ်လို ဝန်ခံမှာလဲဆိုသည့် အဓိပ္ပာယ်နှင့် မျိုးကိုတို့နှစ်ယောက် မျက်ခုံးပင့်၍ သူ့ဆီမှာ အကြည့်ရောက်၏။ သူက ရင်ဘတ်ကြီးကိုပုတ်ပြလိုက်ပြီး

"ယောက်ျားမာနကို ထိပါးလို့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို စော်ကားလို့ ငါ့မိဘတွေနဲ့ ခွဲလို့"

"စွပ်စွဲချက်တွေကတော့ ပြင်းထန်တယ်၊ အဲဒီပုဒ်မတွေတပ်ပြီး တိမ်မွေ့ခင်ကို တိုက်ခိုက်မှာ၊ ချစ်သူတော်စပ်ဖို့အထိ လိုအပ်လို့လား"

"သွေးအေးတိုက်ပွဲအတွက် နှလုံးသားကို ရင်းသင့်ရင် ရင်းရမှာပေါ့၊ ငါ ရည်ရွယ်တာက သူ အထင်သေးတဲ့ ယောက်ျားမျိုးက ဒါမျိုးတုံ့ပြန်တတ်တယ်ဆိုတာ သိသွားစေချင်တာ"

"မင်းက ဘာအင်အားကို သုံးမလို့လဲ၊ ဆိုက်ကားနင်းပြီး ဝမ်းစာ ဖြေရှင်းနေတဲ့လူကို တိမ်မွေ့ခင် အထင်ကြီးမှာ မဟုတ်ဘူး၊ မင်းမှာ ဘာအင်အားမှလည်း မတောင့်တင်းဘဲနဲ့ သွေးရူးသွေးတန်း ဆုံးဖြတ်ချက်တွေ မချစမ်းပါနဲ့"

"ဘွဲ့လက်မှတ်ကိုင်ပြီး အလုပ်လျှောက်လည်း တိမ်မွေ့ခင်ကို တန်းညှိလို့ရတဲ့ အလုပ်တစ်ခုရဖို့ မလွယ်ဘူး၊ ကံကြမ္မာကို အပြစ်ပုံချပြီး မင်း နေသာသလို နေလိုက်ပါတော့လား"

မျိုးကိုနှင့် ထင်လင်းရဲဖျောင်းဖျမှုကြောင့် သူ့လက်သီးဆုပ်က

www.burmeseclassic.com

www.burmeseclassic.com



တင်းခနဲ ဖြစ်ကာ မေးကြောကြီးတွေ တင်းရင်းနေ၏။

ဂုဏ်ခနမဲ့သူ ကျူရှုံးစတမ်းလား။ လက်ရုံးရည်နှင့် အင်အားမရှိ လျှင် နှလုံးရည်နှင့် ပြယာယ်ဆင်လို့ တိုက်ပွဲတွေ အလီလီအောင်မြင် ခဲ့သည့် သာဓကတွေ ရှိနေခဲ့တာပဲ။'

"ထင်လင်း စက်မှုဇုန်မှာ မင်းဦးလေး ကုမ္ပဏီ ရှိတယ်ဆို၊ ငါ့အတွက် အလုပ်တစ်နေရာလောက် ပြောပေးလို့ မရဘူးလား"

"ဟိုတလောကတော့ ဖော်မြူလာအသစ်နဲ့ ဒီဇိုင်းအသစ် ထုတ် မယ့် ဆပ်ပြာစက်ရုံအတွက် မန်နေဂျာလိုတယ်လို့တော့ အမေ့ကို ပြော နေသံ ကြားတယ်၊ အမေကတောင် ငါ့ကိုလုပ်ဖို့ တိုက်တွန်းနေတာ၊ ဦးလေးက မိန်းမအငယ်လေး ယူထားပြီး ကဂျီကဂျောင်များလွန်းလို့ ငါနဲ့ ကီးမကိုက်လို့ ရှောင်လိုက်တယ်၊ မင်းလုပ်ချင်ရင် အမေ့ကို ပြောခိုင်း ပေးမယ်လေ"

"အေး ငါ လုပ်ချင်တယ်၊ ပြောပေးပါကွာ၊ တိမ်မွေ့ခင်ကို တိုက်ခိုက်ဖို့ ငါ့မှာ အင်အားတွေ စုဖို့လိုအပ်တယ်ကွ၊ အခြေခံလောက် တောင့်တင်းဖို့တော့ မင်းတို့ကူညီမှဖြစ်မှာ"

"ဘော်ဒါတွေပဲကွာ၊ အတတ်တစ်ချပ်သဲတစ်ပွင့်တော့ သဒ္ဓါပါ တယ်၊ စပြီးရင်တော့ အဆုံးသတ်လှဖို့ ကိုယ့်ဘာသာ တာဝန်ယူနော်၊ ပြီးမှ ဝန်းရံခ ခြေချုပ်မိသွားတယ်ဆိုတာမျိုး မကြားချင်ဘူး"

"သားလိမ္မာမဟုတ်တော့တာ မင်းမွေးစားမိဘတွေ သိရင် ရင်နာနေမှာပဲ"

"အကြောင်းလှဖို့ စိတ်မကူးတော့ဘူး၊ ငါ့အနားမှာ ဘယ်သူမှ မရှိတော့တဲ့အတွက် ငါ့ရင်ကြီးက ဗလာသက်သက်ပဲကျန်တော့တယ်၊ အထီးကျန်လူတစ်ယောက်အတွက် မိုက်ရူးရဲဆန်ကြည့်တာပါ။ ဆုံးမသွန်

www.burmeseclassic.com

www.burmeseclassic.com



သင်မယ့်သူ မရှိဘူးလေ"

ထင့်သတ်အရှိက်မှာ ရင်က လှိုက်ခနဲခါ၏။ အိမ်ပြန်ချိန်တိုင်းမှာ အရင်ကလို နွေးထွေးမှုတွေ ပေးမည့်သူ မရှိတော့တာကြောင့် လမ်းမှာ အချိန်ကုန်ရင်း သူ့ဘဝတစ်ခုလုံးက စုတ်ပြတ်သတ်လို့ပါ။

သူ့ တွယ်တာခဲ့သည့် ရင်ခွင်နှစ်ခုကို တိမ်မွှေ့ခင်ဆိုသော အစိမ်းသူရဲက ကြားဖြတ်လုယူသွားသည်။ ထိုမျှမက သူ့ဘဝတစ်ခုလုံးကိုပါ အတ္တကြီးကြီး အသေသတ်လိုက်တာပဲ မဟုတ်လား။

ဘဝက အချိုးကျညီမျှခြင်းတွေ မရှိ။ အထောက်အပံ့ပေးမည့် အကွာရာတွေလည်း မပေါ်များ။

လောကဓံရဲ့ အထုအထောင်းခံရပါများတော့ အံတုအရှုံးတိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

တိမ်မွှေ့ခင် မင်းကို ရင်ဆိုင်ဖို့ ငါ့နှလုံးသားကို ဓားသွေးသလို သွေးထားရမှာပေါ့။

မင်းဆီက သွေးတစ်စက်တော့ရမှဖြစ်မယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ရဖို့အတွက် အလုပ်လာလျှောက်တာကို လက်ခံတယ်၊ ဘာတွေ ပြန်ပေးဆပ်မယ် ကြံစည်းစားလာခဲ့လဲ"

"ဗျာ"

အင်တာဗျူး မဟုတ်သည့် ကန့်လန့်မေးခွန်းအတွက် သူ အနည်းငယ်တော့ ကြောင်စီစီ ဖြစ်သွား၏။ ထင်လင်းက သူဦးလေး အကြောင်းပြောပြထား၍ သိသင့်သလောက် သိထားသော်လည်း ကမျက်ကချော် အရွဲ့ပြန်တိုက်လို့ မဖြစ်။

သူ့စိတ်ကြိုက် လိုက်လျောမှုတစ်ခုခုရှိလျှင် အလုပ်ရဖို့နဲ့ နေစရာက ပွဲသိမ်းပဲတဲ့။

"ဟို ဒီလိုပါ အန်ကယ်၊ အဲ အစ်ကိုကြီး၊ ကျွန်တော့်မှာ အနှောင်အဖွဲ့မရှိ ငွေညှာစရာမရှိပါဘူး။ အခွင့်အရေးပေးရင် အန်ကယ့်ဆီမှာ မိသားစုဝင်တစ်ယောက်လို ကျိုးကျိုးနွံနွံ လုပ်ချင်ပါတယ်၊ လိုအပ်နေတဲ့ မန်နေဂျာရာထူးအတွက်တင် မဟုတ်တဲ့ အစ်ကိုကြီးရဲ့ အိမ်ဘာနေရာမှာလည်း အသုံးချလို့ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငွတ် သီးသန့်ရာထူးအတွက် မဟုတ်ဘဲ ကျရာတာဝန်ကို ကျေပွန်အောင် လုပ်မယ်ဆိုတာကို ကြိုက်သွားပြီ၊ ငါ့တူတွေမှာ အဲလို စိတ်မရှိဘူး။ သူတို့က ငါ့ဆီမှာ အလုပ်လိုချင်ပေမယ့် သူတို့ ရချင်တာက သူဌေးတူရဲ့ ပါဝါအကြီးကြီးတွေ၊ အခြေခံမရှိတဲ့အပေါ်မှာ တက်နေရင် ပြုတ်ကျတော့ အကျမနာနိုင်ဘူးလား"

"ဟုတ်ကဲ့ အဆမတန် အကျနာနိုင်ပါတယ်"

"အေး အဲဒါကို ပြောတာ၊ ငါ ဒီနေ့ ဒီနေရာကိုရောက်ဖို့ ဘာတွေ ပေးဆပ်ခဲ့ရတယ်ဆိုတာ သူတို့ နားမလည်ဘူး၊ မိဘဆီက လက်ဝါး ဖြန့်တောင်းသုံးပြီး အချိန်တွေကို ပေါ့ပေါ့လွယ်လွယ်လေး ဖြတ်သန်းလာခဲ့ကြတယ်၊ ငါက သင်ပေးပြန်တော့လည်း နားငြီးတယ်ဆိုပြီး ခပ်ရှောင် ရှောင်ရယ်၊ မင်းကရော အလုပ်နဲ့မဆိုင်တဲ့ စကားတွေ ပြောနေတယ်လို့ ထင်နေလား"

"ဟာ မ မထင်ပါဘူး အစ်ကိုကြီး၊ ဗဟုသုတရပါတယ်၊ ပညာလည်း ရပါတယ်၊ ကျွန်တော့်အတွက်တော့ အစ်ကိုကြီးဆီ ရောက်လာရတာ တကယ့်ကို ကံကောင်းတာပါပဲ၊ ဆရာတစ်ဆူရလိုက်သလို အောက်မေ့ပါတယ်"

ဦးကျော်ဇင် မျက်နှာကြီး သကာရည်လောင်းထားသလို ပြုံးဖြီးဖြီးကြီး ဖြစ်သွား၏။ လူတကာထက် ဦးကျော်ဇင်က ပိုပြီး အမြှောက် အပင့်ကြိုက်တာ သူ သိထားသည်ပဲ။

ပြီးတော့ နောက်တစ်ချက်က ပို၍အရေးကြီး၏။

"ဟို တကယ်လို့ ဒီအလုပ်ကို ကျွန်တော် ရပြီးဆိုရင်၊ အချိန် ပြည့် ကျွန်တော် ကြိုးစားမှာပါ၊ အစ်ကို ခိုင်းသမျှလည်း တာဝန်ကျေ အောင် လုပ်ပါမယ်၊ အဲလိုဆိုရင် အစ်ကိုအနားယူချိန် ပိုရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော အေးအေး အဲဒါ ဟုတ်တယ် ကောင်းတယ်၊ အိမ်က မိန်းမက ငယ်လွန်းတော့ စိတ်အရမ်းကောက်တာကွ၊ အလုပ်တွေအပေါ်မှာ နစ်မျောနေတာကို နားလည်မပေးနိုင်ဘူးလေ၊ သူက ရှော့ပင်ထွက်ချင်တယ်၊ ရုပ်ရှင်ကြည့်ချင်တယ်၊ တစ်ခါတလေ ကစားကွင်းတွေထိ လိုက်ပို့ခိုင်းချင်တယ်၊ ကိုယ်က သိပ်အချိန်မပေးနိုင်တော့"

"အဲလိုတွေ ခဏ ခဏ ဖြစ်လာရင် အိမ်ထောင်ရေးဆိုးကျိုးဖြစ်နိုင်တာပေါ့၊ အစ်ကိုက အစ်ကို့မိန်းမကို စွန့်လွှတ်နိုင်လို့လား"

"ဟာ ဘယ်စွန့်လွှတ်နိုင်ပါ့မလဲ၊ လူပျိုကြီးဘဝနဲ့ အလုပ်တွေထဲမှာ ရုန်းကန်ရင်း အချိန်ကြာကြာနေပြီးမှ ရှားရှားပါးပါး အရယူထားရတာ၊ သူသာ မရှိရင်တော့ ငါ ကြိုးစားသမျှ ငါ့ဘဝက အလကားပဲ"

"ဪ အစ်ကို့မိန်းမက အစ်ကို့အတွက် တန်ဖိုးကြီးတာပေါ့နော်၊ သူက အစ်ကို့အတွက် မရှိမဖြစ်ဆိုသလို သူ့အတွက်လည်း အစ်ကိုက မရှိမဖြစ်လိုအပ်နေတာ၊ ကြည်နူးစရာကောင်းလိုက်တာ အစ်ကိုရာ၊ သူက အငယ်ဆိုတော့ အစ်ကို့ကို ချွဲနွဲ့ချင်နေတာ အစ်ကိုက လိုက်လျောပေးမှဖြစ်မှာပေါ့၊ မဟုတ်ရင် အစ်ကို့ကို စိတ်ကုန်လာပြီး အပျော်ရှာသွားလိမ့်မယ်"

"ဟာ အဲ အဲဒါ တကယ်"

ဦးကျော်ဖင် အရှိုက်ထိသွားသည်။ ကိုယ်ကို မတ်မတ်ပြင်ထားပြီး ဆုံးဖြတ်ချက် ချလိုက်တာကို အတတ်သိလိုက်၏။

"ကဲ မင်းက ငါ့တူရဲ့သူငယ်ချင်းဆိုတော့ ယုံယုံကြည်ကြည်နဲ့ အလုပ်ခန့်လိုက်ပြီ၊ မင်းခုနက အာမခံထားသလို ဘာအလုပ်ဖြစ်ဖြစ် ကြိုးကြိုးစားစားနဲ့ မငြိုမငြင် လုပ်ရမှာနော်၊ စက်ရုံတစ်ခုလုံးနဲ့ ပတ်သက်တာ အကုန်လေ့လာပြီး တာဝန်ယူရမှာနော်၊ ငါ့မိန်းမကို နိုင်ငံခြားခရီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတွေ လိုက်ပို့ရင်လည်း မင်းပဲ အုပ်ချုပ်ရမှာ၊ နေဖို့အတွက်တော့ စက်ရုံဘေးက တစ်ထပ်တိုက်လေးမှာ နေပေါ့၊ လိုအပ်တာ ငါ အကုန် ဝယ်ဖြည့်ပေးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကျေးဇူးပါ အစ်ကို"

ကျေကျေနပ်နပ် ဝမ်းသာအားရ ခေါင်းညိတ်လက်ခံလိုက်၏။ ဒီအခွင့်အရေးလေးရဖို့ ဘယ်လောက်တောင် ရေတွေ အသုံးချခဲ့ရသလဲ။

ဒီအကြောင်းသာ သိလျှင် ထင်လင်းတို့ ရယ်ကြပေလိမ့်မည်။ ကိုယ်ကတော့ မပြုံးရယ်နိုင်သေးပါ။

တိမ်မွေ့ခင်ကို တုံ့ပြန်တိုက်ခိုက်ဖို့ အာဃာတတွေကို စုဆောင်း ရင်း မှုန်ဝါးဝါး အနာဂတ်ကို ဆေးရောင်ခြယ်လို့. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟား ဟား ဟား"

သူ ပြန်ပြောတော့ ထင်လင်းနှင့် မျိုးကို ရယ်လို့မဆုံး။ သူက ကော်ဖီတစ်ခွက်ကို ဇိမ်ခံမသောက်ဘဲ တစ်ကျိုက်တည်း မော့သောက်ပြီး ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချကာ

"ဒါ ရယ်စရာမဟုတ်ဘူး။ အရင်းအနှီးတစ်ခုပဲ၊ အခု မင်း ဦးလေးဆီက အလုပ်ရခဲ့တယ်၊ နေစရာ ရတယ်"

"ဒီလောက် မြှောက်ပြောတတ်ရင် ရမယ်လို့ ငါ ထင်သားပဲ၊ အငယ်လေးကို သည်းသည်းလှုပ်ကွ၊ အလိုလိုက် အလျှော့ပေးချော့နေရတာ မြင်ပြီး တစ်မျိုးလုံးက အမြင်ကတ်နေတာ"

"သူ့အကြောင်းနဲ့သူလေ၊ ဘာမနာလိုစရာရှိလဲ၊ မင်းတို့သာ အကျိုးပေးမကောင်းလို့ ခုချိန်ထိ ရည်းစားတောင် မှုးလို့ ရှုစရာရှိလို့လား"

"အောင်မာ ပြောရဲသေးတယ်၊ မင်းကရော ဘယ်နှယ်ပေလက် များ အနှံခံစရာရှိနေလို့ တစ်ပတ်ရစ်နဲ့ စင်ဒရဲလားကို အပေခါမယ့် ကောင်"

"နှိပ်ကွပ်တတ်တဲ့ကောင် အကျိုးပေးမကောင်းဘူးဆိုတာ မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ ငါ့အတွက်က အေးဆေးပဲ၊ တိမ်မွေ့ခင် ပြန်ရောက်လာတာနဲ့"

"ဟိတ်ကောင် အချစ်နဲ့မဟုတ်တာကို အိုဗာမများစမ်းပါနဲ့၊ ဒါနဲ့ စက်ရုံမှာနေတော့မှာဆို၊ မင်းအမေအိမ်က ဘယ်လိုလုပ်မှာလဲ"

ဝန်းရံခ ငိုင်တွေသွားသည်။ ဒီအကြောင်းတွေ စဉ်းစားမိလျှင် ရင်ထဲမှာ စူးစူးနင့်နင့် ခံရဆိုးလှ၏။

မေတ္တာတွေနှင့် ကင်းဝေးနေတာ သေလူတစ်ယောက်လိုပင်။

ဘဝမှာ နေရထိုင်ရတာ ဘာမှအဓိပ္ပာယ်မရှိ။

"ဟိုအိမ်ကို လာလည်ပါလားလို့ မခေါ်နိုင်တာ မေမေ စိတ်မကောင်းပါဘူး သားရယ်၊ တိမ်မွေ့ခင်က ပြန်ရောက်လာတော့မယ်၊ သူ့စိတ်ကြိုက်တွေ အကုန်လိုက်လျော့ပြီး ခိုကပ်နေချင်တာမျိုး မဟုတ်ပါဘူး၊ အဲဘိုးအဘွား အမိအဘရဲ့ အုပ်ထိန်းမှုတွေ မရှိတော့တဲ့အတွက် မေမေတို့မှာ တာဝန်ပိုကြီးနေတာပါ၊ မိဘတွေ ရှိစဉ်က စိတ်ဆင်းရဲမှုတွေကြီး ပေးခဲ့မိလို့ နောင်တရနေခဲ့ရတာ မျက်ကွယ်ရာမှာ ထပ်ပြီး အမှားမလုပ်ချင်တော့ပါဘူး၊ ဘာကိစ္စ ဘာအကြောင်းပဲရှိရှိ မေမေတို့ကို တိုင်ပင်ပါဦး သား"

မေမေ့စကားတွေကို အခုထိုင်ပြောနေသလို နားထဲမှာ ပြန်ကြားယောင်၏။ ဖြေသိမ့်စေသော ဖျောင်းဖျမှုတွေ ဆိုပေမယ့် ရင်မှာ အင်အားမဲ့ချင်၏။

အနားမှာ ဖေးမမယ့်သူမှ မရှိပဲ။

"ဝန်းရံ ဟာ ဒီကောင် မေးတာ မဖြေဘဲ ဘာငေါင်သွားတာလဲ၊ အဲဒီအိမ်ကို ဘာလုပ်မှာလဲလို့"

"ဒီအတိုင်းပဲ ထားလိုက်မယ်၊ အဲဒီအိမ်မှာ မေ့ဘွန်းနဲ့မေမေ့ရဲ့ အရိပ်အရောင်တွေ ရှိတယ်၊ ငါ ဘဲ့ယူတဲ့နှင်းက အလှတွတ်တဲ့ရိုက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေ ရှိတယ်၊ ငါ ပျော်ခဲ့ရတဲ့အချိန်တွေ၊ မျက်ရည်ကျခဲ့ရတဲ့ အချိန်တွေ အဲဒီအိမ်ထဲမှာ အစိပ္ပာယ်တွေ အများကြီးပဲ"

တိမ်မွေ့ခင်နှင့် အဆုံးသတ်ဖို့ကလည်း အဲဒီအိမ်ပဲဟု စကား ကြောရှည်ကာ မပြောဖြစ်တော့။ ဓာတ်ဘူးထဲက ရေနွေးတစ်ခွက်ငှဲ့ကာ အအေးခံမနေတော့ဘဲ တဖူးဖူးမှုတ်၍ အာရုံတွေကို ပြောင်းပစ်လိုက် သည်။ သူ့ရဲ့လျှို့ဝှက်မှု အတိမ်အနက်ကို ထင်လင်းတို့ ခန့်မှန်းမိသွားမှာ စိုးလို့ပါ။

"တိမ်မွေ့ခင်က ဘယ်နေ့လာမှာတဲ့လဲ"

"ရောက်တဲ့နေ့ပေါ့"

"အဲဒါတော့ သိတာပေါ့ လာဒရဲ့၊ ခွီးတဲ့စကားကောင်း မပြော ဘူး"

"အကောင်းပြောတာပါ၊ မေမေနှင်းတို့ကိုတောင် သူ ဘယ်နေ့ ရောက်မယ်ဆိုတာ အရေးတယူ အသိပေးအကြောင်းကြားတာ မဟုတ် ဘူး။ သွေးကြီးတာလား အနေစိမ်းလို့ မလေးစားတာလားတော့ မသိဘူး"

"လူတစ်ယောက်ရဲ့စိတ်ကို အဝေးကနေ မခန့်မှန်းပါနဲ့ကွာ၊ သူ့ဘက်ကလည်း သူ့ခံစားချက်နဲ့သူ ရေစီးကြောင်းတွေ ရှိနေနိုင်တာပဲ"

"အဲဒီရေစီးကြောင်းကို မြစ်တွေ အင်းအိုင်တွေဖြစ်အောင် ပုံကြီးချဲ့နိုင်တာ လူချမ်းသာတွေရဲ့ အခွင့်အရေးလား၊ ငါက ခနမဲ့လို့ အရှုံးပေးစေချင်တဲ့ တိုက်တွန်းမှုမျိုး ငါ လက်မခံဘူး"

"မင်း ဘာတွေ မွှန်ပြီး အယူလွဲနေတာလဲ ဝန်းရံ၊ ငါတို့က သက်တောင့်သက်သာ အသက်ရှူစေချင်လို့ပါ"

ဝန်းရံ၏ ခေါင်းရမ်းကာ ထရပ်သည်။ မခံမရပ်နိုင် ရှက်စိတ်တွေ နှင့် သွေးဆူနေတာမို့ ဘာကိုမှလည်း မမြင်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်းရှင်စနစ်နဲ့ လူချမ်းသာတွေကို လုပ်ချင်ရာလုပ်ခွင့် မပေးနိုင်ဘူး၊ ငွေရှိတိုင်း ပစ္စည်းမဲ့လူတန်းစားကို အထင်သေးလို့ မရဘူး ဆိုတာ သိကို သိစေရမယ်၊ အဲဒီအတန်းကို ကိုယ်ကျင့်တရားနဲ့ တိုင်း ထွာတတ်အောင်ပေါ့"

"မေတ္တာတွေနဲ့ ကင်းဝေးလို့ မင်း အာဃာတတွေ စုဆောင်း တတ်လာတာ ငါတို့ သဘောပေါက်ပါတယ်၊ ဖြစ်ချင်တဲ့အတိုင်း မဖြစ်တတ် လို့ လောကဓံဆိုတာ ပေါ်လာတာကိုလည်း မင်း နားလည်မှုဖြစ်မယ်၊ ပြန်တော့မယ်ဆို အဲဒီမျက်ရည်တွေကို သုတ်သွားဦး"

ထင်လင်း သတိပေးမှ သူ့ပါးပြင်ပေါ် မျက်ရည်စက်တွေ ကြွေ ဆင်းနေတာ အံ့ဩတကြီး သိလိုက်ရ၏။

စိတ်ကို တင်းထားပါလျက် ဒီမျက်ရည်တွေက ဘာကြောင့်ကျ လာရတာလဲ။ အိမ်ပြန်တိုင်း ဖေထွန်းနှင့်မေမေနှင်းမျက်နှာကို မမြင်ရ ကတည်းက သူ မျက်ရည်လွယ်ခဲ့တာပါ။ တိမ်မွေ့ခင်ရဲ့အိမ်ပြန်ချိန်တွေ အတွက်တော့ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တူမလေး ပြန်ရောက်လာတာ ကောင်းပါတယ်၊ ဟိုက ကိစ္စတွေရောပြီး ပြတ်ခဲ့ပြီလား သမီး"

"အိမ်ရောင်းဖို့က ဟိုက အိမ်ခြံမြေအကျိုးဆောင်တွေကို ရှေ့နေနဲ့ လွှဲခဲ့တယ်၊ ရောင်းပြီးတာနဲ့ ငွေလွှဲမှာပါ"

"အဲဒီငွေတွေကို ဘဏ်မှာပဲ အပ်ထားလိုက်ပေါ့၊ ဒီမှာလည်း ပြည့်စုံနေတာပဲ"

"ဘဏ်တိုးနဲ့ ထိုင်စားနေရင် လူသေတစ်ယောက်လို ဖြစ်သွားမှာပေါ့၊ တိမ်မွေ့က လုပ်ငန်းလုပ်မှာ"

"ဘာလုပ်မှာလဲကွယ်၊ မိန်းကလေးတစ်ယောက်တည်း လုပ်ငန်းကြီး လုပ်ဖို့ဆိုတာ"

"အားနွဲ့တဲ့မိန်းမသားတွေ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းပြီး ကမ္ဘာပတ်နေတာ၊ အန်တီက ဘယ်ခေတ်မှာ အိပ်ပျော်ကျန်ခဲ့တာလဲ၊ လူတစ်ယောက်ရဲ့ အရည်အချင်းအစွမ်းအစက ကျားမခွဲခြားပြီး တကာနဲ့ဝီ လုပ်ရတာမျိုး မဟုတ်ဘူး အန်တီ၊ တောမှာ သွားနေလို့ မျက်စိမှုန်

www.burmeseclassic.com



နားပွင့်မရှိတာဆိုလည်း တိမ်မွေ့ကိုတော့ ဘာလုပ်လုပ် ဟန့်တားဖို့ မစဉ်းစားပါနဲ့''

ဒေါ်နှင်းရီ အောင့်သက်သက်နှင့် ပါးစပ်ပိတ်လိုက်ရ၏။ စေတနာ စိုးရိမ်စိတ်နှင့် ပြောလို့ ပြောမှန်းလည်း မသိ။ အနေဝေးခဲ့လို့ အဒေါ်ကို လေးစားရမှန်းမသိတာလား။

ဝင်လာကတည်းက အချိုးမပြေတာပါ။

ဘယ်နေ့ရောက်မယ်လာမယ်ဆိုတာ ကြိုမပြော။ တက္ကစီကား တစ်စီး ခြံဝင်းထဲဝင်လာပြီး ကားပေါ်ကနေ ဆင်းလာတာကိုမြင်မှ ခတ်ပုံ ထဲကပုံနှင့် တိုက်ကြည့်ကာ ပျာပျာသလဲ ပြေးကြိုခဲ့ရတာ ဖြစ်သည်။

ရှုးရှုး လင်းလက်တောက်ပနေသော မျက်နှာလေးမှာ မမနှင့် ဆင်ဆင်တူလျက် ရင်းနှီးဖော်ရွေမှု မရှိတာလည်း သိသာသည်။

''ရောက်လာမယ်ဆိုလည်း ကြိုပြောရောပေါ့ တူမလေးရယ်၊ လေယာဉ်ကွင်းကို အန်တီလေး လာကြိုမှာပေါ့''

''တက္ကစီ စီးလည်း ရောက်လာမှာပဲကို ဘာလို့ လာကြိုနေမှာလဲ၊ ဒေါ်ဘ် ရွှေနေကြီးက တိမ်မွေ့အတွက် ကားရော ဝယ်ထားပြီးပြီလား''

''ဒေါ်ဘ် အင်း ဝယ်ထားပြီးပါပြီ၊ တူမလေး ကြိုက်တဲ့အနီရောင် လေး ဂိုထောင်ထဲမှာပါ''

လေသံမာမာနှင့် မပြောရတာမို့ ကိုယ့်ကိုယ်ကိုယ် အလုပ်သမား တစ်ယောက်လိုတောင် သိမ်ငယ်သွားမိသည်။ ကိုယ်က အပြစ်မကင်းခဲ့ ဘူးဆိုရင်တောင် မိဘတွေ စီရင်ချက်ချခဲ့သည့်အတိုင်း ဘဝကို သူ့ရဲ့ ပင်ပန်းစွာ ပေးဆပ်ခဲ့ပြီးသားပါ။

ဒါကိုတောင်မှ တူမတစ်ယောက်ရှေ့မှာ မဝံ့မရဲ သိမ်ငယ်နေရ ဦးမည့်အဖြစ်မျိုးလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ညှိုးငယ်စွာ အသံတိတ်ခေါင်းကြီးငုံ့လျှိုးနေရှာသည့် လင်ယောကျ်ား မျက်နှာကြောင့် သည်းခံရဦးမှာပါပဲ။

"ဟို တူမလေး ထမင်းစားတော့မလားဟင်၊ အိမ်မှာ ရှိတာလေးနဲ့ အန်တီ ဖွယ်ဖွယ်ရာရာ လုပ်ပေးပါမယ်၊ တူမလေး လာမယ်ဆိုတာ ကြိုမသိတော့ ဘာမှလည်း လုပ်မထားရဘူး၊ ပင်ပန်းလာရင်လည်း ရေအရင်ချိုးလိုက်ပါလားကွယ်"

"လေယာဉ်စီးလာတာ ဘာပင်ပန်းစရာရှိလို့လဲ၊ ကားသော့သာ ပေးပါ၊ ကားလျှောက်မောင်းရင်းနဲ့ ဟိုတယ်မှာ ဝင်စားလိုက်တော့မယ်"

ဒေါ်နှင်းရီ ဘာမှ ပြောမနေတော့ဘဲ ကားသော့ ထုတ်ပေးလိုက်ရသည်။ မျက်နှာလို မျက်နှာရ ချိုသာစွာ ဆက်ဆံနေလည်း တိမ်မွှေ့ခင်က အသိအမှတ်ပင် မပြု။

ကားသော့လေးကို ဝှေ့ယမ်း၍ ဒီဇိုင်းဆန်းဆန်း အိတ်ခပ်ကြီးကြီးကို စလွယ်သိုင်းလွယ်၍ ထွက်သွားသည်။ ထိုအချိန်မှ ဦးခင်ထွန်းပင့်သက်မောကြီးကို မှုတ်ထုတ်၍ မျက်နှာမော့လာ၏။

"စည်းစိမ်ဥစ္စာတွေနဲ့ ဘာအလုပ်မှ မလုပ်ဘဲ ဖိမ့်ရှိရှိနေရပေမယ့် အသက်ရှူလို့ မဝပါလား နှင်းရယ်၊ ကိုယ်ကတော့ ကိုယ့်သားနဲ့ကိုယ့် အိမ်လေးကိုပဲ သတိရတယ်"

"နှင်းလည်း သတိရတာပါပဲ၊ အခုလို သက်တောင့်သက်သာ ရွှေဘုံပေါ်မှာ စံနေရပေမယ့် သားရဲ့ချို့ချို့တဲ့တဲ့ ပြုစုယုယမှုတွေကိုပဲ တောင့်တနေမိတယ်၊ အရင်က ကိုယ်ခန္ဓာပင်ပန်းဆင်းရဲတာထက် အခု စိတ်ပင်ပန်းတာက ပိုပြီး နေသာထိုင်သာ မရှိဘူး၊ ဒါပေမဲ့ မေမေတို့က နှင်းအပြစ်တွေ ဆေးကြောဖို့ ပုံအပ်ထားခဲ့တဲ့ တာဝန်တွေကို မျက်နှာလွှဲ ခဲပစ်လုပ်လို့ မဖြစ်ဘူး၊ နှင်းကိုချစ်ရင် အောင့်အည်းသည်းခံပေးပါ ကိုထွန်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်''

''ကိုယ်တို့ သွေးနဲ့ချွေးနဲ့ရင်းပြီး ပြုစုစောင့်ရှောက်ခဲ့ရတဲ့ သားကို တော့ ဒီအတိုင်း မျက်နှာလွှဲလိုက်ရတော့မှာလား နှင်း၊ သားကို ဒီလာ တွေ့နိုင်အောင်ဖြစ်ဖြစ် ကိုယ်တို့က သွားတွေ့တာမျိုးပဲဖြစ်ဖြစ် လိုက်လျော ပေးအောင် နှင်း တူမကို ပြောကြည့်ပါဦး''

''သူ ဒီကိုလာဖို့ နှင်းတို့ဆီ တောင်းဆိုခဲ့တာ သားကို အမွေ ဖြတ်ခိုင်းခဲ့တာ မဟုတ်ဘူးလား၊ မဟုတ်ရင် တစ်သက်လုံး ပြန်မလာဘဲ ဆွေခန်းမျိုးခန်းဖြတ်မယ်လို့တောင် ခြိမ်းခြောက်ခဲ့သေးတာ''

''နှင်းရယ် ကိုယ်တို့က သားကို တစ်သက်လုံး မတွေ့ရတော့ ဘူးလား''

ဦးခင်ထွန်း အသံက သက်ပြင်းမောတို့ဖြင့် အက်သံပေါက်နေ၏။ လင်တော်မောင် နှစ်သိမ့်ပေးဖို့ ဒေါ်နှင်းရီ စကားလုံး အစရှာမရပါ။

မိမိကိုယ်တိုင် စိတ်ခန္ဓာတစ်ခုလုံး အချုပ်ကျနေသည်ပဲ။ သားကို လွမ်းသည့် တမ်းတသည့်စိတ်နှင့် လွတ်မြောက်မှုကို ရှာပစ်လိုက်ချင်ပေ မယ့် စိတ်ခန္ဓာတစ်ခုလုံး အချုပ်ကျကာ လမ်းစပျောက်နေသည်။

မိမိတို့ လင်မယားနှစ်ယောက်လုံး ညစဉ်ညတိုင်း မျက်ရည်ကျ ရသလို သားလည်း လွမ်းမျက်ရည်တွေ ဝေနေမှာပါ။ ပစ္စည်းဥစ္စာတွေ မပြည့်ဝပေမယ့် စိတ်ချမ်းသာခဲ့ရသော ထိုဘဝလေးကို ဘယ်အချိန်ကျမှ ပြန်ရပါတော့မလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မရဘူး ရတယ်ဆိုတာက ငါ ဆုံးဖြတ်ရမှာပါ၊ မင်းကိုငါ ယုံကြည်လို့ အကုန်လွှဲအပ်ခဲ့မှာလေ၊ ငါလို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်က လူတိုင်းကို ယုံကြည်လွယ်မယ်လို့ မင်း ထင်နေလား၊ မင်းလုပ်ရည်ကိုင်ရည်ကို လေ့လာသုံးသပ်နေတာ မင်း မသိပါဘူး"

"ဟုတ်ကဲ့ အဲလို မှတ်ချက်ချပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီထက်ပိုပြီးလည်း ကြိုးစားသွားမှာပါ၊ အစ်ကို ခရီးထွက်နေတဲ့ အချိန်တွေမှာ အစည်းအဝေးကိစ္စတွေ၊ ဘဏ်ငွေသွင်းငွေထုတ်ကိစ္စတွေကျတော့"

ဝန်းရံခဲကို စကားအဆက်မခံဘဲ ဦးကျော်ဖံ လက်ကာတားပြီး

"အဲဒီကိစ္စ မပူနဲ့၊ ဒီတစ်ပတ်အတွင်း အဲဒီကိစ္စတွေ မင်းလုပ်တတ်အောင် ငါ အကုန်သင်ပေးခဲ့မယ်၊ မင်း ငါ့ကို နောက်ဆံတင်းအောင် မလုပ်ဘူးဆိုတာ ငါ ယုံကြည်နေတယ်ကွာ၊ အဲဒီကိစ္စတွေ အဆင်ပြေစေရမယ်လို့ မင်းတာဝန်ယူစမ်းပါ"

ဦးကျော်ဖံက ဖွတ်ဆိုမှ ဖွတ်။ သူ အလုပ်ပေးသော ဒီတစ်လခွဲ

www.burmeseclassic.com

www.burmeseclassic.com



နှစ်လလောက်အတွင်းမှာ စက်ရုံကြီးတစ်ခုလုံး ပုံအပ်ထားခဲ့သည်အထိ သူ့ကို ယုံကြည်နေခြင်းက သူ့ရဲ့ကြိုးစားမှုကြောင့်ဆိုတာ သူ သိပါသည်။

လူတစ်ယောက်ရဲ့ ယုံကြည်မှုကို ရဖို့ သူက အလုပ်နဲ့သက်သေ ပြခဲ့တာပဲ မဟုတ်ပါလား။

မန်နေဂျာဆိုပေမယ့် ဝန်ထမ်းတွေကို လက်ညှိုးထိုး လျှောက် ပြန်သံပေး လုပ်ရုံတင်မဟုတ်ဘဲ ကိုယ်တိုင်က ဖိဖိစီးစီး ကြပ်မတ်ကာ အလွဲအချော် မဖြစ်အောင် ဂရုစိုက်ခဲ့သည်။

ဦးကျော်ဖံ သွားဖို့လာဖို့ လိုအပ်လျှင် ဦးကျော်ဖံရဲ့ ဒရိုင်ဘာ အဖြစ်လည်း ရှိနေပေးခဲ့၏။ အစည်းအဝေးရှိလည်း စက္ကထရီတစ်ယောက် နေရာကနေ တာဝန်ကျေပေးခဲ့သည်။

နောက်ဆုံး သူ့မိန်းမအတွက် ချော့ဖို့နည်းဗျူဟာတောင် သူ ပွင့်ဆင်ပေးခဲ့တာပါ။

"အလုပ်အပေါ်မှာ အချိန်တိုင်း ခုံမင်နေတတ်တဲ့ ယောကျ်ား တွေကို မိန်းမတွေ စိတ်မရှည်တတ်ကြဘူး အစ်ကို၊ အလုပ်လောက် တောင် တန်ဖိုးထားမခံရဘူးလားဆိုပြီး အရွဲ့တိုက် အပျော်ရှာသွားလိမ့် မယ်"

"သူတို့အတွက် ငွေရှာနေတာတောင် မကျေနပ်ဘူးလား၊ တစ်ခါတစ်ခါ မိန်းမတွေစိတ်ကို နားမလည်တော့ဘူး"

"ဘယ်အကြောင်းအရာနဲ့ပဲဖြစ်ဖြစ် မိန်းမတွေက သူတို့ကို ဦးစားပေးမှ ယုယအကဲပိုနေမှ ငါ့ကိုချစ်ပါလားဆိုပြီး သဘောကျကြတာ ပါ၊ မယားငယ်ထားတဲ့ အမှားများများလုပ်တဲ့ ယောကျ်ားတွေက မိန်းမ တွေကို အဲလို ခရာတာ ကောင်းလို့ မိန်းမတွေက ပိုပြီးသည်းသည်းလှုပ် စွဲလမ်းနေကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး မင်းသင်ပေးတဲ့အတိုင်း ငါလည်း ကြိုးစားနေတာပါ၊ မင်းကလည်း ငါ့အလုပ်တွေကို ဂရုစိုက်ပေးနေတော့ ငါက မိန်းမဘက်ကို အချိန်ပိုပေးနိုင်တာပေါ့၊ အဲဒါကြောင့်လည်း အိမ်ထောင်ရေးက ပိုပြီး အဆင်ပြေလာသလိုပဲ၊ အခုလည်း လက်ထပ်ပြီး ဟန်းနီးမွန်း မထွက်ခဲ့ရလို့ ဟန်းနီးမွန်းထွက်ရအောင်ဆိုပြီး ပူဆာနေတယ်"

"ဟာ အဲဒါ လိုက်လျောသင့်တယ်လေ၊ အဲဒီကအပြန် ကလေး ယူလိုက်ရင် ကွက်တိပဲပေါ့"

"မင်းပြောသလိုပဲ ငါရော သူရော အဲလို စဉ်းစားနေတာပါ၊ ဒါပေမဲ့ ခက်တာက ဒီကိစ္စကို မမတို့သိရင် မိန်းမငယ်ငယ်လေးယူပြီး သူငယ်ပြန်နေရလားဆိုပြီး ငါ့ကို ရှုတ်ချမှာပဲ။ အဲဒါကြောင့် ငါက နိုင်ငံခြားမှာ ဈေးကွက်ရှာရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ဖို့ စဉ်းစားထားတယ်၊ ဈေးကွက် အဆင်ပြေရင် ငါ့လုပ်ငန်းလည်း တိုးတက်အောင်မြင်တာပေါ့ မဟုတ်ဘူးလား"

ဦးကျော်ဖံက စီးပွားရေးသမား ပီသပါပေသည်။ ဟန်းနီးမွန်းထွက်တာတောင် ဈေးကွက်ချဲ့ထွင်ကာ အမြတ်ထုတ်ဦးမည်ဆိုပဲ။

"အဲဒါကြောင့် အနည်းဆုံး တစ်လလောက် ကြာမယ်၊ မင်းက စက်ရုံကို ပုံမှန်အတိုင်း လည်ပတ်အဆင်ပြေအောင် ကြိုးစား၊ လိုအပ်ရင် ဖုန်းဆက်ပေါ့"

တဲ့။ ဓာတ်လမ်းက ကိုယ့်ရှူးကိုယ်ပတ်။

ဒါပေမဲ့ အလုပ်မှာ ပျော်မွေ့သလို ကျွမ်းကျင်နားလည်နေပြီဖြစ်သူ့အတွက်တော့ သိပ်ခဲယဉ်းတော့မည် မထင်ပါ။ သူက ဆိတ်ဆိတ်နေကာ လိုက်လျောပေးလိုက်တော့ ဦးကျော်ဖံ မျက်နှာကြီး ပြုံးသွားကာ

"မင်းကို ငါ့မိသားစုဝင်လို ယုံကြည်လို့ ငါကလည်း မင်း

www.burmeseclassic.com



အသုံးပြုနိုင်တယ်၊ လုပ်ငန်းကိစ္စမနိုင်မနင်းဖြစ်လာရင်လည်း ထင်လင်းတို့ကို ခေါ်လိုက်ပေါ့၊ ငါလည်း သေချာမှာခဲ့ပါ့မယ်၊ မင်း အဖော်ရအောင်လေ၊ မကောင်းဘူးလား"

"အဲဒါဆို ပိုပြီး အဆင်ပြေတာပေါ့၊ ဒါပေမဲ့ ဒီကောင်တွေက ရှုံးထိုင်ရတဲ့အလုပ်တွေကို ဝါသနာပါတာ မဟုတ်ဘူး၊ တစ်ခါတစ်ရံတော့ အကူအညီရမှာပါ"

"အေးပါကွာ ဘယ်လိုဖြစ်ဖြစ် ငါ စိတ်ချတယ်၊ ကျေးဇူးလည်း တင်တယ်"

ဦးကျော်ဇံက သူ့ပခုံးကို ပုတ်ပြီး အားရပါးရ ပြော၏။

ဒါဟာ အခွင့်အရေးတစ်ရပ်မှန်း သူ အစက မသိခဲ့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မသိဘဲနေပါ့မလား၊ ငါ့ဦးလေးက အစကတည်းက အဲလို လူမျိုးပါဆို၊ မိန်းမကိုချစ်လို့ ဆွေမျိုးတွေနဲ့တောင် အတိုက်အခံ ဖြစ်ထားတာ၊ မိန်းမငယ်ငယ်ယူရင် ဒါမျိုးတွေ ဇာတ်ရှုပ်လာမယ်ဆိုတာ သိလို့လေ"

"ဈေးကွက်ချဲ့ထွင်ချင်လို့ မဖြစ်မနေ ထွက်သွားတာပါကွာ"

ထင်လင်းက သူ့ရဲ့ဖာထေးမှုကို မယုံကြည်သလို ခေါင်းယမ်းသည်။

"အဲဒါ အကြောင်းပြချက်ပါ၊ နားထောင်ကောင်းအောင် ပုံမှားရိုက်သွားတယ်ဆိုတာ မသိဘဲနေပါ့မလား၊ ဒါပေမဲ့ ကောင်းပါတယ်၊ ဦးလေးမရှိတော့ မင်းဆီအလည်အပတ် လာရတာ လွတ်လပ်တယ်၊ ဒီလိုမှန်းသိရင် မျိုးကို ကို ဖုန်းဆက်ခေါ်ခဲ့ပါတယ်"

"နောက်ကြုံဦးမှာပဲ၊ ဒီကောင် အပြေးအလွှား ရောက်လာအုံးကွ"

"အေး ရောက်တယ်ဆိုလို့ သတိရပြီး မေးရဦးမယ်၊ ဟိမ်မွေ့ခင် မြန်မာပြည် ပြန်ရောက်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံခဲ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းညိတ်ပြ၏။

"ပြန်ရောက်နေပြီ မင်းဦးလေးက ငါ့ကို ဖုန်းဝယ်ပေးထားတော့ အဲဒီဖုန်းနဲ့ ဆက်ကြည့်လိုက်တာ၊ မေမေနှင်းတို့အနေကြပ် အစားကြပ်နဲ့ တော်တော် စိတ်ဆင်းရဲနေတယ်၊ ဘယ်လောက်တောင် ဒီမိန်းမ အပူ သောကတွေ ပေးနေလဲ မသိဘူး"

"သူတို့ချင်းက သွေးရင်းပါတယ်ကွာ၊ မင်းက အဲဒီအတွက် ခံစားမနေနဲ့"

"ငါ့ကိုတည့်တည့်ကြီး တိုက်ခိုက်ခံထားရတာ မခံစားလို့ ရမ လား"

"မရတော့ မင်း ဘာလုပ်မှာလဲ၊ ခုထိတောင် တိမ်မွေ့ခင်ကို ရင်ဆိုင်ဖို့ အခွင့်အရေး မရှိသေးဘဲနဲ့"

ထင်လင်း စကားကို တုံ့ပြန်ချိန်မရသေးဘဲ လက်မှတ်ထိုးဖို့ ဖိုင်လေးတွေ ယူလာသည့် ဝန်ထမ်းလေးတွေကို သေချာစိစစ်၍ လက်မှတ် ထိုးပေးနေရသည်။ ခဏနေ အားလုံးပြီးသွားမှ

"လာ စက်ရုံရှေ့က ထမင်းဆိုင်မှာ နေ့လယ်စာ သွားစားရင်းနဲ့ စကားပြောရအောင်၊ ငါ ဝယ်ကျွေးမှာပါ"

"ကိုယ့်ဘာသာ ချက်မစားဘူးလား"

"အချိန်မရဘူးလေ၊ ကြုံသလိုပဲ ဆွဲလိုက်တယ်"

"အဝတ်လျှော် မီးပူတိုက် အိမ်သန့်ရှင်းရေးလုပ်ဖို့ အလုပ်သမား တစ်ယောက်လောက် ခေါ်ပါလား၊ ထမင်းဟင်း အတွက်ပါ အဆင်ပြေ သွားအောင်"

"ငါ့ဘာသာ တစ်ယောက်တည်း အဆင်ပြေပါတယ်၊ အိမ်သန့် ရှင်းရေးအတွက်က စက်ရုံက စာရေးမလေးတွေ တစ်ယောက်တစ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးကြတယ်၊ အဝတ်အစားအတွက်လည်း ပင်မင်းဆိုင်ပို့လိုက်ရင် မီးပူတိုက်ပြီးသား ကော့နေအောင် ဝတ်လို့ရတယ်၊ အစားအသောက်ဆိုတာလည်း မင်းမြင်သလိုပဲ ဘယ်နေရာဝင်ဆွဲဆွဲ အဆင်ပြေနေတာ"

ပြောရင်းနှင့် ဝန်းရံခရေ့က အရင်ထွက်သည်။ ထင်လင်းနောက်က လိုက်လာပြီး စက်ရုံအတွင်းအပြင်ကို အကဲခတ်၏။

ဝန်းရံခဲ နေသော တစ်ထပ်တိုက်လေးက စက်ရုံရဲ့ခပ်လှမ်းလှမ်းမှာ သီးသန့်လေးတည်ရှိနေပြီး အခုမှ ပန်းအိုးလေးတွေ အစီအရီ ထားတာ သတိထားမိသည်။ သူတို့ထွက်လာတော့ ဝင်းတံခါးဝက လုံခြုံရေးဝန်ထမ်းနှစ်ယောက်က ဦးညွှတ်ကာ အရိုအသေ ပြု၏။

စက်ရုံရဲ့ မျက်စောင်းထိုးလောက်မှာရှိသော စားသောက်ဆိုင်လေး၊ လမ်းမတန်းနှင့် မြို့ထဲတွေလောက်တော့ မထည်ဝါပါ။ တခြားဆိုင်လေးတွေက မိုးကာရွက်ဖျင်တဲလေးတွေ၊ ထီးအမိုးလေးတွေဖြင့် ပိုပြီးစုတ်ချာ၏။

"ဒီဝန်းကျင်မှာဆိုရင် ဒီဆိုင်က နည်းနည်းအဆင့်အတန်း ပိုရှိတယ်၊ အမြည်းမျိုးစုံ စည်ဘီယာ ထမင်းဟင်း၊ လက်ဖက်ရည်၊ ကော်ဖီအအေးစုံ အားလုံးရတယ်"

"လမ်းမဘက်မှာ ဆိုင်ကောင်းကောင်းတွေ အများကြီးရှိရဲ့သားနဲ့"

"ဒီမှာ ဘဝမျိုးစုံ အများကြီး လေ့လာလို့ရတယ်ကွ၊ အလွှာဆိုတာကို ဇာပဝါနဲ့ ဟန်ဆောင်ခွဲခြားထားတာ မဟုတ်ဘူး၊ ဖယ်ရီပို့ကားသမားတွေ၊ ဆိုက်ကားသမားတွေက ဒီဆိုင်မှာ စားကြသောက်ကြတယ်၊ စက်ရုံတွေနဲ့ ဝန်ထမ်းလေးတွေက ဟိုလမ်းဘေးမှာ အစီအရီအော်ဟစ်ရောင်းနေတဲ့သူတွေဆီက လုယက်တိုးခွေ့ ဝယ်စားနေကြတာ

www.burmeseclassic.com



တွေ့လား"

ကျူထရံကွက်လေးအပြင်ဘက်ကို ဝန်းရံခ မေးငေါ့ပြတော့ ထင်လင်း လည်လေးလိမ်ကာ လှည့်ကြည့်သည်။ အရောင်တူ ဝန်ထမ်း ဝတ်စုံလေးတွေနှင့် ယောကျ်ားလေး မိန်းကလေးတွေကို တွေ့ရသလို တချို့က သာမန်အဝတ်အစားများနှင့်ပင်။

"တချို့စက်ရုံတွေ ဝန်ထမ်းဝတ်စုံပေးတယ်၊ တချို့ကလည်း မပေးဘူး၊ အဲလိုပဲ တချို့စက်ရုံက နေ့လယ် ထမင်းစားချိန်ဆို အပြင်ကို နာရီဝက် တစ်နာရီ ပေးလွှတ်တယ်၊ တချို့စက်ရုံကတော့ အတွင်းထဲမှာပဲ ထမင်းစားဆောင်တွေလုပ်ပေးထားပြီး စားခိုင်းတယ်၊ ညှော်တွေ့လာရင် လည်း ထွက်တွေ့ခွင့်မရှိဘူး၊ ပြောရရင် အလုံကာရံထားတဲ့ အုတ်တံတိုင်း အတွင်းမှာ အလုပ်ချိန်မပြည့်မချင်း ထောင်ကျနေသလိုပါပဲ"

"စည်းကမ်းမဲ့မဖြစ်အောင် ထိန်းချုပ်ထားတာ သဘာဝကျပါ တယ်၊ စက်ရုံဝန်ထမ်းလေးတွေဘဝနဲ့ လမ်းဘေးဈေးသည်လေးတွေရဲ့ ဘဝက သနားစရာကောင်းပေမယ့် ကိုယ်လည်း ဘာမှလုပ်ပေးနိုင်တာ မဟုတ်ဘူး၊ အခု ဘာစားမှာလဲ မှာလေ၊ ဒီမှာ စားပွဲထိုးက ရပ်စောင့် နေတာ ကြာပြီ"

"ညှော် အေး မင်းစားမယ့်ဟာ အရင်မှာလေ၊ ငါက မနက်က မုန့်ဟင်းခါးတစ်ပွဲနဲ့ ကော်ဖီတစ်ခွက် သောက်ထားတာ"

"ဟင် မင်းက ဘာမှမစားတော့ဘူးလား"

"စားမှာပေါ့ကွာ၊ နေ့လယ်စာဆိုတော့ ထမင်းပေါ့၊ ညီငွေး အစ်ကို့အတွက်က အသားဟင်းနဲ့ထမင်းတစ်ပွဲ"

"ငါလည်း အဲလိုပဲ စားပါ့မယ်၊ ဘီယာတွေ အမြည်းတွေမှာနေ ရင် မင်း အကုန်အကျများနေမှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟား အလိုက်သိတယ် ငါ့သူငယ်ချင်းက"

"အမြဲတမ်းတော့ မဟုတ်ဘူး။ နောက်တစ်ခါလာရင် ဘီယာ အဝတိုက်ရမှာ"

"အေးပါ မျိုးကိုရော စုံတဲ့တစ်နေ့ပေါ့"

နှစ်ယောက်သား ထမင်းပွဲတွေရောက်လာမှ စကားစ ပြတ်သွား၏။ ထမင်းဟင်းလေးတွေက စားချင်စဖွယ်ပင်။ အသားဟင်းက ဆိတ်ပြုန် တစ်ခွက်၊ ငါးပိရည် တို့စရာနှင့် ချဉ်ရည်ဟင်းတစ်ခွက်လည်း ပါသည်။

"မင်း နေ့တိုင်း ဒါမျိုးပဲ စားနေတာလား"

"မေမေနှင်းလက်ရာလောက်တော့ ဘယ်အရသာရှိစားကောင်း ပါ့မလဲကွာ၊ ဒါပေမဲ့ ဒီလို အရသာမရှိ ခံတွင်းမတွေ့တာကို စားရင်းနဲ့ တိမ်မွေ့ခင်ကို ပိုပြီး နာကြည်းလို့တော့ရတယ်"

"ဘာ"

"ဟုတ်တယ် ငါ့ရာထူးနဲ့ အရသာရှိတာတွေကို ဝယ်စားလို့ ရနေပြီဆိုပေမယ့် ငါ မစားဘူး။ မိသားစု ထမင်းဝိုင်းနဲ့ နွေးထွေးတဲ့ဘဝ လေးက တိမ်မွေ့ခင်ကြောင့် ပျက်စီးသွားခဲ့ရတာ၊ ငါ့ဘဝ ခြောက်သွေ့နေ သရွေ့ တိမ်မွေ့ခင်ကို ငါ မုန်းတီးနေမှာပဲ"

"အငြိုးတွေ ဘာလို့ ဒီလောက် စုဆောင်းနေတာလဲ၊ မင်း ပင်ပန်းတာပေါ့"

"အဲဒီလို ငါ့ကို ပင်ပန်းစေတဲ့မိန်းမကို ငါ မမုန်းသင့်ဘူးလား။ တစ်နေ့နေ့တော့ ဒီမိန်းမနဲ့ဆုံအောင် ငါ ကြိုးစားမှာပါ။ အခုက မင်းညီလေး ခရီးထွက်မှာနဲ့ အလုပ်ရှုပ်နေသေးလို့ ဘာမှမလှုပ်ရှားဖြစ်သေးတာ"

"ငါတို့ အကူအညီ လိုသေးလား"

"လိုရင် ပြောမယ်လေ၊ လိုချင်မှလည်း လိုမှာပါ၊ အလုပ်ဝန်

www.burmeseclassic.com



တွေက ပိနေတော့ ဘာလုပ်ရမယ်ဆိုတာ ဘာမှမပြင်ဆင်ထားရသေးဘူး။ ဒီမိန်းမ မြန်မာပြည်ကို ရောက်နေပြီဆိုရင် တစ်နေ့နေ့တော့ တစ်နည်းနည်းနဲ့ ဆုံဖြစ်အောင် ဆုံမှာပါ''

ဝန်းရံခက ယုံကြည်ချက်တွေဖြင့် မျက်ဝန်းတွေ စူးရှလက်တောက် အားကောင်းနေသည်။ ပိရိသေသပ်သော နှုတ်ခမ်းများက အဆိပ် ရည်တွေအပြည့်ဖြင့် မဲ့ရောင်သမ်းကာ ပြုံးနေ၏။

ဒါဟာ တိမ်မွှေ့ခင်အတွက် သီးသန့် အစီမံးသက်သက်. . .။

■ ■ ■

## အခန်း (၁၃)

မျက်ဝန်းရှေ့မှာ မြင်နေရတာက လူတွေရော ဈေးသည်တွေရော ရှုပ်ယှက်ခတ်လို့ နောက်ကြောင်း အရှည်ကြီးကိုလည်း ဘက်နှိပ်ပြန် မဆုပ်ချင်။

သူမရှေ့က ကားတွေ ဆိုင်ကယ်တွေက တတီတီ ကျယ်ကျယ် လောင်လောင် ဟွန်းတီးရင်း ကျွမ်းကျင်ပိုင်နိုင်စွာ ကွေ့ကာ ဝိုက်ကာ မောင်းသွားကြသည်။

သူမလည်း မမောင်းလို့ မဖြစ်။ နောက်က ကားတွေက ဟွန်း တီးနေပြီမို့ ကားကို လီဗာနည်းနည်းနင်း၍ ဖြည်းဖြည်းချင်း လိမ့်နေရ သည်။

ဒီလိုမျိုး ကားကို နှေးနှေးလေး မောင်းနေရတာ သူမ သိပ် စိတ်မရှည်တတ်ပါ။ ဘာလို့များ စက်ရုံအလုပ်သမားတွေက အလိုက်သိ နားမလည်ရတာလဲ။

ဈေးသည်တွေကလည်း လမ်းဘေးကျကျ နောက်ဆုတ်ကာ ရောင်းသင့်သည်။ မြို့ထဲမှာ မီးပွိုင့်မိသည့်အဖြစ်ထက် ဆိုးသည်မို့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မျက်ဝန်းရှေ့မှာ မြင်နေရတာက လူတွေရော ဈေးသည်တွေရော ရှုပ်ယှက်ခတ်လို့ နောက်ကြောင်း အရှည်ကြီးကိုလည်း ဘက်ခ်ပြန်မဆုပ်ချင်။

သူမရှေ့က ကားတွေ ဆိုင်ကယ်တွေက တတီတီ ကျယ်ကျယ်လောင်လောင် ဟွန်းတီးရင်း ကျွမ်းကျင်ပိုင်နိုင်စွာ ကွေ့ကာ ဝိုက်ကာ မောင်းသွားကြသည်။

သူမလည်း မမောင်းလို့ မဖြစ်။ နောက်က ကားတွေက ဟွန်းတီးနေပြီမို့ ကားကို လီဗာနည်းနည်းနင်း၍ ဖြည်းဖြည်းချင်း လိမ့်နေရသည်။

ဒီလိုမျိုး ကားကို နှေးနှေးလေး မောင်းနေရတာ သူမ သိပ်စိတ်မရှည်တတ်ပါ။ ဘာလို့များ စက်ရုံအလုပ်သမားတွေက အလိုက်မသိနားမလည်ရတာလဲ။

ဈေးသည်တွေကလည်း လမ်းဘေးကျကျ နောက်ဆုတ်ကာ ရောင်းသင့်သည်။ မြို့ထဲမှာ မီးပွိုင့်မီသည့်အဖြစ်ထက် ဆိုးသည်မို့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို မကျေမနပ် မျက်စောင်းဝင့်ကာ တက်ပင်ခေါက်မိသည်။

"ကလင် ကလင်"

သူမထက် စိတ်မရှည် အရင်လိုနေသော စက်ဘီးနှစ်စီးက ဘဲလ်တီးကာ ဖွတ်ကျော်တက်ဖို့ ကြိုးစားသည်။

နည်းနည်းလောက် တိမ်းမပေးလျှင် တန်ဖိုးကြီးသော သူမ ကားဘက်မှန်နှင့် မီးလုံးတွေ တစ်ခုခုဖြစ်သွားနိုင်၏။

"ဂျွန်း"

"ချွမ်"

"ဂွမ်"

"ဟယ် ဘာတွေဖြစ်ကုန်ပြီလဲ"

မလွှတ်မကင်း ဖြစ်နိုင်တာ သိသိကြီးနှင့် ကိုယ့်ကားကို သတိ ချာလိုက်မိတာ မှားသွားသည်။

"မမြင်မကန်းနဲ့ ကားမောင်းလာတာလား"

"မိုးအုံ့ မျက်မှန်အကြီးကြီးနဲ့ မျက်လုံးကြီးကို ကွယ်ထားမှတော့ ဘယ်မြင်ရပါ့မလဲ"

"ကောက်ညှင်းပေါင်းတောင်းကြီးရော အကြော်ဗန်းရော မှောက် သွားပြီ၊ လျော်ကြေးတောင်းဟေ့"

"မပေးရင် ဝိုင်းသာရိုက်၊ ဒါမျိုး လာလုပ်လို့ ဘယ်ရမလဲ၊ ဒီ နားရောက်ရင်ကားကို ဆင်ခြင်သတိထားပြီး မောင်းရမယ်ဆိုတာ မသိဘူး လား"

"ဘာလုပ်နေတာလဲ၊ ကားအောက်ဆင်းပြီး ဖြေရှင်းလေ၊ တန်ဖိုးကြီးကားတွေ ဘာတွေ နားမလည်ဘူး၊ ကားကို တစ်စစီဖြစ်အောင် လုပ်ပစ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို လူအုပ်ကြီးက သူ့မကားကို ဝိုင်းပြီး ကြိမ်းမောင်းနေကြတာပါ။ ဒီလို တစ်ခါမှ မကြုံဘူးတာမို့ အဲကွန်းဖွင့်ထားသည့်ကားထဲမှာ သူ့မ ချွေးတွေ ပြန်နေသည်။ လျော်ကြေးငွေ ပေးဆိုပေးနိုင်ပေမယ့် တောင်းပန်တာမျိုးတော့ သူ့မ မလုပ်ချင်။

ကိုယ်က မှားခဲ့သည်ဆိုလည်း သူတို့ဘက်ကလည်း စည်းကမ်းမဲ့လွန်းတာပဲ မဟုတ်လား။

"အဲဒါ ဘာဖြစ်နေကြတာလဲ၊ သူ့ကားကို ရှေ့လွန်အောင်မောင်းပြီး လမ်းကျယ်တဲ့နေရာရပ် ဖြေရှင်းမှဖြစ်မှာပေါ့၊ နောက်ကကားတွေ အခက်တွေ့နေပြီ၊ ကဲ မင်းကားကို ဟိုရှေ့နားကဆိုင်အထိ မောင်းလိုက်ပါ"

ဝန်းရံခက ကျန်သည့်လူတွေပါ ရှိန်သွားအောင် လေသံမာမာနှင့် အမိန့်သံဆန်ဆန် ပြောလိုက်သည်။

လူအုပ်ကြီးနှင့် ပြဿနာဖြစ်နေသည့် ကားပိုင်ရှင်က တိမ်မွေ့ခင် ဖြစ်နေလိမ့်မည်ဟု ဘယ်လိုမှ ထင်မထားမိ။

စက်ရုံနားမှာ ကားသမားတွေနှင့် ဈေးသည်တွေ ဒီလို ခဏခဏပြဿနာကြုံကြတာမို့ သိပ်မထူးဆန်းပေမယ့် အလွယ်တကူ ဖြေရှင်းလို့လည်း ပြေလည်သွားတတ်တာမျိုးပါ။

ကားသမားတွေက ဟိုဘက် ဒီဘက် စက်ရုံတွေ ဖယ်ရိုပ္ပိုဒိအရင်လိုသလို ဈေးသည်တွေကလည်း စက်ရုံဆင်းချိန်လေးသာ ဈေးလုအယက် ရောင်းကြရတာမို့ ဒီအချိန်ဆို ကားရှုပ်လူရှုပ်။

ဒီနေ့ သူကလည်း အလျင်လိုနေသည်။ ဦးကျော်ကို လေယာဉ်ကွင်းလိုက်ပို့ပြီး ဝန်ထမ်းတွေကို ငွေထုတ်ပေးဖို့ အလောတကြီးအမိပြန်လာတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အခုစက်ရုံနား ရောက်ခါနီးမှ စိတ်မရှည်ချင်စရာ အဖြစ်နှင့် ကြုံရသည်။

ကားပေါ်ကဆင်းပြီး ပြသနာဖြစ်သည့်နေရာရောက်မှ တိမ်မွေ့ခင်ဆိုသော မိန်းမကို အံ့ဩတကြီး တွေ့လိုက်ရသည်။ အမြင်ကတ်ကတ်နှင့် တစ်ယောက်ယောက်ကို လက်တို့ပြီး ချက္ခာလို့ မြှောက်ပေးလိုက်လျှင် ဒီမိန်းမ ကားရော လူရော မွမွကြေသွားနိုင်သည်။

ဒါပေမဲ့ ဒါဟာ အဆုံးသတ် မဟုတ်။

လူစွမ်းကောင်း ဟီးရိုးဝင်လုပ်ပေးရင်း ငွင်ဆင်ဖန်တီးတာက နောင်တစ်ချိန်အတွက် အခွင့်အရေးတစ်ရပ် ဖြစ်နိုင်သေးသည်။

မေမေနှင်းတို့ ပြသည့် ဓာတ်ပုံကိုကြည့်ထားမိတာ မင်းအတွက် ကံဆိုးစေတာပဲ တိမ်မွေ့ခင်။

"ကိုယ် ကားသွားယူလိုက်ဦးမယ်၊ ဒီဆိုင်ထဲမှာ ခဏဝင်ထိုင်နေလိုက်ပါ၊ ပြေလည်အောင် ကျွန်တော် ဖြေရှင်းပေးပါမယ်"

ခပ်တည်တည် ပြောထွက်သွားသောလူက ဒီနေရာမှာ ဘယ်လိုရာထူးနှင့်နေနေသည့်လူလဲ။

ခေါင်းလိမ်းဆီဖြင့် နက်ပြောင်နေသော ဆံပင်တွေကို သေသပ်စွာ နောက်လှန်ဖြီးသင်ထားခြင်းက ရင့်ကျက်မှုအသွင်ကိုဆောင်လျက် ဩရှဝါညက်နေသော လေသံပြင်းပြင်းက အမိန့်သံဆန်ချင်သည်။

အဖြူရောင် တီရှပ်အပေါ်မှာ အနက်ရောင်ကုတ်အင်္ကျီကို ထပ်ဝတ်ထားပြီး အနက်ရောင် ပြောင်လက်နေသော ရှူးဖိနပ်နှင့် စတိုင်ပန်က လူကုံထံအသိုင်းအဝိုင်းကဆိုတာ ဖော်ကျူးနေသည်။

သူ့ရဲ့ကားက အနားရောက်လာမှ တန်ဖိုးကို ခန့်မှန်းပြီး သူမ အတွေးမှား မမှား ကိုယ်တိုင်အလောင်းအစား လုပ်ကြည့်ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်"

ထိုလူ ကိုယ်တိုင်မောင်းလာသည့် ဖီးရောင် ပြောင်မှိန်နေသော ပရာဒို ကားကြီးက သူမအနား ထိုးရပ်လာသည်။ ကားပေါ်က သွက်လက်စွာ ဆင်းလာတာလည်း စတိုင်ကျ၏။

"ခင်ဗျားက ဘာလို့ ကားအောက်ဆင်းပြီး ဆိုင်ထဲမဝင်သေးတာလဲ၊ ဟိုလူအုပ်က ခင်ဗျားကို အမဲဖျက်သလို ဝိုင်းဖျက်မှာ မကြောက်ဘူးလား"

သူမ ကားနားကို လာရပ်ကာပြောတော့ နှုတ်ခမ်းတွဲတွဲလေးကို တင်းတင်းစေ့ကာ မဲ့ပစ်လိုက်၏။

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ ကျွန်မကို အဲလိုလာလုပ်ရင် ဝမ်းနိုင်းနိုင်းကို တိုင်လိုက်ရုံပဲ"

"အများနဲ့တစ်ယောက်၊ မင်းဖုန်းနံပါတ်နှိပ်ချိန်တောင် ရလိုက်မှာ မဟုတ်ဘူး"

"သူတို့က စည်းမဲ့ကမ်းမဲ့နဲ့ လျှော်ကြေးလိုချင်လို့ လမ်းပေါ်တက် ဈေးရောင်းနေကြတာလား။ ကျွန်မ လျှော်ကြေးပေးရင် ပြီးရောပေါ့၊ ဘယ်လောက်လဲ မေးပေးပါ၊ နေဦး ရှင်က ဒီနေရာမှာ ဘာလဲ ရပ်ကွက်လူကြီးလား"

"ဟား"

ဒီပုံစံနှင့် ထည့်ဝါနေတာကို မြင်ရက်နဲ့တောင် အထင်သေးချင်ဟန် ရှိသေးသည်။ တော်တော်မလွယ်သည့် မိန်းမ။

""တမင်သက်သက် လျှော်ကြေးလိုချင်လို့ စည်းကမ်းမဲ့နေကြတာ တော့ မဟုတ်ပါဘူး။ တစ်ဝမ်းတစ်ခါး ဝမ်းစာအတွက် အလုအယက် ရုန်းကန်နေကြတာပါ၊ ကျွန်တော်က ဒီရှေ့က ဆင်ပြာစက်ရုံကဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘဝတွေကို နားလည်နေလို့ ဟိုဘက် ဒီဘက် မနစ်နာအောင် ဖြေရှင်းပေးတာပါ၊ ခင်ဗျားဆီက နှိမ့်ချတဲ့ စကားသံ သူတို့ကြားသွားရင် နောက်တစ်ခါ ဒီရွာကနေ ခင်ဗျားကား ဖြတ်မောင်းလို့တောင် ရမှာ မဟုတ်ဘူး"

"ဘာ"

"ဟုတ်တယ် ဆင်းရဲတဲ့သူတွေက မာနတစ်ခုတော့ ရှိတယ်၊ သဒ္ဓါတာကိုပဲ စားတာ၊ လူချမ်းသာတွေလို လောဘနဲ့ မတရားမှု မလုပ်ဘူး။ ဆင်းရဲတယ်ဆိုကတည်းက ရောင့်ရဲတင်းတိမ်ပြီး လောဘမရှိလို့ပေါ့၊ ကဲပါ အဲဒီလူတွေကို ကျွန်တော် သွားပြီး တန်ရာတန်ကြေးပေး ဖြေရှင်းလိုက်ပါ့မယ်၊ ခင်ဗျားက ဆိုင်ထဲက ထိုင်စောင့်ပြီး ကျွန်တော်ပေးခဲ့တဲ့ လျော်ကြေးကို ပြန်ရှင်းပေးပါ၊ မိန်းကလေးဆိုတော့ ဖြေရှင်းရခက်မှာစိုးလို့"

သူ လူတွင်ကျယ်လုပ်နေတာကို ဒီမိန်းမ သိမှာမဟုတ်။

ကျေးဖူးတင်တတ်ပုံလည်း မရသော မျက်လုံးများက အစိမ်းရောင်ဖျော့ဖျော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘယ်လောက် ပေးခဲ့ရလဲ"

"ခြောက်ထောင့်ရှစ်ရာ"

"ဟင် ကတ်သီးကတ်သတ်"

"ဟုတ်တယ် သူတို့အရင်းအနှီးက အဲလောက်ပဲတဲ့၊ ခုနစ်ထောင် ပေးလိုက်တာကို နှစ်ရာပြန်အမ်းလိုက်တယ်၊ ဒီမှာ"

နှစ်ရာတန်အနွမ်းလေးကို သူမရှေ့ ချပြလိုက်တော့ သူမ မျက်ခုံးလေးနှစ်ခု စုကျုံ့ကာ အံ့ဩသွားဟန်တူ၏။

ဆင်းရဲသား လူတန်းစား၏ မာနတစ်ခုကို ဖွင့်လှစ်ပြခွင့်ရလိုက်တာ ကျေနပ်မိသည်။ သူမ အထင်သေးပြီး ပြောချင်ရာ ပြောလို့မရတာ သိသွားသင့်သည်ပဲ။

"ခဏနော် ကျွန်တော် ဝန်ထမ်းတွေ လစာထုတ်ပေးဖို့ကလည်း အရေးကြီးနေလို့ ဖုန်းဆက်လိုက်ဦးမယ်"

ဟန်ပါပါနှင့် ပိုက်ဆံအိတ်ခပ်ကြီးကြီးထဲက ဖုန်းကိုထုတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"စိုးခန့် ငါ စက်ရုံရှေ့က ဗာဒံရိပ် စားသောက်ဆိုင်မှာ ရှိတယ်၊ အလုပ်သမားတွေကို လစာထုတ်ပေးဖို့ ငါ့ဆီမှာ သော့တွဲလာယူ၊ အမြန်လာခဲ့နော်"

စက်ရုံရှေ့ဆိုသည့် စကားကြောင့် သူမ မျက်ဝန်းလေး၊ ကျူထရံ ကွက်ကာနေ အပြင်ဘက်ကို တစ်ချက် လှမ်းမျှော်ကြည့်၏။ ငွေထုတ်ပေးဖို့ စားပွဲပေါ် သော့တွဲကြီး ပစ်ချလိုက်သည့်သူ့ကို ဝန်ထမ်းအဆင့်လို့ သူမ ထင်တော့မည် မဟုတ်။

"ဆရာ ကျွန်တော် ရောက်ပါပြီ"

"အေး ငါ့ရုံးခန်းထဲက ဗီရိုအပေါ်ဆုံးထပ်နဲ့ အလယ်ထပ်မှာ ဝန်ထမ်းတွေအတွက် လစာအိတ်တွေ ခွဲပြီးသားရှိတယ်၊ စာရေးမတွေကို အဆင့်လိုက် မမှားအောင်လုပ်ပါလို့ သေချာပြော၊ ဒီသော့တွဲနဲ့ နှစ်ချက် ဆင့် ဖွင့်ပြီး မင်းယူပေးလိုက်နော်"

"ဟုတ်ကဲ့ ဆရာ၊ ဆရာ တခြား ဘာမှာဦးမလဲ"

"မမှာတော့ဘူး၊ စက်ရုံဆင်းအမီ ငါ ပြန်ရောက်မှာပါ"

ဖိုးဇော်ဆိုသည့် ရုံးစာရေးလေး ပြန်ထွက်သွားတော့ တိမ်မွှေ့ခင် သူ့အရှိန်အဝါကို ပိုသိသွားဟန်တူသည်။ မျက်လုံးအရောင် ပြောင်းလာပြီး

"ရှင်က အဲဒီစက်ရုံပိုင်ရှင်သူဌေးလား"

"ဆိုပါတော့ အင်း အဲလိုပြောလို့ ရပ့်မလားတော့ မသိဘူး၊ အစ်ကိုဝမ်းကွဲရဲ့စက်ရုံပါ၊ ဒါပေမဲ့ ကျွန်တော့်မိဘတွေရဲ့ရှယ်ယာတွေ ပါတာပေါ့၊ အစ်ကို ခရီးသွားတဲ့အချိန်ဆို ကျွန်တော့်တာဝန်တွေချည်းပဲ၊ ဩော် တစ်ခုခု စားပါသောက်ပါဦးလား"

မုသားတစ်ဝက် အမှန်တစ်ဝက်ဖြင့် ရုပ်လုံးမပေါ်အောင် ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လောက္ကွတ်လုပ်လိုက်ရသည်။ သူမက ဆိုင်အနေအထားကို တစ်ချက်မျက်လုံးဝေ့ကြည့်ကာ

"ကျွန်မကိစ္စ ဖြေရှင်းပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီထက်ကောင်းတဲ့ဆိုင်မှာ ကျွန်မ ဧည့်ခံပါရစေ"

"ဗြော် အဲလောက်ကြီး မလိုအပ်ပါဘူးဗျာ၊ ဒီဆိုင်ကလည်း မဆိုးပါဘူး။ ကျွန်တော်တို့လုပ်ငန်းရှင် တော်တော်များများက အချိန်သိပ်မရတော့ ဒီဆိုင်ကိုပဲ အားကိုးနေရတာ၊ လက်ဖက်ရည်ဖြစ်ဖြစ် ကော်ဖီဖြစ်ဖြစ် သုံးဆောင်ပါ"

"အင်း ကော်ဖီတစ်ခွက်လောက်ပေါ့"

သူ့ကို အားတုံ့အားနာဖြင့် သူမ အောင့်အီးအောင့်သက် မမှာချင်ဘဲ မှာလိုက်တာဆိုသော်လည်း သူ့အတွက် ကျေနပ်မှုတစ်ခု ထပ်ဖြစ်ရသည်။

ဝန်းရုံခရဲ့ ညွတ်ကွင်းထဲကို တိမ်မွေ့ခင် သက်ဆင်းလာတာပဲ မဟုတ်ပါလား။ ရွှေအိုရောင်သရီးစတက် ဆံပင်လိပ်ခွေခွေများက ဝင်းဝါစိုပြည်နေသော သူမ အသားအရေနှင့် လိုက်ဖက်ကာ ကိုယ်ကျပ်အပျော့သား အနီရဲရဲလက်ပြတ်လေးကြောင့် တောက်ပလင်းလက်လွန်းနေသည်။

ရှည်ကော့နေသော မျက်တောင်များက ခုခေတ်မိန်းကလေးတွေလို အတုတပ်ထားတာ မဟုတ်။ စိမ်းညို့သော မျက်ခုံးများကြောင့် မျက်ဝန်းနက်ကလေးကပို၍ အားကောင်းနေပြီး စူးစူးရှရှ။ ရဲစိုနေသော နှုတ်ခမ်းတွဲတွဲလေးက ယောက်ျားတွေကို ဖြားယောင်းသိမ်းသွင်းနိုင်သည့် မာန်တွေအပြည့်နှင့်။

"အစ်ကိုရော ဘာသောက်ဦးမလဲ ခင်ဗျ"

"ဗြော် အင်း မသောက်တော့ဘူး။ အစ်ကို ခုလေယာဉ်ကွင်းက

www.burmeseclassic.com

www.burmeseclassic.com



သောက်လာခဲ့လို့"

သူမကိုကြည့်၍ ငေးနေဆဲမှာ စားပွဲထိုးလေး အသံကြောင့် ယောင်အမ်းအမ်းတောင် ဖြစ်သွားရ၏။ တိမ်မွေ့ခင်က ကော်ဖီခွက်ကို မတို့မထိသေးတာမို့ ရှေ့တိုးပေးလိုက်ကာ

"သောက်ပါ ဒီကဲ"

"တိမ်မွေ့ခင်ပါ"

"ဟုတ်ကဲ့ မတိမ်မွေ့ခင်က ဒီဘက်ရောက်လာတယ်ဆိုတော့ လုပ်ငန်းရှင်တစ်ယောက်ပဲ ထင်တယ်"

"ရှင် မဟုတ်ပါဘူး။ ဒါပေမဲ့ လုပ်ဖို့ အစီအစဉ်မြေကွက်လာ ကြည့်တာပါ"

"ဪ အိမ်ခြံမြေအကျိုးဆောင်တွေနဲ့ လာတွေ့တာလား၊ အဆင်ပြေသွားပြီလားဗျ"

"မပြေသေးပါဘူး။ အိမ်ခြံမြေ အကျိုးဆောင်တွေနဲ့ဆိုရင် အကျိုးဆောင်ခက အဆမတန် များနေမလားလို့၊ မြေပိုင်ရှင်တွေနဲ့ တိုက် ရိုက်တွေ့နိုင်မလားဆိုပြီး လိုက်လေ့လာကြည့်တာပါ"

"ဟုတ်လား ကျွန်တော်တို့ စက်ရုံနှစ်ကွက်ကျော်မှာ မြေလွတ် တစ်ကွက်ရှိတယ်၊ ကျွန်တော် စုံစမ်းကြည့်ပေးရမလား"

အေးစက်စက်ဖြစ်နေသည့် တိမ်မွေ့ခင် မျက်ဝန်းလေးတွေ လက် ခနဲ ဖြစ်သွားကာ

"အဲလို ကူညီမယ်ဆိုရင် ထပ်ပြီး ကျေးဇူးတင်ရတော့မှာပါ၊ ဒါပေမဲ့ ကျွန်မက သူများအကူအညီကို ခဏ ခဏ ယူတတ်တဲ့သူ မဟုတ်ပါဘူး။ ကိုယ့်ဘာသာပဲ စုံစမ်းကြည့်ပါမယ်"

"လူတိုင်းကို မယုံကြည်တတ်တဲ့သူမျိုး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် လှုကဲခတ်တော်တယ်"

နှုတ်ခမ်းစူပြီး စိတ်ဆိုးသွားတာ မဟုတ်ဘဲ နှုတ်ခမ်းလေးကွေး ညွှတ်ရုံ ပြုံးလိုက်တာ ဖြစ်သည်။ ကော်ဖီခွက်ကို တစ်ငုံခန့်သာ မထိတထိ သောက်လိုက်ပြီး စားပွဲပေါ် ပြန်ချ၍

"ရှင်နဲ့စကားပြောရတာ အဆင်တော့ ပြေသားပဲ"

တမင်တကာ ကြိုးစားနေတာပါလို့ ပြောပစ်လိုက်ချင်သည်။ ငါ့ရင်ထဲက သိုသိပ်စွာ နာကြည်းမှုတွေကို မင်း မဖတ်ဖတ်ပါဘူး တိမ်မွေ့ခင်။

"ကျွန်တော်လည်း ခင်ဗျားနဲ့ စကားပြောရတာ အဆင်ပြေသလို ပါပဲ၊ တကယ်ဆို လေယာဉ်ကွင်းမှာ ဧည့်သည်တွေကို သွားတွေ့ပြီး ခေါင်းကိုက်လာတာဗျ၊ စက်ရုံနားရောက်မှ ယာဉ်ကြောပိတ်တော့ ပိုဆိုး သွားတာပေါ့၊ စိတ်မရှည်လို့ ကားအောက်ဆင်းလာတာ ခင်ဗျားကို ကူညီ ခွင့်ရလိုက်တာနဲ့ စိတ်ကြည်သွားတယ်"

"ထူးဆန်းသားပဲနော်၊ မြန်မာပြည်ပြန်ရောက်တာ ဘယ် လောက်မှ မကြာသေးတော့ အသိမိတ်ဆွေ မရှိသေးဘူးဖြစ်နေတာ"

"ဪ နိုင်ငံခြားမှာနေတာလား၊ လူမျိုးခြားတော့ မဟုတ် ပါဘူးနော်"

"မဟုတ်ပါဘူး အဖေရော အမေရော မြန်မာလူမျိုးပါ၊ သုံးလေး နှစ်သမီးလောက်ကမှ မိဘတွေနဲ့ နိုင်ငံခြားကို ရောက်သွားတာ၊ အခု မိဘတွေဆုံး ကျောင်းလည်းပြီးမှ ပြန်လာတာလေ၊ ဟိုမှာ သင်ခဲ့တဲ့ ပညာတွေကို ဒီမှာ အသုံးချဖို့ စဉ်းစားထားလို့"

"ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"ဒါက လျှို့ဝှက်ချက်လေ၊ ရှင်က နည်းပညာတွေနိုးရင် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်မလဲ၊ နိုင်ငံခြားမှာဆို ဘာလုပ်မယ်လို့ တစ်ယောက်ယောက်ကို တိုင်ပင်လိုက်တာနဲ့ အဲဒီတစ်ယောက်ယောက်က ဦးနှောက်ဖောက်စား လိုက်တာပဲ"

"အင်း မြန်မာပြည်မှာလည်း အဲလို လူမျိုးတွေ အများကြီးပဲ၊ ကျွန်တော်တော့ မပါဘူးနော်၊ ဒီအလုပ်တစ်ခုတည်းနဲ့ကို ဦးနှောက်က မခံနိုင်တော့ဘူး၊ အပြိုင်အဆိုင်တွေက သူ့ဆင်း ငါတက် ပြန်ကန်နဲ့ ပြုတ်ကျမကျန်ခဲ့အောင် မနည်းကြိုးစားနေရတာ"

"စိတ်ဓာတ်ကျအောင် ညည်းပြနေတာလား"

သူ ဟွန့်ခနဲ ရယ်လိုက်မိ၏။ မျက်နှာကြောတင်းတယ်လို့ ထင် ရပေမယ့် သူမက မဲ့တရွဲ့ မထိတထိလည်း ပြောတတ်သားပဲ။

သူ့အပြုံးမှာ သူမတစ်ချက်တော့ မင်တက်မိသွား၏။ ဒီ ယောကျ်ားက ခပ်တည်တည်နေလည်း ကြည့်ကောင်းသလို ပြုံးလိုက်တော့ လည်း ဆွဲဆောင်မှုရှိပေသားပဲ။

"ရှင့်ကို အကူအညီတောင်းချင်ရင် ဝမ်းနိုင်းနိုင်းနဲ့ ဆက်သွယ် ရမှာလား"

ပရိယာယ်သုံး၍ မေးလိုက်တော့ ထိုလူ ထပ်ပြုံးပြန်၏။

"ဝန်းရံခပါ၊ ဒီစက်ရုံထဲမှာပဲ နေတယ်၊ ဖုန်းနံပါတ်က ကျွန်တော် အရင်စခေါ်ချင်လို့၊ ခင်ဗျား ဖုန်းနံပါတ်ပေးပါလား"

ဒီလူက ပိုပြီး လူလည်ကျ၏။ ဆလင်းဘက်စ်အိတ်ထဲက ဗစ်ဇင်း တင်းကဒ် ထုတ်လိုက်ပြီး စားပွဲပေါ် ချပေးလိုက်သည်။

"မြေကွက်ကိစ္စ စုံစမ်းပြီးရင် ဖုန်းဆက်ပါ"

တခြားကိစ္စဆို မဆက်နဲ့ဟု တစ်ခါတည်း ပိတ်လိုက်တာ ထို လူသိပေလိမ့်မည်။ ထိုလူက ဘာမှမဖြစ်သလို အထာနှင့် ဗစ်ဇစ်တင်းကဒ်

www.burmeseclassic.com

www.burmeseclassic.com



ကို အိတ်ထဲကောက်ထည့်ပြီး နာရီမြှောက်ကြည့်ကာ

"ကျွန်တော် စက်ရုံက လစာထုတ်ရက်ဆို အချိန်စောဆင်းရ ပေးရတာမို့ သွားမှဖြစ်တော့မယ် ထင်တယ်၊ နောက်မှ ဆုံကြတာပေါ့နော်"

"သိုင်းကျူးပါ"

သူမ အရင် ရေးကြီးသုတ်ပျာ ပုံစံနှင့် လှစ်ခနဲ ထထွက်လာခဲ့သည်။

သူမဆီ အကြွေးတင်သွားတာ အမှတ်တမဲ့ သတိမထားမိစေချင်လို့ပါ။ နှစ်ရာတန် အနွမ်းလေးကိုပါ မယူခဲ့တာမို့ အကြွေးခုနစ်ထောင်ပေါ့။

ကော်ဖီတစ်ခွက်ဖိုးကိုတော့ ကိုယ်က ဝယ်တိုက်မယ်ပြောထားပေမယ့် မေ့ချင်ဟန်ဆောင်ထားခဲ့သည်။

ဒါမှ သူမစိတ်ထဲ သူ့အကြောင်းတွေးဖို့ အိပ်ရာဝင်အထိ နိုးလိုးခုလု ဖြစ်နေတော့မှာ မဟုတ်ပါလား။

ဒါ နိဒါန်းအစပဲ ရှိပါသေးတယ် တိမ်မွှေ့ခင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မင်းက ဒီအကြောင်းပြောချင်လို့ ငါ့ကို မင်းနဲ့လာအိပ်ဖို့ ခေါ်တာလား၊ ဘီယာသုံးဘူးလောက်မှ နားထောင်ရတာ တန်မှာနော်"

"အကြောင်းသိပါတယ်၊ ရေခဲသေတ္တာထဲမှာ ဝယ်ထည့်ထားတယ်"

"အမြည်းကရော"

"ကြက်အူချောင်း၊ အာလူးကြော်၊ ကြက်သားသုပ်နဲ့တုံ့ယမ်းဟင်းချိုတောင်ပါသေးတယ်"

"ဟား အရမ်းရက်ရောနေပါလား၊ လသာသာအောက်မှာ ပန်းပင်တွေကြားထဲ စားပွဲခုံတွေ ထိုင်ခုံတွေလည်း ချလို့ အရမ်းမြူးတူးပြီး ကဗျာဆန်နေပါလား ငါ့ကောင်၊ တိမ်မွေ့ခင်ကို ဘယ်နေရာ ငြိသွားတာလဲ"

ထင်လင်း မေးတာကို မဖြေဘဲ ရေခဲသေတ္တာထဲက ဘီယာဘူးတွေ စားပွဲပေါ် ချပေးပြီး အုပ်ဆောင်းထဲက အမြည်းပန်းကန်တွေပါ ယူလာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မလာဖြစ်ဘူးဆိုရင် ရှေ့ကလုံခြုံရေးဝန်ထမ်းတစ်ယောက်ကို ခေါ်ပြီး သောက်မလို့ကွ၊ ဒီနေ့ အရမ်းကို စကားတွေ အများကြီးပြောချင်နေတာ"

"ကဲ ပြောပါကွာ တစ်ညလုံး မအိပ်ဘဲ ပြောလည်း ဒါသောက်ရမယ်ဆို နားထောင်ပေးမယ်၊ မင်းက တစ်ဘူးလောက်သောက်ပြီး မနားတမ်း ဖောတော့မယ်ဆိုတာ ငါ သိတယ်"

ထင်လင်းက ကိုယ့်အထာကို သိနေသည်။ အရက်သေစာကို သိပ်ခုံခုံမင်မင် သောက်လေ့သောက်ထ မရှိသော သူက ဘီယာတစ်ဘူးလောက်နှင့် ရီဝေဝေဖြစ်ပြီး စကားတွေ ဖောင်ဖွဲ့အောင် အာသွက်နေတတ်သည်။

"ချီးယားစ်"

ဘီယာဘူးကို ဖောက်ကာ ချီးယားစ်လုပ်ပြီးမှ သောက်လိုက်ကြသည်။

"အချိန်ယူရဦးမယ်ထင်တာ၊ ဒီလောက် တိုက်တိုက်ဆိုင်ဆိုင် မြန်မြန်ဆုံမယ် ထင်မထားဘူး။ အစက တိမ်မွှေ့ခင် သွားတတ်လာတတ်တဲ့နေရာတွေ မင်းအမေဆီမှာ မသိမသာ စုံစမ်းပြီးမှ ဂွင်ဆင်မှာဆို"

"အခုတော့ ပိုကောင်းသွားပြီလေ၊ မေမေနှင်းတို့တောင် ငါ ဘာကြောင့် စုံစမ်းတယ်ဆိုတာ သံသယဝင်စရာ မလိုတော့ဘူး၊ ရေစက် အထုံပါလို့ ကံကြမ္မာက ငါ့ကို မျက်နှာသာပေးလိုက်တာ ဖြစ်မယ်"

"ရှုပ်ပါကွာ၊ အချဉ်ဖမ်းဖို့ အချိန်ယူနေတဲ့ကောင်က ကံကြမ္မာကို ကျေးဇူးတင်တတ်နေသေးလား၊ ဆက်ရန်တွေ အတွက်ရော"

"ညှိပြီးသားပါ၊ ငါ့ကို သူ အကြွေးဆပ်စရာရှိတယ်၊ မေ့ချင်ဟန်ဆောင်ခဲ့လို့ သူ့စိတ်ထဲ ကလီကလိ ဖြစ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



ထင်လင်းက တံယမ်းဟင်းချိုကို ဖွန်းဖြင့် ခပ်မြည်းနေရင်းက ရေတ်သီးတောင့် ဝါးမိလိုက်သလို ရှုံ့မဲ့စွာ

"တစ်ဖက်သတ် သေချာမနေပါနဲ့၊ ဟိုက မင်းဘူးကျပြီး ယူမသွားတာလို့ ထင်ရင် မင်းတော့ ဂန့်ပြီ"

"ဝန်းရံခဲ ရှုပ်က အဲလောက် အထာမကျလို့လား၊ အတည်နော် မန်နေဂျာအဆင့်နဲ့ မဟုတ်ဘူး၊ လုပ်ငန်းရှင်တစ်ယောက်ပုံစံ ကျွေးခဲ့တာ"

"ဟိုက ဆယ်ဆလောက်ပိုပြီး ချမ်းသာတယ်၊ အော့အန်နေရင် မင်း မျိုးကန်းမှာ"

"ရည်းစားမထားဘူးသေးပေမယ့် မိန်းမတွေရဲ့ အထာကို ဖတ်တတ်ပါတယ်ကွာ၊ မင်းစောင့်ကြည့် ရှေ့ဆက်လာမယ့် ဇာတ်လမ်းလေးက လှပြီးသားပဲ"

ဝန်းရံခက လက်မထောင်ကာ ဘီယာတစ်ကျိုက် ထပ်ဆွဲ၏။ ပြုံးယောင်သမ်းနေသော နှုတ်ခမ်းများက တစ်ခုခုကို ကျေနပ်နေသလိုလို။

"မင်းပြုံးနေတာ ကြောက်စရာကောင်းတဲ့ အပြုံးလား၊ ကြည်နူးနေတဲ့ အပြုံးလားတော့ ငါ မခန့်မှန်းတတ်တော့ဘူး၊ မင်း အရမ်း လျှို့ဝှက်တတ်လာတာ အံ့သြဖို့ကောင်းတယ်"

"အဲဒါက အကြောင်းတရားတွေ ရှိလာလို့ပါ"

"သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်မနေနဲ့၊ အဲဒီအိမ်မှာ မင်း အမေက မင်းနာမည်ကို ထည့်ပြောမိရင် တိမ်မွေ့ခင်က မင်းရဲ့ လျှို့ဝှက်မှုတွေကို ဖော်ထုတ်နိုင်လိုက်မှာ မမေ့နဲ့၊ တိမ်မွေ့ခင်က ထက်မြက်တဲ့ မိန်းမတစ်ယောက်နော်"

"အဲဒီအတွက် မပူနဲ့၊ ငါ့နာမည် ငါ့အကြောင်း အဲဒီအိမ်မှာ မပြောမိပါစေနဲ့လို့ မေမေနှင်းတို့ကို ငါကတိတောင်းထားတယ်၊ ငါ့ကြောင့်

www.burmeseclassic.com



ပြဿနာဖြစ်မှာစိုးတဲ့ပုံစံမျိုးပေါ့ကွာ''

''မင်းလည်း စာတတ်သားပဲ၊ မိဘတွေကတော့ ဘာမှမသိရှာဘူး။ နောက်မှ မွေးစားရကျိုးနပ်တဲ့ သားဆိုပြီး ရင်နာနေမှာ''

''ကျေးဇူးကန်းတဲ့အဖြစ်မျိုး ဘယ်တော့မှ မရှိစေရဘူး၊ အခုဖေထွန်းနဲ့ မေမေနှင်းကိုချစ်လို့ ငါ တုံ့ပြန်ဖို့ ကြိုးစားနေတာ၊ ငါ့စိတ်ကို အရောင်ဆိုးတာ တိမ်မွေ့ခင်''

ဝန်းရံခက လမင်းကြီးကို မော့ကြည့်ပြီး တိုင်တည်သလို ပြောဏ်။ ထင်လင်းက ဘီယာနောက်တစ်ဘူး ထပ်ဖောက်ရင်း

''တိမ်မွေ့ခင်နဲ့ ဘယ်နေ့ ထပ်ဆုံမှာလဲ''

''သတ်မှတ်ချက်တော့ မရှိဘူး၊ ဒီနေ့ဖြစ်ချင်လည်း ဖြစ်မယ်၊ မနက်ဖြန် ဖြစ်ချင်လည်း ဖြစ်မယ်''

''မရိုးသားမှုတွေ မပေါ်လွင်အောင်တော့ ထိန်းချုပ်နော်''

''မင်းဦးလေးရဲ့ ကြွယ်ဝချမ်းသာမှုကို ခုတုံးလုပ်လိုက်တာက လွဲရင် ကျန်တာတွေ အနေအစား ချောင်အောင် ငါ လုပ်ဖတ်ပါတယ်''

''ဘယ်လောက်ထိ ရည်ရွယ်ထားလဲ''

''ပြောပြီးသားလေ၊ တိမ်မွေ့ခင်ကို ငါ့လက်နှပ်ထဲက ချေဖြစ်လာတဲ့အထိ ကြိုးစားမယ်''

''မိန်းမတစ်ယောက် နာကြည်းသွားရင် မိုးပေါ်တက် မီးရှို့ရှာတောင် ဝန်မလေးတတ်ကြဘူး''

''ဒါပေမဲ့ မျက်ရည်စက်တွေတော့ ကြွေကျခဲ့မှာပါ၊ အဲဒါကို ငါ အရသာခံကြည့်မယ်''

''မင်းပျော်မှာလား''

ဘီယာစုပ်ရင်း မေးလိုက်တာမို့ နားမလည်သလို ဝန်းရံခ တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို မျက်နှာလွှဲသွားသည်။ မျက်နှာမှာ စောစောက အပြုံးမျိုးမရှိ။

နာကျင်ခံရခက်နေတာလား၊ ဘီယာအရှိန်ကြောင့်လားတော့ မသိ။ မျက်နှာတစ်ခုလုံး နီရဲလျက် နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

"ပျော်နိုင်သလားလို့ မသေချာရင် လမ်းကြောင်းပြောင်းကြည့်ပါလား အချိန်မီသေးတယ်"

နှုတ်ခမ်းထောင့်စွန်း တစ်ဖက်တွန့်ကွေးကာ ဝန်းရုံခ ဆတ်ခနဲ ခေါင်းရမ်း၏။ တစ်ဆို့နေသော လည်ချောင်းတစ်လျှောက် ဘီယာတွေ အကုန်မော့၍ ရှင်းပစ်လိုက်ပြီး

"ဆုံးဖြတ်ချက်ချပြီးမှ တွေဝေတာ ယောက်ျားမဟုတ်ဘူးကွ၊ ငါ့မှာ တွယ်တာစရာ ဘာမှမရှိတော့ဘူး၊ ရှေ့က ကြည့်ရင် ရင်ဘတ်၊ နောက်ကကြည့် နောက်ကြော ဒါပဲ"

"ရစ်ပတ်လာတတ်တဲ့ နှောင်ကြိုးတွေက ဘာနဲ့မှ ခွာချလို့ မရတတ်ဘူးနော်၊ 'မင်းစိတ်မာတယ်ဆို ပြီးတာပါပဲ၊ ငါ့ဦးလေးကိစ္စက သူ့ဟယ်နိုင်ကိုင်ပြီး ငါ ချုပ်ထားနိုင်ပါတယ်"

"အေးပါ ကျေးဇူးပဲ၊ အဲဒီကိစ္စ တိုင်ပင်ချင်လို့ မင်းကို ခေါ် လိုက်တာ၊ မင်းဦးလေးရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်လို့ ထင် သွားမှာ စိုးတယ်"

"အဲဒါက မင်းနဲ့ငါနဲ့ကြားမှာ နားလည်မှုရှိနေတာပဲကွာ၊ သေချာ မသိခင်တော့ ဦးလေး ပေါက်ကွဲချင် ပေါက်ကွဲနိုင်ပေမယ့် မင်းကိုအပြစ် တော့ မတင်လောက်ပါဘူး"

"အားကိုးပါတယ် ထင်လင်းရာ၊ ဪ မေမေနှင်းတို့ဆီ ဖုန်း ခေါ်လိုက်ဦးမယ်ကွာ၊ ဒီနေ့ လကြီးက သာနေတော့ အရမ်းလွမ်းနေတယ်၊ ဟိုအိမ်လေးမှာဆို အိမ်ရှေ့ကွပ်ပျစ်လေးမှာ သားအဖတွေ ဝိုင်းဖွဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ်တွေစား၊ ရေနွေးတွေသောက်၊ ငါက မေမေ့ပေါင်ပေါ်မှာ ပက်လက်လှန်လှဲပြီး လမင်းကြီးကို ငေးကြည့်၊ မေမေက ငါ့ပါးစပ်ထဲကို လက်ဖက်သုပ်တွေ တစ်ဇွန်းပြီးတစ်ဇွန်းခွံ့၊ ဖေထွန်းက ငါ့အတွက် ဓာတ်ဘူးထဲက ရေနွေးငှဲ့ပြီး တဖူးဖူးနဲ့မှုတ် အေးပေးတယ်''

''ဝန်းရံ''

အဲသံတွေ အက်ကွဲတုန်ယင်ပြီး ဝန်းရံ့ခဲ ပါးပြင်မှာ မျက်ရည်စီးချောင်းတချို့ တွေ့လိုက်ရတာမို့ ထင်လင်းက ပခုံးကိုဖက်ကာ နှစ်သိမ့်၏၊

ယောက်ျားတန်မဲ့ ရှိုက်သံတစ်ချက် ထွက်ပြီးချိန်မှာ. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟယ်လို မေမေနှင်း"

"သား သားလေး ငိုနေတာလား"

နာမည် ခေါ်ပြီး စကားသံ တိတ်သွားပြီးမှ ရှိုက်သံတစ်ချက် ကြားလိုက်ရတာမို့ ဒေါ်နှင်းရီ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

ဦးခင်ထွန်းက ဘေးနားမှာ ထိုင်ပြီး မျက်စိမျက်နှာပျက်ကာ ဂနာမငြိမ်။

"သေချာမေးစမ်းပါဦး နှင်းရယ်၊ သားလေး ဘာဖြစ်လို့လဲ၊ သား ဘာဖြစ်လို့တဲ့လဲ"

ဒေါ်နှင်းရီ ဖုန်းကို ဘယ်ညာပြောင်းကိုင်ပြီး ဖုန်းစင်လေးဘေးမှာ မှီကျသွားကာ

"သား ဘာတွေ အခက်အခဲ ဖြစ်နေလဲ၊ သား နေမကောင်းဘူးလားဟင်"

"မဟုတ်ပါဘူး မေမေနှင်းနဲ့ဖေထွန်းကို သား လွမ်းလို့ပါ"

"သားရယ် မေ မေမေ လာခဲ့ရမလားဟင် သား"

www.burmeseclassic.com

www.burmeseclassic.com



"မလာပါနဲ့ သားက အိမ်မှာမှ မရှိတာ၊ မေမေတို့အသံလေးကို ကြားရရင် သား အလွမ်းပြေပါတယ်"

သား မျက်ရည်တွေအတွက်တော့ မေမေ့တူမဆီက လျှော်ကြေး ပြန်တောင်းရဦးမှာ မေမေလို့ မပြောဖြစ်ပါ။ မျက်ရည်တွေကို ပွတ်သပ် သုတ်ပြီး

"မေမေနဲ့ ဖေထွန်း နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် သားရယ်၊ ကောင်းပါတယ် သားလေးရော နေကောင်းရဲ့လား ဟင်၊ အလုပ်လုပ်နေတာရော အဆင်ပြေရဲ့လား။ မေမေတို့ဆီကို အကျိုးအကြောင်း ဖုန်းခဏခဏဆက်ပေးပါ သားရယ်၊ မေမေတို့လည်း သားကို အမြဲတမ်း သတိရနေတာ နော် သား"

"အန်တီ"

"ဟင် တူ တူမလေး"

တိမ်မွေ့ခင်ရဲ့ ခြေသံပြင်းပြင်း လေသံပြင်းပြင်းကို ကြားသည်။ မေမေ လက်တွေ တုန်ယင်နေလို့ ဖုန်းခွက်ကနေသားမကျ ဖြစ်နေလား မသိ။

အားလုံး ကြားနေရသည်။ မေမေ့အသံ တိမ်မွေ့ခင် အသံ။

"မပတ်သက်စေချင်လို့ အမွေဖြတ်ခိုင်းထားတာတောင် အဆက်အသွယ် လုပ်နေတုန်းလား အန်တီ"

"တူမလေးရယ် ဟိုလေ သားက"

"အဲဒီ သားဆိုတာ သူစိမ်းပါ၊ တိမ်မွေ့ထက် သံယောဇဉ်ရှိနေတာလား။ ဒါဆို ဒီအိမ်ကို ဘာလို့ လာနေသေးလဲ၊ အဲဒီမှာပဲ သွားနေပါလား၊ ဘာလဲ အမွေတွေ တိမ်မွေ့တစ်ယောက်တည်း ပိုင်စိုးသွားမှာ စိုးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"တို့မ်မွေ့ အဲလိုတော့ မပြောပါနဲ့ တူမလေးရယ်၊ အန်တီက အဲဒါတွေ မမက်လို့ မိဘတွေ စွန့်ပစ်ခံရတဲ့ဘဝမှာ နေသွားကျပြီးသားပါ၊ အခုရော အန်တီ့ဘက်က ဒါတွေရယူလိုပါတယ်ဆိုပြီး တောင်းဆိုခဲ့လို့လား။ တူမလေးကြောင့် မဖြစ်မနေ လာနေရတာပါ"

"ဒါဆိုလည်း တိမ်မွေ့ထက် သူစိမ်းတစ်ယောက်အပေါ် စိုးရိမ်စိတ်တွေ ပိုပြမနေနဲ့လေ၊ သူက ဘယ်ကအလေနတော မျိုးရိုးမှန်းမသိဘဲ အဲဒီ သံယောဇဉ်တွေအပေါ်မှာ အခွင့်အရေး ယူလာတော့ ဘယ်လိုလုပ်မလဲ၊ ဒါမျိုးတွေ ဖြစ်မလာအောင် အစကတည်းက အပြတ်ဖြတ်ခဲ့ပါလို့ ပြောထားလျက်နဲ့"

တိမ်မွေ့ခင် ဆိုဖာခုံမှာ ဝင်ထိုင်ရင်း မကျေမချမ်း ပြောလို့မပြီးနိုင်။

ဦးခင်ထွန်းက မျက်ရည်ဝဲနေသော ဒေါ်နှင်းရီမျက်နှာကို တစ်ချက်ငဲ့ကြည့်၍ အံကိုကြိတ်ပြီး ရှောင်ထွက်သွားသည်။ ကိုယ့်ကိုပါ အထင်မြင်သေး ပမာမခန့် ပြောလာလျှင် သည်းခံတော့မည် မဟုတ်။

သွေးသားတော်စပ်သည့် တူအရီးချင်း ရှင်းကြပါစေ။

ဒေါ်နှင်းရီက ဖုန်းစင်လေးနားကနေ တိမ်မွေ့ခင်ဘက် လှည့်၍

"သွေးက ရေထက်စေးတယ်ဆိုတာ အန်တီ နားလည်တယ်၊ သွေးသားမတော်စပ်ပေမယ့် သံယောဇဉ်နဲ့ တွယ်တာသွားတတ်တာရော မရှိရဘူးလား။ သားက အလေနတော မျိုးရိုးမဟုတ်ပါဘူး။ ဒီသားလေးကြောင့် အန်တီတို့မိသားစုဘဝရဲ့ နွေးထွေးမှုလေးတွေ ခံစားခဲ့ကြရတာပါ၊ ဒါပေမဲ့ တူမလေးကို စောင့်ရှောက်မှုဖြစ်မယ်ဆိုတဲ့ တာဝန်သိစိတ်နဲ့ အပြစ်မရှိတဲ့ သားကို အန်တီ စွန့်ပစ်ခဲ့ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သံယောဇဉ် မပြတ်ရင် အခု ပြန်သွားလို့ရတယ် အန်တီလေး ရသင့်ရထိုက်တာတွေလည်း အကုန်ယူသွားပါ"

"အဲလို မပြောပါနဲ့ တိမ်မွေ့၊ အန်တီတို့က မိဘမရှိ အုပ်ထိန်း မယ့်သူ မရှိတော့တဲ့ တိမ်မွေ့ကို မေတ္တာသက်သက်နဲ့ စောင့်ရှောက်နေ တာပါ"

"ဒါဆိုလည်း သံယောဇဉ်အမျှင်တန်းမနေနဲ့လေ၊ ရှုပ်ရှုပ်ယှက် ယှက် ဖြစ်လာမှာမျိုး တိမ်မွေ့ မကြိုက်ဘူး၊ အန်တီတို့က တိမ်မွေ့ကို တာဝန်အရစောင့်ရှောက်တာမျိုးကလည်း လက်မခံနိုင်ဘူး၊ တိမ်မွေ့ကို တကယ်မေတ္တာ စေတနာရှိတယ်ဆိုရင် သူစိမ်းတစ်ယောက်ကို ဘယ်လို နည်းနဲ့ဖြစ်ဖြစ် လျစ်လျူရှုနိုင်ရမှာမဟုတ်ဘူးလား"

"ကောင်းပါပြီ နောက်ဆို အန်တီ ဆင်ခြင်ပါ့မယ်"

"ဆင်ခြင်နေရုံနဲ့မရဘူး အန်တီ၊ ဘွားဘွားတို့က ရှေ့နေကြီးတွေ နဲ့ သေချာစနစ်တကျ စီစဉ်ခဲ့တာ၊ ဒီပိုင်ဆိုင်မှုတွေနဲ့ အန်တီ မွေးစားသား က ဘာမှမသက်ဆိုင်ရဘူး"

"သားက မမက်မောပါဘူးကွယ်"

"မမက်မောတာ မက်မောတာထက် မသင့်တော်လား သင့်တော် လားလည်း ထည့်စဉ်းစားပါ အန်တီ၊ အန်တီတို့ မပြတ်မသားဖြစ်နေလို့ ဒီအိမ်မှာ အဝင်အထွက်ရှိလာရင် တိမ်မွေ့က အရွယ်ရောက်နေတဲ့ မိန်း ကလေးပါ"

"စိတ်ချ သားက ပိုပြီး မာနကြီးပါတယ်၊ ဘယ်တော့မှ မလာ သက်စေရပါဘူး"

"အရှောဝင်ရင် ကန်းတက်မှာပါပဲ"

"တူမလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင်းဘက်က သက်ပြင်းတွေချပြီး အလျှော့ပေးလိုက်သံကို ကြားသည်။ နှုတ်ခမ်းကို ပြစ်မတတ် အံကြိတ်ဖိကိုက်ပြီး လက်သီးကို တင်းတင်းဆုပ်ထားမိ၏။

တစ်ဖက်က မကြားအောင် စိတ်ထွက်ပေါက်အဖြစ် တက်ခေါက်ခြင်းကို ထိန်းချုပ်ထားရတာက ရင်တစ်ခုလုံး စူးရှကျဉ်မျက်နေသည်။

တိမ်မွှေ့ခင် မင်း အဲဒီလို မခံမရပ်နိုင် ဝေဒနာမျိုး တန်ပြန်ခံစားစေရမယ်။

မျက်ရည်စက်တွေက အနီရောင်သွေးစက်တွေအဖြစ် ပြောင်းလဲလို့ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သူ့စိတ်တွေက နွေးနွေးညည စိတ်လှုပ်ရှားမှုများဖြင့် ဂနာမငြိမ်ပါ။ တိမ်မွေ့ခင်နှင့် ဆက်သွယ်လို့ အဆင်ပြေအောင် မြေကွက်ကိစ္စ အပူတပြင်း စုံစမ်းရင်း စိတ်အားထက်သန်နေမိသည်။

ငါးရက်မြောက်နေ့မှာ မြေကွက်ပိုင်ရှင်နှင့် ထိပ်တိုက်တွေ့ဆုံပြီးချိန်တွင် တိမ်မွေ့ခင်ဆီ ဖုန်းဆက်လိုက်သည်။

သူမဆီ ဖုန်းခေါ်နေသော သံစဉ်တီးလုံးက ပြင်းပြင်းရှရှလေးမို့ သူ ရင်ခုန်သံမြန်နေသည်။

အချစ်ကြောင့်တော့ မဟုတ်ပါ။ ဒါပေမဲ့

"ဟဲလို ဝန်းရံခလား"

"ဟုတ် ဟုတ်ကဲ့ မြေကွက်ကိစ္စ စုံစမ်းရလို့"

"ဩော် တိမ်မွေ့က အဲဒီကိစ္စမဟုတ်တောင် ရှင့်ဆီက ဖုန်းမျှော်နေတာ၊ ရှင့်ကို တိမ်မွေ့ အကြွေးမဆပ်ရသေးဘူးလေ"

"ဟုတ် အဲဒါက အရေးမကြီးပါဘူး။ တိမ်မွေ့ အချိန်အားပါ့မလား၊ မြေကွက်ကိစ္စ ပြောဆိုဆွေးနွေးရအောင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အားပါတယ် တိမ်မွေ့က ခုချိန်မှာ အလုပ်မှ မရှိသေးတာ၊ တိမ်မွေ့ ဘယ်လာခဲ့ရမလဲ"

"ကျွန်တော် စက်ရုံရှေ့က ဗာဒံရိပ်ကိုပဲ လာခဲ့ပါလားဗျာ၊ နယ်အမှာပို့တဲ့ကိစ္စတွေ စက်ရုံမှာ နည်းနည်းရှုပ်နေတော့ တစ်နေရာကို လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားလို့ မရလို့ပါ၊ မြေကွက်ပိုင်ရှင်နဲ့လည်း အဲဒီမှာပဲ ချိန်းထားတယ်"

"ဟုတ်ကဲ့ မအားလပ်တဲ့ကြားက တိမ်မွေ့အတွက် အချိန်ပေးနေရတော့ အားနာလိုက်တာ"

"အားနာရင် ထမင်းကျွေးပေါ့"

"ဟင် ခုချိန်ထိ ထမင်းမစားရသေးဘူးလား"

"ဟုတ်ကဲ့ ဘဝသမားတွေပဲ၊ ထမင်းစားဖို့ထက် အလုပ်ကိုပဲ ဦးစားပေးရမှာပေါ့"

"ပြောတော့မယ်"

သူမဘက်က ခပ်နွဲ့နွဲ့အသံလေး ကြားပြီးချိန်မှာ သူ ဖုန်းပိတ်ပစ်လိုက်သည်။ ဒီနေ့က ဘာအလုပ်မှ အရေးတကြီး မရှိပါ။

မအားလပ်ချင်ဟန်ဆောင်မှ သူမအပေါ် အလေးအနက်ရှိတာပို သတိထားမိမှာ မဟုတ်ပါလား။

စိုးခန့်ကို မှာစရာရှိတာ မှာပြီး သူမ ရောက်လာခါနီးအချိန်လောက်မှာ ဗာဒံရိပ်ကို ထွက်လာခဲ့သည်။

ဈေးကြီးသုတ်ပျာပုံစံနှင့် ထွက်လာခဲ့သည်မို့ သူ့နဖူးစပ်မှာ ချွေးစလေးတွေ တင်လို့ပါ။

သူမ ကားလေးကို ဗာဒံရိပ်ဆိုင်ရှေ့မှာမြင်လိုက်တော့ သူ သိသိပ်စွာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ တိမ်မွှေ့ရောက်နေပြီလား၊ ပစ္စည်းတင်မယ့်ကားတွေ ရောက်နေလို့ နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ် တိမ်မွှေ့လည်း အခုမှရောက်တာပါ၊ ဪ ရှင် ထမင်းမစားရသေးဘူးဆို မှာလိုက်လေ"

"ညီလေးရေ ထုံးစံအတိုင်း"

စားပွဲထိုးလေးကို မှာလိုက်ပြီး သူ ဝင်ထိုင်လိုက်သည်။ သူမက အလိုက်တသိဖြင့် ရေသန့်ဘူးကို ဖောက်ပေးပြီး ဖန်ခွက်ထဲထည့်ကာ သူ့ရှေ့ထိုးပေးသည်။

"ရှင် အရမ်းပင်ပန်းနေတယ် ထင်တယ်၊ သောက်လိုက်ပါဦး။ ဒီလိုမျိုး ဖြစ်နေရင် အဲကွန်းပါတဲ့ဆိုင်ကို ရွေးချယ်သင့်တာ"

"အစ်ကိုရှိရင်တော့ တစ်ခါတလေ ရောက်ပါတယ်၊ အခုက နှစ်ယောက်စာ တာဝန်တွေ ပိနေတယ်၊ တစ်ခုခု လစ်ဟင်းရင် အစ်ကိုက ကျိုင်မှာဗျ၊ အရမ်းစည်းကမ်းကြီးတယ်"

"အစ်ကိုဝမ်းကွဲကို အရမ်းကြောက်ရတယ် ထင်တယ်"

"မိဘတွေ ရှိနေရင်တော့ သူများမျက်နှာကြည့်ရတာ၊ ကြောက်ရတာမျိုးရှိမှာမဟုတ်ပါဘူး"

"ဟင် ရှင့်မှာမိဘတွေ မရှိတော့ဘူးလား"

"ဟုတ်ကဲ့ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတာ သိပ်မကြာသေးပါဘူး၊ မိဘတွေ ထားခဲ့တဲ့ အမွေလေးကို အစ်ကိုဆီမှာ ရှယ်ယာဝင်ပြီး ကျိုးကျိုးနွံနွံ လုပ်နေရတာပေါ့၊ မိဘတွေသာရှိရင် ကျွန်တော်ပင်ပန်းရမှာ မဟုတ်ဘူး"

"ဪ"

တိုးတိတ်သောညည်းညူမှုလေးဖြင့် သူမ မျက်ဝန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ညှိုးမှိန်ရှိဝေသွား၏။ မိန်းမတွေရဲ့ပျော့ကွက်က သနားကရုဏာသက်တတ်ခြင်းပဲ မဟုတ်ပါလား။

"အစ်ကို ရပါပြီ"

"ကျေးဇူး ညီလေး"

စားပွဲထိုးလေးက ငါးဆုပ်ဟင်းတစ်ခွက် ချဉ်ဟင်းတစ်ခွက်နှင့် ငါးပိရည် တို့စရာ လာချပေးသည်။

ထမင်းကလည်း မြို့ထဲဆိုင်တွေလို စင်းကော့နေတာမျိုး မဟုတ်ပါ။

"ဟင် ရှင်စားမှာ ဒါပဲလား"

"ဒါပဲလေ၊ ဒီမှာ ဒါပဲရတာ၊ တခြား အသားဟင်းတွေမှာလည်း ငါးဆုပ်ဟင်း မဟုတ်တဲ့ တစ်ခွက်တော့ ရမှာပေါ့"

"ဆီပြန်ဟင်းလည်းမဟုတ် အရသာလည်း ရှိမှာမဟုတ်ပါဘူး၊ ဖွယ်ဖွယ်ရာရာကောင်းကောင်းရောင်းတဲ့ ဆိုင်မှာ တိမ်မွေ့လိုက်ကျွေးပါ့မယ်"

"နေပါစေ စက်ရုံနဲ့နီးနီးနားနား ဒီဆိုင်က ကျွန်တော့်အတွက် အဆင်ပြေပါတယ်၊ ကုန်တင်တဲ့နေ့မှ အစ်ကို ဖုန်းလှမ်းဆက်ရင် ကျွန်တော်က တခြားနေရာရောက်နေလို့ကတော့ ပိုးဆိုးပက်စက် အပြောခံရမှာ"

"ရှင့်အစ်ကိုကလည်း နားလည်မှုမရှိလိုက်တာ၊ အစားကောင်းကောင်းစားမှ အလုပ်ကောင်းကောင်း လုပ်နိုင်မှာပေါ့"

"မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးလေ တိမ်မွေ့ရဲ့၊ ကျွန်တော့်အတွက်ကတော့ ထမင်းကောင်း ဟင်းကောင်းထက် မိတ်ဆွေကောင်း ပိုလိုချင်တယ်လို့ ပြောရမယ်၊ မိဘတွေ မရှိတော့တာ အရမ်းအထီးကျန်တယ်၊ အဆိုးအကောင်း တိုင်ပင်စရာမရှိဘူး၊ အရမ်းပွန်းကြပ်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



ခိုလှုံစရာ ရင်ခွင်မရှိဘူး၊ နေမကောင်းလို့ မျက်ရည်ကျတဲ့အခါ ဆေးကို ချော့မြှူတိုက်မယ့်သူ မရှိဘူး"

ဖွန်းခက်ရင်း ကိုင်ထားရင်း ပြောနေသော ဝန်းရံ၏ စကားတွေ က တစ်ခုခုကို ရည်ရွယ်နေမှန်း တိမ်မွှေ့ခင် မသိပါ။

ချွေးစို့နေသော ဝင်းဖန့်ဖန့် သူ့မျက်နှာကိုသာ မင်သက်စွာ ငေးမောနေမိရသည်။

ကြီးကျယ်သော လုပ်ငန်းရှင်တစ်ယောက်ဖြစ်နေတာတောင် သိမ်ငယ်သော ခံစားချက်တွေ ရှိနေတာပါလား။

ကရုဏာစိတ်တွေ တစိမ့်စိမ့် ယိုဖိတ်လာတာ ဘာကြောင့်ပါလဲ။ ဟင်းအိုးတွေ ထားသော နေရာကို ကိုယ်တိုင် ထသွားကာ ဆိုင်မှာရှိသော အသားငါးဟင်းတွေ၊ အသီးအရွက်ကြော်တွေ အားလုံး ဝန်းရံ၏စားပွဲပေါ် မှာ ဖွယ်ဖွယ်ရာရာဖြစ်အောင် ချခိုင်းလိုက်သည်။

ရေသန့်ဘူး၊ သီးစုံအအေးနှင့် သူမအတွက်ပါ ထမင်းတစ်ပွဲ မှာလိုက်သည်။

"ဘာလုပ်တာလဲ၊ သိမ်မွှေ့ ထမင်းမစားခဲ့ရသေးဘူးလား"

"စားပြီးပါပြီ၊ ရှင်နဲ့ထပ်စားကြည့်မလို့ပါ၊ ရှင်က စားသောက် နေပြီး တိမ်မွှေ့က ဒီအတိုင်း ငုတ်တုတ်ကြီးဆိုတော့ ပျင်းတာပေါ့"

"အဟင်း ဆောရီးနော်၊ ကျွန်တော်က တိမ်မွှေ့ကို ဘာမှ ဧည့်မခံဘဲ ဗိုက်ဆာဆာနဲ့ တစ်ယောက်တည်း ဆွဲနေတာ"

အဓိကကျသော မြေကွက်ကိစ္စဆီ မရောက်ဘဲ အခေါ်အဝေါ် တွေကအစ ရင်းနှီးမှု ပိုလာသည်။

တိမ်မွှေ့ခင်က ဝန်းရံ၏ ပန်းကန်ထဲ ဟင်းတွေ တစ်မျိုးပြီး တစ်မျိုး ခပ်ထည့်ပေးကာ သူမကတော့ တို့ကနန်းဆိတ်ကနန်းမျှသာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် စိတ်မကောင်းလို့ သူမ ဒီလိုလုပ်နေမှန်း ဝန်းရံခ သိပါသည်။ လျှို့ဝှက်သိပ်သည်းနေသော သူ့မျက်ဝန်းများက ညှို့ရီဆွဲငင်လို့။

"တိမ်မွေ့ဘဝက သာသာယာယာပဲ ထင်တယ်နော်၊ အမြဲတမ်း တက်ကြွလန်းဆန်းနေသလိုပဲ"

"ရှင်ထင်လို့ပါ၊ လူဖြစ်လာရင် ဝေဒနာ ကင်းတဲ့သူ ဘယ်သူရှိပါ့မလဲ၊ ဒါပေမဲ့ ဘယ်အရာဖြစ်ဖြစ် တိမ်မွေ့က ကြာရှည်မခံစားတတ်ဘူး။ အလွယ်တကူ မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်တယ်၊ အုံ့ဖွဲ့နေရင် ပစ္စုပ္ပန်အတွက် အနှောင့်အယှက် ဖြစ်တယ်လေ မဟုတ်ဘူးလား"

မင်း တကယ်မခံစားရသေးလို့ပါလို့ မပြောမိလိုက်ပါ။ စိုးခန့်က ဖိုင်တစ်ထပ်ကိုင်ကာ အနားမှာ လာရပ်သည်မို့ မျက်လုံးလှန်ကြည့်ကာ

"ဘာလဲ စိုးခန့်"

"နယ်တွေပို့ဖို့ ပစ္စည်းစာရင်းအတွက် လက်မှတ်ထိုးပေးဖို့ပါ ဆရာ၊ ဆရာ့ဖော်မြူလာနဲ့ ပစ္စည်းအသစ်က ပိုပြီးဝယ်လိုအား ကောင်းပါတယ်၊ အရောင်းမြှင့်တင်ရေးအဖွဲ့ကလည်း အရင်ပစ္စည်းတွေထက် စံချိန်ချိုးတယ်လို့ ပြည် ရုံးချုပ်က ဖုန်းလာပါတယ် ဆရာ၊ သူတို့က ကြော်ငြာအားနဲ့ဆို ပိုကောင်းမယ်လို့ ပြောပါတယ်"

"သြော် အေး အေး နောက်မှ ငါ ဖုန်းပြန်ဆက်လိုက်ပါမယ်၊ အစ်ကိုကြီးဆီက နာမည်ကောင်းလက်မှတ်ရဖို့ သေချာပြီပေါ့"

"ဟုတ်ကဲ့ ဆရာ သေချာပါတယ်"

စိုးခန့်ကို လက်မှတ်ထိုးပြီးချိန်မှာ လက်ကနာရီကို မြော်ကြည့်လိုက်သည်။

"မြေကွက်ပိုင်ရှင် ဘယ်လိုဖြစ်တာလဲ၊ နှစ်နာရီ ချိန်းထားတာ

www.burmeseclassic.com

www.burmeseclassic.com



ကို အခုထိ ရောက်မလာသေးဘူး''

''အချိန်မတိကျရင် အလုပ်မှာရော တိကျပါ့မလား''

''အဲလိုတော့ မဟုတ်ပါဘူး၊ ဘိုးဘွားပိုင်မြေတဲ့၊ သူ့ထက် အကြီး အကဲဆီက ခွင့်ပြုချက် ယူရဦးမယ်လို့တော့ ပြောတယ်''

''အရှုပ်အရှင်းတွေများ ဖြစ်နေမလား''

''မဖြစ်နိုင်ဘူး ထင်ပါတယ်၊ ပုံစံက ရိုးရိုးအေးအေးနဲ့ပါ၊ ဝယ် တဲ့အခါ ရှေ့နေတွေနဲ့ တရားဝင်လုပ်မှာဆိုတော့ စိုးရိမ်စရာ မရှိပါဘူး''

''အင်း အဲဒါကတော့လည်း ဟုတ်ပါတယ်''

ထိုအချိန်မှာ ဝန်းရံ့ခ ဖုန်းလေးက အသံမြည်လာသည်။

''ခဏလေးနော် တိမ်မွေ့၊ မြေပိုင်ရှင်ဖုန်းပဲ''

တိမ်မွေ့ခင် ထမင်းစားခြင်းကို လက်စသတ်ကာ စိတ်ဝင်တစား ခေါင်းထောင်သွား၏။

''ဟယ်လို ဟုတ်ကဲ့ ဟုတ်ကဲ့ခင်ဗျ၊ ဩော် စောင့်နေပါ့မယ်၊ ဟုတ်ကဲ့ ကျေးဇူးပါ ခင်ဗျာ''

ဝန်းရံ့ခ မျက်နှာမသာမယာနှင့် ဖုန်းပြောပြီးသွားတော့

''ဘာတဲ့လဲ ဝန်းရံ့''

''ညနေ ငါးနာရီကျော်လောက်မှ ရောက်လာဖြစ်မယ် ထင်တယ် တဲ့၊ အဲဒါ စောင့်နိုင်မလားလို့ လှမ်းမေးတာ''

''ဩော်''

''တိမ်မွေ့စောင့်နိုင်လား၊ မစောင့်နိုင်လား မသိပေမယ့် ကျွန် တော်ကတော့ စောင့်ပါ့မယ်လို့ ပြောလိုက်တယ်''

''အလုပ်အတွက် စောင့်ရတာ ကိစ္စမရှိပေမယ့် အခုပဲ သုံးနာရီ ထိုးတော့မယ်၊ ပြန်သွားလိုက် ပြန်လာလိုက်နဲ့ အလကားအခါ ဖြစ်တာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မပြန်တော့ဘဲနဲ့ ကျွန်တော့်တိုက်လေးထဲကနေ စောင့်နေလိုက်ပါလား တိမ်မွေ့၊ ကျွန်တော်လည်း ခဏပဲ ရုံးပေါ်တက် လက်မှတ်လေးဘာလေး ထိုးပေးပြီးရင် ပြီးပါပြီ"

"ရှင့်အိမ်က"

"စက်ရုံထဲမှာပဲလေ၊ တစ်ထပ်တိုက်လေးပါ၊ စက်ရုံနဲ့ခပ်လှမ်းလှမ်းလေးမှာ သီးသန့်လေး ဆောက်ထားတာ"

"အင်း ရှင့်အိမ်လည်း ရောက်ဖူးတာပေါ့"

သူမက ခပ်လောလောပင် စားပွဲထိုးလေးကို ပိုက်ဆံထုတ်ရှင်း၍ ထရပ်သည်။

လေအဝှေ့မှာ သူမရဲ့ကိုယ်သင်းရနံ့လေး သူ့နှာခေါင်းထဲ ရှိုက်ခနဲ တိုးဝင်၏။

နက်နဲသော အပြုံးတုဖြင့် ရှေ့ကနေ သူ့ခြေလှမ်းတွေ ဦးဆောင်ခဲ့၏။

တစိမ့်စိမ့် တမြွေမြွေ ကျရှုံးနေတာ သူမကိုယ်သူမ သိမှာမဟုတ်၊ ယောက်ျားတွေမှာလည်း မာယာပရိယာယ်တွေ ရှိတာပဲ တိမ်မွေ့ခင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တစ်ထပ်တိုက်လေးက မိုးပြာရောင် ဆေးခြယ်ထား၍ လင်းလက်တောက်ပနေကာ ရှေ့မျက်နှာစာအကျယ်အဝန်းမှာ ထိုင်ခုံလေးတွေချထား၍ နေချင်စဖွယ်လေးပင်။

ဘေးတစ်ဖက်တစ်ချက်မှာ အလှပန်းအိုးလေးတွေ အစီအရီချလျက် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လေးမို့ စိတ်ချမ်းမြေ့မှု ဖြစ်သွားသည်။ အိမ်ထဲမှာရော အခန်းဖွဲ့စည်းပုံက ဘယ်လိုလဲ။

လူပျိုလေးတစ်ယောက်ဖြစ်ပြီး ပစ်စလက်ခတ် ဖြစ်သလို နေတတ်သူလား။

လက်ထဲမှာ ဝန်းရံခ ပေးသွားခဲ့သော သော့တွဲလေးက အသင့်။

"ဟင်"

ကလစ်ခနဲ သော့ဖွင့်ပြီး တိုက်လေးထဲဝင်လိုက်ချိန်မှာ ပရိဘောဂများများစားစား မတွေ့ရ။

ရှေ့မှာ ဧည့်ခန်းကျယ်လေးနှင့် ဆိုဖာဆက်တစ်စုံ။

စားပွဲပေါ်မှာ အလှပန်းအိုးလေးတစ်လုံးသာ ရှိပြီး မျက်နှာချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လောက်မှာ တီဗီ၊အောက်စက်တင်ထားသည့် စင်တစ်ခု။

ထို့နောက်မှာတော့ အိပ်ခန်းရေချိုးခန်း အိမ်သာ တွဲလျက်။ ဒါပဲလား။

အလှခာတ်ပုံ ပြက္ခဒိန်ရှုခင်းပုံ ဘာမှတန်ဆာဆင်ထားခြင်းလည်း မရှိ။ နံရံကပ်ဗီရိုထဲမှာတော့ ဝန်းရံခ အဝတ်အစားတချို့ ရှိနေလိမ့်မည်။

ရေခဲသေတ္တာသေးသေးလေးက ထမင်းစားပွဲ ထောင့်မှာ။ ဘာမှ ထည့်ဝါမှုမျိုး မတွေ့ရပါလား။

မိဘမရှိလို့သိမ်ငယ်မှုထဲမှာ ဒါလည်း ပါပေလိမ့်မည်။ ဒါပေမဲ့ မွှေးရနံ့တစ်ခုကို သူမ ဝင်လာကတည်းက ရှူရှိုက်မိသလိုပင်။

ဝန်းရံခ သုံးနေကြ ရေချိုးဆပ်ပြာ၊ ရှန်ပူ၊ ခေါင်းလိမ်းဆီ၊ ရေမွှေးနှင့် ကိုယ်သင်းရနံ့။

ဘာရယ်လို့ မခွဲခြားနိုင်ဘဲ နှစ်သက်စရာ ရနံ့တစ်မျိုးကြောင့် စွဲညို့ခံလိုက်ရသလိုပင်။

အငွေ့အသက်က သိမ်းပိုက်မှုအရိပ်အရောင်တွေ ယှက်သမ်းနေသလိုပါလား။ ခြေလှမ်းတွေကို နောက်ပြန်ဆုတ်၍ အိမ်ရှေ့ထိုင်ခုံလေးမှာပင် ထိုင်ချလိုက်မိသည်။

ယောကျ်ားပျိုလေးတစ်ယောက်အိမ် ဘာလို့ သူမ ရောက်နေရတာလဲ။ အမှတ်တမဲ့ ဆုံတွေ့မှုက အချိန်အခိုက်အတန့်လေး ရှိပါသေးသည်။

ဒီလောက် အချိန်တိုတိုလေးအတွင်းမှာ ရင်းနှီးမှုက မြန်ဆန်လွန်းသည် ထင်မိ၏။

မြန်မာပြည်မှာ ခင်မင်ရာ ခင်မင်ကြောင်း ပတ်သက်မှုမရှိသေး

www.burmeseclassic.com

www.burmeseclassic.com



လို့ အဖော်မက်မိတာမျိုးလည်း ဖြစ်နိုင်သည်။

တကယ်တော့ ဝန်းရံခမှာ ထူးခြားမှုလေးတွေတော့ ရှိသည်။ မျက်ဝန်းအိမ်တွေက ဆွဲဆောင်နိုင်သလို တည်တံ့သော မျက်နှာသွင်ပြင်က ယောက်ျားပီသမှုကို ညွှန်းဆိုဏ်။

"တိမ်မွှေ့"

"ဟင် ဩော် ဝန်းရံ ပြန်လာပြီလား၊ စက်ရုံမလွှတ်သေးဘူး ထင်တယ်နော်၊ အလုပ်သမားတွေ ဆင်းတာတော့ မတွေ့သေးဘူး"

စက်ရုံဘက်ကို လှမ်းမျှော်ကြည့်ကာ သူမ မေးတော့ ဝန်းရံခက ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"ငါးနာရီမှ အလုပ်ဆင်းမှာပါ၊ ကျွန်တော်က တိမ်မွှေ့ရှိလို့ စောထွက်လာတာ"

"တိမ်မွှေ့ကြောင့် အလုပ်တွေပျက်နေပြီ၊ အားနာပါတယ်"

"အရေးကြီးတဲ့အကာန့်တွေတော့ မရှိတော့ပါဘူး၊ ဩော် တိမ်မွှေ့က အခန်းတံခါးဖွင့်ပြီး ဧည့်ခန်းမှာ ဝင်ထိုင်နေတာ မဟုတ်ဘူး။ ပျင်းရင် တီဗီကြည့်လို့ရတာပဲ"

"တိမ်မွှေ့ မပျင်းတတ်ပါဘူး၊ အိမ်ရှင်မရှိဘဲ အိမ်ထဲဝင်မထိုင်ချင်ပါဘူး၊ ဒီမှာလည်း လေကောင်းလေသန့် ရနေတာပဲ"

"အဟင်း အားတော့နာတယ် တိမ်မွှေ့ကို ဧည့်ခံဖို့ ရေခဲသေတ္တာက အခွံချည်းဖြစ်နေတယ်၊ ကျွန်တော် လမ်းဘက်ထွက်ပြီး တစ်ခုခု ဝယ်လိုက်ပါမယ်"

"အို နေပါစေ၊ ဟိုဆိုင်မှာလည်း စားခဲ့ပြီးသား တိမ်မွှေ့ မဆာပါဘူး"

"ဒါပေမဲ့ အိမ်ရှင်က ဧည့်သည်ကို တစ်ခုခု ဧည့်ခံမှ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ ခုနက ထမင်းဖိုးတွေလည်း တိမ်မွေ့ ရှင်းထားရတာ"

"အဲဒါက တိမ်မွေ့ စေတနာနဲ့ကျွေးတာပါ၊ ဒီမှာ ရှင့်ကို တိမ်မွေ့က အကြွေးလည်း ဆပ်ရဦးမယ် ရော့၊ ခုနစ်ထောင့်နော်"

တိမ်မွေ့က ဆလင်းဘက်အိတ်ထဲက တစ်ထောင်တန်အသစ်ကျပ်ချွတ်လေး ခုနစ်ရွက် စားပွဲတင်ပေးသည်။ သူက လက်နှင့်မထိသေးဘဲ

"အဲဒီအကြွေးကို ပြန်ဆပ်တာ သူစိမ်းလို့ သတ်မှတ်လိုက်သလို ခံစားရတယ်ဗျာ"

"ဟင် ရှင်နဲ့ တိမ်မွေ့က သူစိမ်းပဲလေ၊ ဘယ်မှာအမျိုးတော်လို့လဲ"

"ကျွန်တော် ပြောတဲ့သဘောက မိတ်ဆွေအပေါင်းအသင်းလို့ သတ်မှတ်ရင် အကြွေးဘာညာ မဆပ်သင့်ဘူးလို့ ပြောတာပါ၊ တကယ်ဆို လက်ဆောင်ပစ္စည်းလေး ဘာလေးနဲ့ အပြန်အလှန်ဆို မကောင်းဘူးလား"

"ဟင်"

ဝန်းရံခ ပြောတာ သဘောမပေါက်ပေမယ့် နားလည်သလိုလိုတော့ ဖြစ်သွားသည်။ ဒီအကြွေးကို သူ မယူဘူးဆိုလျှင် သူလိုအပ်တာ တစ်ခုခု ပြန်ဝယ်ပေးလျှင်လည်း ဖြစ်တာပဲ။

အိမ်ထဲကို အကြည့်ရောက်လျှက် ပိုက်ဆံခုနစ်ထောင်ကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ကဲ ကောင်းပြီလေ၊ ဒီအကြွေးအစား ရှင့်ကို တစ်ခုခု လက်ဆောင်ပြန်ဝယ်ပေးပါ့မယ် ကျေနပ်ပြီလား"

"ဟုတ် ဒါဆို တိမ်မွေ့က ကျွန်တော့်ကို မိတ်ဆွေအပေါင်းအသင်းအဖြစ် လက်ခံတဲ့ သဘောပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း အဲဒီသဘော ယူဆလို့လည်း ရပါတယ်၊ တိမ်မွှေ့ မြန်မာပြည်ကို ပြန်ရောက်တဲ့အတောအတွင်းမှာ အရင်ဦးဆုံး ရှင့်ကို ရင်းရင်းနှီးနှီး ပတ်သက်မိတာပဲ"

"ဂုဏ်ယူပါတယ်"

"ဘာကိုလဲ"

"တိမ်မွှေ့ဆီက ခင်မင်မှုကို ရတာ"

ညှို့ဓာတ်တွေပါနေသော အကြည့်စူးစူးကြောင့် သူမ မျက်နှာလေး ပန်းသွေးရောင်ပြေးလျက် တစ်ဖက်လှည့်သွားရ၏။

ဝန်းရံ မျက်ဝန်းတွေကို သူမ ကြာရှည် ရင်ဆိုင်မကြည့်ရပါ။ မှေးဆင်းရီဝေသွားလိုက်၊ လင်းလက်တောက်ပလာလိုက်၊ စိမ်းဆတ်ဆတ် ဖြစ်နေသည့်အချိန်တွေလည်း ရှိသလို အချစ်ရည်ရွှန်းလဲ့စိုဆွတ်နေသော တောင့်တမှုတွေကိုလည်း ရင်ခုန်ဖွယ်ရာ ခံစားလို့ ရနေ၏။

ရှောင်ဖယ်ထွက်ဖို့ စိတ်ကူးမရှိသည့်ဆန္ဒတွေဟာ ငြိတွယ်မှု တစ်ခုများလား။

"ဟာ စက်ရုံတောင် လွှတ်နေပြီ"

"ဟင် ဟုတ်သားပဲ"

ဝန်းရံ၏ အသံကြားလိုက်သည့်တစ်ပြိုင်နက် သူမ လက်က နာရီလေးကို မြှောက်ကြည့်လိုက်မိသည်။

"ငါးနာရီတောင် ထိုးနေပြီ၊ မြေကွက်ပိုင်ရှင်ဆီ ဖုန်းဆက်ကြည့် ပါဦးလား ဝန်းရံ"

"ငါးနာရီကျော်လောက်မှ ဖြစ်ချင်ဖြစ်မယ်ဆိုတော့ ခဏ လောက် စောင့်ကြည့်ပြီးမှ ဆက်တာ ကောင်းမယ်ထင်တယ်၊ တိမ်မွှေ့က ပြန်ချင်နေပြီလား၊ အိမ်မှာ စိတ်ပူမယ့်သူတွေ ရှိတယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ လင်မယားတော့ ရှိတယ်၊ ဒါပေမဲ့ အိမ်ပြန်စောစော နောက်ကျကျ ဂရုစိုက်ရော စိုးရိမ်ပေးတာမျိုးတော့ မဟုတ်ပါဘူး။ မတော် ခေါ် မတော်ပြောပုံစံမျိုးပဲ သိပ်ခွေးထွေးမှု မရှိပါဘူး"

"တိမ်မွေ့က ဂရုစိုက်မခံချင်လို့ ဖြစ်မှာပါ"

သူမက မကြားချင်ဟန်ဆောင်ပြီး သက်ပြင်းချ၏။ တင်းမာမှုတို့ ရှိမနေသော သူမ မျက်နှာလေးက အရေးအကြောင်း အဖုအထစ်တွေ ကင်းလျက် နုဖတ်သန့်စင် ချောမွေ့နေသည်။

လည်တိုင်ကြော့ကြော့မှာ ပလက်တီနမ်ကြိုးသေးသေးမျှင်မျှင် လေးတစ်ခုသာ ပကာသနမဲ့စွာ ရှိနေပြီး ဘယ်ဘက်လက်မှာ အနက် ရောင်နာရီသေးသေးလေးနှင့်။

"ကိုကိုရေ ဖုန်းကိုင်ပါ ကိုကိုရေ ဖုန်းကိုင်ပါ"

ဝန်းရံခ ဖုန်းက သံစဉ်တီးလုံးမဟုတ်တော့ဘဲ အသံပြောင်းသွား၍ တိမ်မွေ့ခင် ပန်းတွန့်သွားသည်။ ဝန်းရံခက မသိချင်ယောင်ဆောင်ကာ ဖုန်းဖွင့်နားထောင်လိုက်၏။

"ဗျာ ဟုတ်ကဲ့"

"အစ်ကိုကြီးက ဘယ်လိုမှ ညှိမရဘူး ဖြစ်နေလို့ကွာ၊ အမွေ ဆိုင်ဆိုပေမယ့် သူတို့တွေက ရသင့်ရထိုက်တာတွေ ရပြီးပါပြီ၊ ဒီမြေကွက် က ဦးဥစ္စာပါ၊ ရှေ့နေနဲ့ ထပ်ဆွေးနွေးကြည့်ရမှာဆိုတော့ ခဏတော့ စောင့်ပေးပါကွာ၊ ဘယ်နေ့ ဘယ်ရက်ဆိုတာ အတိအကျတော့ မပြော နိုင်သေးဘူး၊ သေချာရင် ဦးဆက်သွယ်လိုက်ပါမယ်၊ ဒီနေ့ မလာနိုင်တာ ဦး တောင်းပန်ပါတယ်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ ဦး ရောင်းဖြစ် အောင် ရောင်းမှာပါ"

တစ်ဖက်လူက ပြောချင်ရာ ပြောပြီး ဖုန်းချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံခက တိမ်မွေ့ခင်ကို အားနာမျက်နှာပူစွာကြည့်ပြီး

"ကျွန်တော် ကူညီပေးမယ့်ဟာက ကသိကအောက် ဖြစ်နေပြီး တိမ်မွေ့က အချိန်အကုန်ခံစောင့်ပြီး ဘာမှသေချာမသိရတော့ အားနာလိုက်တာ"

"ဩော် ရပါတယ်၊ အလုပ်တစ်ခုက အလွယ်တကူ အဆင်ပြေချောမွေ့တယ်ဆိုတာ ဘယ်ရှိပါ့မလဲ၊ ဝန်းရံလည်း အလကားသက်သက် တိမ်မွေ့အတွက်အချိန်ပေးနေရတာပဲလေ၊ ဒါဆို တိမ်မွေ့ ပြန်တော့မယ်"

"ဟို ဆောင်းဝင်တော့မှာမို့လား မသိဘူး၊ ခြောက်နာရီ မထိုးခင်နေဝင်နေပြီ၊ ဒီချိန် မိန်းကလေးတစ်ယောက်တည်း ကားမောင်းပြန်ရမှာမသင့်တော်ဘူး၊ တိမ်မွေ့ကို ကျွန်တော် လိုက်ပို့ပါမယ်"

"ဟင် တိမ်မွေ့ကို ဘယ်လိုလိုက်ပို့မှာလဲ၊ တိမ်မွေ့ကိုယ့်ဘာသာကားမောင်းပြန်ပါမယ်"

"တိမ်မွေ့ကားကို ကျွန်တော် မောင်းပို့ပါရစေ၊ ဒီဘက်က စက်ရုံတွေနဲ့မို့ မီးလင်းပေမယ့် လမ်းမ မရောက်ခင်လမ်းတွေက လူလည်းပြတ်၊ မီးလည်း မရှိဘူး၊ တိမ်မွေ့ကို စိတ်မချလို့ပါ"

တိမ်မွေ့ခင် ဘာမှစောဒက တက်မနေတော့။

သူ လိုက်ပို့မယ်ဆိုလည်း ပို့ပေါ့။

သူမက အသာတကြည် စိတ်ချမ်းမြေ့မှုတွေ ရနေရင်း...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နောက်တစ်နေ့မှာတော့ ဝန်းရံခ ဖိတ်ခေါ်ခြင်း မပြုရပါဘဲ ဝန်းရံခ အိမ်မှာလိုအပ်သမျှတွေ တိမ်မွေ့ခင် အကုန်ဝယ်ချလာခဲ့သည်။ စက်ရုံဝင်းတံခါးပေါက်မှာ စောင့်နေသော လုံခြုံရေးဝန်ထမ်းများက သူမ ကားလေးကို မြင်လိုက်သည်နှင့် ပျာပျာသလဲ တံခါးထဖွင့်ပေးကြသည်။

သူမက ဝန်းရံခ အံ့သြအောင် သူ့အိမ်ရှေ့မှာ ကားရပ်ပြီးမှ ဝန်းရံခဆီ ဖုန်းဆက်လိုက်၏။

ဝန်းရံခ အံ့သြသွားကာ အလောတကြီး စက်ရုံပေါ်က ပြေးဆင်းလာသည်။ အထုပ်အပိုးတွေနှင့် တိမ်မွေ့ခင်ကိုမြင်တော့ မျက်လုံးတောင် ပြူးသွား၏။

"တိမ်မွေ့ ဘယ်လိုဖြစ်တာလဲ၊ အထုပ်တွေက များလိုက်တာ"

"ရှင် မနေ့က ပြောတယ်လေ၊ အကြွေးဆပ်မယ့် အစား လက်ဆောင်ပစ္စည်း ဝယ်ပေးပါဆို၊ အဲဒါကြောင့် အခွံကြီး ဖြစ်နေတဲ့ ရှင့်ရေခဲသေတ္တာထဲ ထည့်ဖို့ ဝယ်လာတာ"

"အချိုရည်ဘူးတွေရော၊ သစ်သီးတွေရော အားနာစရာ

www.burmeseclassic.com



တိမ်မွေ့ရယ်၊ အကြေးဆပ်ရမှာနဲ့ ဘယ်ကတော့မှာလဲ၊ ကျွန်တော်က အကြွေးပြန်တင်သွားပြီ ထင်တယ်''

''ကဲပါ စကားတွေ များလိုက်တာ၊ အိမ်တံခါးပဲ သော့မြန်မြန် ဖွင့်တာမဟုတ်ဘူး၊ ဒီမှာ ဆွဲထားရတာ လက်တွေညောင်းနေပြီ''

''ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့ ဆောရီး''

ပျာပျာသလဲ တံခါးဖွင့်ပေးပြီး အထုပ်တွေကို ကူဆွဲလိုက်ရသည်။ တိမ်မွေ့ခင်က ထမင်းစားခန်းဘက် တောက်လျှောက် ဝင်သွားပြီး အသီးအနှံတွေကို ဘောစင်မှာ ရေဆေးပြီးမှ ရေခဲသေတ္တာထဲ အစီအရီ သေသပ်စွာ ထည့်သည်။

ပြီးတော့ အချိုရည်ဘူးတွေကို အဆင့်လိုက်လေး ထည့်သည်။ ထိုအချိန်မှ ထောင့်ကပ်နေသော ဘီယာနှစ်ဘူးကို မြင်သွားဟန်တူသည်။

''ဘီယာဘူးတော့ မပြတ်အောင် ထည့်ထားတတ်သားပဲ''

''ဟာ အမြဲတမ်း သောက်တတ်တာ မဟုတ်ပါဘူး၊ တစ်ခါတလေမှပါ''

''ယောကျ်ားတွေက တခြားနေရာတွေမှာ တည်ကြည်ပြတ်သားချင်သလိုနဲ့ အသောက်အစား အပျော်အပါး မိန်းမကိစ္စတွေဆိုရင် လိမ်ညာရမှာ ဝန်မလေးတတ်ကြဘူးနော်''

''ကျွန်တော်က အဲလို မဟုတ်ပါဘူး၊ မယုံရင် အချိန်တိုင်း ဂရုစိုက်ကြည့်နိုင်ပါတယ်''

''အို ဘာလို့ အချိန်တိုင်း စောင့်ကြည့်ရမှာလဲ''

သူမ ရှက်သွေးလေးဖြန်းကာ ရေခဲသေတ္တာကို ဆောင့်ပိတ်ပြီး ဧည့်ခန်းလေးဘက် ပြန်ထွက်လာကာ၊ ဆိုဖာခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံခက နောက်ကလိုက်လာပြီး တိမ်မွေ့ခင်နှင့် အနီးဆုံး ခုံမှာ ဝင်ထိုင်ကာ သူမ မျက်နှာလေးကို ရွှန်းရွှန်းစားစား မြတ်နိုးမဝစွာ ကြည့်ရင်း

"ကျွန်တော်က စောင့်ကြည့်ခံချင်လို့ပါ၊ ဆေးလိပ်မသောက်ပါနဲ့ အရက်မသောက်နဲ့ မိန်းကလေးတွေနဲ့ မရှုပ်နဲ့၊ လောင်းကစားမလုပ်နဲ့လို့ အမိန့်ပေးတာ စိတ်ကောက်တာကို ခံချင်လို့ပါ"

"အာ ဘာလို့ အဲဒါတွေ တိမ်မွေ့ကို လာပြောနေတာလဲ၊ ရှင့် ချစ်သူကို သွားပြောပါလား"

"ချစ်သူမှ မရှိတာ"

"ရှာပေါ့၊ ရှင့်လို ရုပ်ရည်အဆင့်အတန်းနဲ့ ဝိုင်းဝိုင်းလည်နေမှာပါ"

"ကျွန်တော် ဖွင့်ပေးလိုက်ရင်တော့ ဟုတ်မှာပါ၊ ဒါပေမဲ့ အချစ်ကိုရှာဖွေဖို့ ကျွန်တော် တစ်ခါမှ စိတ်မကူးခဲ့ဘူး။ ခံစားမှုက တစ်ဆင့် ဖြစ်ပေါ်လာတဲ့ အချစ်ကိုပဲ တန်ဖိုးထားချင်တာ"

တိမ်မွေ့ခင် မျက်ဝန်းတွေထဲ ညှို့ငင်စွာဖြားယောင်းနေရာက ဝန်းရံခ မျက်ဝန်းတွေ လွှဲဖယ်ခြင်းမရှိပါ။

တိမ်မွေ့ခင် စိတ်တွေက စုစည်းမရသလို လက်သည်းအချင်းချင်း ကုတ်ခြစ်နေကာ ဝန်းရံခကို မျက်လွှာတစ်ချက် ပင့်ကြည့်ပြီး

"တွေ့ဆုံရင်းနှီးတာ မကြာသေးဘဲ ရှင့်စကားတွေက မိတ်ဆွေအဆင့်ထက် ကျော်နေပြီနော်၊ ရှင့်အိမ်ကို မဖိတ်ခေါ်ဘဲ ရောက်လာဖို့ လွယ်မယ်ထင်ပြီး စမ်းသပ်ကြည့်နေတာလား"

"ကျွန်တော့်ကိုရော အလွယ်ကြိုက်မယ့်ကောင်လို့ ထင်ပြီပေါ့လေး ယူဆနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံခ မေးခွန်းပြန်ထုတ်တော့ သူမ နှုတ်ခမ်းခပ်လှုပ်လှုပ် ပြုံးယောင်သမ်းလာသည်။

"ရှင် လူလည်ကျနေတာ ဝန်းရံ"

"ချစ်တတ်လာလို့ ဖြစ်မှာပါ၊ တိမ်မွေ့နဲ့ ဆုံဆည်းမှုကို ကံကြမ္မာက ဖူးစာဖက်စေချင်လို့လို့ ကျွန်တော် ယုံကြည်နေတယ်၊ တိမ်မွေ့ရော ဘယ်လိုခံစားရလဲဟင်"

သူမ မျက်ဝန်းလေးတွေက မတည်မငြိမ် အရည်လဲ့ရွှန်းစိုနေသည်။ သူမစိတ်ထဲ ခံစားမှုတစ်ခုခု ရှိနေပြီဆိုရင်တောင် တွေ့ဆုံချိန်အခိုက်အတန့်လေးက တိုတောင်းလွန်းတာမို့ ဖြေရခက်နေပေလိမ့်မည်။

သူ့ဘက်က အလောသုံးဆယ် အရေးတကြီး ဖြစ်နေတာ သိပေမယ့် မတတ်နိုင်ပါ။

တိမ်မွေ့ခင် ဘာမှမသိခင် အချိန်အတိုင်းအတာအတွင်းလေးမှာပဲ ဖြားယောင်းသိမ်းသွင်းနိုင်ဖို့ ကြိုးစားရမှာ မဟုတ်ပါလား။

"ဖြေလေ တိမ်မွေ့၊ တိမ်မွေ့ ကျွန်တော့်အပေါ် ဘယ်လိုခံစားရလဲ"

"ရှင့်အကြောင်း တိမ်မွေ့ ဘာမှများများစားစား မသိသေးပါဘူး"

"တိမ်မွေ့ ဘာတွေသိချင်လဲ၊ ကျွန်တော် ပြောပြပါ့မယ်"

"အဟင်း သိသင့်သလောက်လည်း သိနေပြီဆိုတော့"

"ကျွန်တော့်ကို ချစ်ဖို့ ကြိုးစားရင်းနဲ့ လေ့လာသွားပါ။ တိမ်မွေ့ စိတ်တိုင်းမကျတဲ့နေ့မှာ ကျွန်တော့်ကို ထားခဲ့နိုင်ပါတယ်"

"ရှင် မငိုဘူးပေါ့"

မင်းအတွက်ဆို မျက်ရည်မရှိဘူးလို့ ပြောလိုက်ချင်သည့် စကားကို မျိုသိပ်ပြီး ဝန်းရံခ ခပ်ပါးပါးလေး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွှေ့ ထားရက်မယ်ဆိုရင် ဝေဒနာတွေ ပွေ့ပိုက်ပြီး မျက်ရည်တွေနဲ့ ကျန်ရစ်မယ်ဆိုလည်း ကျေကျေနပ်နပ် နေခဲ့မှာပါ၊ ဘာလို့ ထားခဲ့ရက်တာလဲလို့ ကျွန်တော် စကားနာမထိုးပါဘူး"

"ရှင် အရမ်းလည်တယ် ဝန်းရံ၊ တိမ်မွှေ့ဆီက အချစ်ကို မငြင်းဆန်နိုင်အောင် ရှင် ချူနေတာပဲ"

"ဒါဆို တိမ်မွှေ့ မငြင်းဘူးပေါ့နော်၊ တိမ်မွှေ့ ကျွန်တော့်ကို ချစ်တယ်ပေါ့"

"အို ဝန်းရံ"

သူမ လက်ကလေးကို ဖျတ်ခနဲ ဆွဲယူပြီး သူ့ရင်ဘတ်ကြီးမှာ ကပ်ထားလိုက်သည်မို့ သူမ အာမေဋိတ်သံလေး တိုးတိတ်စွာ ဖူးပွင့်သွားရသည်။

ဝန်းရံအတင့်ရဲလွန်းပါလား။ မဝံ့မရဲလေး ရုန်းဖယ်သော်လည်း ဝန်းရံက လွှတ်မပေးပါ။

"ကျွန်တော်တို့ တွေ့ဆုံမှုက တိုတောင်းချင် တိုတောင်းလိမ့်မယ် ဒါပေမဲ့ ရှေးဘဝရေစက်ကြောင့် အရမ်းနက်ရှိုင်းနေပါတယ်၊ ကျွန်တော် တိမ်မွှေ့ကို အရမ်းချစ်တယ်"

သူ့ရဲ့တစ်ဆင့်တက်လာသော ဖက်တွယ်မှုမှာ သူမ ရုန်းဖယ်ဖို့ မေ့လျော့နေသည်။

သူမ နှစ်သက်သော ရနံ့တစ်ခုရဲ့ ဖြားယောင်းမှုကြောင့်လား။ ဝန်းရံရဲ့ ဝင်သက်ထွက်သက် လေငွေ့နွေးနွေးကြောင့်လား။ သူမ မျက်နှာထက်မှာ ကျူးကျော်လာသည့် အနမ်းတွေကို အသက်ရှူရပ်မတတ် မှတ်သိပ်တောင့်တရင်း...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ချွာ အဲဒီအခြေအနေတောင် ဖြစ်နေပြီ"

"မြန်လှချည်လား၊ ဘယ်လို သိမ်းသွင်းလိုက်တာလဲ၊ နည်းလမ်းကောင်းလေး လိုချင်လို့ မျှဝေစမ်းပါဦး"

"မိန်းကလေးတစ်ယောက်ဆီက ဘာတွေရပါတယ်လို့ ပါးစပ်အရသာခံပြီး မပြောချင်ဘူး၊ ငါ သူ့ကို တုံ့ပြန်နိုင်မှုတစ်ခုအတွက်ပဲ ကြိုးစားနေတာ ဒါပဲ"

စကားကို ဖြတ်ပစ်လိုက်သလို ယတိပြတ်ပြောပြီး ဝန်းရံခမျက်နှာ တည်တင်းအုံ့မှိုင်းသွား၏။

"မင်းကကွာ မင်းအခွင့်အရေး မယူတာတော်မှန်း ငါတို့သိပါတယ်၊ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး တိမ်မွှေ့ခင်နဲ့ချစ်သူဖြစ်သွားတာ အံ့ဩလို့ပါ"

"အေးလေ မင်းတို့ ဘယ်နှခါများ ဆုံပြီးလို့လဲ၊ တိုက်ဆိုင်မှုရှိတာလည်း အံ့ဩစရာပဲ၊ တိမ်မွှေ့ခင်က အလိုအလျောက် မင်းဆီလာပြီး ပတ်သက်ရတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘုရားသခင်က ငါ့ကို မျက်နှာသာ ပေးတာပေါ့ကွ၊ အဲဒီ ဆုံးဆည်းမှုကြောင့် သူ့ကို လက်တွဲပြန်ဖို့ အနီးစပ်ဆုံး ဖြစ်လာတယ်"

"မင်း ဘာဆက်လုပ်မှာလဲ"

"ငါ့ရဲ့ဇာတိမြေ တောရွာလေးကို ခိုးပြေးမယ်"

"ဘာ ဝန်းရံ မင်း"

မျိုးကိုက သူ့ကိုလက်ညှိုးကြီးထိုးကာ စကားဆက်မပြောနိုင်။ ထင်လင်းက ပြူးကြောင်ကြောင် မျက်လုံးဖြင့် ခေါင်းကိုရမ်းပြီး

"မင်း သူ့ကို မချစ်တဲ့နဲ့ မင်းဘဝကို ထိုးကျွေးလောက်အောင်ထိ မစွန့်စားပါနဲ့ကွာ"

"တိမ်မွေ့ခင်နဲ့ ပတ်သက်ချင်တာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား"

"ဘာ"

ထင်လင်း စကားကို ခေါင်းခါမလှုပ်ငြင်ပြီးမှ မျိုးကိုရဲ့ တစ်ဆက်တည်း မေးခွန်းကြောင့် ဝန်းရံခ မျက်နှာဖြတ်ရိုက်ခံရသလို လည်ထွက်သွားသည်။

"သူ့ရဲ့ချမ်းသာကြွယ်ဝမှုတွေကြောင့် တွယ်ကပ်ချင်နေတယ်လို့ မင်းတို့ ထင်နေတာလား၊ ငါက ငါ့ရဲ့အထီးကျန်မှုတွေကြောင့် လက်တွဲပြန်ဖို့ ကြိုးစားနေတာ၊ ဘယ်လိုမျိုးရိုးမှန်းမသိဆိုပြီး အထင်သေးခံရလို့ ငါဘာကောင်လဲဆိုတာ ပြချင်တာ၊ မွေးစားသားက အခွင့်အရေးယူ အပိုင်ကြံမှာစိုးလို့ ခွေးတစ်ကောင်လို စွန့်ပစ်ခိုင်းလို့ ငါ နာကြည်းနေတာ"

ဝန်းရံခ ဒေါသတကြီး အော်ပစ်လိုက်တော့ မျိုးကို မျက်နှာငယ်လေး ဖြစ်သွား၏။

"ငါ ဒီသဘောနဲ့ မေးတာ မဟုတ်ပါဘူး ဝန်းရံရာ၊ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးနေတဲ့ ငါတို့ကို အဲလောက် မပေါက်ကွဲပါနဲ့၊ ငါဆိုလိုတဲ့ သဘောက တိမ်မွေ့ခင်ကို မင်း တကယ်ချစ်နေသလားလို့"

မျိုးကို စကားမဆုံးခင် ဝန်းရံခဲ့ မျက်နှာ နီမြန်းတည်တင်းသွား၏။ အောင်ပွဲတစ်ခုအနေနှင့် ပြောပြချင်လွန်းလို့ သူငယ်ချင်းနှစ်ယောက်လုံးကို ခေါ်လိုက်ကာမှ ဒေါသဖြစ်စရာနှင့်သာ ကြုံနေရ၏။

ဒါပေမဲ့ ဒီကောင်တွေက ကိုယ်တာလုပ်လုပ် အားပေးနားလည်နိုင်သည့်လူတွေ။

မျိုးကို မေးခွန်းက မဖြေနိုင်စရာတော့ မရှိပါ။ တုံ့ဆိုင်းနေမိခြင်းကိုလည်း အဖြေရှာလို့ မရ။

"အဲဒီ မေးခွန်းက ဖြေဖို့ ခက်ခဲနေလို့လား"

"ဟင် မဟုတ်ပါဘူး"

ထင်လင်း ပခုံးချင်းတိုက်မေးတော့ ပျာပျာသလဲ ငြင်းလိုက်မိသည်။

"ဒီမိန်းမအပေါ် ဘယ်တော့မှ အချစ်ဆိုတာ ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။ ငါ့ကိုယ်ငါမှန်းမသိဘဲ ခါးခါးသီးသီး လက်မခံနိုင်ဖြစ်နေရင်းက ငါမှန်းသိသွားရင် ဘယ်လိုဖြစ်သွားမယ် မင်းတို့ ထင်လဲ"

"သေချာတော့ မသိဘူး။ မုန်းရင်မုန်းသွားမယ်၊ နာကြည်းချင်လည်း နာကြည်းနိုင်တယ်၊ အံ့သြရုံလောက်တော့ မဖြစ်နိုင်ဘူး"

"လှုပ်လှုပ်ခတ်ခတ် သွေးဆူရုံလောက်ပဲ ဆိုရင် တော်သေးတာပေါ့ သူ့ဘဝတစ်ခုလုံး အပိုင်ကျူးသွင်းပြီးမှ အစကနေ အဆုံး သိလိုက်ရရင် သူ ခံနိုင်ရည်ရှိမယ် မထင်ဘူး"

"ငါ့ကို ပြန်ပြီး လက်တုံ့ပြန်နိုင်တယ်ပေါ့"

"တစ်ခုလပ်ဘဝနဲ့ ထားခဲ့ချင်မှ ထားမှာပါ၊ ဘယ်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



တွေးတွေး မိန်းကလေးကတော့ နစ်နာပြီးသားပဲလေ၊ အဲဒါကြောင့် အဆုံးထိ မဟုတ်ဘဲ နောက်လှည့်လို့ အခွင့်အရေးကောင်းတဲ့အချိန်မှာ နောက်ပြန်လှည့်လိုက်ပါ''

အားပေးတာလား၊ ဖျောင်းဖျနေကြတာလား သေချာသိအောင် မစဉ်းစားချင်ပါ။ တိမ်မည်းညိုတွေရဲ့ တရွေ့ရွေ့ ပြေးလွှားရုန်းကန်မှုကြောင့် အလင်းရောင် ပျောက်လုနီးပါး ဖြစ်နေသည့် လမင်းကြီးကိုသာ အငမ်းမရ လိုက်ကြည့်ရင်း မသိမသာ သက်ပြင်းတွေ မှုတ်ထုတ်မိသည်။

ဘာအကြောင်းရယ်လို့ စမ်းစစ်ကြည့်လို့လည်း မရ။

ရင်ထဲမှာ မောဟိုက်ဟိုက် ဖြစ်နေခြင်းသည်. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ချိန်းဆိုမှုရယ်လို့ မဟုတ်ဘဲ နေ့စဉ်ရက်ဆက်ဆိုသလို တိမ်မွှေ့ခင်နှင့် ဆုံဖြစ်သည်။ အပြင်မှာ မတွေ့ဖြစ်လျှင် သူ့ရဲ့တိုက်ခန်းလေးကို တိမ်မွှေ့ခင် အမြဲလိုလို ရောက်လာတတ်သည်။

ရောက်လာတိုင်းလည်း ဝန်းရံ့ခအတွက် စားစရာတစ်ခုခု လုပ်ပေးတတ်မြဲပင်။

"ဝန်းရံ ဘာကြိုက်လဲ ပြောထားနော်၊ တိမ်မွှေ့လာရင် စားစရာ တစ်ခုခု ဝယ်လာခဲ့မယ်၊ ဝန်းရံကို ကြည့်ရတာ အစားဆင်းရဲလွန်းလို့"

"ဘဝလည်း ဆင်းရဲပါတယ်"

"ဘာ"

သူ့ပါးစပ်က လွှတ်ခနဲ ထွက်သွားတော့ တိမ်မွှေ့ အထိတ်တလန့် ဖြစ်ကာ သူ့ကိုပြူးကြောင်ကြောင်လေး မော့ကြည့်သည်။ သူက အပြောင်အပျက်လိုလို အတည်လိုလိုနှင့် နဖူးစပ်မှာ ကပိုကရို ဖွဲ့ကျနေသော သူမဆံနွယ်လေးတွေ ရှိုက်ခနဲ ဖိကပ်နမ်းပြီး စကားလွှဲဖို့ ကြိုးစား

www.burmeseclassic.com



လိုက်သည်။

"ကျွန်တော်လေ ပိုင်ဆိုင်ချင်တာတွေ အများကြီး မရှိပါဘူး၊ ဒါပေမဲ့ တိမ်မွေ့ကိုတော့ ပိုင်ဆိုင်ချင်တယ်"

"လောဘမကြီးနဲ့လေ၊ ရင်းနှီးတာ မကြာသေးဘူး ရည်းစားစကားပြောတယ်၊ ချစ်သူဖြစ်တာ မကြာသေးဘူး လက်ထပ်ချင်ပြန်ပြီလား"

"ဗျာ ကျွန်တော် အဲလို ပြောမိလိုက်လား၊ တိမ်မွေ့ အလိုလိုသဘောပေါက်သွားတယ်ပေါ့နော်၊ ဒါဆိုလည်း ကျေးဇူးပဲ တိမ်မွေ့ရယ်၊ တိမ်မွေ့ ဆန္ဒကရော ဘယ်လိုလဲ"

"ဆန္ဒက ဘယ်လိုရှိရမှာလဲ၊ ချစ်နေရင်းနဲ့ လေ့လာကြည့်ပါဆို၊ လေ့လာဖို့အချိန်တောင် မရသေးဘူး၊ ဘာတွေ အဆင့်ကျော်နေတာလဲ"

"လက်ထပ်ပြီး လေ့လာသွားရင်လည်း ဖြစ်တာပဲလေ တိမ်မွေ့ရဲ့"

"အဲဒီရောက်မှ မကောင်းမှန်းသိပြီး ကွဲကွာလို့ကတော့ ရှင်က ဗိုက်တစ်လုံးနဲ့ ကျန်မှာမဟုတ်ဘူး ဒီကသာ"

"ဆက်ပြောလေ တိမ်မွေ့၊ တိမ်မွေ့က ဘာဖြစ်မှာ"

"မသိဘူး သွား"

ကန္တဲ့ကလျ မျက်စောင်းနှင့် ညင်သာဖွဖွ လက်သီးဆုပ်လေး သူ့ရင်ဘတ်ကို ငြိတွယ်လာသည်မို့ အာဃာတတွေ မကင်းမစင်နှင့် သူ ပြုံးလိုက်မိသည်။

တကယ်သာ ချစ်ခဲ့မိပါလျှင် အမြတ်တနိုးနှင့် ကြည်နူးချမ်းမြေ့နေပေလိမ့်မည်။

အခုတော့ မသက်မသာ ပြုံးရယ်နေရတာမို့ ရင်ခုန်သံတွေက

www.burmeseclassic.com

www.burmeseclassic.com



ကပြောင်းကပြန်။

"တိမ်မွေ့ ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ရအောင်"

"ဟင် ဒီနေ့ ဆန်းဒေး စက်ရုံပိတ်ရက်လည်း မဟုတ်ဘဲနဲ့၊ အရင်နေ့တွေကလည်း အလုပ်မှာ အများအပယ်ငွေ ဖြစ်သေးတယ်ဆို"

"ဟုတ်တယ် အစ်ကိုပြန်လာရင်တော့ အကြီးအကျယ် ကျိုင်းမှာ၊ ဒါပေမဲ့ တိမ်မွေ့နဲ့အချိန်ကြာကြာ အတူတူနေချင်တယ်၊ အိမ်ရောက်ရင်လည်း တိမ်မွေ့မျက်နှာလေးကိုမြင်ပြီး ဘာအလုပ်မှ လုပ်လို့မရဘူး"

"ဒါဆို ဝန်းရံ မရင့်ကျက်သေးတာပဲ၊ အလုပ်ကသပ်သပ် အချစ်ကသပ်သပ် သီးသန့်စီ အချိန်ခွဲထားမှပေါ့"

"တိမ်မွေ့ ပြောလည်း ခံရတော့မှာပဲ၊ အချစ်နဲ့ပတ်သက်ရင် ကျွန်တော် မရင့်ကျက်သေးပါဘူး၊ တိမ်မွေ့ မျက်နှာလေးကို အမြဲတမ်း မြင်ချင်တယ်၊ တိမ်မွေ့အသံလေးကို အချိန်တိုင်းကြားချင်တယ်၊ တိမ်မွေ့နဲ့ အခုလို တွေ့နေရတဲ့အချိန်လေးက ကျွန်တော့်ဘဝအတွက် အံရာအားလုံး ပြည့်စုံနေသလိုပဲ၊ ကျွန်တော့်ဘဝတစ်ခုလုံးကို လိုရာသုံးဆိုပြီး ပုံအပ်ပေးထားချင်လောက်အောင် တိမ်မွေ့ကို ကျွန်တော် ချစ်နေတာပါ"

ဒီလို အနုအရွ ချစ်စကားတွေဖြင့် ကျူးသွင်းမှတော့ ဘယ်မိန်းကလေးက ခံနိုင်ရည်ရှိတော့မှာလဲ။

အချိန်တွေ ကုန်ဆုံးဖို့ လည်ပတ်နေသော နာရီလက်တံတွေကိုတောင် ကုတ်ဆွဲရပ်တန့်ထားလိုက်ချင်သည်။

ကြင်နာယုယ ဂရုစိုက်အလေးထားတတ်သော ယောက်ျားတစ်ယောက်ကို မစွန့်လွှတ်ရဲလောက်အောင် တသသ စွဲလမ်းလာမိတာ သူမရဲ့ ကျဆုံးခြင်းလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဝန်းရံခနှင့်ပတ်သက်လျှင် သူမမှာ အရှုံးဆိုတာလည်း မခံစားမိ။ မာနဆိုတာလည်း မရှိ။

ဒီယောကျ်ားကိုမြတ်နိုးခြင်းတွေနှင့် ဖြည့်ဆည်းပေးဆပ်ချင်စိတ်တွေချည်း စိုးမိုးနေတာ အံ့ဩစရာတော့ ကောင်းသည်။ ချီတဲ့သူမဟုတ်ပါဘဲ လိုအပ်သမျှ တောင့်တမှုမှန်သမျှ ပြည့်ဝစေချင်သည့် စေတနာ ကရုဏာများက အချစ်ရဲ့ပွံ့ပိုးမှုတွေများလား။

"အချစ်ကို လိုလိုချင်ချင် တောင့်တမိတဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး၊ တိမ်မွေ့နဲ့တွေ့မှ အဲလို အချစ်စိတ်တွေ ဖြစ်ပေါ်လာတာ.အကြောင်းရေစက်တွေကြောင့်ဖြစ်မှာ၊ တိမ်မွေ့ ကျွန်တော့်ကို ဘယ်တော့မှ ခွဲမသွားရဘူးနော်၊ တခြားတစ်ယောက်ကို ကျွန်တော့်ထက် ချစ်သွားတာမျိုးလည်း မဖြစ်စေနဲ့၊ အခု တိမ်မွေ့ထားခဲ့မယ့် ဘဝမှာ မနေရဲအောင် ဖြစ်နေပြီ"

သိမ်းပိုက်မှုတိုင်းမှာ သူမ နစ်မျောသွားစေမည့် ဖြားယောင်းမှုတွေနှင့်ပါ။ အချိန်တိုင်း သူ့အကြောင်းတွေချည်း တွေးတောစဉ်းစားမိနေသည်အထိ ဝန်းရံခက လွှမ်းမိုးထားနိုင်ခဲ့သည်။ သူမဘက်က အရာရာပုံအပ်မြတ်နိုးခဲ့သည်အထိ။

အခုလည်း သူ့ဆန္ဒအတိုင်း. . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဘေးနှစ်ဖက်အကာအရံနှင့် ကျောမှီက ထိုင်ချလိုက်သည်နှင့် ဘေးပတ်ဝန်းကျင်ကို အဆက်အသွယ် ဖြတ်ချလိုက်သလိုပင်။

ကိုယ့်ရဲ့ဘေးက ထိုင်ခုံတွေကို ကိုယ်ကိုတောင့်မတ်စွာ ထမကြည့်လျှင် ဘယ်သူ့ကိုမှ မြင်ရတော့မှာ မဟုတ်။

ရှေ့တူရူက ပိတ်ကားပေါ်မှာ ဘာကားပြနေသည်ဆိုတာလည်း အာရုံမရပါ။

ပူးပူးကပ်ကပ် ဖက်တွယ်ထားသည့် ဝန်းရံရဲ့ရင်ခွင်ကြားမှာ သူမ အသက်ရှုကျပ်မတတ် မွန်းကြပ်နေရင်း သူမ ရင်ခုန်မြန်နေခဲ့သည်။ တစ်ဖက်ထိုင်ခုံက စုံတွဲတွေရဲ့ ခိုးခိုးခစ်ခစ် ညင်းသွဲ့သွဲ့ရယ်သံလေးတွေကို ကြားတော့ ရှက်ရွံ့ထူပူနေသလို ဘယ်လိုခံစားမှုကြီးမှန်းလည်း မသိပါ။

"ဝန်းရံ အဲလောက်ကြီး ဖက်မထားနဲ့ကွာ၊ ဒီမှာ အရမ်းမွန်းနေပြီ"

သူမ တိုးတိတ်စွာ ညည်းညူမိတော့ ဝန်းရံက သူမ မျက်နှာလေးကို ထိကပ်လုလုနီးကပ်စွာ ငုံ့မိုးကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီဝေမှေးစင်းနေသော ဝန်းရံ့ရဲ့ညှို့မျက်ဝန်းများကြောင့် ရှက်ရွံ့စွာ သူ့ရင်ဘတ်မှာ မျက်နှာလေး ငုံ့လျှိုးဝှက်ကွယ်ထားလိုက်ရသည်။

အသက်ရှူသံပြင်းနေသော ဝန်းရံခရဲ့သွေးခုန်နှုန်း တဒုတ်ဒုတ်မြည်သံကို လှိုက်မောစွာ ကြားနေရသည်။

သူ့ရဲ့ကိုယ်သင်းရနံ့ကို မဝတဝ ရှူရှိုက်ကာ မျက်နှာလေး ပြန်မော့လိုက်တော့

"အို ဝန်းရံ"

သူမရဲ့နှုတ်ခမ်းဖူးဖူးလေး ဖျတ်ခနဲ အနမ်းဒဏ်သင့်သွား၏။

"တိမ်မွေ့နဲ့အတူတူနေချင်ပြီ တိမ်မွေ့ရယ်၊ ကျွန်တော့်ကို လက်ထပ်ပါနော်"

"ဟင့်အင်း တိမ်မွေ့လုပ်ငန်းတစ်ခု အကောင်အထည်ဖော်ချင်သေးတယ်၊ ဒီအတိုင်း ဘိုးဘွားမိဘအမွေကို ထိုင်ဖြုန်းနေတာမျိုး မဖြစ်ချင်ဘူး"

"ကျွန်တော့်ခွန်အားနဲ့ ရှာကျွေးမှာပေါ့ တိမ်မွေ့ရယ်၊ တိမ်မွေ့တို့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ လူ့အောက်မကျအောင် တိမ်မွေ့ကို တင့်တောင်းတင့်တယ် ထားပါမယ်"

"ဘာအလုပ်မှ မလုပ်ရင် တိမ်မွေ့သင်လာတဲ့ ပညာတွေ အလဟဿ ဖြစ်သွားမှာပေါ့"

"တိမ်မွေ့က ဘာလုပ်မှာလဲ"

"မိန်းကလေးတွေအတွက် အလှအပဆိုင်ရာ ဘာသာပေါ့၊ ခေါင်းလျှော်ရည်ကအစ မိတ်ကပ်နဲ့ ရေမွှေး လက်သည်းနီအဆုံးပေါ့၊ နိုင်ငံခြားကလာတဲ့ပစ္စည်းတွေကို ဈေးကြီးပေးပြီး ခုံခုံမင်မင် သုံးစွဲနေတဲ့ မြန်မာပြည်ကလူတွေအတွက် ရည်မှန်းချက်ကြီးကြီးနဲ့ သင်လာခဲ့တာ၊

www.burmeseclassic.com

www.burmeseclassic.com



မြေနေရာနဲ့ အဆောက်အဦးကိစ္စတွေပြီးရင် နိုင်ငံခြားကပညာရှင်နှစ်ယောက်နဲ့ ပူးပေါင်းလုပ်ဖို့ စီစဉ်ထားတာ''

''ကျွန်တော်နဲ့လက်ထပ်ပြီးမှ လုပ်လို့မရဘူးလား တိမ်မွေ့ရယ်၊ အမြန်ဆုံး အကောင်အထည်ဖော်ချင်ရင် အသင့်ဆောက်ပြီးသား မြေနေရာအဆောက်အဦးတွေ၊ ငှားလို့ ဝယ်လို့ရပါတယ်၊ အခု ဒီရက်ထဲမှာ ကျွန်တော့်အစ်ကို ပြန်လာရင် ကျွန်တော့်ကို အလုပ်တွေ ဖိနိုင်းတော့မှာ''

''ဟင် ဝန်းရံ အစ်ကို ပြန်လာတော့မှာ''

''ဟုတ်တယ် ညက ဖုန်းဆက်တယ်၊ ဒီရက်ထဲ အရောက်ပြန်လာမှာတဲ့၊ ကျွန်တော် လစ်ဟင်းပျက်ကွက်တဲ့ အလုပ်တွေ၊ ဘယ်လိုလုပ် ပေါက်ကြားသွားတာလဲ မသိဘူး၊ ဖုန်းထဲကနေ ကွိုင်တာ ရစရာမရှိဘူး၊ ပြန်လာရင် မင်းနဲ့စာရင်းအပြတ်ရှင်းမယ်တဲ့''

''ဟယ် ဝန်းရံက ဘာအမှားအယွင်းတွေ ဒီလောက်လုပ်ထားလို့လဲ၊ အရင်က ဝန်းရံအရမ်းတာဝန်ကျေခဲ့တာဆို''

စိုးရိမ်တကြီး ဖြစ်နေသော တိမ်မွေ့ခင် ရှေ့မှာ မျက်နှာလေးကို ညှိုးငယ်ထားပြီး သက်ပြင်းတွေလည်း ချလိုက်၏။

''ကျိုးနွံနာခံမှုတွေနဲ့ တာဝန်ကျေအောင် ကြိုးစားခဲ့တာ မှန်ပါတယ်၊ တိမ်မွေ့ကိုချစ်ပြီး တိမ်မွေ့လောက် ဘာမှအရေးမကြီးတော့သလိုပဲ၊ ကျွန်တော့်ဘက်က တာဝန်တွေပေါ့လျော့လာတာ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ အနည်းငယ် အမှားအယွင်းရှိလာတာလည်း ကျွန်တော် ဝန်ခံပါတယ်၊ နေ့စဉ် အစည်းအဝေးမထိုင်ဖြစ်တာက အဝင်အထွက် စာရင်းတွေ မစစ်မိတာနဲ့ အတူတူပဲလေ''

''ဝန်းရံရယ် တိမ်မွေ့ပါ အပြစ်မကင်းတော့ဘူးပေါ့''

''ဟုတ်တယ် အဲဒါကြောင့် ကျွန်တော့်ကို တိမ်မွေ့ လက်ထပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်''

''ဘာမှလည်း မဆိုင်ဘဲနဲ့''

မူနွဲ့နွဲ့ ဟန်ကိုယ့်ဖို့မှာ ကြည်နူးမှုတွေ ပျော်ဝင်နေမှန်း သူ သိပါသည်။ ဒါကြောင့်မို့ သူမ ပခုံးလေးကို သူ့ဘက်ယိုင်နွဲ့လာအောင် ဆွဲလှည့်ပစ်လိုက်ကာ

''အစ်ကို ပြန်လာရင် တာဝန်မကျေမှုတွေအတွက် ဖိအားပေးမှာ အသေအချာပဲ၊ အဲလိုဆိုရင် တိမ်မွေ့နဲ့လည်း တွေ့ရတော့မှာ မဟုတ်ဘူး၊ လက်ထပ်ဖို့ဆိုတာ ဝေးရောပဲ''

''အဲလို ဖြစ်စရာလား၊ ဝန်ရိုလည်း ရှန်းထွက်မယ်ဆို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အရွယ် ရောက်နေပြီပဲ''

''အဲဒါကြောင့် အစ်ကို ဖိအားပေးမခံရအောင် လွတ်မြောက်ချင်တယ်၊ မိန်းမရဖို့ ကြိုးစားနေတာဆိုရင် အစ်ကိုနားလည်ချင် နားလည်ပေးနိုင်တယ်၊ ကျွန်တော်တို့ တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ထားရအောင် တိမ်မွေ့၊ ပြီးမှ အစ်ကို့ကိုပြောပြီး တိမ်မွေ့တို့အိမ်မှာ မိသားဖသားပီပီ တောင်းရမ်းခိုင်းမယ်လေ၊ အဲဒါ မကောင်းဘူးလား''

''အပိုင်ချုပ်နေတော့တာပဲ ဝန်းရိုရယ်၊ တိမ်မွေ့ကို စဉ်းစားဖို့ အချိန်ပေးဦးမှပေါ့''

''တိမ်မွေ့ ကျွန်တော့်ကို မယုံဘူးလား၊ ကျွန်တော်ချစ်သလောက် မချစ်ဘူးလားဟင်''

''အဲလိုလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့''

ညှိုးငယ်နေသော ဝန်းရိုရဲ့ မျက်နှာလေးကိုမြင်ပြီး တိမ်မွေ့ခင် ဆင်ခြေပေး ငြင်းဆန်ဖို့ အင်အားမရှိတော့ပါ။ သူ့မျက်နှာလေးကို လက်ချောင်းသွယ်သွယ်လေးတွေနှင့် ပွတ်သပ်ပြီး သူ့ရင်ခွင်မှာတိုးဖွေ့ဝင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတွေ ချလိုက်မိသည်။

"ဝန်းရံရယ် ရှင့်သဘောလို့ ပြောလိုက်ရင်လည်း တိမ်မွေ့က ဈေးပေါတဲ့ မိန်းကလေး ဖြစ်သွားတော့မှာပဲ"

"ဟင့်အင်း တိမ်မွေ့ ဆုံးဖြတ်မှုကို ကျွန်တော် တန်ဖိုးထားနေမှာပါ၊ တိမ်မွေ့ ကျွန်တော့်ကို မယုံကြည်လို့ မစွန့်စားချင်ရင်လည်း"

"တိမ်မွေ့ ရှင့်ကို ချစ်တယ် ဝန်းရံ၊ အဘိုးအဘွား အမိအဘရဲ့ မေတ္တာတွေနဲ့ ပြည့်စုံနွေးထွေးနေခဲ့ရတယ်ဆိုပေမယ့် ကင်းကွာနေခဲ့ရတာ ကြာပြီလေ၊ အဲဒါကြောင့် အနှောင်အဖွဲ့အတွယ်အတာ လိုချင်နေခဲ့တာ အမှန်ပါပဲ"

"တိမ်မွေ့ ဦးလေးနဲ့အဒေါ်က မပေးဘူးလား"

"ဘယ်လိုပြောရမလဲ၊ တိမ်မွေ့လိုချင်သလောက် သူတို့ မပေးနိုင်တာ သူစိမ်းတစ်ယောက်ဆီမှာ အကုန်ပုံအပ်ထားခဲ့လို့ ဖြစ်မယ်ထင်တယ်၊ သုံးနှစ်သမီးအရွယ်လောက်ကတည်းက တိမ်မွေ့က မေမေတို့နဲ့ နိုင်ငံခြားပါသွားတော့ အနေလည်းစိမ်းတယ်၊ သွေးလည်းစိမ်းတယ်"

"တိမ်မွေ့ကို သူတို့ ချစ်ကြမှာပါ"

"သူတို့ မွေးစားသားလောက်တော့ တိမ်မွေ့ကို မချစ်ကြပါဘူး တာဝန်ဝတ္တရားကြောင့် မတတ်သာလို့ စောင့်ရှောက်နေကြတာ၊ အမြဲတမ်း သူစိမ်းတစ်ယောက်ကိုပဲ အချိန်ပေး လွမ်းနေတော့ တိမ်မွေ့ဘက်ကလည်း ဂရုစိုက်စရာ မလိုဘူးလို့ပဲ သဘောထားလိုက်တယ်"

ဂရုမစိုက် တန်ဖိုးမထားနိုင်ရင် ငါ့မိဘတွေကို ပြန်ပေးပါလား လို့ ပြောပစ်လိုက်ချင်သည်။

ဒါပေမဲ့ ဒီအခြေအနေလောက်နဲ့ တိမ်မွေ့ခင်ဆီက ဘာမှပြန် မရနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွေ့နဲ့ကျွန်တော်က လိုချင်တောင့်တတာချင်း တူမလား မသိဘူး။ တိမ်မွေ့ကို ကျွန်တော် တန်ဖိုးထားပြီး ချစ်သွားမှာပါ"

"ယုံကြည်ပါတယ် ဝန်းရံရယ်၊ ရှန်းမထွက်ရက်အောင် ချည်နှောင်တဲ့ စကားတွေနဲ့ သိမ်းသွင်းမနေပါနဲ့တော့၊ ရှင့်သဘောပါ ဝန်းရံ၊ ရှင့်ဆန္ဒမှန်သမျှ တိမ်မွေ့ မငြင်းတော့ပါဘူး"

"တိမ်မွေ့ရယ် ဝမ်းသာလိုက်တာ"

ရင်ခွင်မှာ ဆွဲယူပွေ့ဖက်ကာ မျက်နှာလေးအနှံ့ မွှတ်သိပ်မပြေစွာ နမ်းရှိုက်ပစ်လိုက်၏။

ထိုအချိန်ခဏလေးမှာ မရှိုးသားခြင်း၊ ဥပါဒါန်တွေ လွှင့်စင်စွာနှင့်...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

သူ့ရဲ့အတွင်းကြိတ် ကြိတင်ကြံစည်မှုများကို ဘယ်သူ့ကိုမှ အသိမပေးဘူးဟု ဆုံးဖြတ်ထားပေမယ့် တကယ်တမ်း တရားရုံးမှာ လက်မှတ်ထိုးသည့်နေ့မှာတော့ ထင်လင်းနှင့် မျိုးကိုကို သက်သေအဖြစ် ခေါ်လာခဲ့သည်။

"တိမ်မွှေ့ခင်က မှုန်နေအောင် ချောတာပဲ၊ သူ့မျက်နှာက မာနတွေလည်း ကင်းပါတယ်၊ မင်းတစ်ခုခု လွဲနေပြီထင်တယ် ဝန်းရံ၊ ကြည့်လည်းလုပ်ပါဦးကွာ"

"မင်းကို အရမ်းချစ်နေတဲ့ပုံပဲ၊ နောက်မှ မင်း နောင်တရနေဦး မယ်နော်၊ ရည်ရွယ်ချက်တွေပြောင်းဖို့ အချိန်ရသေးတယ် ဝန်းရံ၊ လက်မှတ်မထိုးခင် လွှတ်ပေးလိုက်ပါလားကွာ၊ လက်မှတ်ထိုးပြီးသွားရင် ဘယ်လိုမှ ရှင်းလို့လွယ်တော့မှာ မဟုတ်ဘူး၊ မင်း ပြန်စဉ်းစားပါဦး"

"ငါ့နားနဲ့ ဆတ်ဆတ် စော်ကားခံထားရတာ၊ သူ့ရဲ့အမိန့်နဲ့ မွေးစားမိဘတွေရဲ့စွန့်ပစ်ခံထားရတာ၊ ငါ့ဘဝတစ်ခြမ်း သေနေပြီ၊ တုံ့ပြန်ဖို့ ဆုံးဖြတ်ခဲ့တာ ခြေလှမ်းတွေနောက်ပြန်ဆုတ်ဖို့ မဟုတ်ဘူး၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ တစ်ခုတော့ ကတိပေးနိုင်တယ်၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုး လိုက်ပေမယ့် သူ့ဘ၀ အမည်းစက်စွန်းထင်းအောင် အခွင့်အရေး မယူဘူးဆိုတာပဲ''

တိမ်မွေ့ခင် ကွယ်ရာမှာ ထင်လင်းတို့နှင့် အကြိတ်အနယ် ဖြေရှင်းခဲ့ရသေးသည်။ သူ့ကိုအားပေးနားလည်နေခဲ့ကြသည့် သူငယ်ချင်းတွေက တိမ်မွေ့ခင်ဘက်က ရပ်တည်ပေးချင်ကြတာ မဖြစ်သင့်။

''မင်းတို့ ငါ့ကို မကူညီနိုင်ရင် ဒီကနေပြန်သွားကြတော့ကွာ၊ တိမ်မွေ့ ရိပ်မိသွားရင် ရှော့ရှိတယ်''

''အဲလိုလည်း မဟုတ်ပါဘူးကွာ၊ ငါတို့က''

''ကဲ ဘာမှမပြောကြပါနဲ့တော့၊ လက်မှတ်ထိုးပြီးသွားရင် မင်းတို့ကြိုက်တဲ့ဆိုင်ကိုသွား၊ တစ်ဝိုင်းကျွေးမယ်၊ ဥက္ကဌ်တော့ မပျက်ကြနဲ့နော်၊ သူငယ်ချင်းအဖြစ်က ပြတ်ဆဲပြီးသားပဲ''

ခြိမ်းခြောက်မှုတွေဖြင့် စည်းရုံးခဲ့ရတာပါ။ အခုမှ တွေ့ဖူးမြင်ဖူးသည့် မိန်းမအကြောင်း သေချာ ဂဃနဏ သိကြတာလည်း မဟုတ်ဘဲနှင့်။

''မင်းတို့ ကြိုက်သလောက်စား၊ ကြိုက်သလောက် သောက်ကြပြီးရင် ပြန်ကြတော့နော်''

''မင်းတို့က ဘယ်သွားဦးမလို့လဲ၊ ဟိုတယ်မှာ သွားအိပ်ကြမလို့လား''

''အဲဒါ မင်းတို့သိစရာမလိုဘူးလေ၊ ငါတို့ကိစ္စ ဟုတ်တယ်နော် တိမ်မွေ့''

''မောင်ကလည်း အဲလိုကြီး မပြောပါနဲ့၊ သက်သေ လုပ်ပေးဖို့ ကျ အကူအညီတောင်းပြီးတော့ အစားအသောက်ကျွေးပြီး ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်လွှတ်မလို့လား"

"ပြန်မလွှတ်လို့ ကိုယ်တို့သွားမယ့်နေရာ ခေါ်သွားရမှာလား"

"အဲလို မဟုတ်ဘူးလေ၊ အိမ်တိုင်ရာရောက် လိုက်ပို့ဦးမှဖြစ်မှာပေါ့"

"ကဲ မင်းက အလိုက်မသိပေမယ့် တိမ်မွေ့ ချက်ချင်းလက်ငင်း ကျေးဇူးသိတတ်တယ်နော်၊ အခုပဲ ငါတို့နှစ်ယောက်လုံး တိမ်မွေ့ ဘက်တော်သား လုပ်လိုက်ရမလား"

"ဟာ ဟိတ်ကောင်တွေ အေးဆေးနေကြနော်၊ မင်းတို့ကို ဒီအတိုင်းထားပြီး တိမ်မွေ့ကို ခေါ်သွားလိုက်တော့မယ်"

ဝန်းရံခ အထိတ်တလန့် ပြူးပြူးပျာပျာ ဖြစ်သွား၏။ အစကတည်းက ဒီကောင်တွေက စိတ်ပါလက်ပါ အားပေးတိုက်တွန်းခဲ့ကြတာမျိုး မဟုတ်ပါ။

သူ့ခံစားချက်တွေကို ဖြေသိမ့်ရုံလောက် နားလည်ပေးခဲ့ကြတာမျိုးမို့ တိမ်မွေ့ဘက်က ကာကွယ်မပေးဘူးလို့ မပြောနိုင်။

ဘာမှမသိရှာသော တိမ်မွေ့က အရယ်အပြုံးနှင့် သူ့လက်တစ်ဖက်ကို ဆွဲထားပြီး

"မောင်က ဘာလို့ မနာလိုဖြစ်နေတာလဲ၊ မောင့်သူငယ်ချင်းတွေက အခုမှ တိမ်မွေ့ကို မြင်ဖူးတာ၊ မောင့်ထက် တိမ်မွေ့ကို ပိုခင်ပါ့မလား၊ အလကား စနောက်နေတာကို ဖွတ်ကြီးပဲ"

"အဲဒါပဲ တိမ်မွေ့ရေ၊ မဟုတ်တာ လုပ်မယ့်ကောင်ဆိုတော့ သွေးလန့်နေတာပေါ့"

"ထင်လင်း"

"ငါက ဘာပြောလို့လဲ၊ တိမ်မွေ့ကို မင်းတစ်နေရာရာ ခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး မဟုတ်မဟတ် ကြံစည်''

"ဟိတ်ကောင်"

"ဟား.ဟား ဟား"

အရယ်အရွှန်းလုပ်၍ ပြောင်နောက်နေကြပေမယ့် ဝန်းရံခံ လည်နှင်ကာ ပေါ့ပေါ့ပါးပါးပင် မပြုံးဖြစ်ပါ။

"ဟင်း ဟင်း မောင့်သူငယ်ချင်းတွေ အရမ်းရယ်ရတာပဲ၊ မောင့် မျက်နှာကြီးက ဘာဖြစ်နေတာလဲ၊ စနေတဲ့ဟာကို ကလေးကျလို့ ရှုပုပ် နေတာ"

"ဒီကောင်က ရင့်ကျက်မှု မရှိတဲ့ ကလေးဆိုးဆိုတာ နောက်ကျ ရင် တိမ်မွေ့ ပိုသိလာမှာပါ၊ ဘာအကြောင်းနဲ့မှ ကျွန်တော်တို့ သူငယ်ချင်း ကို ခွဲမသွားပါနဲ့"

"ဟာ ဒီကောင်တွေ ဘာတွေပြောနေမှန်း မသိဘူး၊ သူတို့အ တွက် ဘောလ်ရှင်းခဲ့မယ်၊ ကိုယ်တို့ သွားရအောင် တိမ်မွေ့"

"ဟင် မောင်ကလည်း"

မျက်စိမျက်နှာပျက်ဖြင့် တိမ်မွေ့လက်ကို ဆွဲကာ ထရပ်တော့ ထင်လင်းတို့ကို တိမ်မွေ့ခင် အားနာသွားရသည်။

ထင်လင်းနှင့်မျိုးကိုက ဟန့်တားခြင်း တိုက်တွန်းခြင်း မပြုဘဲ

"ဝန်းရံ တစ်သက်လုံး တိမ်မွေ့လက်ကို တွဲထားနိုင်ပြီး ပျော်ရွှင် ပါစေကွာ"

"နောင်ဘဝစာထိ ငါတို့ ဆုတောင်းပေးမယ်၊ သားတွေ သမီး တွေအများကြီးနဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေ သူငယ်ချင်း"

"လာ တိမ်မွေ့"

ထင်လင်းနှင့်မျိုးကို ဆုတောင်းပေးခြင်းကို ဝန်းရံခံ ဆုံးအောင်

www.burmeseclassic.com

www.burmeseclassic.com



နားမထောင်ပါ။

မျိုးကိုတို့အတွက် စားသောက်ဝိုင်းကို ကောင်တာမှာ ဘောလ်ရှင်းပေးခဲ့ပြီး တိမ်မွေ့လက်ကို ဖွတ်ဆွဲဆွဲ၍ ထွက်လာခဲ့သည်။

မရိုးသားသည့် အတွင်းစိတ်က ခြောက်လှန့်ခံနေရခြင်းလား။

"မောင်က တစ်မျိုးကြီးပဲကွာ၊ သူငယ်ချင်းတွေကို အားနာစရာကောင်းလိုက်တာ"

"သူတို့က ကိုယ့်သူငယ်ချင်းတွေပါ၊ တိမ်မွေ့ အားနာစရာမလိုဘူး။ သူတို့ စတာနောက်တာ လွန်လို့ ကိုယ်ကသာ တိမ်မွေ့ကိုအားနာနေတာ၊ အခုမှ တွေ့ဖူးမြင်ဖူးတဲ့ တိမ်မွေ့ရှေ့မှာ စတာနောက်တာက အရမ်းလွန်တယ် စည်းမရှိဘူး"

"သူတို့က တိမ်မွေ့တို့အတွက် ဝမ်းသာပေးနေကြလို့ ဖြစ်မှာပါ"

"ဘာဖြစ်ဖြစ်ကွာ အခု သူတို့အကြောင်း သူတို့ပြောတာတွေအားလုံး ခေါင်းထဲက ထုတ်ပစ်လိုက်တော့၊ အခု ကိုယ်တို့ သွားကြမယ်"

"ဘယ်ကိုလဲဟင်၊ မောင့်အစ်ကို ပြန်ရောက်မယ့်နေ့ဆို အိမ်ကိုပြန်မှာလား"

"နေ့လယ် ဖလိုက်နဲ့ပြန်လာမှာ၊ ဒီအချိန်ဆို ရောက်နေလောက်ပြီ၊ ကိုယ့်ကိုတန်းခနဲ မတွေ့တာလည်း မိုးမီးလောင်နေမှာ၊ အခုချိန်မှာမျက်နှာချင်းဆိုင်လို့ မဖြစ်သေးဘူး"

"ဒါဆို"

"ကိုယ့်မိဘတွေနေခဲ့တဲ့ ရွာလေးကို သွားကြမယ်"

"ဟင်"

တိမ်မွေ့ခင် နားမလည်နိုင်အောင် ဖြစ်သွားရင်း ဝန်းရံခ မျက်နှာကို မော့ငေးငေးလေး ကြည့်ဖြစ်၏။ အစက ရည်ရွယ်ခဲ့တာ ဒါမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

"တိမ်မွေ့နဲ့ကိုယ် လက်ထပ်စာချုပ်တစ်ခုစီ ယူထားကြမယ်၊ တိမ်မွေ့က တိမ်မွေ့အိမ်မှာ ပြန်နေ၊ ကိုယ်က အစ်ကိုနဲ့ အဆင်ပြေအောင် ညှိနှိုင်းပြီး အမြန်ဆုံး တိမ်မွေ့နဲ့လက်ထပ်နိုင်အောင် ကြိုးစားမယ်၊ တိမ်မွေ့ ဦးလေးနဲ့အဒေါ်ဆီမှာ တူမလာတောင်းလှည့်မယ် ဟုတ်ပြီလား။ ကန့်ကွက် မယ့်သူရှိရင် လက်ထပ်စာချုပ်ပြပြီး အကျပ်ကိုင် တိုက်ပွဲဝင်ကြတာပေါ့"

တဲ့။ ဒီလောက်ပါပဲ။

"ကိုယ် တိမ်မွေ့ကို စိတ်မချဘူး၊ တစ်ရက်လေးမှလည်း မခွဲ နိုင်ဘူး။ ဒီရက်ထဲမှာ အဆင်မပြေတာတွေ ဖြစ်လာရင် ကိုယ်တို့ အကြာ ကြီး ဝေးနေရရင် ဘယ်လိုလုပ်မလဲ"

"ခိုးရာလိုက်ပြေးဖို့ ခေါ်နေတာလားဟင် တိမ်မွေ့က"

"အဲလို အဆင့်အတန်းမျိုးထဲက မဟုတ်ဘူးဆိုတာ ကိုယ်သိ ပါတယ်၊ တင့်တောင်းတင့်တယ် ခမ်းခမ်းနားနား လက်ထပ်ဖို့လည်း ရည်ရွယ်ထားတာပါ၊ ဒါပေမဲ့ ဒါ အခိုက်အတန့်လေး၊ အဆင်မပြေမှုတွေ ကို ရင်မဆိုင်ချင်လို့ ရှောင်ထွက်တာ ဖိအားပေးလာမှာတွေ မခံစားနိုင် လို့ လွတ်မြောက်မှု ရှာတာပါ၊ တိမ်မွေ့က ကိုယ့်ကို ယုံကြည်ပြီး လိုက် မလာနိုင်ဘူးလား"

"အန်တီတို့ကို ဘာမှအသိမပေးရသေးဘဲနဲ့"

"မင်း ဂရုမစိုက်ဘူးဆို၊ တစ်နေရာရာသွားတယ်ဆိုရုံလောက်ပဲ ပြောပြလိုက်ပေါ့၊ သိပ်မကြာပါဘူး"

"မောင့်ကားနဲ့ သွားမှာလား"

"ဒီကားက အစ်ကို့ကားပဲ၊ ထင်လင်းတို့ ယူသွားလိမ့်မယ်၊ တိမ်မွေ့ကားကို ကိုယ်မောင်းမယ်လေ၊ ဖြစ်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်သဘောပဲ မောင်ရယ်၊ မောင်ဖြစ်ချင်တာပဲ သိတယ်၊ တိမ်မွေ့ပြောလည်း လက်ခံမှာမှ မဟုတ်တာ"

"ကိုယ့်ကို လူဆိုးတစ်ယောက်လို့ မြင်နေတယ်ပေါ့"

"အင်း ချစ်လူဆိုးလေ မဟုတ်ဘူးလား၊ တိမ်မွေ့က မောင့်ကို ချစ်လို့ အကုန်လိုက်လျောနေရတာ၊ နောက်မှ အူကြောင်ကြားလုပ်လို့ ကတော့ တိမ်မွေ့အကြောင်း သိမယ်"

"အလာလား ကြောက်စရာကြီးပါလား၊ တိမ်မွေ့က တကယ် ရက်စက်မယ့်အထာနဲ့ မျက်စောင်းကြီး ထိုးနေလိုက်တာကွာ၊ ချစ်တယ်ဆို နည်းနည်းလျှော့"

"အဟင်း သွား ဘာမှန်းလည်း မသိဘူး"

ခေါင်းကြီးငုံ့ချပြီး နဖူးချင်းလာပွတ်တိုက်နေသည်မို့ ရှက်ရွံ့စွာ ရင်ဘတ်ကြီးကို တွန်းထုတ်လိုက်ရသည်။

ဒီလိုမျိုး သူ့ရဲ့ပွတ်သီးပွတ်သပ် ထိတွေ့ယုယမှုတွေမှာ နစ်မျော ရင်း ရုန်းထွက်လို့မရအောင် ငြိတွယ်နေခဲ့မိသည်။ ဒီလူအတွက်ပဲ ရှင်သန် ဖို့ လူဖြစ်လာခဲ့လေသလား။

သူခေါ်ရာ လိုက်ဖို့ စွန့်စားလိုက်တာလည်း အချိန်ယူစဉ်းစား ခဲ့တာမဟုတ်။

အိမ်ကိုတောင် မပြန်ဖြစ်တော့ဘဲ လမ်းမှာ လိုအပ်သည့် အသုံး အဆောင်အဝတ်အစားတွေ ဝင်ဝယ်ပြီး မောင်ခေါ်ရာ လိုက်ခဲ့ရသည့် အဖြစ်။

အိပ်မက်လား တကယ်လား။

အချစ်ရဲ့ လှုံ့ဆော်မှုကြောင့် အရာအားလုံးသည် အရူးကလို မဟုတ်တော့ဘဲ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၄)

ဆယ်နှစ်ကျော် ကင်းကွာလာခဲ့သော ရွာငယ်လေးက အနည်းငယ် ဖွံ့ဖြိုးတိုးတက်လျက် စိမ်းလန်းစိုပြည်နေသည်။ ရွာထိပ်က ညောင်ပင်ကြီးတောင် အရိပ်တော်တော်ရနေပြီး အုံ့မှိုင်းညို့ဆိုင်းနေ၏။

မြေနီလမ်းအတိုင်း မောင်းလာခဲ့သော ကားက ရွာအဝင်လမ်းမှာ ချိုင့်တွေ ခွက်တွေ ရှောင်မောင်းနေရ၍ ဖုန်တထောင်းထောင်းထကာ ယိမ်းထိုးနေသည်။

"မောင်နေခဲ့တဲ့ရွာက အဲလောက် အလှမ်းဝေးပြီး တောခေါင်တဲ့ နေရာလား။ မောင့်ကို တိမ်မွှေ့က မြို့သားတစ်ယောက်ပဲ ထင်နေတာ"

တိမ်မွှေ့ အံ့ဩတကြီး ပြောလာတော့ သူ တိတ်ဆိတ်စွာပင် ပြုံးရင်း ကားကို ဂရုစိုက်မောင်းလာခဲ့သည်။

သူ မသိသော ကလေးအုပ်စုက နွားကျောင်းရင်း ခြေလျင်ကားလွှားဆော့ကစားရင်းနှင့် သူတို့ကားကြီးဝင်လာတာကို အော်ဟစ်ပြီး နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့သားသမီး၊ ဘယ်သူ့ကလေးတွေမှန်းမသိပေမယ့် သူကလည်း အော်ဟစ်နှုတ်ဆက် လက်ပြလိုက်၏။

"မောင် အဲဒီကလေးတွေကိုသိလို့လား"

"မသိပေမယ့် ရွာထဲကဆိုတော့ ရပ်ဆွေရပ်မျိုးတွေပဲ ဖြစ်မှာပေါ့၊ သူတို့ပျော်နေကြတယ်လေ၊ ကိုယ်လည်း ပျော်တယ်"

တကယ်ကို ဝန်းရံခ အူလှိုက်သည်းလှိုက် ပျော်နေသလိုပါ။ ကားမောင်းရင်းဖြင့် ရယ်ပြုံးနေလိုက်တာ ပါးစပ်တောင် မစေ့။ မောင်က တကယ့်ကို ရွာသားတောသား စစ်စစ်လား။

"မောင်သွားမယ့် အိမ်ကို မရောက်သေးဘူးလားဟင်၊ လမ်းက တော်တော်ဆိုးနေပြီ"

"အရင်ကဆို ဒီလမ်းတွေက ကားဝင်လို့တောင် ရတာမဟုတ်ဘူး၊ နွားလှည်းမောင်းလို့ပဲ ရတာ၊ ရှေ့နားက အိမ်ဆို ရောက်ပါပြီ၊ ကိုယ့်သူငယ်ချင်း သံခဲ ရှိလား မရှိလားတော့ မသိဘူး"

ရွာထဲကို ကားဝင်လာကတည်းက ဟိုအိမ်ဒီအိမ်တွေက အထူးအဆန်း ထွက်ကြည့်ကြသည်။

ဝန်းရံခက တွေ့သမျှ လူတွေကို လက်ပြရင်းနှင့် အိမ်တစ်အိမ် ရှေ့ရောက်တော့ ကားကို ထိုးရပ်လိုက်၏။

"သံခဲ ဟိတ်ကောင် သံခဲ"

အိမ်ရှေ့ ထွက်ရပ်နေသူကို ကားပေါ်ကဆင်းပြီး ဝန်းရံခ ဖြတ်အတင်းခေါ်သည်။ သံခဲက ပြူးပြဲကြည့်ပြီး တအံ့တဩ ဖြစ်နေကာ ပြန်ထူးဖို့ မေ့နေသည်။

"သံခဲ ငါလေ ချက်စူ၊ မမှတ်မိဘူးလား ချက်စူပါကွ"

"မင်း မင်း ချက်စူ၊ ချက်စူ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ချက်စု ဘဘုန်းကြီးကျောင်းမှာနေတဲ့ မင်းနဲ့ အေးမရဲ့ သူငယ်ချင်း ချက်စု"

"ဟာ အေး မင်း မင်းက မြို့သားကြီးဖြစ်ပြီး အရမ်းခန့်အရမ်းချောလာတော့ မမှတ်မိဘူး ဖြစ်နေတာကွ၊ ဟား အေးမရေ အေးမ ဒီမှာ ငါတို့သူငယ်ချင်း မြို့သားကြီးချက်စု လာတယ်ကွ၊ ထွက်ကြည့်စမ်းပါဦး၊ ကားကြီးနဲ့ကိုလာတာပေါ့၊ ဟင် မင်းက မြို့သူမိန်းမပါ ပါလာတာလား၊ ကံကောင်းလိုက်တာ ထူးလိုက်တာကွာ၊ မင်းမိန်းမပါ ခေါ်လေ ချက်စု၊ ငါ့အိမ်ထဲ သွားရအောင်"

အာပေါင်အာရင်းသန်သန် အော်နေတာမို့ ချိတုံချတုံဖြင့် တိမ်မွေ့ခင် ကားပေါ်က ဆင်းလိုက်ရသည်။

တဲအိမ်လေးထဲက မိန်းမတစ်ယောက် ပြေးထွက်လာပြီး

"အမလေး ချက်စု၊ နင်က ဘယ်လိုလုပ် သူဌေးကြီးဖြစ်သွားတာလဲ၊ ကားရော မိန်းမရော အရမ်းလှပါလားဟယ်၊ သောက်ကျိုးနည်း အံ့ဩစရာကောင်းလိုက်တာ"

"နင်ကရော သံခဲအိမ် ဘယ်လိုလုပ် ရောက်နေတာလဲ"

"ဘယ်လိုလုပ် ရောက်ရမလဲဟဲ့၊ ငါ့ယောကျ်ားအိမ် ငါလာနေတာပေါ့"

"ဟုတ်တယ်ကွ ငါတို့ လက်ထပ်လိုက်ကြပြီလေ၊ ကလေးတောင် သုံးနှစ်သားလေးတစ်ယောက်၊ တစ်နှစ်သမီးလေးတစ်ယောက် ရနေပြီ၊ မင်္ဂလာဆောင်တုန်းက ဝက်သားကျွေးနဲ့ကွာ၊ မင်းကို အရမ်းဖိတ်ချင်တာ၊ မင်းက ဘယ်မှာနေမှန်းလည်း မသိ၊ ဘာအဆက်အသွယ်မှလည်း မလုပ်တော့"

"ကဲ အိမ်ထဲကျမှ အေးအေးဆေးဆေး ပြောပါတော့၊ ငါတို့

www.burmeseclassic.com



တစ်ညလုံး ကားမောင်းလာတာ ပင်ပန်းနေပြီကွ''

''ဟော အေး ဟုတ်သား၊ မင်းမိန်းမလည်း ခေါ်လေ၊ အေးမ ဘာပစ္စည်းတွေ သယ်ရမလဲ မေးပြီး သယ်ခဲ့ပါဦး''

''အောင်မယ် တော်က အချောင်ခိုသွားလို့ ရမလား၊ တော် လည်း ဝိုင်းသယ်''

''အေးပါကွာ ဟဲ ဟဲ''

သံခဲက ကွမ်းယာစားထားသော သွားကြီးတဖြဲဖြဲနှင့် မိန်းမကို ကြောက်ပုံရသည်။ မအေးမကလည်း ကားကြီးကို လှည့်ပတ် ကိုင်တွယ် ကြည့်ရင်း သဘောတွေကျကာ တပြုံးပြုံး။

အထုပ်အပိုးတွေ သယ်ပြီးတော့ အိမ်ရှေ့ခုံတန်းလျား အရှည် လေးမှာ ထိုင်လိုက်ကြသည်။

''ဟဲ့ အေးမ ချက်စရာတို့အတွက် စားစရာတစ်ခုခု လုပ်ပါဟ၊ ငါ့သူငယ်ချင်းကြီး ခရီးဝေးက လာရတာ ပင်ပန်းပြီး ဗိုက်ဆာနေမှာပေါ့''

''ဘာရှိလို့ ဘာကျွေးရမှာလဲ ပျင်းရဲ့၊ လေပဲပေါ်မနေနဲ့ ကြက် တစ်ကောင်လောက် လေးခွနဲ့ပစ်ပေးဦး။ ကျုပ် ရေနွေးအိုး အရင်တည် လိုက်မယ်၊ ထမင်းချက်ကျွေးမှ ဖြစ်မှာပေါ့''

''အေးပါ မိန်းမရ၊ ချည်သည်တွေရှေ့မှာ ငါ့ဂုဏ်ပုဒ်ကို ဖော် ထုတ်ပြီး အရှမ်းမပေါက်ပါနဲ့''

''သံခဲ မင်းကတော့ မယားကြောက်ထင်တယ်''

''လက်ကြောတင်းအောင်မှ လုပ်မကျွေးချင်တာ၊ မကြောက်လို့ ရမလား။ နင့်သူငယ်ချင်းက ညနေဆို ထန်းရည်လေး တမြမြက ရှိချင် သေးတယ်''

''အေးပါ ငယ်ငယ်ကတည်းက နင့်ကို ကြောက်လာရတာ ငယ်ကြောက်လိုဖြစ်နေမယ်ဆိုတာ ငါ သိပါတယ်၊ နေဦးဟ ငါတို့ လင်မယား

www.burmeseclassic.com



နေ့လယ်စာ စားခဲ့ပြီးပါပြီ ညနေစာမှ ချက်ပါ၊ အခု အေးအေးဆေးဆေး စကားပြောရအောင် ထိုင်စမ်းပါ လာ ငါ့မိန်းမနဲ့လည်း မိတ်ဆက်ပေးမယ်"

"အေး အဲဒါဆိုလည်း ရေနွေးအိုးလေးတော့ ချဦးမယ်၊ ကိုသံခဲ ကြောင်အိမ်ထဲက ဇီးယိုနဲ့ ထန်းလျက်ခဲ သွားယူချည်ဦး သွား"

"အေးပါဟ"

အေးမက ရေနွေးပွဲချပေးပြီး သံခဲက ဇီးယိုနှင့်ထန်းလျက်ခဲကို ပန်းကန်လေးနှင့် ယူလာကာ ချကျွေးသည်။

"စား ညီမလေး၊ အစ်မတို့ရွာမှာတော့ ဧည့်ထောက်ခံစရာ အဲဒါပဲ ရှိတယ်"

"ဟုတ် ဟုတ်ကဲ့"

တိမ်မွေ့ခင်မှာ ဝန်းရံခရဲ့စိတ်မြစ်ကို သိလိုက်ရ၍ အံ့ဩရမှာလား ထိတ်လန့်ရမှာလားပင် မသိတော့ပါ။ ဝန်းရံခကတော့ ချက်စုလို့ အခေါ်ခံရတာကို ကြည်နူးနေတာလား၊ သူငယ်ချင်းတွေနှင့် ပြန်ဆုံရလို့ ပျော်နေတာလား မသိဘဲ ရွှင်ရွှင်မြူးမြူး ပျော်နေသည်။

"သံခဲ မင်းအဘရော မမြင်ပါလား"

"အဘ မနှစ်က ဆုံးသွားပြီကွ၊ အဲဒါကြောင့် ငါတို့မိသားစု ဒီအိမ်ကို ပြန်ရောက်လာတာ၊ မင်္ဂလာဆောင်ပြီးစက အေးမတို့အိမ် လိုက်နေရတာလေ"

"ငါ့အိမ်လိုက်နေတုန်းကလည်း ငါ့မိဘတွေနဲ့ မတည့်ပါဘူးဟယ်၊ ကြက်တိုင်ချင်ရတာနဲ့ ထန်းရည်လေး တမြမြနဲ့ သူ့ကိုယူမိတာ မှားပါတယ်"

"အဲလို မပြောပါနဲ့ဟာ၊ အချစ်နဲ့ပတ်သက်ရင်တော့ နင့်အပေါ် ယော်ငယ်လေးကတည်းက သစ္စာရှိခဲ့တာပါ၊ ကြီးရင် နင့်ကိုပဲ ယူမယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ချက်စုကိုတောင် မှာလွှတ်လိုက်တာ"

"ဘာကြီးတာလဲ"

"အသက်လေ အသက်၊ အရွယ်ရောက်တော့ နင့်ကို ယူလိုက်တာ မဟုတ်ဘူးလား"

"ဟွန်း တခြားမိန်းကလေးတွေ ပိုးမရလို့ဆိုတာ သိသားပဲ၊ နင့်ရုပ်ကို ငါလိုမျက်စိကန်းနေတဲ့ မိန်းမမို့ ယူမိတာ"

အပြန်အလှန် တုံ့ပြန်မှုများဖြင့် စကားပြောသံ ရယ်သံများက ကျယ်ကျယ်လောင်လောင် အုံးအုံးကြွက်ကြွက်။

တိမ်မွေ့ခင် နားထဲမှာတော့ တောခလေ့ တောစရိုက်နှင့် အံဝင်ဂွင်ကျ မရှိတာမို့ မကြုံဘူး ထူးလှကာ ဆူဆူညံညံကြီး ဖြစ်နေသည်။

ဒါပေမဲ့ ရိုးသားပွင့်လင်းသူများလို့ ကောက်ချက်ချလို့ ရနိုင်ပါသည်။ ရောက်လာကတည်းက ဖော်ရွေရင်းနှီးမှုများဖြင့် ပြုံးပျော်နေတာ တစ်စက်မှ လျော့ပါးမသွားပေ။

ဒီလိုနေရာမျိုးက ဝန်းရံခံရဲ့ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်နေလိမ့်မည်လို့ ဘယ်တုန်းကမှ တွေးမထားမိ။

ရောက်လာမှတော့ အလိုက်အထိုက် နေပေးလိုက်တာ အဆင်ပြေလိမ့်မည်။

သူ့ကိုချစ်လို့ လိုက်လာပြီးမှ နှာခေါင်းတရှုံ့ရှုံ့လုပ်နေလျှင် ဝန်းရံ ငြိုငြင်သွားနိုင်သည်။

ဘာသဘောနှင့် ဒီလိုနေရာကို ခေါ်လာသည်ဆိုတာ မသိရသည့် သူ့မျက်နှာလေး ပြုံးပျော်နေတာကို ကြည့်နေရင်း...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"တစ်လမ်းလုံး ဖုန်တွေသဲတွေ ချွေးတွေနဲ့ ညစ်ပတ်နေတာ ရေချိုးရအောင်လေ မောင်၊ ဘယ်သွားချိုးကြမလဲဟင်၊ ဒီအိမ်ထဲမှာ ကြည့်ရတာ ရေဆိုလို့ စည်ပိုင်းပြတ်နဲ့ စဉ့်အိုးလေးတွေပဲ ရှိသလားလို့"

"ဟုတ်တယ်လေ ဒီရွာမှာက အိမ်တိုင်း သုံးရေသောက်ရေ အတွက်ပဲ အဓိကထားတာ၊ ရေချိုးရင် ရွာလယ်ခေါင်က ရေတွင်းမှာ သွားချိုးချင်ချိုး၊ မချိုးချင်ရင် မြစ်ဆိပ်ဆင်းကြတာပဲ၊ တိမ်မွေ့က ဘယ်မှာ ချိုးချင်လို့လဲ"

"အဲလိုကြီးလား တိမ် တိမ်မွေ့က ဘယ်မှာချိုးရမှာလဲ"

တိမ်မွေ့ စိတ်ပျက်လက်ပျက် နှာခေါင်းရှုံ့မိသွားရသည်။ အိမ်ထဲ ဝိုင်းထဲမှာတောင် ရေချိုးလို့ အဆင်မပြေပါလား။

ဝန်းရံခက ရေလဲပုဆိုးတစ်ထည် ပခုံးပေါ်တင်ပြီး

"လာလေ အဝတ်အစားလဲဖို့ယူခဲ့၊ တွင်းရေ သွားချိုးရအောင်"

"ဟင် မောင်နဲ့အတူတူ ချိုးရမှာလား၊ ဟို မ မအေးနဲ့ သွား လို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အကာအရံမရှိသည့်နေရာမှာ ယောက်ျားလေးတစ်ယောက်ရွေ့ ဘယ်လိုလုပ် ပေါ်ပေါ်တင်တင် ရေချိုးရမလဲ။

ဝန်းရံခက စိတ်မရှည်သလို မီးဖိုချောင်ဘက် မေးငေါ့ပြပြီး

"ဟိုမှာ အေးမက ကိုယ်တို့စားဖို့ ထမင်းဟင်း ချက်နေတယ်၊ သံခဲက ရွာထဲ အသီးအရွက်လည်ခူးနေတာ၊ ဘယ်လိုလုပ် အားမှာလဲ"

"ဟို့ မောင့်ရှေ့ကြီးမှာ"

"အောင်မာ ရေတွင်းရောက်ရင် ကိုယ်တစ်ယောက်တည်း ယောက်ျားလေးရှိမှာ မဟုတ်ဘူး၊ တခြား ယောက်ျားတွေလည်း အများကြီး လာချိုးနေကြတာ"

"ဟင် အဲ အဲဒါဆို မြစ် မြစ်ဆိပ် သွားရအောင်နော်၊ အဲဒီ မြစ်ဆိပ်ကရော အရမ်းဝေးလား"

"မြို့မှာလို တက္ကစီတွေ၊ ဆိုက်ကားတွေနဲ့တော့ သွားလို့ မရဘူး၊ လမ်းလျှောက်ရမှာပေါ့၊ လာပါ သွားလာနေတဲ့သူတွေ အများကြီး ဆိုတော့ ပျော်စရာကောင်းပါတယ်"

အပြုံးအရယ်များနှင့် မဟုတ်ဘဲ ခပ်တည်တည် ခေါ်နေတာကြောင့် ဝန်းရံခ စိတ်မရှည်ဖြစ်နေပြီဆိုတာ သူမ သိသည်။ ဒီအတိုင်း အဝတ်အစားလဲဖို့ ယူတာ မခက်ပေမယ့် အဝတ်လျှော်ဖို့ ဆပ်ပြာနဲ့ ကိုယ်တိုက်ဆပ်ပြာက ဘယ်လိုလုပ်မည်လဲ။

"မောင် ဆပ်ပြာတွေ ဘာတွေ ယူရဦးမယ်လေ၊ ဘာမှမပါဘဲ ဒီအတိုင်းသွားလို့ ဖြစ်မလား"

"ဒီမှာ ဆပ်ပြာကို ဘယ်သူမှ အရေးတယူ မသုံးဘူး။ မြစ်ထဲက ချောင်းသဲလဲတွေ၊ ကျောက်ခဲတွေနဲ့ ပွတ်တိုက်လိုက်ရင် ချေးပြောင်သွားတာပဲ၊ အဝတ်တိုက်ဖို့တော့ အေးမတို့မှာ ဆင်ချေးတုံးဆေးပြာ ရှိဦးမလား

www.burmeseclassic.com

www.burmeseclassic.com



သေဘူး၊ ကိုယ်တောင်းခဲ့ပါမယ်''

''အဲလိုမှန်းသိ လမ်းကနေ အဲကုန်အစုံ ဝယ်ခဲ့ပါမယ် မောင်ရယ်၊ မောင်သွားမယ့်ရွာက အဲလောက် ချို့တဲ့မယ်မှန်း မသိလို့ပါ''

''အပြစ်တင်ချင်နေပြီလား၊ စိတ်ကုန်လို့ ပြန်လှည့်ချင်ပြီလား၊ တိမ်မွေ့''

''မ မဟုတ်ပါဘူး မောင်ကလည်း၊ ဒီလို အခြေအနေဆိုတာ ကြုံပြောရင်''

တည်တင်းနေသော ဝန်းရံ့ မျက်နှာကြောင့် တိမ်မွေ့ စကားကို အဆုံးမသတ်တော့ပါ။ ခြေလှမ်းကျဲနှင့် လျှောက်သွားသော ဝန်းရံ့နောက်ကသာ ခပ်ကုပ်ကုပ်လေး လိုက်လာခဲ့ရသည်။ ရွာလယ်လမ်းကို ဆောက်တော့ ရေတွင်းမှာ ရေချိုးနေကြတာ ယောက်ျားမိန်းမ တစ်ပြုံတမ။

''ဟဲ့ ချက်စု နင် မိန်းမခိုးလာတာလား၊ မြို့သားကြီးဖြစ်သွားလို့ သွေးမကြီးနဲ့နော်၊ ငါတို့အိမ်လည်း ထမင်းတစ်နပ် လာစားဦး''

''နင့်မိန်းမက ရုပ်ရှင်မင်းသမီးကျနေတာပဲ၊ ချောလိုက်တာ မှုန်နေတာပဲဟယ်''

''နင့်မိန်းမ ရေချိုးမယ်ဆို၊ ငါတို့ ရေဆွဲပေးမယ်လေ လာပါဟဲ့''

အားလုံးက ရွှန်းရွှန်းဝေအောင် ဝိုင်းအော်ကြသည်။ တိမ်မွေ့မှာ မနေတတ်မထိုင်တတ်ဖြင့် ဝန်းရံ့ လက်မောင်းကို ဆုပ်ဆွဲ၍ နောက်မှာ ခပ်ကွယ်ကွယ်လေး ဖြစ်နေရ၏။

''နေပါစေ မမွေးတို့ရာ၊ သူက မြစ်ဆိပ်သွားချိုးချင်တယ် ဆိုလို့ လိုက်ပို့လိုက်ဦးမယ် ကျေးဇူးပဲ''

''အေး ညကျ ကောင်းကောင်းအိပ်ချင်ရင် တို့ ကာလသားတွေကို ထန်းရည်အဝတိုက်ဖို့ မမေ့နဲ့နော်၊ မဟုတ်လို့ကတော့ တစ်ညလုံး

www.burmeseclassic.com

www.burmeseclassic.com



မအိပ်ရအောင် ခဲမိုးရွာမယ်''

''ဟုတ်တယ် ဟုတ်တယ် တို့အပျိုတွေအတွက်လည်း [illegible] လုပ်ပေးရမယ်၊ ရွာကို လက်ဗလာနဲ့ မိန်းမလာပြရုံလေးဆို [illegible]''

တစ်ယောက်တစ်ပေါက် အော်ကြဟစ်ကြ ဆူညံနေသည်။ [illegible] ခက ထိုလူတွေရှေ့မှာ တပြုံးပြုံးဖြစ်နေပေမယ့် တိမ်မွှေ့ခင်ဘက် လှည့်လိုက်သည့် မျက်နှာကတော့ အတည်အတံ့နဲ့ပါ။

အမော်ဆိုအောင် ကုန်းကမူတွေ တာ့ပေါင်တွေကို လျှောက်ပြီးမှ မြစ်ဆိပ်ဆိုတာကို ကျယ်ကျယ်ဝန်းဝန်း လှမ်းမြင်ရသည်။ ထိုသို့ မြင်နေတာတောင် သဲသောင်ပြင်ကို ရှန်းကန်ပြီး လျှောက်ရသေးသည်။

ဟိုးမှုန်ပြပြနေရာမှာ လှေတွေ သင်္ဘောတွေ လှမ်းမြင်နေရပေမယ့် ဒီဘက်မှာတော့ လူသူပါ အနည်းငယ် ရှင်းနေသည်။ တိမ်မွှေ့က ရေကိုမြင်ပြီး ကြောက်ဒူးတုန်သလို ဖြစ်နေပေမယ့် ဝန်းရံခက အပေါ် အင်္ကျီနှင့်ပုဆိုးကို ချွတ်ပြီး ဘောင်းဘီတိုလေးနှင့် ရေထဲကို ဂွမ်းထိုးကာ ခုန်ဆင်းသွားသည်။ သူမကို ရေကူးရဲလား။ ရေကူးတတ်လား သူ မမေး။

သစ်မြစ်စုံနားမှာ အဝတ်အိတ်လေးချထားပြီး ကိုယ်ပေါ်က အဝတ်ကို ဘယ်လိုချွတ်၍ ဘယ်လိုရေချိုးရမှန်းမသိပါ။

''လာလေ တိမ်မွှေ့ ရေချိုးမယ်ဆို ဆင်းလာခဲ့လေ''

''ဒီ ဒီအတိုင်းကြီး လာရမှာလား၊ ဟို အဝတ်အစားတွေ မချွတ်ရဲဘူး''

''မချွတ်ရဲလည်း ဆင်းလာခဲ့ပေါ့၊ ပြီးမှ လဲလိုက်လည်း ဖြစ်တာပဲ''

''တိမ် တိမ်မွှေ့ကို လာခေါ်ပါဦး၊ တိမ်မွှေ့ ရေထဲမဆင်းရဲဘူး ရေစွက်ပါလာရင်လည်း ကောင်းသားနော်၊ ဒီနားမှာ ရေပက်ချိုးလို့ရတယ်''

www.burmeseclassic.com

www.burmeseclassic.com



ရေစပ်မှာ တုန့်တုန့်ချိချိလေးရပ်ရင်း ပြောတော့ ဝန်းရံခက တဟားဟား အော်ရယ်ရင်း သူမကို ရေလယ်ခေါင်ထိ ဆွဲခေါ်ချသွားသည်။

"မောင် မလုပ်နဲ့ မလုပ်ပါနဲ့၊ တိမ်မွေ့ ရေမကူးတတ်ဘူးနော်၊ အရမ်းမွန်းတယ်"

"မြစ်ထဲလာပြီး ခွက်နဲ့ခပ်ချိုးရင် လူရယ်စရာကြီး ဖြစ်နေမှာပေါ့၊ ဒီလို ရေငုပ်ပြီး ချိုးရတယ် ချိုး"

ရေထဲကို ဆွဲဆွဲနှစ်နေတာမို့ တိမ်မွေ့ခင် ဂူးဂူးဝါးဝါး အော်ရင်း အသက်ရှူချိန်မရအောင် ရေမွန်းနေသည်။

ဝန်းရံခက သူ့ကိုဖက်တွယ်ဆုပ်ဆွဲထားသော တိမ်မွေ့ခင် လက်တွေကို ဆွဲဖြုတ်၍ ကမ်းစပ်ဘက်ကို ရေကူးပြန်လာခဲ့သည်။

"မောင် တိမ်မွေ့ကို မထားခဲ့နဲ့ မထားခဲ့ပါနဲ့၊ တိမ်မွေ့ ရေမကူးတတ်ဘူး၊ ကြောက်တယ် အရမ်းကြောက်တယ်"

"ဟား ဟား ဟား"

သိမ်မွေ့ခင် ပြူးပြူးပျာပျာ ငုတ်ချည်ပေါ်ချည် ဖြစ်ရင်း ကြောက်လန့်တကြား အော်နေတာကို အရသာခံကြည့်၍ ဝန်းရံခ တဟားဟား အော်ရယ်နေသည်။

ဘယ်လိုအငြိုးတွေနဲ့လဲ။ ဘာကြောင့်လဲ။

တကယ်ကို သေစေချင်သော ဆန္ဒနှင့် လုပ်လျှရှုထားတာလိုလို။

"မောင် တိမ်မွေ့ကို သေစေချင်လို့လား၊ တိမ်မွေ့ သေတော့မယ် မောင်ရဲ့၊ လုပ်ပါဦး ကယ်ပါဦး"

"မောင်"

ငယ်သံပါအောင် အော်ရင်း တိမ်မွေ့ခင် လုံးဝပြန်ပေါ်မလာတော့။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ် ဘယ်ရောက်သွားတာလဲ"

အခုမှ ဝန်းရံခဲ့ အသိဝင်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ဒီလိုသေသွားလို့တော့ မဖြစ်သေး။ ဒီလောကနဲ့ အဆုံးသတ်လို့ မဖြစ်သေး။

ဘာမှမသိသေးဘဲ တိမ်မွေ့ခင်ကို အသေမခံနိုင်သေးပါ။

"တိမ်မွေ့ တိမ်မွေ့"

လျှင်မြန်စွာ ကူးခပ်သွားရင်း ရေပလုံစီနေသော နေရာလေးကို ဝန်းရံခဲ့ ဒိုင်ဗင်ထိုးချကာ တိမ်မွေ့ခင်ကို ဆယ်ခဲ့ရသည်။ ငါ ဘယ်သူဆိုတာ မသိသေးဘဲ ငါ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ မသိသေးဘဲ မင်း မသေပါနဲ့ဦး တိမ်မွေ့ခင်။

အရာအားလုံး သိသွားတဲ့နေ့ မင်း ဘယ်လိုခံစားရမလဲဆိုတာ ငါ စောင့်ကြည့်ချင်ပါသေးတယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"စောင့်ကြည့်ရမှာပေါ့၊ သူ အရမ်းကို လန့်သွားတာ၊ မင်း သူ ရေမကူးတတ်မှန်း မသိဘူးလား"

"မသိလို့ပေါ့ကွာ၊ သိရင် ဒီလိုမျိုး လွှတ်ထားပါ့မလား"

"ဒါတောင် တော်တော်နဲ့ ဆင်းမဆယ်ဘဲ ဒီအတိုင်း အကြာကြီး ထိုင်ကြည့်နေတာဆို၊ မင်းကွာ မင်းမိန်းမ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"နင့်နဲ့ဟယ် မိန်းမချောချောလှလှလေး ယူလာပြီးသေမှာ မကြောက် ဘာမကြောက်၊ ဒီလောက် ချစ်စရာကောင်းတဲ့ မြို့သူလေးကို မနှမြောဘူးလားဟဲ့"

သံခဲနှင့်အေးမကို ဘာမှရှင်းပြမနေတော့ဘဲ အိမ်ရှေ့ ကွပ်ပျစ်ကို ထွက်လာခဲ့သည်။

သံခဲက သူ့နောက်လိုက်လာပြီး အေးမက တိမ်မွေ့အနားမှာ စောင့်နေခဲ့၏။

"မင်း သူ့ကိုတကယ်ချစ်လို့ လက်ထပ်ခဲ့တာရော ဟုတ်ရဲ့လား ချက်စု"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အေးတိအေးစက်ကြီးဖြစ်နေသလားလို့ပါ၊ ဒီလောက် ထိရှက်ကိုင်ရက်စရာမရှိအောင် ချောလှနေတာကွာ ယုယုယယ ထွေးထွေးပွေ့ပွေ့ မရှိဘူး။ ငါတောင်မှလေ ရွက်ကြမ်းရေကျို အဆင့်လောက်တောင် မရှိတဲ့ ပုံမလာပန်းမလာ အေးမကို ကြင်ကြင်နာနာနဲ့ ငုံထားမတတ် ချစ်တာကွ"

"ပြည့်ပြည့်စုံစုံထားနိုင်ဖို့ လက်ကြောတင်းတင်း လုပ်ကိုင်မကျွေးတာကလွဲရင်လား"

"ဒါကတော့ကွာ ငါက ဘာပညာတွေတတ်လို့ လုပ်ငန်းကြီးကြီးမှာ ဦးဆောင်ပြီး လုပ်ကိုင်ကျွေးရမှာလဲ၊ သူများတွေလို မြို့ပေါ်တက်ပြီး ငွေမရှာတာကလည်း ငါ့မိသားစုကို မခွဲနိုင်လို့ပါ။ အဲဒါကြောင့် တောခလေ့အတိုင်း အဆင်ပြေသလိုပေါ့၊ ဒါနဲ့ မင်းတို့ချစ်လို့ လက်ထပ်ခဲ့ကြတာရော ဟုတ်ရဲ့လား၊ လက်ထပ်တာရော ကြာပြီလား"

"မနေ့ကမှ တရားရုံးမှာ လက်မှတ်ထိုးခဲ့ပြီး ဒီကို တန်းခနဲထွက်လာတာပဲ"

"ဟာ ဒါဆို မင်္ဂလာဦးည ဘာဘာညာညာ ဘာမှဟိုဒင်းဟိုဟာ"

သံခဲက စပ်တိစပ်ဖြဲ။ အတွေးပေါက်သွားသော ဝန်းရုံခကမျက်နှာတစ်ခုလုံး ထူပူသွားကာ သံခဲ လက်မောင်းကို ဖတ်ခနဲ လှမ်းထိုးပြီး အရှက်ပြေရယ်သည်။

"ငါ့ကောင်ကြီး ဒီနေ့ည ငါ့အိမ်မှာပဲ မင်္ဂလာဦးညလိုက်ပေါ့ကွာ"

"ဟင့်အင်း လက်မှတ်ထိုးထားတယ်ဆိုပေမယ့် မင်္ဂလာမှ မဆောင်ရသေးတာ၊ သူက အေးမနဲ့ အိပ်လိမ့်မယ်၊ ငါက မင်းနဲ့အိပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘယ့်နှယ် အဲလိုအိပ်ရင် ငါက ငှါမိန်းမနဲ့ ခွဲအိပ်ရမှာလား၊ မဖြစ်ဘူး မဖြစ်ဘူး ငါက ငှါမိန်းမနဲ့ တစ်ခါမှ ခွဲအိပ်ဖူးတာ မဟုတ်ဘူး"

သံခဲက ခါးခါးသီးသီး ငြင်းဆန်ကာ ထအော်သည်။ သံခဲလက်ကို ဆွဲပြီး အလျင်အမြန် ပါးစပ်ပိတ်လိုက်ရ၏။

"ဘူးကောင် မင်းအသံလူကြားရင် နှာဘူးကောင်လို့ ထင်သွားဦးမယ်"

"ဘာဖြစ်လဲ ကိုယ့်မိန်းမနဲ့ကိုယ် နေစမ်းပါဦး၊ မင်းကလည်း လက်မှတ်ထိုးပြီးသားတောင် မိန်းမနဲ့ဘာလို့ မအိပ်တာလဲ၊ တချို့ဆို လက်မှတ်ထိုး မင်္ဂလာမဆောင်ခင်ကတည်းက ဗိုက်ကြီးတဲ့သူတွေတောင် ရှိသေး"

"အဲဒါက ကိုယ့်ချစ်သူအပေါ် တန်ဖိုးမထားတတ်တဲ့ ပန်းကောင်းအညွန့်ချိုးသမားတွေ ဖြစ်မှာပေါ့ကွာ"

"မင်းက မင်းမိန်းမကို မနမ်းရက်မရှိက်ရက် တန်ဖိုးထားလို့ပေါ့ ဟုတ်လား"

"ဆိုပါတော့ အဲဒီကိစ္စ အေးမကိုလည်း သေချာပြောထားဦး"

"အေးမက ပြောလို့ရပါတယ်၊ ဒါပေမဲ့ အေးမက ကလေးတွေနဲ့ အိပ်တာဆိုတော့ သေးပေါက်တဲ့သူ ငိုတဲ့သူနဲ့ မင်းမိန်းမ အိပ်တတ်ပါ့မလား"

"ရောမရောက်တော့လည်း ရောမလိုကျင့်ရမှာပေါ့ကွာ၊ ကိုယ့်အိမ်မှာလို နားအေးပါးအေး မွေ့ရာတစ်တောင်လောက်အပေါ်မှာ ဇိမ်နဲ့ နှပ်နေချင်လို့ ဖြစ်မလား၊ နောက်ရက်တွေဆို နေသားကျသွားမှာပါ"

"အေး မင်းကတော့ သူဌေးသမီးယူလာပြီး အငြိုးကြီးကြီးနဲ့

www.burmeseclassic.com



ပုံစံပေးနေသလိုပဲ ခက်ပါရဲ့"

"ကဲပါကွာ ဘာမှပြောမနေနဲ့တော့၊ ထမင်းစားရအောင် ဗိုက်ဆာနေပြီ"

"နေဦးလေ မင်းမိန်းမ ဆေးရှိန်နဲ့ မှိန်းနေတာ၊ နိုးမှ အတူတူ စားကြတာပေါ့"

"နိုးနေပြီ ထင်ပါတယ်၊ အပေါ်မှာ အေးမ စကားပြောသံ ကြားတယ်၊ ဟိုမှာ မင်းကလေးတွေလားကွ အိမ်ပြန်လာကြတာ"

"အေး ဟုတ်တယ် ဒေါ်ဘုမအိမ် သွားလည်နေကြလေ၊ စားချိန် သောက်ချိန်မှ ပြန်လာကြတာ"

ဒေါ်ဘုမက ကလေးတွေလက်ဆွဲပြီး ပြန်လာပို့သည်။ အကြီးကောင်က အိမ်ရှေ့မှာ ရပ်ထားသော ကားကို ပေရေနေသော လက်ဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်ရင်း သဘောတွေကျနေသည်။

"ဟဲ့ ကလေးတွေ တန်ဖိုးကြီးကားကို ဘာလို့ လက်ပေကြီးနဲ့ ကိုင်နေတာလဲ၊ ညစ်ပတ်ကုန်တော့မှာပဲ လာ လာ"

အေးမ အိမ်ရှေ့ထွက်လာပြီး ကလေးတွေကို လက်ဆွဲခေါ်သည်။ ဒေါ်ဘုမက ဟင်းတစ်ခွက်တောင်းကာ နှုတ်ဆက်ပြီးပြန်သွား၏။

"ဟဲ့ ချက်စူ၊ နင့်မိန်းမ နိုးနေပြီ၊ သွားခေါ်လိုက်ဦး၊ ထမင်းစားရအောင်၊ တော်လည်း ကြွ၊ ကျုပ်ကို ထမင်းပွဲကူပြင်ပေး၊ ကျေးဖူးရှင်လေးတွေက ထမင်းစားမီပြန်လာကြပြီ"

သံခဲနှင့်အေးမ သူ့အလုပ်နှင့်သူ ရှုပ်နေကြတော့ တိမ်မွှေ့ခင် ရှိရာ ဝန်းရံခ လာခဲ့လိုက်ရသည်။

"တိမ်မွှေ့ သက်သာလား"

အနားဝင်ထိုင်ကာ မေးတော့ တိမ်မွှေ့ခင် မျက်ရည်တွေ ဝိုး

www.burmeseclassic.com

www.burmeseclassic.com



ပိုးပေါက်ပေါက် ကျလာသည်။

"မောင် အရမ်းရက်စက်တယ်၊ တိမ်မွေ့ သေတော့မလား အောက်မေ့တာ"

"တိမ်မွေ့ ရေမကူးတတ်တာ ကိုယ် တကယ်မသိလို့ပါ၊ တိမ်မွေ့ အော်တာ နောက်နေတယ်ပဲ ထင်လို့၊ ကဲ အခု ဘာမှမဖြစ်တော့ဘူး မဟုတ်လား၊ ထမင်းစားရအောင် ထ"

ပြောရင်း ထရပ်လိုက်သော ဝန်းရုံခကို ကြည့်၍ တိမ်မွေ့ ဝမ်းနည်းသွားရပြန်သည်။

ဒီလိုဖြစ်နေချိန်မှာ ကြင်နာယုယမှုတွေဖြင့် ထွေးပွေ့ဖက်တွယ်ကာ ခေါ်သင့်သည်။ မောင့်ရဲ့စိမ်းသက်အေးစက်သွားမှုတွေကို လက်မှတ်ထိုးပြီး ဒီခရီးကို စထွက်လာကတည်းက ခံစားမိနေတာပါ။

ကားကို ဂရုစိုက်မောင်းနေသလိုလိုနှင့် စကားကို ဟုတ်တိပတ်တိ မပြော။ တစ်ခုခုကို တွေးနေတာလိုလို စဉ်းစားနေတာလိုလိုနှင့် သူမကို ဂရုစိုက်ခြင်းလည်း မရှိ။

ဘာဖြစ်ဖြစ် မောင် မျက်နှာငြိုမှာ မလိုလားသည့် သူမက မသိချင်ယောင်ဆောင်ပေးခဲ့သည်။

ခုလည်း ဝမ်းနည်းစိတ်နှင့် လိမ့်ဆင်းလာမည့် မျက်ရည်စက်တွေကို ပခုံးစောင်းနှင့်ပွတ်တိုက်သုတ်ပြီး မောင့်နောက်က အသာတကြည် ထလိုက်လာခဲ့ရသည်။

"ဟဲ့ အကြီးကောင် ဘာလို့ အငယ်မ ဟင်းဖတ်ကို နှိုက်စားရတာလဲ၊ ဟိုက ငိုနေလို့ ငါနော် ခေါက်ပစ်လိုက်ရ"

"သားကို အဖတ်သေးသေးလေး ထည့်ပေးတာကို ညီမလေး ထဲက မယူစေချင်ရင် ဟိုပန်းကန်ထဲက ထည့်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ခြော် အဲဒါ ညှော်သည်စားဖို့လေ၊ နင့်ထဲလည်း ထည့်ပြီး သားကို အဲဒါပဲ စား"

"ဟင့်အင်း မရဘူး ထည့်ပေး ထည့်ပေး"

ထမင်းဝိုင်းက ကလေးနှစ်ယောက်ငိုသံနှင့် ဆွဲလွဲနေတာကြောင့် ညစ်ပတ်ရှုပ်နေသည်။

ဒီထမင်းဝိုင်းမှာ သူမ ဘယ်လိုထိုင်စားရမလဲ။

"ဟဲ နင်တို့ကလေးတွေကို ဝအောင်ထည့်ကျွေးစမ်းပါဟာ၊ ငါတို့က ကိစ္စမရှိပါဘူး"

"ဘယ်ဟုတ်မလဲဟယ်၊ ထိုင်ပါ ညီမလေး ဒီကလေးတွေက အလိုလိုက်ရင် အဲဒီဟင်းပန်းကန်တောင် လောက်မှာမဟုတ်ဘူး။ လာ သေနာလေးတွေ နင်တို့ ဒီဘက်မှာ လာစားကြ"

မအေးမက အလိုက်တသိ ကလေးတွေကို ဆွဲရုန်းခေါ်သွား၍ တော်ပါသေးသည်။ သူမ ဝင်ထိုင်ပြီး ထမင်းစားပွဲကို ကြည့်လိုက်မှ ရင်ထဲမှာမကောင်းဖြစ်ရပြန်၏။

ကြက်သားအရည်ကျဲကျဲတစ်ခွက်၊ ငါးပိရည်နှင့် ချဉ်ရည်ဟင်း ဆန်က ကြမ်းလိုက်တာမှ အဝါရောင်တက်သမ်းနေသည်။

ဝန်းရံခက အားရပါးရ မြိန်ရေယှက်ရေ စားလို့ပါ။

"စားလေ တိမ်မွေ့၊ အေးမက အရမ်းဟင်းချက်ကောင်းတယ် ရန်ကုန်က ကိုယ်စားနေကျ ဆိုင်ထက်တောင် ကောင်းသေးတယ်"

"ဟုတ် ဟုတ်ကဲ့"

ဒီထမင်းဟင်းမျိုး မစားတတ်မှန်း သိလျက်နှင့် ညည်နင်အောင် ဖွတ်စားခိုင်းနေမှန်း သူမ သိပါသည်။ ရန်ကုန်မှာတုန်းက သူ့အတွက် အဆင်မပြေမှာစိုးလို့တောင် အကောင်းဆုံးဆိုင်တွေမှာ ဝယ်ကျွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း ပြည့်စုံအောင် ဝယ်ပေးခဲ့တာပါ။

ဒါတွေကို မောင် ဘာလို့ မေ့လိုက်တာလဲ။

ဒီဘဝမှာ ကျင်လည်ခဲ့သော မောင့်ကိုသာ ချီးကျူးရမည်လား။ အခြေအနေဖစ်မြစ်ကို မစုံစမ်းခဲ့မိတာ သူမ အမှားဆိုရင် မောင့်မှာ ဖုံးကွယ်မှုတစ်ခုခု ရှိနေမှာ အသေအချာပင်။

အဆုံးစွန် ချစ်ခဲ့ပြီး ဒီအခြေအနေမှတော့ မောင့်ကို အပြစ်လည်း မမြင်ချင်တော့ပါ။ ဒီမှာ ခဏတာနေပြီး ရန်ကုန်ပြန်ရောက်လျှင် အစစအရာရာ အဆင်ပြေသွားမှာပဲ မဟုတ်လား။ ခုတော့ မောင့်စိတ်တိုင်းကျ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အိပ်ရာဝင်ချိန်မှာတော့ သည်းမခံနိုင်လောက်အောင် တိမ်မွေ့ ခင်စိတ်ပျက်သွားမိသည်။ အခင်းမပါ ခြုံစရာမရှိ။ စောင်ပိုင်းလေးတစ်ထည်က အပေါ်ပိုင်းလေးသာ ခြုံလို့ရပြီး အငယ်က ဖေသးစိုလို့ ငိုလိုက်၊ အကြီးက ကန်ကြောက်လိုက်၊ ခွလိုက်။

ဝန်းရံခက အိမ်ရှေ့မျက်နှာစာမှာ ကိုသံခဲနဲ့အိပ်ပြီး သူမက မအေးမနှင့်အတူတူ ကလေးတွေပါ ရောအိပ်ရသည်။

အနံ့အသက်တွေတွေကလည်း မကောင်းတာမို့ သူမ တစ်ညလုံး အိပ်လို့မရ။

ဘာလို့များ မောင်က သူမကို ဒီဒုက္ခတွေ ခံစေချင်နေတာလဲ။ လက်ထပ်ချင်လှပါချည်ရဲ့လို့ တဖွဖွပြောနေတတ်ခဲ့သည့် မောင်က လက်မှတ်ထိုး လက်ထပ်ပြီးမှ ပျော်ရွှင်ကြည်နူးစရာ ကောင်းသောနေ့ရက်တို့ ဟန်းနီးမွန်းထွက်ဖို့ ခေါ်သွားတာဆိုလျှင် ဖြေသာသေးသည်။

အခုတော့ သူမဘဝက ဘာလဲ။

ဘာရယ်လို့ သေချာမသိရဘဲ နှိပ်စက်ခံနေရသလိုကြီး ဖြစ်နေသည်။ မောင် ဘာတွေလုပ်နေတာလဲ။ ဘာတွေဖြစ်ချင်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အိုးမောင်းခေါက်သံ ကြားသည်။ "လင်းကြက်တန်သံတွေ ကြား ရသည်။ ခဏအကြာမှ တစ်ရွာလုံးရဲ့ လင်းကြက်တွန်သံတွေလည်း ကြား ရ၏။

မအေးမနှင့် ကလေးတွေရဲ့ လှုပ်လှုပ်ရွရွ အသံတွေကြားရပြီးမှ သူမ မျက်လုံးများက မှေးဆင်းငိုက်မြည်းလာသလိုလို။

"သီချင်းဖွင့်သံတွေ ကြားတယ်၊ ရွာဦးကျောင်းကလား သံခဲ"

"အေးလေ ရွာဦးကျောင်းမှာ အလှူရှိတယ်၊ ဒီနေ့အဝင်ကွ၊ ရှင်လောင်းလှည့်တွေ အိုးစည်ဒိုးပတ်တွေနဲ့လို့ ပြောတယ်"

"အလှူရှင်တွေက ဘယ်သူတွေလဲ"

"ငါတို့ ဘဘုန်းက ပျံလွန်တော်မူတော့ နောက်တက်တဲ့ ဘုန်း ကြီးရဲ့ဒကာမတွေလို့ ပြောတယ်၊ ဝက်သားကျွေးကွနော် အရမ်းစည်မှာ"

"ဟဲ့ ချက်စူ၊ နင် ငယ်ငယ်က ဆိုင်းသံဗုံသံကြားရင် ကွေးနေ အောင် ကတာ၊ အခုလည်းဒိုးပတ်ဝိုင်းနဲ့ ဝင်ကပါလား"

"အေး ကောင်းသားပဲ၊ ငါ့ကို အထူးအဆန်းဖြစ်ပြီး ဆုငွေချ ကြမှာသေချာတယ်"

"သေချာတာပေါ့ကွာ၊ မင်းကို မြို့သားလုံးလုံးဖြစ်ပြီထင်နေကြ တာ၊ ဒီလို ဝင်ကရင် ကိုယ့်ရွာနဲ့ဘဝမမေ့ဘူးဆိုပြီး ချီးကျူးကြမှာပေါ့"

"ကောင်းပြီ ငါ ကမယ်"

ဗုဒ္ဓေါ အိပ်ချင်မူးတူးနှင့် နားထဲမှာ ကြားနေရတာ တကယ်မှ ဟုတ်ရဲ့လား။ မောင်က ဒိုးပတ်ဝိုင်းနဲ့ ဝင်ကမယ်ဆိုပဲ။

တည်တည်တံ့တံ့ ဥပမိရုပ် ခံ့ခံ့ညားညားနှင့်မောင်က ဒီလို အပေါ့အပျက်အလုပ်တွေ လုပ်ဦးမတဲ့လား။

မောင့်ကို ဒီကိစ္စတော့ ခွင့်မလွှတ်ချင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဂုဏ်သိက္ခာ မထိန်းချင်ဇတောင် သူမကို အရှက်မခွဲသင့်။ သူမ အိပ်ရာက လူးလဲထပြီး မျက်နှာသစ်နေသော မောင်ရှိရာကို ခြေနင်းနှင့် ရောက်အောင်လာခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ မောင်"

"ဘာလဲ စောစောစီးစီး၊ မျက်နှာကစူပုပ်လို့ အိပ်ရေးမဝဘူးလား"

"အိပ်ရေးက မဝတာမဟုတ်ဘူး၊ တစ်ရေးမှကို အိပ်မပျော်သေးတာ၊ ဘာလဲ အလှူပွဲမှာ ကမယ်ဆိုတာ မောင် ကိုယ့်ဂုဏ်သိက္ခာကိုယ်လည်း ငဲ့ပါဦး မရှက်ဘူးလား"

"ဒါ ရှက်စရာလား တိမ်မွေ့ရဲ့၊ ကိုယ်က ဒီရွာသား ဒီလိုပဲ အလှူပွဲဘုရားပွဲတွေဆို ဝင်ကနေကျ။ ဒီနေရာမှာ ဒီလိုလုပ်တာ ဘယ်သူကမှ ရှက်စရာလို့ မမြင်ဘူး"

"ဒါဆိုလည်း တိမ်မွေ့ မျက်နှာကိုငဲ့ဦးမှပေါ့၊ မောင်က တိမ်မွေ့ကို ဘာတွေမြင်စေချင်နေတာလဲ၊ မောင့်ရဲ့ငယ်ဘဝကိုလား၊ မောင်ကျင်လည်ခဲ့တဲ့ စရိုက်ကိုလား"

"တိမ်မွေ့ ဘာတွေလာပြီး စွပ်စွဲနေတာလဲ၊ မင်း မကျေနပ်တာရှိရင် ရန်ကုန်ရောက်မှ ရှင်း၊ အခုက သူများအိမ်၊ သူတို့ တစ်မျိုးမြင်သွားရင် မကောင်းဘူး"

မောင်က ကိုသံခဲ အနားရောက်လာတော့ တိုးတိုးကြိတ်ကြိတ် သတိပေး၍ တိမ်မွေ့ ပါးစပ်ပိတ်သွားရသည်။

"စောစောစီးစီး ဘာတွေတိုင်ပင်နေကြတာလဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ မနက်စာ စားပြီးရင် ငါ်ငယ်ငယ်က မင်းနဲ့ငါးမျှားသွားတဲ့နေရာ ခေါ်သွားမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကောင်းသားပဲ၊ ငါလည်း မင်းတို့ကို ချက်ကျွေးမလို့ ငါ သွားမျှားဖို့ လုပ်နေတာ၊ ငါးများများရအောင် မျှားခဲ့ကွာ၊ ပြီးရင် အေးမကို ချက်ခိုင်း"

"အေးပါ နေတော့မြင့်မယ်နော်၊ ငါ့မိဘတွေရဲ့ မြေပုံကို သွား ကန်တော့ပြီးမှ ငါးမျှားမှာ"

"ဘယ်လိုငလာပ်လုပ်ပါ ငါးမရ ရေချိုးပြန်လာတာ မဖြစ်ရင် ပြီးရော"

"ငါ အစွမ်းအစကို မင်းသိသားနဲ့၊ မင်းက ငါးမျှားမသွားရင် အိမ်မှာ ရေဖြည့်လိုက်ဦး၊ တိမ်မွေ့က မြစ်ဆိပ်မှာရော ရေတွင်းမှာရော ရေမချိုးရဲလို့တဲ့ကွ"

"ဟား ဟား အကြင်နာတွေ ပိုနေလိုက်တာ၊ အချစ်ဆုံး သူငယ် ချင်းအတွက် အလိုက်သိပေးရမှာပေါ့ကွာ"

"ညကျရင် ထန်းရည်အဝတိုက်ပါ့မယ်"

"အေး ယောက်ျားစကားတည်ပါစေ၊ မင်းတိုက်တာဆိုရင် အေးမက ဘာမှပြောမှာမဟုတ်ဘူး၊ တစ်ဝကြီးသောက်မယ် ပျော်တယ် ပျော်တယ်"

ကိုသံခဲ အပျော်လွန်ကာ ကွေးကောက်နေအောင် ကပြီး ထွက် သွားသည်။

မနက်စာစားတော့ ပဲပြုတ်နှင့်ထမင်းကြမ်း။

မျှိမကျပေမယ့် ဝမ်းရုံခက စားနိုင်ရဲ့လားလို့ သူမကိုတစ်ခွန်း မှမမေး။

ပြီးမှ ငါးမျှားတံကို ပခုံးပေါ်ထမ်း၍ သူမလက်ကိုကာဆွဲသည်။

"အေးမရေ ငါတို့သွားပြီနော်၊ အပြန်ကျမှ ငါးဟင်းပူပူနွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့စားမယ်''

''အေးပါဟဲ့ အေးပါဟဲ့ ချက်ရှုရဲ့''

သူ ဆွဲခေါ်ရာ တွန့်ဆုတ်စွာနှင့် ပါလာရင်း ချောင်းတွေအင်းအိုင်တွေကို ဖြတ်၊ တာပေါင်တွေပေါ်လျှောက်၊ စပါးခင်းထဲကိုတိုးနှင့် အမောဆို့အောင် ခြေလှမ်းတွေ တုံ့ချိအောင် လှမ်းလာခဲ့ပြီးမှ သူ့မိတ်တွေရဲ့မြေပုံရှိရာ ရောက်လာခဲ့ကြသည်။

မြေပုံဆိုတာလည်း မြက်ပင်တွေ ချုံပုတ်တွေနှင့် ရုပ်လုံးတောင် မပေါ်တော့ပါ။

ဝန်းရံခက မြေပုံကို ရှိခိုးဦးချပြီး ဘာတွေငိုယိုတိုင်တည်နေသည်မသိ။ ခဏကြာမှ ပြန်လာပြီး ငါးမျှားရမည့်နေရာကို ဆက်သွားကြသည်။

''တိမ်မွှေ့လည်း တစ်ယောက်တည်းနေရင် ပျင်းနေမှာပေါ့၊ ငါးမျှားလေ''

''ဟင့်အင်း တိမ်မွှေ့ မလုပ်တတ်ပါဘူး''

''လွယ်လွယ်လေးပါ၊ ကိုယ်သင်ပေးမှာပေါ့၊ ငါးမျှားတံကို ဒီလိုလေးကိုင်၊ ငြိမ်ငြိမ်လေးနေ၊ ဒီငါးမျှားတံကို ကိုင်ထားတဲ့လက်ကလေးနည်းနည်းဆတ်ခနဲ တင်းလာပြီဆိုရင် အသက်ကိုအောင့်ထားပြီး ဖြည်းဖြည်းချင်းဆွဲ၊ ကိုယ်က မနိုင်တော့ဘူးဆိုပြီး လက်ခါသွားရင် ကိုယ်ပါပါသွားမယ်၊ ဒါက အာရုံစိုက်ပြီး တည်တည်ငြိမ်ငြိမ် လုပ်ရတဲ့အလုပ်နားလည်တယ်နော်''

သူမ သူပြောသည့်စကား နားထောင်ပြီး သူခိုင်းသည့်အတိုင်း လုပ်လိုက်သည်။

အာရုံစိုက်ပြီး စိတ်ကို စုစည်းထားရတာမို့ သူ့ကိုအပြစ်တင်ချင်

www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်တွေပါ လွင့်ပျောက်သွား၏။

"ဟယ် ငါး ဌါး မိပြီ"

"ကိုယ်လည်း မိပြီ အကြီးကြီးပဲကွ"

သူတစ်ကောင် ကိုယ်တစ်ကောင်နှင့် ပျော်စရာတော့ ကောင်းသည်။ မောင့်အပြုံးကို မြင်ရတော့ မကျေမနပ် ဖြစ်နေမိခြင်းကိုတောင် နောင်တရမိသလိုလို။

လူ့ရယ်လို့ဖြစ်လာရင် အတိတ်ဆိုတာကို ရှိကြစမြဲပဲပေါ့။ မောင်က ဘဝမမေ့ဘဲ သူ့ရွာလေးကို ရောက်အောင် ပြန်လာတာ ချစ်စရာ စရိုက်လေးပါ။

သူမ ဘာတွေဖြစ်နေနေ မောင့်ဆန္ဒတွေကို ဖြည့်ဆည်းခွင့် ရနေခြင်းက အချစ်ရဲ့ပံ့ပိုးမှု စွမ်းပကားတွေပဲပေါ့။

သိပ်ချစ်လို့ပါ သိပ်ချစ်လို့ပါမောင်. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ရွာအလှူပွဲက ခြိမ့်ခြိမ့်သဲ။

အိုးစည်ဒိုးပတ် အကအခုန်တွေနှင့် ဆူဆူညံညံ။

မောင်ရှင်လောင်းနှင့် နားသမည့်သူတွေက နွားလှည်းတွေ မြင်း တွေနှင့်။

ရွာထဲကနေ ပတ်ပြီး ဘုန်းကြီးကျောင်းကို ရှင်လောင်းလှည့် မှာမို့ ရွာထဲရှိ လူကုန် အိမ်ရှေ့တွေမှာ ဟိုနေရာ ဒီနေရာတွေမှာ စုရုန်း စုရုန်း ပြုံ့တစ်ပြုံ့တစ် ဖြစ်နေကြသည်။

တိမ်မွှေ့ခင်လည်း သူများနည်းတူ အိမ်ရှေ့မှာ ထွက်ရပ်ကာ စောင့်နေမိ၏။ ရွာသူရွာသားတွေရဲ့ စည်းလုံးညီညွတ်မှု တက်ကြွမှုများ က မြင်ရသူမှာ ကြည်နူးပီတိဖြစ်ကာ အားကျစေသည်။

ဝန်းရံခက မနက်လင်းကတည်းက ပျောက်သွားတာပါ။

ဘယ်ကိုသွားလို့ ဘာတွေလုပ်နေလဲ သူမကို အသိလည်း မပေး တိုင်လည်း မတိုင်ပင်။

"ရွာဦးကျောင်းက သူ့ဘဘုန်းကြီးကျောင်းမလား၊ ဘဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပေမယ့် အလှူမှာ ကူလုပ်ပေးနေတာ ဖြစ်မှာပါ"

ကိုသံခဲက ဤသို့ သတင်းပေးပြီး သူကိုယ်တိုင်လည်း အိမ်မှာ မကာပ်ပါ။

မအေးမကလည်း ကလေးနှစ်ယောက်ခေါ်ကာ ဘယ်ထွက်သွားသည် မသိ။

ဟော ရှင်လောင်းလှည့်တွေက ဒီဘက်ကိုတောင် ရောက်လာပါပေါ့လား။ ဒိုးပတ်နှင့် အကအဖွဲ့က နောက်ဆုံးက။

"ဟင်"

မနက်ကတည်းက ပျောက်သွားသော မောင်က ခေါင်းမှ ပဝါလေးပတ်လို့ မိန်းမအဝတ်အစားဝတ်လို့ ကိုသံခဲက ဦးရွှေရိုးအဝတ်အစား ပုသိမ်ထီးနှင့် နှစ်ယောက်သား ကွေးနေအောင် ကနေကြသည်။

ဒိုးပတ်ဝိုင်းအဖွဲ့နှင့် ရွာသူရွာသားတွေက ဆုငွေတွေ ချိတ်ဆွဲပြီး လက်ခုပ်တီးအားပေးလို့။

မောင်ပြောသာ ပြောပေမယ့် တကယ် မလုပ်ဘူးထင်တာ တော်တော်အရှက်နည်းပါလား။

ယောကျ်ားပီပီသသ ခုံညားသော မောင့်ကို ဒီလိုပုံစံမျိုးနှင့်မြင်လိုက်ရတော့ သူမ မျက်နှာထူပူပြီး ရှက်ရွံ့စိတ်နှင့် အိမ်ထဲပြေးဝင်လာခဲ့သည်။

"တိမ်မွေ့ တိမ်မွေ့ ဘယ်ဝင်ပြေးတာလဲ၊ ကိုယ်ကတာ ကြည့်စမ်းပါ၊ ဘယ်လောက်ပျော်စရာကောင်းလဲ၊ လာပါ မင်းလည်း ဝင်က"

ဝန်းရံခဲက ဖွတ်အတင်း၊ တိမ်မွေ့လက်ကို ဆွဲခေါ်သည်။

"ဟင့်အင်း၊ ဟင့်အင်း၊ မောင့်အဲဒီရုပ်ကြီးကို မကြည့်ချင်ဘူးနော်၊ တိမ်မွေ့ မလိုက်ဘူး၊ လွှတ်"

www.burmeseclassic.com

www.burmeseclassic.com



"လာပါကွာ မင်းလည်း ဝင်ကစမ်းပါ၊ အရမ်းပျော်စရာကောင်းတာ တိမ်မွေ့ရဲ့လာပါ"

"ဟင့်အင်း တိမ်မွေ့ကို အဲလိုမလုပ်ပါနဲ့နော်၊ တိမ်မွေ့မကဘူး။ မကတတ်ဘူး"

"လာပါ တိမ်မွေ့ရယ်၊ မောင်တွဲပြီး ကမှာပေါ့၊ မောင့်ကိုချစ်ရင် လိုက်ခဲ့နော်"

မောင် သူမကသာ မောင်လို့ ခေါ်နေလျက် မောင်က သူ့ကိုယ်သူ ကိုယ်ဆိုသော နာမ်စားကိုသာ သုံးနှုန်းခဲ့တာ။ အခု မောင့်ကိုချစ်ရင် ကပါ လိုက်ခဲ့ပါတဲ့။

သူမစိတ်တွေ မောင့်ကိုချစ်သော စိတ်နှင့် ညွတ်နူးပျော့ခွေသွားသည်။

မောင်ဆွဲခေါ်ရာ အသာတကြည် လိုက်ပါလာရင်း မောင့်စိတ်တိုင်းကျ မကတတ် ကတတ် ကပေးလိုက်၏။

မောင် ပျော်နေသလား၊ မောင် ရယ်နေသလား၊ မောင် ကြည်နူးနေသလား။

သူမမှာ အပျော်တွေမရှိပေမယ့် မောင် ပျော်တယ်ဆိုပြီးရော ပေါ့။ ဒါပေမဲ့လည်း ညပိုင်းအိမ်ပြန်ရောက်ချိန်မှာ ဆုကြေးငွေရတာတွေ နှင့် ထန်းရည်ဝိုင်း ဖွဲ့ကြသည်။

မောင့်မျက်နှာမှာ နေ့လယ်က အပြုံးအပျော်မျိုးတွေ မတွေ့ ရဘဲ

"တိမ်မွေ့ မအေးမနဲ့ ဝိုင်းပြီး အမြည်းလေးဘာလေး လုပ်ပါဦး ဒီလို ထိုင်နေတော့ မြို့သူက အထာကိုင်နေတယ် ဖြစ်မှာပေါ့၊ မာနနဲ့ မောက်မာမှုက မြို့မှာပဲ သုံးလို့ရတာ၊ တောမှာတော့ တစ်သွေးတည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်သားတည်း မနေနိုင်ရင် အပယ်ခံရလိမ့်မယ်"

မောင် ဘာသဘောနှင့် ဒီလောက်ထိ ပြောတာလဲ သေချာမသိ။ ဘာဖြစ်ချင်နေသည်ဆိုတာလည်း နားမလည်။

ဒါပေမဲ့ နောက်တစ်နေ့မှာ ရန်ကုန်ပြန်ဖို့ ပြောလာတော့ သူမ ဝမ်းသာရသည်။

ဘာဖြစ်ဖြစ် ရန်ကုန်ရောက်လျှင် နေရေးထိုင်ရေး စားရေး သောက်ရေး အဆင်ပြေပြီပေါ့။

သူမက အန်တီတို့ကို မင်္ဂလာကိစ္စပြော၊ မောင်က သူ့အစ်ကို ကြီးကိုလက်ထပ်ပေးဖို့ပြော။

ဒါမှ မောင်နှင့်အတူတကွ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဟင် ကားက ဘယ်ကိုမောင်းနေတာလဲ မောင်"

မောင့်အိမ်လေးရှိရာ စက်ရုံဘက်လည်း မဟုတ်။ သူမအိမ် ဘက် လိုက်ပို့မယ့် လမ်းကြောင်းလည်းမဟုတ်တာမို့ သူမ မေးခွန်းထုတ် လာတော့ မောင်က တစ်ချက်မျှ လှည့်ကြည့်ကာ"

"ကိုယ့်အိမ်ကို သွားနေတာ"

"ဟင် မောင့်အိမ်၊ မောင့်အိမ်က စက်ရုံထဲက တိုက်ကလေး မဟုတ်ဘူးလား။ ဘယ်မှာ မောင့်အိမ်ရှိသေးလို့လဲ"

"ရောက်တော့ သိမှာပေါ့"

ခပ်တည်တည် မောင့်အပြောကြောင့် သူမ ပါးစပ်ပိတ်လိုက်ရ သည်။ တစ်လမ်းလုံး မောင့်ဘက်က တိတ်ဆိတ်နေတော့ သူမလည်း တိတ်ဆိတ်စွာပင် မျက်လုံးလေးကို မှေးဆင်းပြီး မှိန်းမောကာ လိုက်လာ ခဲ့တာမို့ ဘယ်ရပ်ကွက်၊ ဘယ်နေရာရောက်နေပြီဆိုတာ သူမ မသိ။

နောက်ထပ်နာရီဝက်နီးပါးရှိသည့်အချိန်မှာတော့ သွပ်မိုးပျဉ် ထောင်ခြံဝင်းလေးရှေ့ကို ကားထိုးရပ်လိုက်သည်။

"ဆင်းလေ ရောက်ပြီ"

မောင်က အရင်ဆင်းကာ ခြံတံခါးသော့ဖွင့်ပြီး ဝင်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



မို့ သူမလည်း လိုက်ဝင်လာခဲ့ရသည်။ ခြံဝင်းလေးရှေ့မှာ လူနေအိမ်နှင့် မတူဘဲ မြက်ပင်တွေ ထူထပ်စွာ ပေါက်ရောက်နေသည်။

ပန်းအိုးတချို့တွေ့ရပေမယ့် ပြုပြင်ခြင်းမရှိသည့်အတွက် သွေ့ခြောက်နွမ်းလျနေ၏။

အိမ်တံခါးမကို မောင်တစ်ဆင့်သော့ဖွင့်နေချိန်မှာ နွေးထွေးမှုကင်းနေသည့် မောင့်ရဲ့မျက်နှာကြောင့် သူမစိတ်တွေ လေးလေးပင်ပင် ကသိကအောက် ဖြစ်နေမိသည်။ ဒီအိမ်က မောင့်အိမ်ဆိုလျှင် မနေဖြစ်တာ ဘယ်လောက်တောင် ကြာပြီလည်းမသိ။

ကြွပ်ခိုးမျှင် အထပ်ထပ် ဖုန်အလိမ်းလိမ်းနှင့်။

မောင်က သူ့ရဲ့ကျောပိုးအိတ်ကို ဆက်တီခုံထောင့်မှာ ဒီအတိုင်း ပစ်ချကာ

"ဒီအိမ်လေးမှာ အရင်က ကိုယ်တို့သားအမိ သားအဖသုံးယောက် နေကြတာ၊ မိသားစုနွေးထွေးမှုတွေနဲ့ အရမ်းပျော်စရာကောင်းတယ်"

"ဟင် မောင့်မိဘတွေက သေပြီဆို၊ ရွာမှာတောင် သူတို့မြေပုံကိုကန်တော့ခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ် အဲဒါ ကိုယ့်မိဘအရင်းတွေ၊ ဒီမှာက အရမ်းအထီးကျန်ဝမ်းနည်းအားငယ်နေတဲ့အချိန်မှာ မေတ္တာတွေ အပြည့်အဝပေးပြီး မွေးစားခဲ့တဲ့ မွေးစားမိဘတွေနဲ့နေတာ"

"ဪ အခု သူတို့က ဘယ်သွားကြလဲ"

သူမ မေးတာ မဖြေဘဲ မောင်က သူမကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်၏။

"မင်းအိတ်တွေ ဘာလို့ ယူမလာခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် တိမ်မွေ့အိမ်ပြန်ပြီး မောင်နဲ့လက်ထပ်မယ့်အကြောင်း အန်တီတို့ကို သွားပြောရဦးမယ်လေ၊ မောင်က မောင့်အစ်ကိုကို ပြောပြီး အန်တီတို့ဆီမှာ တောင်းရမ်းလက်ထပ်မှာ မဟုတ်လား"

မောင်က ဘာမှပြန်မပြောတာမို့ အိမ်လေးကို လှည့်ပတ်ကြည့်ကာ အကဲခတ်လိုက်သည်။

"ဟင်"

အိမ်နံရံမှာ မောင့်ရဲ့ဘွဲ့ရဓာတ်ပုံတွေ အစီအရီ။

ပြူးပျော်ကာ အတူယှဉ်တွဲရိုက်ထားတာက သူမ ဖြူနီးခနဲ ဓာတ်ပုံတွေအနား ရောက်သွားသည်။

မောင့်ရဲ့တစ်ဖက်တစ်ချက်မှာ အန်တီနှင့်အန်တီ့ယောက်ျား။

"မောင် သူ သူတို့က"

လက်ညှိုးကြီးထိုးကာ မောင့်ကို အထိတ်တလန့် လှည့်မေးလိုက်တော့ မောင်က အေးအေးသက်သာ ထလာပြီး

"ကိုယ့်ရဲ့မွေးစားမိဘတွေ၊ ဦးခင်ထွန်းနဲ့ ဒေါ်နှင်းရီသက် တဲ့"

"ဘာ"

သူမ သွေးပျက်စွာ ယိုင်နဲ့သွားသည်။ မောင့်ရဲ့လှောင်ပြုံး ခနဲ ပြုံးကိုမြင်လိုက်ရချိန်မှာ သူမ တစ်စုံတစ်ရာကို အတိအကျ သဘောပေါက် လိုက်၏။

တစ်ပြိုင်နက်တည်းမှာ သူမအသားတွေ တဆတ်ဆတ်တုန်ကာ နှလုံးသွေးတွေ ပွက်ပွက်ဆူဝေသွားသည်။

သူမကို ချစ်ခဲ့ခြင်းအရာအားလုံး မဟာကြံစည်မှုကြီးပေါ့။

"ဝန်းရံခ နင် နင်"

"မောင့်လိုပဲ သုံးနှုန်းပါ၊ မင်းနဲ့လက်ထပ်မှာတဲ့ မင်းရဲ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



လေ"

"မဟုတ်ဘူး နင် ငါ့ကို ချစ်ခဲ့တာ ရိုးရိုးသားသား မဟုတ်ဘူး"

"အရမ်းထက်မြက်တဲ့ မိန်းမလို့ မပြောရဘူး။ သဘောပေါက် လွယ်သားပဲ တိမ်မွှေ့ခင်"

"နင်"

သရော်ရိပ်စွန်းနေသော အပြုံးကို စက်ဆုပ်စွာကြည့်ရင်း ပြော ထွက်ချင်သည့် စကားလုံးတွေကို အားယူနေရတာ ပင်ပန်းလိုက်တာ။ အလိုက်မသိ လိမ့်ဆင်းကျလာသော မျက်ရည်တွေက ဒီလို ယုတ်မာ ကောက်ကျစ်သည့်လူနှင့် တန်လို့လား။

"ဝန်းရံခ နင် လူယုတ်မာ၊ ငါ့ကိုချစ်ခဲ့တာကစ ဒီနေ့ထိ ကိစ္စ တွေ အားလုံး နင် ထောင်ချောက်ဆင်ခဲ့တာပေါ့၊ ဘာရည်ရွယ်ချက်နဲ့ ချည်းကပ်ခဲ့တာလဲ၊ ဘာလိုချင်လို့လဲ"

"ဘာမှမမက်မောလို့ မင်းဆီက ဘာမှမယူခဲ့တာ မင်းမသိဘူး လား တိမ်မွှေ့ခင်"

စကားလုံးတွေက ဥပေက္ခာများဖြင့် စိမ်းသက်မှုတွေအပြည့်။ ရည်ရွယ်ချက်ကြီးကြီးနှင့် သူမကို လိမ်ညာဟန်ဆောင်ပြီး ချစ်ခဲ့တာ။

သူမအချစ်တွေ အဆုံးစွန်ထိ နှိုက်ထုတ်ပြီး အကုန်ယူခဲ့ပြီးမှ

"ဒီကိစ္စတွေလုပ်ဖို့ အန်တီတို့ တိုက်တွန်းခဲ့တာလား"

"မေမေတို့ကို မကောင်းမြင်ဝါဒနဲ့ ဘယ်ချိန်ထိ တိုက်ခိုက်နေ ဦးမှာလဲ၊ သားအရင်းတမျှ ချစ်ခဲ့တဲ့ ငါ့ကိုစွန့်ပြီး မင်းကို စောင့်ရှောက်ပေး နေတဲ့သူတွေကို မလေးမစား အထင်မြင်မလွဲပါနဲ့ တိမ်မွှေ့ခင်"

"နင်က ငါ့မာနကို ချိုးခဲ့ရုံသက်သက်ပေါ့"

"မင်း အထင်ရသေးပြီး လုပ်ချင်တိုင်း လုပ်လို့ရတဲ့အတန်းအစား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ငါ မပါတာ သိစေချင်လို့ပါ၊ မေတ္တာတွေ ကင်းဝေးတဲ့ဘဝမှာ မနေတတ်လို့ လက်တွဲပြန်တာ၊ အောက်တန်းစား စရိုက်လို့ မင်း ရှုံ့သွားပြီမဟုတ်လား၊ မင်း ငါ့ကို မုန်းလိုက်တော့လေ၊ ပြီးပြီပေါ့"

အံကြိတ်ကာ ပြောလိုက်ရသည့် ရင်ဘတ်ကြီးက ဖိုလှိုက်မောဟိုက်နေ၏။ ဒေါသတကြီး သွေးဆူနေသော မျက်နှာလေးကို စောင်းငဲ့ပြီး မကြည့်ချင်။

ဒီနေရာမှာပဲ အချစ်တွေ အဆုံးသတ်သွားပါ။ မင်းရင်ထဲဝေဒနာ တစ်ခုခု ရသွားတယ်ဆိုရင် ငါ ကျေနပ်တယ်။ အားတင်းလိုက်ပေမယ့် သူ့ရင်ဘတ်ကြီးက ပေါ့ပါးမသွား။ သူမ ခံစားနေရတာမြင်လျက်နှင့် ဟားတိုက်ရယ်ဖို့ မေ့လျော့နေတာ ဘာကြောင့်ပါလဲ။

"ဝန်းရံခ နှင် နိုင်သွားပြီလား"

"ဟင်"

"ငါ့အချစ်တွေအကုန်လုံးကို အသုံးချလိုက်ရလို့ နင် ကျေနပ်သွားပြီလား၊ ငါ နင့်ကို ရိုးရိုးသားသား ချစ်ခဲ့တာ၊ ငါ့အချစ်တွေက ရိုးသားဖြူစင်ခဲ့တယ်၊ ငါ ပေးသလို ပြန်ရမှာပဲဆိုတဲ့ မေတ္တာစိတ်တွေနဲ့ ဖြည့်ဆည်းခဲ့တာ၊ နင့်စိတ်ကြိုက်အကုန် လိုက်လျောခဲ့တာ၊ ဒါပေမဲ့ နင်က အကြံအစည်ဆိုးကြီးနဲ့ ယုတ်ညံ့တဲ့ ရည်ရွယ်ချက်တွေနဲ့ ငါ့ကို"

သူ မဖြေရှင်းနိုင်။ မငြင်းနိုင်။

ဟုတ်နေတာပဲ မှန်နေတာပဲ။ အနိုင်ရပြီလို့ ကြုံးဝါးသင့်တာ။

"ငါ နင့်အပေါ် ဘာတွေလုပ်ကြံခဲ့လဲ၊ ဘာတွေမှားခဲ့လဲ၊ နင့်ကို မြင်ပြီးတွေ့ပြီးမှ မုန်းခဲ့လို့လား၊ အထင်သေးခဲ့လို့လား"

သူမ ဘာတွေပြန်မေးနေတာလဲ သူ နားမလည်။

သူမ မျက်ဝန်းအိမ်က မျက်ရည်တွေစို့စွတ်လို့ နှုတ်ခမ်းဖျားလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက တဆတ်ဆတ် တုန်ယင်နေကာ

"ငါ့သွေးသားအရင်း အဒေါ်တွေဆီက မေတ္တာတွေကိုပဲ ငါ လိုချင်ခဲ့တာ၊ ငါ့မှာ အဘိုးအဘွားတွေ မရှိတော့ဘူး၊ မိဘတွေ မရှိတော့ဘူး။ လက်ကျန်သွေးသားရင်းချာအဒေါ်က သူစိမ်းတစ်ယောက်အပေါ်မှာ အချစ်တွေ ပုံထားတယ်၊ အဲဒီ သူစိမ်းအပေါ် ပေးသလောက် ငါ့အပေါ် နွေးထွေးမှုတွေ မပေးဘူး၊ မေတ္တာတွေ မပေးဘူး၊ အချိန်တိုင်း အဲဒီ သူစိမ်းကိုပဲ တမ်းတနေတယ်"

သူမဘက်က ရှိုက်သံတစ်ချက် ထွက်လာပြီးမှ မျက်ရည်တွေ ပွတ်သပ်သုတ်တာ မြင်လိုက်ရသည်။ သူမ ပြောနေတာ သူမခံစားချက်တွေလား။

"အဲဒီအတွက် အဲဒီသူစိမ်းကို အမွေဖြတ်ခိုင်းတာ၊ မဆက်သွယ်ခိုင်းတာ အဲဒီမေတ္တာတွေ နွေးထွေးမှုတွေ ငါတစ်ယောက်တည်း လိုချင်တာပဲရှိတယ်၊ နင့်ကိုငါ မုန်းခဲ့လို့လား၊ နင် နင်က ငါ့အဒေါ်တွေဆီက အချစ်တွေကိုလည်း ရနိုင်သမျှ အကုန်သဲ့ယူသွားတယ်၊ ဝန်းရံခ မုန်းတယ် နင့်ကို မုန်းတယ်"

ဆံပင်တွေ ဖျတ်ခနဲ ခါသည်။ မျက်ရည်စက်ပေါင်းများစွာ သူ့အနားမှာ လွင့်စင်ကျခဲ့၏။

သူမ ဘာတွေပြောသွားတာလဲ၊ သူက ဘာလို့ ဘာမှမပြောလိုက်ရတာလဲ၊

တကယ်တမ်းက ဒီအခြေအနေထိ ရောက်လာအောင် ကြိုးစားခဲ့တာ စိတ်ရှိတိုင်း ပေါက်ကွဲပစ်လိုက်ဖို့ပါ။

အခုတော့ သူက. . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မသိဘူး၊ ဒီကိစ္စတွေ အန်တီတို့ ဘာမှမသိပါဘူးကွယ်၊ သား ဒီလိုမျိုးတွေ လုပ်လိမ့်မယ်လို့ တကယ် ထင်မထားမိဘူး၊ သား သားနဲ့ တူမလေးက"

ဒေါ်နှင်းရီသက် တိမ်မွေ့ခင် ပြောသမျှ နားထောင်ပြီး ဘယ်လို မှ ဆက်စပ်တွေးမရ။

သားနဲ့တိမ်မွေ့ခင် ဘယ်လိုက ဘယ်လို။

"သား အခု ဘယ်မှာလဲ၊ အဲဒီအိမ်မှာ ပြန်ရောက်နေပြီလား"

"သွားတွေ့စရာမလိုဘူး၊ ဘာကြောင့်လဲလို့လည်း သွားမမေး ပါနဲ့၊ သူ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ တိမ်မွေ့ကို ပြောပြလိုက်ပြီး သားပဲ"

"မဟုတ်သေးဘူး ဒါ မလုပ်သင့်တဲ့ကိစ္စ၊ အငြိုးထားဖို့ လက် စားချေဖို့ သူ့ကိုအန်တီတို့ သင်မပေးခဲ့ဖူးဘူး။ လူလိမ္မာလူရည်မွန်လေး ဖြစ်ဖို့ပဲ သွန်သင်ဆုံးမခဲ့တာ"

"အတတ်ပညာကောင်းကောင်း သင်ယူထားတဲ့ပုံစံပါပဲ၊ အောက်တန်းစားက အောက်တန်းစားစိတ်မွေးပြီး"

www.burmeseclassic.com

www.burmeseclassic.com



"တူမလေး စကားကို ဆင်ခြင်ပြောပါကွယ်၊ ဆင်းရဲချို့တဲ့တိုင်း အောက်တန်းစားလို့ ပြောလို့မရပါဘူး"

"ဒီလိုတွေ ကာကွယ်ပေးနေတာ သူလုပ်တဲ့ကိစ္စတွေကို အပြစ်မမြင်တဲ့သဘောလား အန်တီ၊ တိမ်မွေ့က ဘာလဲ၊ အန်တီ့ရဲ့ဘာလဲ"

တိမ်မွေ့ရဲ့ပေါက်ကွဲမှုက အထွတ်အထိပ် ရောက်နေကာ ရင်ဘတ်ကိုပုတ်ပြီး မျက်ရည်စက်လက်နှင့် မေး၏။ အခုထိ သားလုပ်ရပ်ကို မယုံကြည်နိုင်သေးပါ။

ဒီကလေးက ငယ်စဉ်ကတည်းက အငြိုးထား အာဃာတကြီးတတ်သူ မဟုတ်။ တိမ်မွေ့ခင် စပြောလာတော့ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယ ဖြစ်မိသည်။

"တူမလေးမို့ သံယောဇဉ်ဖြတ်သင့်တာတွေ ဖြတ်ပြီး အန်တီ လာစောင့်ရှောက်ပေးနေတာ သိရဲ့သားနဲ့ကွယ်၊ သားကို ဒီအတိုင်း"

"သံယောဇဉ် မပြတ်ခဲ့ဘူး မဟုတ်လား၊ မေတ္တာတရားတွေ ကြီးမားခဲ့လို့ ခွဲရက်လေခြင်းလို့ အငြိုးထားပြီး တိမ်မွေ့ကို လက်စားချေတာတဲ့၊ အံ့ဩဖို့ကောင်းလိုက်တာ၊ အချစ်ကို ခုတုံးလုပ်တယ်၊ အသုံးချတယ်၊ ဒီရင်က ချစ်တတ်ခဲ့သမျှတွေ သူ့ကို အကုန်ပုံပေးလိုက်မိတာ"

"တိမ်မွေ့"

"ထင်မထားဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ လှည့်စားခံရပြီး ဒီလိုမျိုး ရှုံးနိမ့်သွားမယ်လို့ မုန်းတယ် အန်တီကိုလည်း၊ မုန်းတယ်၊ ဝန်းရဲခကိုလည်း၊ မုန်းတယ်"

"တိမ်မွေ့ရယ် သားကိုယ်စား တူမလေးကို အန်တီ တောင်းပန်ပါတယ်၊ ဒီကိစ္စအတွက် သားကို အန်တီ ဆုံးမပေးပါမယ်"

"မလိုတော့ဘူးလို့ ပြောပြီးပြီလေ၊ ကိစ္စတွေက အားလုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြီးသွားပြီ၊ ဘာမှလုပ်လို့မရတော့ဘူး၊ အန်တီလည်း သူ့ဆီပြန်ပါ။ လိုချင်တာတွေ အကုန်ယူပြီးသွားပါ၊ တိမ်မွေ့ဖို့ ဘာမှချန်မထားခဲ့နဲ့၊ ယူသွား အကုန်ယူသွား''

တိမ်မွေ့ခင်ကို ဘယ်လိုဖျောင်းဖျရမှန်းမသိအောင် စိတ်ပင်ပန်းသွားသည်။ ပြဿနာတွေက ဒီလောက်အထိ ရှုပ်ထွေးသွားမည် မထင်မိပါ။

တရားရုံးမှာတောင် သားနဲ့လက်မှတ်ထိုး လက်ထပ်ထားပြီးပြီတဲ့။ သား ဘာရည်ရွယ်ချက်နဲ့ဆိုတာလည်း တိမ်မွေ့ခင်က ရှင်းပြပြီးပြီ။

ဘာကို ဘယ်လိုလုပ်ရမလဲ။ သွားတော့လို့ ပြောနေသည့် တူမလေး မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေနဲ့။

ကျေအေးအောင် တောင်းပန်လို့လည်း ရတော့မည်မထင်။ အမြဲတမ်း တိတ်ဆိတ်စွာ ဝိနည်းရှောင်နေခဲ့သော ဦးခင်ထွန်းက စကားဝိုင်းထဲမှာ ဖြည်းလေးစွာ လာရှုပ်သည်။

''တောင်းပန်ပါတယ် တိမ်မွေ့၊ သားသမီးမကောင်း မိဘခေါင်းတဲ့၊ သားအပြစ်အတွက် မင်းကိုလည်း တောင်းပန်တယ်၊ သားကိုလည်း ဆုံးမပေးမယ်၊ ထွက်သွားတို့ အကုန်ယူသွားတို့ ဆိုတဲ့ စကားတွေကိုတော့ တိမ်မွေ့ဘက်က ရုပ်သိမ်းပေးပါ''

''ဘာ''

''အန်ကယ်တို့က ဘာမျှော်လင့်ချက်နဲ့မှ ဒီကို လာနေတာ မဟုတ်ပါဘူး၊ တိမ်မွေ့ကို စောင့်ရှောက်ရုံသက်သက်''

''အဲဒီစကားကို လာမပြောနဲ့၊ ဘာကို စောင့်ရှောက်တာလဲ၊ မွေးစားသားက ရည်ရွယ်ချက်ကြီးကြီးနဲ့ စော်ကားတာကို မသိဘူးဆိုတဲ့ လူတွေကို ဘယ်လိုအားကိုးပြီး နေရမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွေ့ဘက်ကရော ဘယ်သူနဲ့ဘာဖြစ်ပါတယ်၊ ဘာလုပ်နေတယ်ဆိုတာ တိုင်ပင်အသိပေးခဲ့လို့လား။ အခု ဝန်းရံခနောက် လိုက်သွားခဲ့တာတောင် အန့်ကယ်တို့ မသိရဘူး။ တိမ်မွေ့အန့်တီ ဘယ်လောက်စိတ်ပူနေမယ်၊ သောကတွေ ရောက်နေမယ်ဆိုတာ တွေးကြည့်ဖူးလား တွေးကြည့်ခဲ့သလား။ ဖြစ်ပြီးခါမှ ဒါပါလို့ ရှင်းပြလည်း အံ့သြရုံပဲရှိတော့တာပေါ့"

"ဒါဆို အန့်ကယ်တို့ လုပ်ပေးနိုင်တာ ဒါပဲလား။ သူ့ကိုဆုံးမမယ်၊ တိမ်မွေ့ကို ဖျောင်းဖျမယ်"

ဘာလုပ်စေချင်တာလဲလို့ ဦးခင်ထွန်း မေးဖို့ ပြင်နေဆဲမှာ တိမ်မွေ့ခင်က ဖြူနီးခနဲ ထရပ်ကာ မျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်တိုက်သုတ်သည်။

ပြောဖို့ စကားလုံးတွေ စုစည်းပြီးမှ ဘာမှမပြောတော့ဘဲ လှည့်ထွက်လာခဲ့၏။ ဒါကို ဒီလိုလုပ်ဖို့ ဖြစ်တယ်ဆိုရင်တောင် ဆုံးရှုံးသွားတဲ့ အချစ်တွေအတွက် ဘယ်သူက လျော်ကြေးပေးမှာလဲ။

ဝန်းရံအပေါ် ပေးအပ်ခဲ့တာ အချစ်တွေနည်းနည်းနောနော မဟုတ်။

ယုံကြည်မှုတွေနဲ့ ဖြည့်ဆည်းခဲ့သည်။ စာနာမှုတွေနှင့် လိုက်လျောခဲ့သည်။

အဆုံးသတ်က သူမ အချစ်တွေကို လိမ်ညာလှည့်စားသွားတာတဲ့လား။ အသုံးချကာ အနိုင်ယူသွားတာတဲ့လား။

"နှင်းရီသက်ကို ဒီတစ်သက် သမီးအဖြစ်တောင် မသတ်မှတ်တော့ဘူးလို့ အောက်မေ့ထားတာ၊ အဆင့်အတန်းမရှိတဲ့ အိမ်က အလုပ်သမားနဲ့ ခိုးရာလိုက်တယ်၊ မိဘတွေကို စုံကန်ပြီး အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး၊ ဘယ်မိဘမဆို မှားပါတယ်လို့ ခေါင်းတိုးဝင်ပြီး တောင်းပန်မယ့် သားသမီးကို ခွင့်မလွှတ်ဘဲနေပါ့မလား၊ ဒါပေမဲ့ သူက သူတို့ချစ်ခြင်းကို ခွဲမှာစိုးလို့ တောရွာမှာပဲ ဇာတ်မြှုပ်နေတယ်''

''အဘွားက အဲဒါကိုစိတ်နာပြီး နိုင်ငံခြားကို လိုက်လာတာ လား''

''သူက ပြတ်နိုင်မှတော့ ငါက ဘာလို့ မပြတ်နိုင်ရမှာလဲ၊ ဟိုမှာနေရင် သူ့ကိုခွင့်လွှတ်ဖို့ စောင့်နေတယ် ထင်မှာစိုးလို့ ထွက်လာ တာ''

''ဒါဆိုလည်း သူ ရသင့်ရထိုက်တာကိုပဲ ပေးပြီးမှ ထွက်လာ ခဲ့တာ မဟုတ်ဘူး၊ ဒီမှာက ဖေဖေ မေမေတို့ ထားရစ်ခဲ့တာ ပြည့်စုံနေပြီ ပဲ၊ ဟိုမှာရှိတဲ့ အိမ်နဲ့အမွေပစ္စည်းတွေ အန်တီကိုပဲ ပေးလိုက်ဖြီးရော၊ အခုဆို ဘိုးဘိုးလည်း မရှိတော့ဘူး၊ ဖေဖေနဲ့မေမေလည်း ဆုံးပြီ''

''အေးလေ အဲလိုတွေ ဖြစ်ကုန်လို့ သံဝေဂရပြီး သမီးဆိုတဲ့ စိတ်နဲ့ ပေးချင်ပေမယ့် သူ့ယောက်ျားနဲ့ သူ့မွေးစားသား စံစားသွားမှာ ကို ငါ မသဒ္ဓါနိုင်ဘူး''

''ဟင် အန်တီမှာ မွေးစားသား ရှိတယ်''

''ဟုတ်တယ် သူတို့မှာ သားသမီး မရလို့တဲ့ ဆယ်နှစ်သား အရွယ် ကလေးတစ်ယောက်ကို မွေးစားပြီး မြို့ကိုပြောင်းလာကြတယ်၊ သူ့ယောက်ျားက အောက်တန်းစား၊ သားရေပေါ်အိပ် သားရေနားစား ဒီကလေးကရော ဘယ်လောက် အဆင့်အတန်းရှိမှာလဲ၊ ငါ့သမီးကြွေနဲ့ ငါ့ယောက်ျား မစံစားလိုက်ရတဲ့ ဒီအမွေတွေကို သူတို့ကို ဘာလို့ပေးရမှာ လဲ၊ ဒင်းတို့နဲ့ မထိုက်တန်ဘူး''

ဖေဖေနဲ့မေမေဆုံးပြီး နောက်ပိုင်း မြေးအဘွားနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံတိုင်း ဒီအကြောင်းက မပါမဖြစ်။ အနိတ်ဆိုတာလည်း သုံးနှစ် သမီးအရွယ်လောက်ကတည်းက ခွဲခဲ့ရတာမို့ ဘယ်လိုပုံစံရှိနေမည်ဆိုတာ မမှတ်မိ။

ဘွား အမွေမပေးချင်သည့်အကြောင်းအရင်းကိုလည်း သိနေပြီမို့ ဒီထက်လည်း စိတ်မဝင်စားမိခဲ့ပေ။

ဒါပေမဲ့ ဘွားဘွား ကျန်းမာရေး မကောင်း ဖြစ်လာချိန်မှာ

"မြေးလေး ဘွား မရှိတော့ရင် ဒီမှာ မြေးလေးတစ်ယောက်တည်း ကျန်နေခဲ့တော့မယ်၊ အဲဒီလို မဖြစ်အောင် မြေးလေး မြန်မာပြည်ကို ပြန်ပါ"

"ဟင် တိမ်မွေ့က မြန်မာပြည် ပြန်တော့ ဘယ်သူနဲ့နေရမှာလဲ"

"ဟိုမှာ အမွေထိန်းဖို့ အပ်ထားတဲ့ ရှေ့နေကြီးကို ဘွား ဆက်သွယ်ထားတယ်၊ နှင်းရီသက်ကို ပေးသင့်တာပေးပြီး မြေးလေးကို စောင့်ရှောက်ခိုင်းမယ်၊ သူတို့အချစ်ပိုနေတဲ့ မွေးစားသားကိုတော့ ဘာစံစားခွင့်မှ မပေးနိုင်လို့ အမွေဖြတ်ခိုင်းမယ်"

"ဟင် ဘွား အဲလိုလုပ်လို့ ဖြစ်ပါ့မလား"

"ဖြစ်အောင် လုပ်ရမှာပေါ့၊ ဟိုက ယောကျ်ားလေး၊ မြေးမလေးနဲ့ တစ်အိမ်တည်း အတူနေလို့ မရဘူး၊ ခင်ထွန်းလို သားရေပေါ်အိပ် သားရေနားစား အဆင့်အတန်းမျိုးပဲနေမှာ၊ နှင်းရီသက်လို မြေးမလေးကို လုံးဝ အဖြစ်မခံနိုင်ဘူး၊ နှင်းရီသက်မှာ သွေးသားရင်းခြာ တူမလေးကို တာဝန်ဝတ္တရား ရှိတယ်၊ သူစိမ်းတစ်ယောက်အပေါ် သံယောဇဉ်ပိုနေတယ်ဆိုရင် နောင်ဘဝထိ ငါ ခွင့်မလွှတ်ဘူး"

ဘွားက မောဟိုက်နေရာမှ တိမ်မွေ့ခေါင်းလေးကို ပွေ့သပ်ပြီး

"မြေးလေး အားမငယ်နဲ့နော်၊ မြေးမှာ နှင်းရီသက်ဆိုတဲ့ အဒေါ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံး ကျန်သေးတယ်၊ သွေးရင်းသားရင်းထက် သူစိမ်းမွေးစားသားကို ဦးစားပေးတာ လုံးဝ လက်မခံနဲ့၊ ဟိုကလေးကို အမွေဖြတ်နိုင်းပြီး ဒီအခေါ်နဲ့တစ်သက်လုံးနေ၊ နှင်းရီသက်က မြေးရဲ့သွေးသားရင်းခြာ အခေါ်အရင်း၊ ဘွား အားလုံးစီစဉ်ခဲ့မယ်၊ မြေး အားငယ်စရာမလိုဘူး၊ သဘောပေါက်လား"

ထိုစကားတွေ အထပ်ထပ်နဲ့ နားထဲကို ရိုက်သွင်းခဲ့ပြီး အစီအစဉ်ချခဲ့တာ သူမက နာခံရုံသက်သက်ပါ။

သူမ ဘာတွေမှားခဲ့လို့လဲ။ ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့လဲ။

အပြစ်ဒဏ်ခံရသည့် နှလုံးသားက မွမွကြေလို့ ဘယ်လိုမှ ကောက်ဆက်မရတော့သည့် အပိုင်းအစတွေ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

သွေ့ခြောက်တိတ်ဆိတ်နေသော အိမ်ထဲမှာ သူတစ်ယောက်တည်း နေမထိထိုင်မသာ ဣန္ဒြေမရ။ စိတ်က ချောက်ချားလာတိုင်း အိမ်သန့်ရှင်းရေး ထလုပ်ပြီး စိတ်ဖြေသော်လည်း စိတ်နဲ့ကိုယ်နဲ့ မကပ်စွာ ထွက်ပေါက်ရှာပစ်လိုက်ချင်သလိုလို။

မောင်ဆိုသော နာမ်စားလေးနှင့် ချစ်တတ်ခဲ့သော တိမ်မွေ့ရဲ့ ယုယထိတွေ့မှုလေးတွေကို မြင်ယောင်ကြားယောင်ကာ သူ အလူးအလိမ့် ရှူးမတတ် ခံစားနေရသည်။

အနေဆင်းရဲ အစားဆင်းရဲသော တောရွာလေးကို ခေါ်သွားပြီး အနုနည်းဖြင့် နှိပ်စက်ခဲ့တာလည်း မငြိုငြင်ခဲ့။

သူ ပြောသမျှ ယုံကြည်ပြီး လိုက်လျောမှုလေးတွေ ရှိခဲ့တာ သူ ဘယ်လိုမှ မေ့မရ။

သူ့ကိုချစ်သောစိတ်နှင့် သူမ အဆင့်အတန်း ဂုဏ်ဒြပ်မှာတွေကို ဥပေက္ခာပြုပြီး တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ခဲ့သည်အထိ လိုက်လျောခဲ့ရှာသည်။

သူ မှားသွားပြီလား။ သူ့လုပ်ရပ်တွေက မသောက်ကျိုးမပီသတာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူမ ရှုံ့မှုန်းသွားမှာ သေချာပါသည်။ ဘယ်လောက်ထိ မှုန်းတီး နာကြည်းသွားမလဲဆိုတာ ခန့်မှန်းကြည့်တောင် မဝံ့မရဲပါ။

ငါ နင့်ကို ရိုးရိုးသားသား ချစ်ခဲ့တာပါတဲ့။ ဟုတ်မှာပါ။ သူ့ကို ဘယ်သူဘယ်ဝါ ဘာအကြောင်းပြချက် အငြိုးအတေးမှ မရှိဘဲ ချစ်ခဲ့တာ။

တကာယ်တမ်း သူ နိုင်ခဲ့သလား။ သူမ မချိမဆံ့ ခံစားသွားရတာကို ကျေနပ်နေခဲ့သလား။

သူမ မျက်ရည်တွေကို မြင်ရတော့ရော သူ ဝမ်းသာနေခဲ့သလား။ ဟင့်အင်း ဘာတစ်ခုမှ သူ့အတွက် မကျန်ရစ်ခဲ့ဘူး ထင်သည်။ ရင်ထဲမှာ ဟာလာဟင်းလင်း။

အချစ်မေတ္တာ ဖြည့်ဆည်းပေးဆပ်မှု အရာအားလုံး သူ့အနားမှာ ဘာမှ မကျန်တော့။

တိမ်မွေ့ခင် အချစ်နှင့် အရိပ်အငွေ့များကသာ သူ့ကို နှိပ်စက်နေကြပြီး

"သား"

"ဟင် မေ မေမေ"

အနားကပ်ကာ ခေါ်လိုက်သံကြောင့် ဆတ်ခနဲ တုန်သွားကာ မေမေ့ကို မြင်လိုက်ရတော့ ရင်တစ်ခုလုံး ဝမ်းနည်းစိတ်နှင့် လှိုက်ဆူနေသည်။

"သား ဘာတွေလုပ်နေတာလဲ"

"မေမေ"

"ဘာတွေ ကျူးလွန်ထားလဲဆိုတာ သားအပြစ်ကို သား သိသလား"

သူ ခေါင်းမညိတ် ခေါင်းမခါ တွေဝေနေဆဲ မေမေက ခပ်စူးစူး ကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွေ့ခင်က အဲဒီလို ပြောသလား"

"သူ့ကိုစောင့်ရှောက်ဖို့ သွားနေတဲ့ မေမေတို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိကြတာပါ၊ မေမေတို့ စောင့်ရှောက်မှုအောက်မှာ ရှိနေတဲ့ သူ့ဘဝ မလုံခြုံတော့ဘူးဆိုရင် ဘယ်သူ့မှာ အပြစ်ရှိသလဲ"

"သား အမှားပါ မေမေ၊ သားမှာ အပြစ်ရှိပါတယ်၊ မွေးစားသားမို့ မေမေတို့ကိုမလျော့မကန် စော်ကားမိတာမျိုး မဟုတ်ပါဘူး။ သားကို အထင်သေးခဲ့တာတွေ စွန့်ပစ်ခိုင်းခဲ့တာတွေ"

"ဝန်းရံခ ပါလို့ သူ သိခဲ့သလား သား၊ အဘွားက သွေးခွဲခဲ့လို့ စမ်းတဝါးဝါး သူ မှန်းနေရတာပါ၊ အဘွားရဲ့သွေးထိုးမှုတွေ စီစဉ်ခဲ့မှုတွေနဲ့ သူ့ကိုယ်သူ လောင်မြိုက်ခံနေရတာ၊ သားကို သူ ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ သူ့မျက်ရည်တွေက သက်သေပဲ"

"ဗျာ"

မေမေတို့ရှေ့မှာလည်း တိမ်မွေ့ခင် မျက်ရည်ကျတာပဲတဲ့လား။

"နာကြည်းမှုကြောင့် အချစ်ကြောင့် မခံချင်စိတ်တွေကြောင့် ဘာမှန်းခွဲခြားမသိပေမယ့် သူ့မှာလည်း ခံစားချက်တွေ ရှိနေတယ်၊ သူ့ရင်က ချစ်တတ်ခဲ့သမျှတွေ မင်းကို သူ အကုန်ပုံပေးခဲ့တာတဲ့"

သူ့ရင်တစ်ခုလုံး ကျိုးကြေကာ လှိုက်ဆူသွားသည်။ မာန်မာနတွေ ဖယ်ပြီး သူ့ကိုမြတ်မြတ်နိုးနိုး ချစ်ခဲ့တာ သူ အကြွင်းမဲ့ ယုံကြည်၏။

"သူ အခု ဘာပြောလဲ မေမေ"

"နာကြည်းတယ်၊ မုန်းတယ်တဲ့၊ မေမေတို့ကိုလည်း သားဆီ ပြန်သွားပါလို့ ပြောတယ်"

"ဟင် တိမ်မွေ့က မေမေတို့ကို"

"သူ ဘယ်လောက်ပဲ နှင်ချချ မေမေတို့ သားဆီ ပြန်မလာပါဘူး၊ သားက ယောကျ်ားလေး၊ ဒေါင်ကျကျ ပြားကျကျ ပန်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွေ့ခင်က အဲဒီလို ပြောသလား"

"သူ့ကိုစောင့်ရှောက်ဖို့ သွားနေတဲ့ မေမေတို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိကြတာပါ၊ မေမေတို့ စောင့်ရှောက်မှုအောက်မှာ ရှိနေတဲ့ သူ့ဘဝ မလုံခြုံတော့ဘူးဆိုရင် ဘယ်သူ့မှာ အပြစ်ရှိသလဲ"

"သား အမှားပါ မေမေ၊ သားမှာ အပြစ်ရှိပါတယ်၊ မွေးစား သားမို့ မေမေတို့ကိုမလျော့မကန် စော်ကားမိတာမျိုး မဟုတ်ပါဘူး။ သားကို အထင်သေးခဲ့တာတွေ စွန့်ပစ်ခိုင်းခဲ့တာတွေ"

"ဝန်းရံခ ပါလို့ သူ သိခဲ့သလား သား၊ အဘွားက သွေးခွဲ ခဲ့လို့ စမ်းတဝါးဝါး သူ မုန်းနေရတာပါ၊ အဘွားရဲ့သွေးထိုးမှုတွေ စီစဉ် ခဲ့မှုတွေနဲ့ သူ့ကိုယ်သူ လောင်မြိုက်ခံနေရတာ၊ သားကို သူ ဘယ်လောက် ချစ်ခဲ့တယ်ဆိုတာ သူ့မျက်ရည်တွေက သက်သေပဲ"

"ဗျာ"

မေမေတို့ရှေ့မှာလည်း တိမ်မွေ့ခင် မျက်ရည်ကျတာပဲတဲ့လား။

"နာကြည်းမှုကြောင့် အချစ်ကြောင့် မခံချင်စိတ်တွေကြောင့် ဘာမုန်းခွဲခြားမသိပေမယ့် သူ့မှာလည်း ခံစားချက်တွေ ရှိနေတယ်၊ သူ့ရင်က ချစ်တတ်ခဲ့သမျှတွေ မင်းကို သူ အကုန်ပုံပေးခဲ့တာတဲ့"

သူ့ရင်တစ်ခုလုံး ကျိုးကြေကာ လှိုက်ဆူသွားသည်။ မာန်မာန တွေ ဖယ်ပြီး သူ့ကိုမြတ်မြတ်နိုးနိုး ချစ်ခဲ့တာ သူ အကြွင်းမဲ့ ယုံကြည်၏။

"သူ အခု ဘာပြောလဲ မေမေ"

"နာကြည်းတယ်၊ မုန်းတယ်တဲ့၊ မေမေတို့ကိုလည်း သားဆီ ပြန်သွားပါလို့ ပြောတယ်"

"ဟင် တိမ်မွေ့က မေမေတို့ကို"

"သူ ဘယ်လောက်ပဲ နှင်ချချ မေမေတို့ သားဆီ ပြန်မလာပါ ဘူး၊ သားက ယောကျ်ားလေး၊ ဒေါင်ကျကျ ပြားကျကျ ပန်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



အညွန့်ကျိုး မဖြစ်နိုင်ဘူး၊ တိမ်မွေ့ခင်က မေမေတို့ စောင့်ရှောက်မှု အောက်မှာတောင် စွန်းထင်းမှားယွင်းမှုဖြစ်အောင် စော်ကားခံလိုက်ရပြီ''

''မေမေ သား သား သူ့အပေါ် ဘာ အခွင့်အရေးမှ မယူခဲ့ဘူး၊ မှဲ့တစ်ပေါက် မစွန်းခဲ့သေးပါဘူး မေမေ''

''အဲဒီလိုဖြစ်အောင် မလုပ်ရုံနဲ့ အပြစ်က လွတ်မသွားဘူး သား၊ သူ့ကို ဝန်ချတောင်းပန်လည်း ကျေအေးပေးမှာ မဟုတ်ဘူး၊ မေမေလည်း မွေးစားသားက စော်ကားခံလိုက်ရတာ့လို့ အောက်မေ့တယ်''

''မေမေ မေမေ''

လှည့်ထွက်သွားတော့မည့် မေမေ့ရှေ့မှာ သူ လျှောတိုက်ကာ ဒူးထောက်ထိုင်ချလိုက်သည်။ အရှိန်ပျံ့နေသည့် မျက်ရည်တွေက ဘယ်က ဘယ်လို လိမ့်ဆင်းကျလာမှန်းမသိ။

မေမေ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ကာ

''မေမေ မေမေကတော့ သားကို အဲလိုမပြောပါနဲ့၊ မေမေတို့ကို အဲလိုဖြစ်ပါစေဆိုပြီး သား မရည်ရွယ်ပါဘူး။ သား တောင်းပန်ပါတယ် မေမေရယ်၊ သားကို အဲလို မျက်လုံးမျိုးနဲ့ မကြည့်ပါနဲ့''

မေမေက သူ့လက်တွေကို ဖြည်းလေးစွာ ဖယ်ချကာ

''ယောကျ်ားဆိုတာ ကိုယ်မှားတဲ့ အမှားကို အပြစ်ဝန်ခံပြီး တာဝန်ယူရဲရပါတယ်၊ တောင်းပန်ရပြီဆိုကတည်းက အပြစ်ကျူးလွန်ခဲ့လို့ပေါ့၊ မေမေကတော့ မွေးစားသားကို မလိမ္မာအောင် မဆုံးမနိုင်ခဲ့တဲ့အတွက် တိမ်မွေ့ခင်ဆီမှာ အပြစ်ကြွေးတွေ ပေးဆပ်လိုက်ပါမယ်၊ သူ နှင်ချချ ပိုးဆိုးပက်စက် ဘယ်လောက်ပဲပြောပြော၊ ရိုင်းရိုင်းစိုင်းစိုင်း ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ၊ တွယ်ကပ်ပြီး သည်းခံနေရတော့မယ်''

''မေမေရယ် ဒီ ဒီမှာပဲ ပြန်လာနေပါလား၊ သားတို့ အရင်လို

www.burmeseclassic.com



ဘဝလေးနဲ့ ပြန်နေကြမယ်လေ၊ မေမေရယ် ဖေထွန်းရယ် သားရယ်"

"တိမ်မွှေ့ခင်အပေါ် အပြစ်ထပ်လုပ်ဖို့ တိုက်တွန်းနေတာလား။ တူမအရင်းကို ပစ်ထားပြီး မွေးစားသားနဲ့ လာနေရအောင် မင်းက ဘယ်လောက်တောင် ကောင်းတာတွေ လုပ်ထားလို့လဲ ဝန်းရံ၊ အရင်က တော့ ပြေးထွက်လာပြီး အဲဒီလိုနေဖို့ စဉ်းစားခဲ့ဖူးပါသေးတယ်၊ အခုတော့ မင်းလို သားမျိုးကြောင့် ဝဋ်ကြွေးတစ်ခုလို ငါ ပေးဆပ်လိုက်ပါတော့မယ်"

"မေမေရယ်"

မေမေ့ကို တားဆီးလို့ မရတော့တာ သူ သဘောပေါက်လိုက်သည်။ အပြစ်ရှိသူက သူပဲ။ မေမေက ဝဋ်ကြွေးတစ်ခုလို ပေးဆပ်ရမှာ ဖြစ်သင့်လို့လား။

အခုတော့ မေမေတို့ဆီက ရနေသော မေတ္တာတွေပါ ဘာမှ မကျန်တော့။ သူ ဘာမှကို မရလိုက်တော့တာပါလား။

တိမ်မွှေ့ခင်ဆီက အချစ်၊ မေမေတို့ဆီက မေတ္တာ။

အံဆွဲထဲက ထုတ်ယူကာ ဆုပ်ကိုင်ထားမိသော လက်ထပ်စာချုပ်လေးက ဘာမှအကျိုးမဝင် အဓိပ္ပာယ်မရှိတော့ဘူးပေါ့။ တိမ်မွှေ့ခင်ရဲ့ အမှတ်အသား လက်မှတ်ကလေး။

သူမဆီမှာ ပါသွားသော စာချုပ်ထဲမှာလည်း သူ့ရဲ့လက်မှတ် ရှိနေလိမ့်မည်။

ပူပြင်းလောင်မြိုက်စေတဲ့မီးကို ပျိုးခဲ့မိသည့် သူ့အဖြစ်က ကိုယ့်ကိုယ်ကိုယ် ဒဏ်သင့်လျက်. . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"နေသာထိုင်သာ ရှိရဲ့လား ဝန်းရံခ"

"လုပ်ချင်တာ လုပ်လိုက်ရလို့ အနိုင်ရလို့ ပျော်နေပြီ ထင်တယ်"

ထင်လင်းနှင့် မျိုးကိုရဲ့ ထေ့ငေါ့သော စကားများကို သူ ဘာမှ မတုံ့ပြန်မိ။ လက်က ဘီယာဘူးကို ဖောက်ကာ ဖန်ခွက်ထဲ မထည့်ဘဲ ဒီအတိုင်း မော့သောက်လိုက်သည်။

"အရာအားလုံးက မင်းစိတ်တိုင်းကျ ဖြစ်ပြီးသွားပြီဆိုရင် စက်ရုံ ပြန်ဆင်းတော့လေ၊ ဦးလေးက မေးနေပြီ"

"မင်းလုပ်ချင်တာ လုပ်ပြီး အောင်မြင်သွားတဲ့အထိမ်းအမှတ် ချီးယားစ်လေးဘာလေး လုပ်မှပေါ့ ဝန်းရံခ ချီးယားစ်"

"တောက် မင်းတို့ ငါ့ကို လှောင်နေကြတာလား"

ဘီယာဖန်ခွက်တွေ ကိုင်မြှောက်ထားကြသော ထင်လင်းတို့ လက်တွေ ဖြုန်းခနဲ အောက်ပြန်ကျသွားကာ ခနဲ့တဲ့တဲ့ ရယ်သံမဲ့ကာ ရယ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်တာလဲ၊ မင်း အောင်မြင်သွားလို့ ငါတို့က ဂုဏ်ပြုတာ"

"ပွဲပြီးငြိမ်းဖျက် မလုပ်နဲ့၊ မင်းတို့ လက်ထပ်ဖြစ်အောင် ငါတို့က သက်သေနေရာမှာ လက်မှတ်ထိုးထားတာနော်၊ မင်းလုပ်ချင်တာ ဖြစ်ချင်တာတွေအတွက် အားပေးရာလည်း ရောက်တယ်၊ မစော်ကားနဲ့"

"တော်ကြပါတော့ကွာ၊ တော်ကြပါတော့၊ ဒီမှာ ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲ၊ ဘာတွေ ခံစားနေရလဲ မေးကြည့်ပါဦးလား"

"မပြေးသော်လည်း ကန်ရာရှိ မကြည့်ချင်လည်း မြင်နေရတာ အကောင်းတိုင်းချည်းပါ၊ မင်းက အနိုင်ရတဲ့ကောင် ရင်ထဲမှာ ကျေနပ်ခြင်းတွေနဲ့ အပျော်တွေပဲ ရှိတာ မဟုတ်ဘူးလား"

အခုထိ ထွေငေါ့နေဆဲ။ ဒါမှမဟုတ် အရွဲ့တိုက် မေးခွန်းတွေဟု သူ ခံစားနေရသည်။

သူ ရှင်းမပြခင်ကတည်းက ဒီကောင်တွေ သိနေပြီးသား ဖြစ်မှာပါ။ အခန်းအောင်းနေတာကို ဘီယာလိုက်တိုက်ပါဆိုပြီး ဖွတ်ဆွဲခေါ်လာတာ။

ဒီရောက်မှ သူ့ကိုထွေငေါ့တာတွေ အရွဲ့တိုက်တာတွေနှင့် ဖွဲ့နေရလား။

သူ ဘီယာနောက်တစ်ဘူး ဖောက်နေချိန်မှာ ထင်လင်းက ဖျတ်ခနဲ လှမ်းဆွဲပြီး စားပွဲပေါ် ဆောင့်ချ၏။

"မင်း ဝေဒနာတွေ ထပ်ရှာနေတာလား ဝန်းရံ၊ ဒါ သောက်လိုက်တော့ သက်သာမှာလား၊ တခြား ဖြေဆေးရှာဖို့ စဉ်းစားတာ ကောင်းမယ်"

"မင်းတို့ ဘာတွေ သိထားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေနဲ့ လမ်းမှာ အမှတ်တမဲ့ တွေ့တာ အကုန်ပြောပြသွားတယ်၊ ငါတို့ကိုရော ဘာမှမသိကြဘူးလားလို့ မေးတယ်"

"ဘာပြန်ပြောလိုက်လဲ"

"ဆင်ဖေ့ရန်ရှောင်ပေါ့၊ ဒါပေမဲ့ မင်းဝေဒနာအတိုင်းအဆကြောင့် ဒီလိုလုပ်ဖြစ်သွားတာနေမှာပါလို့ စိတ်ပြေသာအောင် ပြောတော့ မင်းခံစားချက်ကို နားလည်တယ်၊ ဒါပေမဲ့ ဒါ မလုပ်သင့်တဲ့အရာတဲ့"

"မင်းအမေလည်း တော်တော် ခံစားနေရတယ်၊ မွေးစားမိတာမှားပါပေါ့လို့ နောင်တမရတာ တော်သေးတယ်"

"ရချင်လည်း ရနေမှာပါ၊ ဖွင့်မပြောတာပဲ ရှိချင်ရှိမယ်၊ မင်းဘာဆက်လုပ်မှာလဲ ဝန်းရံ"

လေသံတွေက လျှော့သွားပေမယ့် မေးခွန်းတွေက နိုက်ထုတ်ကာ ထိရောက်ဆဲပင်။ ဒီအချိန်မှာ ဖြေသိမ့်ဖို့ ခွန်အားတွေပဲ လိုနေတာပါ။

"ဒီအချိန်မှာ ငါ ဘာလုပ်လုပ် အဆင်မပြေတော့ဘူးဆိုတာ ငါ သိတယ်၊ ငါ့ကို မေမေတို့လည်း မုန်းသွားပြီ၊ တိမ်မွေ့ခင်လည်း မုန်းသွားပြီ"

"မင်းအမေကတော့ ထားပါတော့၊ အစကတည်းက တိမ်မွေ့ခင်ဆီက အချစ်ကို လိုချင်လို့ လုပ်ခဲ့တာမှ မဟုတ်တာ၊ ဘာကိုမျှော်လင့်နေတာလဲ"

"အမှတ်ရစရာတွေ ကျန်နေခဲ့တယ်"

"အချစ်ရဲ့အတိမ်အနက်ကို ခံစားမိသွားတာလား"

"အချစ်ဆိုတာ ဘာမှန်းမသိဘဲ စိန်ခေါ်မိတာ ငါ မှားသွားတယ် ထင်တယ်၊ သူ့ကိုမေ့လို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားပီပီသသတော့ ဝန်ခံနေသားပဲ၊ ကိုယ်လုပ်ခဲ့တဲ့ အပြစ်တွေရော သိရဲ့လား"

ဆိတ်ဆိတ်နေလိုက်ခြင်းမှာ ဝန်ခံမှုမြောက်ကြောင်း ထင်လင်းတို့ သိပေလိမ့်မည်။ သက်ပြင်းရှိုက်သံတွေ မချိမဆံ့ တိုးထွက်လာတော့ ထင်လင်းက သူ့ပခုံးကို ခပ်ဖိဖိလေး ဆုပ်ညှစ်လာ၏။

"ဒဏ်သင့်မယ်လို့ သတိပေးခဲ့သားနဲ့ကွာ၊ အခု မင်းရှေ့တိုးလို့လည်း မရတော့ဘူး၊ နောက်ဆုတ်လို့လည်း မရတော့ဘူး"

"ရွေးချယ်စရာလမ်း အဆုံးသတ်သွားပြီဆိုတာ ငါ့ကိုယ်ငါ သိတယ်၊ ငါက တိမ်မွေ့ခင် ဒီထက်ပိုပြီး မုန်းအောင်လုပ်ခဲ့မိတာပဲ"

"မျှော်လင့်တဲ့အတိုင်း ဖြစ်ခဲ့တာဆိုရင် ဘာလို့ ဝမ်းနည်းနေတာလဲ၊ တိမ်မွေ့ခင်ကို မင်း တကယ်ချစ်မိသွားတာ မဖြစ်နိုင်ပါဘူး နီးစပ်မှုနဲ့"

"နီးစပ်မှုဆိုတာ စကားလုံး ရိုင်းပါတယ်၊ သူ့ဆီက ငါ ဘာ အခွင့်အရေးမှ မယူခဲ့ဘူး၊ သူ ပေးခဲ့တဲ့ အချစ်တွေကိုပဲ တန်ဖိုးမဖြတ်နိုင်တာ"

"ဒါဆို မင်းရှုံးတယ်လို့ ကြေညာတာလား"

သွက်လက်စွာပင် ခေါင်းညိတ်ပြမိ၏။ ဝန်ခံလိုက်ရလို့ ရင်ထဲ ပေါ့သွားသလိုပင်။

"ဒီအတိုင်းတော့ မနေနဲ့ကွာ၊ တိမ်မွေ့ခင်ကိုတွေ့ပြီး တောင်းပန်ကြည့်ပါလား"

"သူ အဲလောက်ထိ ပျော့ညံ့မယ့် မိန်းမမဟုတ်ဘူး၊ ငါ့ကို မုန်းတီးစက်ဆုပ် ရွံရှာသွားတာ ဘယ်တော့မှ ခွင့်လွှတ်မှာလည်း မဟုတ်တော့ဘူး"

"ဒါဆို လက်ထပ်စာချုပ်ပြပြီး အကျပ်ကိုင်ပေါ့၊ သူက မင်းရဲ့

www.burmeseclassic.com



တရားဝင်ဇနီးမယားပဲ''

ဒီတစ်ခါတော့ ထင်လင်းနဲ့မျိုးကို တကယ့်ကို အားပေးနေတာ ထင်သည်။ သူကတော့ ခေါင်းကိုသာ ဖြည်းလေးစွာ ခါရမ်းဖြစ်၏။

''နောက်တစ်ကြိမ် အမှားထပ်ဖြစ်သွားမှာစိုးတယ်၊ လက်ထပ်စာချုပ်က အသုံးချဖို့ လက်နက်တစ်ခုလားဆိုပြီးတော့ပေါ့၊ မွေးစားသားကို မမြင်ဘူးဘဲနဲ့ မုန်းခဲ့တာ၊ ဝန်းရံခကို ချစ်ပြီးမှ နာကြည်းသွားတာ၊ ဒါကိုပြပြီး အနိုင်မယူချင်တော့ပါဘူး''

''နေနိုင်တယ်ဆို ကောင်းပါတယ်၊ မင်းအပြစ်တွေ ဆေးကြောပြီးသား ဖြစ်တာပေါ့၊ မိဘတွေရဲ့ ဥပေက္ခာကိုရော ခံနိုင်ရည်ရှိရဲ့လား''

''မေမေ မျက်ရည်ကျတာ စိတ်မကောင်းဘူး၊ တစ်ခုခုပြန်လုပ်ပေးဖို့ စဉ်းစားသေးတယ်၊ မွေးစားသားမို့ ဆိုတဲ့ စွပ်စွဲချက်ကြီးကို ချေဖျက်ပစ်ချင်တယ်''

''ပြင်မရတဲ့ အမှားကြီးကို ကျူးလွန်ခဲ့တာ မင်း ဒီလောက်တော့ အပြောခံသင့်ပါတယ်၊ တခြားတစ်ယောက်ဆို တော်သေးတာပေါ့၊ အခုဟာက တူမအရင်း''

ရင်မှာ ဆစ်ခနဲ နှလုံးသွေးတို့ ဆောင့်တိုးသွား၏။

ဒဏ်ရာအတွက် ကုစရာဆေးမရှိပါ။ မေတ္တာတွေ ကင်းဝေးနေသော ဘဝမှာ ယောင်ချာချာနှင့် ဘယ်အရာကို တောင့်တရမှန်းမသိတော့ဘဲ. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"တိမ်မွှေ့ ကြိုက်ကဲ့ငါးနဲ့ မုန်လာဥချဉ်ဟင်း ချက်ထားတယ်၊ ပုစွန်ထုပ်ဆီပြန်လေးနဲ့ တူမလေး ကြိုက်တယ် မဟုတ်လား၊ စားနော် တူမလေး အန်တီကိုယ်တိုင် ချက်ထားတာ"

အရင်ကထက် နွေးထွေးဂရုစိုက်လာသော ဒေါ်နှင်းရီသက်ကို တစ်ချက်မျှ မော့ကြည့်ပြီး ဟင်းတွေကို ထမင်းထဲ ပုံထည့်ကာ တို့ကာနန်း ဆိတ်ကာနန်းမျှ စားနေလိုက်သည်။

အရင်က ထမင်းပိုင်းနှင့် ဝေးဝေးမှာနေပြီး သူမနှင့်တစ်ခါမှ လက်ဆုံမစားဖူးသော ဦးခင်ထွန်းက သူမဘက်မှာ ဟင်းခွက်ရေတွ တိုးပေး ပြီး ရေထည့်ပေးလိုက်၊ ဟင်းခပ်ထည့်ပေးလိုက်ဖြင့် ပျာယာခတ်လျက် ရှိသည်။

"မိသားစုတစ်ဝိုင်းတည်း စားတော့ ထမင်းဝင်တာပေါ့၊ နွေဘက် နေ့ သမီးစားချင်တာလေးတွေရှိရင်လည်း သမီး အန်တီကို ပြောနော်၊ မအေးချက်တဲ့ လက်ရာမကြိုက်မှာစိုးလို့ဆိုပြီး သူကိုယ်တိုင် ဝင်ချက်ပေး တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ မအေးက အဝတ်လျှော်တာနဲ့ အိမ်သန့်ရှင်းရေးပဲ တော်တာ၊ ချက်တာပြုတ်တာတော့ သိပ်အစပ်အဟပ် မတည့်ချင်လှဘူး၊ သမီး ခံတွင်းတွေ့အောင် အန်တီကိုယ်တိုင် ချက်ကျွေးမယ် သိလား"

ဒီလောက်တောင် ဂရုစိုက်ပြနေတော့ သူမ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ရတစ်ဝက်လောက် မော့သောက်ကာ ထမင်းစားခြင်းကို လက်စသတ်၍ ထရပ်ပြီး

"တိမ်မွှေ့ အပြင်သွားလိုက်ဦးမယ်"

"ဟင် ဘယ်သွားမှာလဲ သမီး၊ ညနေတောင်စောင်းနေပြီ"

"နိုင်ငံခြားမှာ ခင်ခဲ့တဲ့ မိတ်ဆွေတစ်ယောက် ရောက်နေလို့ပါ၊ သူနဲ့လုပ်ငန်းကိစ္စပြောဖို့ ဟိုတယ်မှာ ချိန်းထားလို့"

"ဒါဆို အန်ကယ် ကားမောင်းပြီး လိုက်ပို့မယ်"

"အို မပို့ပါနဲ့၊ အရင်လည်း တိမ်မွှေ့ဘာသာ တစ်ယောက်တည်း သွားနေကျပဲ"

"အရင်က အဲဒီလို လွှတ်ထားမိလို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ပြီ၊ အန်ကယ်တို့ စေတနာကိုလက်ခံပါ၊ နောက်တစ်ခါ ဒါမျိုးအဖြစ်မခံနိုင်တော့ဘူး"

"နောက်နေ့ကစပြီး သမီး ဘယ်ကိုသွားသွား သမီး အန်ကယ်က ဒရိုင်ဘာလုပ်ပေးလိမ့်မယ်၊ အန်တီတို့ စောင့်ရှောက်မှုအောက်မှာ သမီးလေး နောက်ထပ် ဘာမှ မဖြစ်စေရတော့ပါဘူး"

ဒါ တကယ့်စေတနာ အမှန်လား။ တာဝန်ဝတ္တရားအရဆိုလျှင် သူမ လက်မခံနိုင်ပါ။ ဒါမှမဟုတ်

"ဝန်းရံခံအပြစ်ကို ဆေးကြောပေးချင်လို့လား အန်တီ၊ ဝန်းရံခဲ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်လွှတ်အောင်''

''သူနဲ့ပတ်သက်တာကို မေ့ထားလိုက်ပါ၊ အန်တီတို့ စိတ်ထဲမှာ သူ့ကို ထုတ်လိုက်ပြီးပါပြီ၊ ကိုယ့်တူမအရင်းကို သူ ဒီလိုလုပ်တာ အန်တီတို့ လုံးဝ ခွင့်မလွှတ်ဘူး''

''ဟင်''

''မနေ့က သူ့ကိုအပြတ်ပြောခဲ့ပါတယ်၊ မွေးစားမိလို့ အစော်ကားခံရတာ၊ သမီး နှင်ချလည်း ဒီအိမ်ကနေ ဘယ်မှမခွာဘဲ သမီးကို စောင့်ရှောက်မယ်ဆိုပြီးတော့ပေါ့''

သူ ဘာပြန်ပြောလဲလို့ မေးစရာလိုမည် မထင်။ အန်တီတို့ကို မိဘအရင်းတွေလို ချစ်သော ဝန်းရံခ နာနာကျင်ကျင် ခံစားသွားရမှာပါ။

အန်တီတို့မေတ္တာ သူ မရတော့ဘူးပေါ့။

သူမ ဝမ်းသာရမှာလား၊ ကျေနပ်ရမှာလား။

''သွားမယ်ဆို သမီး၊ အန်ကယ် ကားစက်နှိုးပြီး စောင့်နေမယ်နော်''

ထမင်းစားမပြီးခင် ကပျာကယာ ထထွက်သွားတော့ ဦးခင်ထွန်းကို သူမ အားနာသလို ဖြစ်သွားမိသည်။ အန်တီကပါ အိမ်ရှေ့အထိ လိုက်ပို့တော့ သူမစိတ်ထဲ တစ်မျိုးကြီးပါ။

''ကားကို ဂရုစိုက်မောင်းနော် ကိုထွန်း၊ အန္တရာယ်မဖြစ်စေနဲ့''

ဒီလို နွေးထွေးမှုတွေ တစ်ချိန်က ဝန်းရံခ အသေအချာ ရခဲ့မှာပေါ့။

''ဒီအိမ်လေးမှာ အရင်က ကိုယ်တို့သားအမိ သားအဖ သုံးယောက်နေကြတာ၊ မိသားစု နွေးထွေးမှုတွေနဲ့ အရမ်းပျော်ရွှင်ကောင်းခဲ့တာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ဒီအခြေအနေလေးကို ဖျက်စီးခဲ့သူအဖြစ် သူမကို လက်တုံ့ပြန်ခဲ့သော ဝန်းရံခ အခု ဘယ်လိုနေနေလဲ။

ဒီမေတ္တာတွေ ငါ အပြည့်အဝ ရနေပြီ။ နင့်အပြစ်တွေအတွက် ရှုံသာရှိက်သာမှ ရှိရဲ့လား ဝန်းရံခ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"တိမ်မွေ့က အရင်ထွက်သွားပြီး ဒီမှာ ဘာမှလည်း အစီစဉ်မကျသေးပါလား၊ ကိုယ်ကတော့ ကိုယ့်မိတ်ဆွေတွေနဲ့ ကွန်တက်လုပ်ပြီး မြေနေရာတောင် ရှာပြီးသွားပြီ၊ အဆောက်အဦးလည်းပါတယ်၊ တိမ်မွေ့လိုက်ကြည့်ဦးမလား"

"ဟင့်အင်း နောက်မှပေါ့၊ ဒီဘက်မှာ တိမ်မွေ့ အဆင်သင့်မဖြစ်သေးဘူး၊ လုပ်ငန်းက မြို့ထဲပိုင်းမှာဆိုရင် အပြောင်းအရွှေ့နဲ့ အခက်အခဲဖြစ်နိုင်လို့ စက်မှုဇုန်တွေဘက်မှာ ရှာကြည့်နေတာ"

"ဒါဆို ရုံးချုပ်ကို ကိုယ် ရှာထားတဲ့နေရာလုပ်ပြီး လုပ်ငန်းကို တိမ်မွေ့ရည်ရွယ်ထားသလို အကောင်အထည် ဖော်လိုက်ရင်ရော"

သူရိန် ကတော့ စပ်တူရှယ်ယာလုပ်ဖို့ ဖွတ်ကို စည်းရုံးနေသည်။ နိုင်ငံခြားမှာကတည်းက ဖွတ်လိုက်ကပ်နေတာမို့ မနည်းရှောင်ဖယ်ပြီး ထွက်လာတာ။

မိဘတွေရဲ့ တိုက်တွန်းမှုကြောင့်ရော စီးပွားရေးအဘက်မြင်မှု အရရော သူရိန်က သူမကိုပရိုပို့စ်လုပ်လာသည်အထိ ရင်းပင်းမှုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ တကယ်ကိုစိတ်ဝင်စားမှု မရှိပါ။ အမြဲလိုလို ဘီယာ အရှိန်နှင့် အဆီပြန်နေသော မျက်နှာမှာ ရမ္မက်စိတ်တွေကိုပဲ မြင်တွေ့နေရသည်။

မျိုးရိုးအနေနှင့်လည်း ဖအေက နောက်အိမ်ထောင်နှင့် မအေက သားသမီးကို မအုပ်ချုပ်နိုင်သည့် လောင်းကစားသမား။ ဒါပေမဲ့ သူရိန်က စီးပွားရေးအရ နှံ့စပ်မှုရှိသည်။ လူရေလည်သည်။ အချဉ်ဖမ်းချင်သည့် မိန်းကလေးတွေကို ရှောင်ကွင်းပြီး တိမ်မွေ့ခင်မှ တိမ်မွေ့ခင်ဆိုတာမျိုး။

"ကျွန်မ စဉ်းစားဦးမယ် ကိုသူရိန်၊ ကျွန်မက အစုစပ်ရှယ်ယာ လုပ်ဖို့ အစကတည်းက စိတ်မကူးခဲ့တာ ကိုသူရိန် သိသားပဲ"

"တိမ်မွေ့အတွက် ဦးဆောင်ပေးမယ့်သူ တစ်ယောက် လိုနေတာပဲ မဟုတ်လား။ တိမ်မွေ့လုပ်မယ့် အလုပ်ကလည်း ကိုယ်ကျွမ်းကျင်ပြီးသားပဲ၊ နိုင်ငံခြားသား ပညာရှင်ခေါ်မယ်ဆိုတာက တိမ်မွေ့အတွက် အရမ်း ပင်ပန်းနေမလားလို့"

"ဒါက ကျွန်မ ရည်ရွယ်ချက်ပါ၊ ပညာချင်း ဖလှယ်လို့ အဆင်ပြေတဲ့သူဆိုရင် ကျွန်မ ရေရှည်လက်တွဲလုပ်ဖို့ စိတ်ကူးမှာပဲ၊ အဆင်မပြေရင် ကိုယ့်ပညာနဲ့ကိုယ့်ဘာသာ ထူထောင်မယ်"

"ကိုယ့်ကို ဘာလို့ နေရာမပေးချင်တာလဲ တိမ်မွေ့၊ ကိုယ်က တိမ်မွေ့ကို ပညာတူဝါသနာတူဆိုပြီး အများကြီး မျှော်လင့်ထားတာ၊ စီးပွားရေးအရလည်း တိမ်မွေ့ စဉ်းစားကြည့်ပါ၊ ကိုယ့်လူမျိုးအချင်းချင်း တိုးတက်အောင်လုပ်တာ ပိုမကောင်းဘူးလား"

"ကျွန်မ စဉ်းစားဦးမယ်လို့ ပြောပြီးပြီလေ၊ ကျွန်မကို အရမ်း ဖိအားမပေးပါနဲ့"

သူမ လေသံမာမာနှင့် တုံ့ပြန်တော့ သူရိန့်သက်ပြင်းတွေချကာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ထိန်းချုပ်လိုက်ရ၏။

တိမ်မွှေ့ကို ဖွတ်အတင်း ဖိအားပေး တွယ်ကပ်လို့မရမှန်း သူ သိသည်။ အရင်ချိန်တွေကထက် လိုက်လျောမှုရှိလာတာပဲ အားတက်ရမှာပါ။

"တိမ်မွှေ့စဉ်းစားမယ်ဆိုလည်း အေးအေးဆေးဆေး စဉ်းစားပါ၊ ကိုယ်ကတော့ တိမ်မွှေ့ရှိတဲ့ မြန်မာပြည်ကို လိုက်လာရတာ အရမ်းပျော်နေတာ၊ ကိုယ့်မိဘတွေလည်း တိမ်မွှေ့ကို တောင်းရမ်းလက်ထပ်ပေးဖို့ လိုအပ်ရင် အမြန်ခေါ်လိုက်လို့ မှာလိုက်တယ်"

သူမ မကြားချင်ယောင်ဆောင်ကာ အအေးခွက်လေးကို ပိုက်တံလေးဖြင့် ခပ်မှုန်းမှုန်း ဆွဲသောက်၍ မျက်နှာလွှဲနေလိုက်သည်။

တစ်ချိန်က အဘွားတို့ကပါ သင့်တော်သင့်သည့်လူဟု တိုက်တွန်းဖူးတာမို့ စိတ်ဝင်စားခဲ့ဖူးသလို ရှိပေမယ့် ခုချိန်မှာ သူမရင်ထဲ နေရာလပ် မရှိတော့သလိုပင်။

လုပ်ငန်းကိစ္စဆိုရင်တော့ သူ့ရိန်က အားကိုးလို့ရမှာပါ။

"တစ်နေ့နေ့တော့ ကိုသူရိန် ရှာထားတဲ့နေရာကို လိုက်ကြည့်ဖြစ်မှာပါ၊ ဒီနေ့တော့ ကျွန်မကို ခွင့်ပြုပါဦး၊ အိမ်ပြန်ဖို့ အရမ်းနောက်ကျနေပြီ"

"ကိုယ့်ကို တိမ်မွှေ့နေတဲ့အိမ်ကို အလည်ခေါ်ဖို့ ထမင်းစားဖိတ်ဖို့ စိတ်ကူးမရှိဘူးလား"

"ဪ အဲဒါတော့ ရှင်အချိန်ရတဲ့နေ့ ဖုန်းလှမ်းဆက်လိုက်ပါ၊ ဟိုမှာ ရင်းနှီးခဲ့တဲ့ မိတ်ဆွေတွေဆိုတော့ ထမင်းစားဖိတ်ကျွေးဖို့မှာ ဝန်မလေးပါဘူး"

"အဲဒီစိတ်ကလေး ရှိနေသေးတာ ကျေးဇူးတင်ပါတယ်၊ ကိုယ်

www.burmeseclassic.com



က အမြန်ဆုံး လာချင်နေတာဆိုတော့ မနက်ဖြန်ဆိုရင်ရော တိမ်မွေ့ဘက်က အဆင့်ပြေမလား"

"ရပါတယ် ညွှန့်သည်ကို ထမင်းကျွေးတာ အချိန်တယ်လောက် ကုန်မှာမို့လို့လဲ"

သူမ သူရိန်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ချိန်မှာ ဦးခင်ထွန်းက တာဝန်ကျေစွာ ကားအဆင်သင့် စက်နိုး၍ စောင့်နေသည်။ သူမ ထွက်လာတာမြင်တော့ ကားတံခါးဆင်းဖွင့်ပေး၏။ ဒီလောက် အလိုက်သိပေးနေတော့ ဝန်ထမ်းအရိုင်ဘာ မဟုတ် ဘာမဟုတ်နှင့် အားနာသလိုလို မျက်နှာပူသလိုလိုကြီးပင်။

"ဟိုတယ်ထဲဝင်ပြီး တစ်ခုခု စားရင်း စောင့်နေတာမဟုတ်ဘူး၊ တိမ်မွေ့ ညွှန့်သည်နဲ့စကားပြောနေတာ တော်တော်ကြာသွားပြီ ထင်တယ်"

"ရပါတယ် သမီးရဲ့၊ အိမ်ကလည်း စားသောက်လာတာပဲဥစ္စာ၊ ခြော် အိမ်ပဲ မောင်းရမှာမဟုတ်လား သမီး"

"ဟုတ်ကဲ့ ဟို ကုန်တိုက်ခဏဝင်ဦးမယ် အန်ကယ်၊ အန်တီ့အတွက် အားဆေးနဲ့ အသီးအနှံလေးတွေ ဝယ်သွားလိုက်ဦးမယ်"

မေတ္တာတွေကို ခံစားလာရတော့ သူမဘက်ကလည်း မတင်းမာချင်တော့။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုပေးရင်း နွေးထွေးမှု အရသာက ဘယ်လိုဆိုတာလည်း သူမ ခံစားတတ်လာခဲ့သည်။

ဒီအချိန်မှာ ဝန်းရံရဲ့ ဘယ်လိုနေနေလဲဆိုတာ သူမ သိချင်လာ၏။

သူစိမ်းက သူစိမ်းနေရာ၊ ဥပေက္ခာတွေနဲ့ပဲ တန်တာ သူ သိနေလောက်ရောပေါ့။ အန်တီက အစိမ်းဖြတ် ဖြတ်ခဲ့ပြီဆိုတော့ သူမကို အရင်ကထက်များ ပိုမုန်းနေလေသလား။

www.burmeseclassic.com

www.burmeseclassic.com



နီးစပ်ထိတွေ့ခဲ့သော ငြိတွယ်မှုတွေရဲ့ အချိန်ကာလက တို တောင်းခဲ့သည် ထင်ရပေမယ့် ရင်မှာတော့ ဒဏ်ရာက စူးစူးနစ်နစ် ရှိလှသည်။

တွေးလိုက်တိုင်း အိပ်လို့မပျော်။ စဉ်းစားလိုက်တိုင်း သူ့ရဲ့ချစ် စကားသံတွေ ကြားယောင်ပြီး မျက်ရည်စက်က အရင်ကျ၏။

လိမ်ညာခဲ့သော မှာ်သားတွေ၊ လှည့်ဖျားခဲ့သော အနမ်းတွေ၊ သိမ်းပိုက်ဖို့ ကြိုးစားခဲ့သော လက်ထပ်စာချုပ်။

ဒါပေမဲ့ သူမ စွန်းထင်းမှုမရှိအောင် ထိန်းသိမ်းခဲ့သော ကိုယ် ကျင့်တရားက ဘာကြောင့်ပါလဲ။

တကယ်မချစ်ခဲ့လို့ ဘဝကို မယူဖို့ထိ ဆုံးဖြတ်ခဲ့တာလား။ နစ်နာစေလိုသော ဆန္ဒတကယ်မရှိခဲ့ခြင်းလား။

ဒါမှမဟုတ် သူမကို ပညာပေးရုံ စမ်းသပ်ခဲ့ခြင်းလား။

ဘာမှလည်း မရေရာဘဲ မွန်းကြပ်နေခဲ့ခြင်းက အဆုံးတိုင်..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ငါ့ဆီမှာပဲ အလုပ်ပြန်လုပ်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"အစ်ကိုကြီးကလည်း အစကတည်းက ကျွန်တော် အလုပ်ထွက်သွားတာမှ မဟုတ်တာ"

"မိန်းမခိုးသွားတာဆို၊ ဘယ်မှာလဲ အဲဒီ မိန်းမ"

"ဗျာ ဟို အဲဒါက"

"မိန်းကလေး မိဘတွေဆီရော ပြန်အပ်ပြီးပြီလား၊ လိုအပ်ရင် မင်းရဲ့လူကြီးမိဘနေရာက ငါ အကုန်လိုက်လုပ်ပေးမယ်၊ လက်ထပ်ဖို့ကို သိပ်အချိန်ဆွဲမနေနဲ့၊ ဗိုက်ထွက်လာမှ မင်္ဂလာဆောင်ရရင် လူကဲ့ရဲ့ခံရလိမ့်မယ်ကွ"

ထင်လင်းတို့ ဘာမှ အတိအကျ ပြောမထားတာမို့ သူလည်း ဘယ်လိုဖြေရှင်းပြရမှန်းမသိပါ။

"အစ်ကိုရော အဆင်ပြေခဲ့တယ် မဟုတ်လား၊ မိန်းခန့်ရော လုပ်ငန်းကိစ္စရော"

"မင်းကျေးဇူးကြောင့် အစစ အဆင်ပြေပါတယ်၊ ငါ့မိန်းမမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိတဲ့ အရိပ်အရောင်တွေတောင် ပြနေတယ်"

"ဟုတ်လား ဝမ်းသာစရာပေါ့၊ ဒီအချိန်မှာ အစ်ကိုက သေချာ ဂရုစိုက်ပေးရမှာ ကြင်နာယုယပေးရမှာ"

"ငါ့ကိုပဲ သင်ပေးမနေနဲ့၊ မင်းမိန်းမနဲ့ ငါ့ကိုလည်း မိတ်ဆက် ပေးဦးလေ၊ ငါလည်း မင်းအတွက် တစ်ခုခု ပြန်လုပ်ပေးချင်တယ်"

"ဟုတ် ဟုတ်ကဲ့ နောက်မှပေါ့ အစ်ကို"

"နောက်မှဆိုတဲ့စကားက ဘာလဲကွ၊ မင်းတို့ချင်း အဆင်မပြေ ဘူးလား၊ မိဘတွေနဲ့လား"

"မ မဟုတ်ပါဘူး အစ်ကို"

"အေး မင်းက ငါ့စက်ရုံက တိုက်လေးမှာလည်း မနေတော့ဘူး ဆို၊ အခု အဲဒီကောင်မလေးနဲ့ အတူတူနေနေတာလား"

"မ မဟုတ်ပါဘူး"

"ဟာ ဒီကောင် မပွင့်လင်းလိုက်တာ၊ ဘာအခက်အခဲရှိနေလဲ မင်း ဘာအကူအညီလိုနေလဲ ငါ့ကိုပြော၊ တစ်ယောက်နဲ့တစ်ယောက် စိတ်တူကိုယ်တူ ခိုးပြေးသွားတယ်ဆိုတာ တော်ရုံအချစ်နဲ့လား၊ ခိုးရာ လိုက်တယ်ဆိုကတည်းက အဲဒီကောင်မလေး မင်းကို ဘယ်လောက်ချစ် တယ်ဆိုတာ သိသာနေပြီ၊ မင်းဘက်က ယောကျ်ားလေးတာဝန်ကျေဖို့ လိုတယ်၊ မပြတ်မသား မလုပ်နဲ့"

ဘာမှမသိသေးသည့် လူကတောင် သူ့ကိုအပြစ်တင်နေသည် တကယ်လည်း သူ မကောင်းခဲ့တာပါ။ တော်ရုံတန်ရုံ အချစ်နဲ့ တိမ်းမှောင် က သူခေါ်ရာကို လိုက်ပါ့မလား။

အဖျားရှိန်ဒဏ်သင့်နေသည့် နှလုံးသားက တဆတ်ဆတ်ခါလို့ အသက်ရှူလို့တောင် မဝတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက အဓိပ္ပာယ်မရှိသလို ဘာမှလည်း လုပ်လို့မရ။

"ကျွန်တော့်ကို ဒီနေ့ ခွင့်ပေးပါ အစ်ကို၊ နောက်နေ့မှ အလုပ် စဆင်းပါရစေ"

"ဪ ဒီကောင် ဘယ်လိုဖြစ်နေတာလဲ၊ စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူးထင်တယ်၊ အေးလေ နားချင် နားလိုက်ပါ၊ နောက်ရက်တွေတော့ အရေးတကြီးအလုပ်တွေ ရှိတယ်နော်၊ ဟိုက အဆက်အသွယ်ရလာတာ နဲ့ လုပ်ငန်းလုပ်ဖို့ သာကေတဘက်မှာ နေရာသွားကြည့်ရမယ်"

"ဟုတ်ကဲ့ ကျွန်တော် လာခဲ့ပါမယ် အစ်ကို၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဦးကျော်ဖုံကို ဖွတ်နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ မွန်းကြပ် နေသော စိတ်ခန္ဓာတစ်ခုလုံးက ဘယ်နေရာမှာနေနေ ထွက်ပေါက်တွေ ပိတ်နေသလိုပါ။

ဦးကျော်ဖုံ ရောက်နေပြီမို့ သူ့ခြေထောက်တွေကိုသာ အားကိုး လျက် ခြေလျင်လျှောက်လာခဲ့ရသည်။

ဘယ်ကိုသွားလို့ ဘယ်နေရာမှာ ခိုနားရမှန်းလည်း မသိ။

"တီ တီ"

လမ်းပေါ်တက်လျှောက်နေမိသော ကိုယ့်အဖြစ်က နောက်က ကားဟွန်းသံကြားမှ ယိမ်းထိုးမတတ် ခုန်ရှောင်လိုက်ရသည်။

"ဟင် ဖေထွန်း၊ တိမ်မွေ့ခင်"

သူ့နှုတ်က လွှတ်ခနဲ ထွက်သွားပြီး အံ့သြတကြီးဖြစ်သွားပေမယ့် ဘယ်သူကမှ သူ့ကိုငဲ့စောင်းကြည့်မသွားကြပါ။ မမြင်လို့လည်းမဟုတ်။ သိသိကြီးနှင့် မသိချင်ယောင်ဆောင်သွားကြတာ။

တိမ်မွေ့ခင် မျက်နှာကို သေချာမမြင်တွေ့လိုက်ရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဖေထွန်းရဲ့စိမ်းသက်သော ဥပေက္ခာများက ရင်ဝကို မီးစနှင့် ထိုးလိုက်သလို ခံရဆိုးလွန်းသည်။

ရင်တစ်ခုလုံး လှိုက်ဆူကာ ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေ ပြုန်းခနဲ ပြိုကျလာ၏။

သူ့လုပ်ရပ်တွေက သူ့ကို ဒဏ်ခတ်လိုက်တာလား။

မချိမဆံ့ နာကျင်နေမှုကို သူ ဘယ်လိုမှ မခံစားနိုင်။

နှင့်မေတ္တာတွေမှန်လို့ ငါရမယ့် မေတ္တာတွေ နင် အကုန်ရသွားတာလား တိမ်မွှေ့ခင်။

ကျေနပ်နိုင်ဖို့ ကြိုးစားပေးပါ့မယ်။ ဒါပေမဲ့ ဒီရင်မှာတော့...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဒါ ကျွန်မအန်တီ ဒေါ်နှင်းရီသက်၊ အန်ကယ်က ဦးခင်ထွန်းပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်က တိမ်မွေ့နဲ့ နိုင်ငံခြားမှာ ရင်းနှီးခဲ့တဲ့ သူရိန်ပါ"

"ထိုင်ပါကွယ်၊ ထမင်းစားဖိတ်ထားတယ်ဆိုလို့ အန်တီတို့ စီစဉ်ထားပါတယ်၊ နည်းနည်းစောနေသေးလို့ အအေးလေး သုံးဆောင်ပါဦး"

ဒေါ်နှင်းရီသက်က ဧည့်ဝတ်ကျေကာ အအေးခွက်လေး ထိုးပေးပြီး အပြုံးနှင့်ဧည့်ခံ၏။ ဦးခင်ထွန်းကတော့ ဘေးနားမှာ ငြိမ်ငြိမ်သက်သက်ပါ။

"ဒီမှာလုပ်ငန်းလုပ်ဖို့အတွက် ပြန်လာတာဆို"

"ဟုတ်ကဲ့ ဟိုမှာက မိဘအလုပ်လေ၊ ဒီမှာ တိမ်မွေ့နဲ့ ရှယ်ယာလုပ်ဖို့ တိုင်ပင်ထားတာပါ၊ တိမ်မွေ့က စဉ်းစားဦးမယ်ဆိုတော့ ကိုယ့်ဘာသာ လုပ်ငန်းစထားပါတယ်၊ အဆောက်အဦးကိစ္စပြီးရင် ဟုန်ကြမ်းဝယ်စုဖို့ ဂိုဒေါင်ထပ်ရှာရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ရှင်က အဲလောက်တောင် စီစဉ်ပြီးပြီလား၊ ရောက်တာ တောင် ဘယ်လောက်မှ မကြာသေးဘူး၊ မြန်လှချည်လား"

"ကိုယ်က အဆက်အသွယ်ကောင်းတယ်လေ၊ အဲဒါကြောင့် တိမ်မွေ့ကို အချိန်မဆွဲနဲ့လို့ ပြောတာ၊ အိုင်တီခေတ်မှာ နည်းဗျူဟာတွေ က အချိန်စက္ကန့်နဲ့အမျှ ပြောင်းလဲနေတာ၊ ကိုယ်စဉ်းစားနေတဲ့အချိန်မှာ သူများတွေက တိုးတက်အောင်မြင်နေပြီဆိုရင် ကိုယ်က မလုပ်ခင်ကတည်း က ကျရှုံးနေတာပဲ"

"တိမ်မွေ့လည်း အဲလောက် မပိန်းပါဘူး၊ အချိန်အခါ စောင့် တယ်ဆိုတာက သူများထက် ရှေ့ခြေတစ်လှမ်း တိုးဖို့ပါ၊ ဒါပေမဲ့ ရှင့် စီမံကိန်းအနေအထားကိုတော့ လေ့လာကြည့်ဦးမယ်"

"ပူးပေါင်းဖို့လား"

"ဟင့်အင်း"

"ကိုယ်လုပ်ငန်းစလိုက်တာနဲ့ ရှယ်ယာဝင်ချင်တဲ့သူတွေ အများ ကြီးနော်၊ အခုက စီးပွားရေးဈေးကွက်မှာ လာဘ်မြင်တဲ့သူတွေက ရင်းနှီး မြှုပ်နှံဖို့ မခဲယဉ်းကြတော့ဘူး"

သူရိန်ကတော့ အခွင့်ကောင်းသင့်တာနှင့် မြူဆွယ်စည်းရုံးနေ ပြန်သည်။ ဒေါ်နှင်းရီသက်က သူရိန်ပြောနေတာတွေ နားထောင်ပြီး

"မောင်သူရိန်ပြောသလိုဆိုရင် သူ့ဆီမှာ ရှယ်ယာဝင်ပြီး ရင်း နှီးမြှုပ်နှံကြည့်တာ မကောင်းဘူးလား သမီး၊ ကိုယ်တစ်ယောက်တည်း အင်အားနဲ့ လုပ်ငန်းလုပ်ဖို့ဆိုတာ အခက်အခဲတွေ့နိုင်တယ်"

"ကျွန်တော်က အဲဒါပြောတာပါ၊ ကျွန်တော်နဲ့သူနဲ့လုပ်မယ့် လုပ်ငန်းက လမ်းကြောင်းတူတယ်၊ နှစ်ယောက်ပူးပေါင်းလိုက်ရင် တစ်ရှိန် ထိုး တိုးတက်အောင်မြင်မှာ သေချာပါတယ်၊ ဈေးကွက်ရှာဖို့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



မိဒီယာတွေက အဆင်သင့်ပဲ၊ ပြီးတော့ ကျွန်တော်ကပဲ ရှေ့ကပြေးပြီး ဦးဆောင်မှာပါ၊ တိမ်မွေ့ မပင်ပန်းစေရဘူး''

''ဒါဆို အဆင်ပြေနေတာပဲ သမီးရယ်၊ သမီး စိတ်ရောလူရော သိပ်မပင်ပန်းဘူးဆိုရင် အန်တီတို့လည်း စိတ်သက်သာတာပေါ့၊ မောင်သူရိန်နှင့် ခင်မင်ရင်းနှီးပြီးသားဆိုတော့ စိတ်လည်းချတယ်''

ဒေါ်နှင်းရီသက် တိုက်တွန်းနေတော့ တိမ်မွေ့ခင် အင်းမလုပ် အဲမလုပ် ငြိမ်သက်သွားသည်။ ကိုယ့်စိတ်ဆန္ဒမရှိလည်း လူကြီးတွေကို ကလန်ကဆန် မလုပ်ချင်။

သူရိန်ကတော့ အိမ်လယ်လာတာ ကံကောင်းသွားပြီဟု ယူဆနေပေလိမ့်မည်။

''ကဲ ထမင်းသုံးဆောင်ရအောင် မောင်သူရိန် လာပါကွယ်၊ သမီးနဲ့လုပ်ငန်းလုပ်ဖို့လည်း အဆင်ပြေတယ်လို့ပဲ သဘောထားပါ''

''ဟုတ်ကဲ့ ခင်ဗျ၊ ကျေးဇူးတင်ပါတယ်''

ထမင်းဝိုင်းမှာ သူရိန် တပြုံးပြုံး ဖြစ်နေသည်။ စားသောက်ပြီးတော့ သူရိန်နှင့်တိမ်မွေ့ ခြံဝင်းထဲက ထိုင်ခုံလေးမှာ ထိုင်ဖြစ်ကြ၏။

''တိမ်မွေ့ အန်တီက သဘောကောင်းတယ်နော်၊ တိမ်မွေ့အပေါ် လည်း ဂရုစိုက်သလိုပဲ''

''အဲဒါကြောင့် အန်တီရှေ့မှာ လုပ်ငန်းကိစ္စကို ခါးခါးသီးသီး မငြင်းတာ၊ ရှင့်လုပ်ငန်းကို လိုက်လေ့လာကြည့်ဦးမယ်ဆိုပေမယ့် ကျွန်မ ရင်းနှီးမြှုပ်နှံဖြစ်မယ်ဆိုတာ တစ်ထစ်ချ တွက်မထားနဲ့ဦး''

''တိမ်မွေ့က မာနကြီးလွန်းတယ်ကွာ၊ တိမ်မွေ့ဆီမှာလည်း ပူပေါင်းမခံဘူး၊ ကိုယ့်ဆီမှာလည်း ရင်းနှီးမြှုပ်နှံဖို့ကျတော့လည်း ယုံကြည်မှု မရှိဘူး၊ တိမ်မွေ့ကို ကိုယ်ဘယ်လို နားလည်ရမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"နားလည်ဖို့ ဘာလို့ ကြိုးစားနေမှာလဲ၊ ဒါ တိမ်မွေ့စတိုင်ပဲ ဥစ္စာ၊ သူများကို မှီခိုရတာမျိုး မလုပ်ချင်ဘူး၊ ကိုယ့်အစွမ်းအစနဲ့ကိုယ့်ဘာဝ ကိုယ် ထူထောင်ချင်တယ်"

"အိမ်ထောင်ဖက်အဖြစ်တော့ ကိုယ့်ကိုစဉ်းစားပေးမယ် မဟုတ်လား"

"အဲဒါက စိတ်ကူးထဲမှာကို မရှိသေးတဲ့ကိစ္စပဲ၊ ခုအချိန်မှာ ကျွန်မစိတ်တွေ အရမ်းရှုပ်ထွေးနေတယ်၊ လုပ်ငန်းထဲမှာ စိတ်နှစ်ကြည့်ဖို့ စဉ်းစားနေတာ၊ ဟိုနေ့ကပဲ အန်ကယ်နဲ့နေရာသွားကြည့်ပြီးပြီ၊ ဆုံးဖြတ်ပြီးတာနဲ့ လုပ်ငန်းစပြီပဲ"

"ကောင်းပြီလေ၊ လိုအပ်ရင်တော့ ကိုယ့်ကို အချိန်မရွေး အသုံးချပါ၊ ကိုယ့်အလုပ်ထဲကို ဘယ်နေ့လိုက်လေ့လာမှာလဲ"

"သေချာတဲ့နေ့ ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

"ဒီကြားထဲမှာ တိမ်မွေ့အိမ်ကို ခဏ ခဏ လာလည်မယ်နော်၊ ကိုယ်ဘာတွေ လုပ်နေပြီဆိုတာ အစီရင်ခံရင်းနဲ့ပေါ့"

သူမ ခေါင်းညိတ်ခေါင်းခါမလုပ်ဖြစ်။ အလုပ်နဲ့ပတ်သက်လျှင်တော့ သူ့ရိုန်ဆီက အတွေ့အကြုံတွေ သင်ယူဖို့လိုပါသေးသည်။

စိတ်တွေက တစ်နေရာရာကို အချိန်ပြည့် နှစ်မြှုပ်ထားမှ ဖြစ်တော့မည်။ မဟုတ်လျှင် ဝန်းရံ့ခ အကြောင်းကိုပဲ တွေးမိပြီး နာကျင်နေသလိုလို တမ်းတမိသလိုလိုနှင့် ဆောက်တည်ရာမရ ဂနာမငြိမ်ပေ။

ဖြစ်နိုင်လျှင် မုန်းတီးနာကြည်းမှုတွေနှင့် မေ့ပျောက်ပစ်လိုက်ချင်တာပါ။

သူ ပေးခဲ့သော ဒဏ်ရာတွေက အနာဆွေးတစ်ခုလို ဘယ်တော့မှ မပျောက်နိုင်တော့ဘူးလား။ ဟိုနေ့က လမ်းမပေါ်မှာ တစ်ချက်တည်း

www.burmeseclassic.com



ဈေ့လျှောက်နေတာမြင်တော့ သနားကရုဏာဖြစ်မိသလိုနှင့် လည်ပြန်လှည့်မိတော့မတတ်ပင်။

အန်ကယ်ဘေးမှာရှိနေလို့ စိတ်ကိုတင်းပြီး အံကြိတ်လိုက်ရတာ ဘာကြောင့်ရယ်မသိ နာနာကျင်ကျင်. . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"မင်း ဘယ်လောက်ထိ နာကျင်ခံစားရမယ်ဆိုတာ ငါတို့ သိပါတယ်၊ အပြစ်လုပ်မိလို့ အပြစ်ဒဏ်ခံရတာ ဝမ်းတော့ မနည်းနဲ့ကွာ"

"ဒီထက်ဆိုးတဲ့ သတင်းတွေကြောင့် မင်း ဒီထက်ပိုပြီး ခံစားရဦးမှာ"

"ဘာ"

"တီမ်မွေ့ခင် တခြားတစ်ယောက်နဲ့ လက်ထပ်တော့မယ်"

သူ မြုန်းခနဲ ခြေစုံရပ်လိုက်မိ၏။ ထင်လင်းက ဆက်တိုက်မှာ ပြန်ဆွဲထိုင်ချသည်။

"မသေချာပါဘူး၊ သူရိန်ဆိုတဲ့ကောင် အဝင်အထွက်ရှိနေတာတော့ အမှန်ပဲ၊ နိုင်ငံခြားမှာကတည်းက ရင်းနှီးပတ်သက်ခဲ့ကြတာလို့ ပြောတယ်၊ လုပ်ငန်းကိစ္စတွေနဲ့ ရောနှောပြီး ဒီကောင် ချည်းကပ်နေတာ ကြာပြီတဲ့"

"ဘယ်ကသတင်းလဲ၊ အတိအကျလား"

"မျိုးကို မီတာတွေက အမွေရတဲ့မြေကို ရောင်းမှာလေ၊ အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အဆက်အသွယ်တွေက ဝယ်ဖို့ ကမ်းလှမ်းထားတယ်၊ ဂိုဒေါင် ပါတော့ ပစ္စည်းသိမ်းဖို့တဲ့၊ မျိုးကို လိုက်သွားရင်းနဲ့ အဲဒီလူတွေနဲ့ ရင်းနှီး ပြီး ကြားခဲ့တာ''

''ငါက တိမ်မွှေ့ခင် နာမည်ပါလို့ စပ်စုကြည့်တာပါ၊ မင်းမွေးစား မိဘတွေကတောင် သဘောတူနေတဲ့ပုံစံပဲ''

''ဟင်''

သူ့ကိုယ်ကြီး ဆတ်ခနဲတောင် တုန်သွားသည်။ သူနဲ့တိမ်မွှေ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားတာ သိသိကြီးနှင့် ဒါတော့ မဖြစ် သင့်။ သူ့ကို ဥပေက္ခာပြုလိုက်သည်ပဲထားဦး တရားဝင် လက်ထပ်ထား တာပဲမဟုတ်ပါလား။

''တိမ်မွှေ့ခင်နဲ့ကိစ္စ မင်းဒီအတိုင်း ပြီးလိုက်မှာလား ဝန်းရံ၊ တရားရုံးမှာ လက်ထပ်ထားတာ ဘောင်ဝင်တယ်နော်''

''ငါက အဲဒါကို သွားပြပြီး အကျပ်ကိုင်ရမလား၊ မယားခိုးမှုနဲ့ တရားစွဲမယ်လို့ ခြိမ်းခြောက်ရမှာလား''

''အဲလို မလုပ်ချင်ရင် မင်း စွန့်လွှတ်နိုင်လို့လား၊ တကယ်ဆို တာ ခိုးမှုနဲ့ တရားစွဲမယ်လို့ ခြိမ်းခြောက်ရမှာလား''

''အဲလို မလုပ်ချင်ရင် မင်း စွန့်လွှတ်နိုင်လို့လား၊ တကယ်ဆို တာမျိုးတွေ ဖြစ်လာရင် မင်း ခံနိုင်ရည်ရှိသလား''

''အခုတောင် ရင်ဘတ်ကြီး ကွဲထွက်တော့မယ်၊ ငါ ဘယ်လိုလုပ် ခံနိုင်ရည်ရှိမှာလဲ၊ ဒါပေမဲ့ မေမေတို့ကလည်း အသိအမှတ်မပြုတော့ဘူး တိမ်မွှေ့ခင်ကလည်း မုန်းတီးနာကြည်းနေတယ်၊ ငါ ဘယ်လိုနည်းလမ်း ရှာရမလဲ''

''တိမ်မွှေ့ခင် မင်းကို တကယ်ချစ်ခဲ့တယ်ဆို''

www.burmeseclassic.com

www.burmeseclassic.com



"သူ ကိုယ်တိုင်ပြောခဲ့တာ၊ ငါကိုယ်တိုင်လည်း ခံစားလို့ရတယ် ဒါပေမဲ့ မှန်းတယ်ဆိုတဲ့ စကားကိုလည်း သူ့ပါးစပ်က ပြောခဲ့တာပဲ"

"မှန်းသင့်လို့ မှန်းတာမှန်ပေမယ့် အဲဒီနောက်ကွယ်မှာ ငြိတွယ်မှုတွေ ရှိတယ်လေ၊ မင်းတစ်ခုခု ကြိုးစားမကြည့်တော့ဘူးလား"

ထင်လင်းနှင့်မျိုးကိုက သူ့ကို အားမလိုအားမရ ဖြစ်နေကြသည်။ သူ့မှာ တကယ်ကို ဘာလုပ်ရမလဲ တွေးဖို့ အားမရှိတာပါ။

"တိမ်မွေ့ခင်ကို ငါတို့တွေ့ကြည့်ပေးရမလား"

"ဟင် တွေ့ပြီးတော့ မင်းတို့ ဘာပြောမှာလဲ၊ သူကရော မင်းတို့ပြောတာကို လက်ခံမှာလား၊ အလိုတူအလိုပါ အကြံတူညာဏ်တူတွေဆိုပြီး"

"အဲဒါ မင်းတွေးပူစရာ မလိုတဲ့ကိစ္စပဲ၊ မင်းက တစ်ဖက်လူရဲ့ ဆန္ဒ ဘယ်လိုရှိနေမယ်ဆိုတာ အရေးတယူ စဉ်းစားမကြည့်တတ်ဘူး၊ သူ့ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီး ခံစားမှုတစ်ခုခု ရှိနေနိုင်တာပဲ"

"ခါးခါးသီးသီး ငြင်းလိုက်ပြီဆိုရင်တော့ မင်း ဝှမ်းပြီပေါ့ကွာ"

"မေမေတို့ ငါ့အပေါ် အဲလောက်ပြတ်သားလိမ့်မယ် ထင်မထားဘူး၊ တိမ်မွေ့ခင်ကို ဖျောင်းဖျတာမျိုးပဲ ဖြစ်ဖြစ်"

"ဟိုက တူမအရင်းလေ၊ မင်းက မွေးစားသား၊ ပြီးတော့ ခွင့်မလွှတ်နိုင်တဲ့အပြစ်ကို ကျူးလွန်ထားတာ မင်း သူတို့ဘာမှားလို့လဲ"

"ဟုတ်ပါတယ် သူတို့ မမှားပါဘူး၊ မှားတာကငါ၊ အပြစ်ရှိတာက ငါ၊ ဒီအပြစ်တွေအတွက် ငါ ဘာလုပ်မှ ကျေမှာလဲ၊ ငါ ဘယ်လို ဆေးကြောရမလဲ"

ဝန်းရံခဲ့ အသံတွေ အက်သံပေါက်ကာ မျက်ရည်တွေ စီးကျလာသည်၊ ခဏနေတော့ ကျောပြင်တစ်ခုလုံး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုး

www.burmeseclassic.com

www.burmeseclassic.com



"ဝန်းရံ"

"မင်းဘာဖြစ်ချင်လဲ ပြော၊ ဟိတ်ကောင် ယောက်ျားဖြစ်ပြီး အဲလောက် ဝမ်းမနည်းနဲ့ကွာ"

"ဖေထွန်းနဲ့ မေမေနှင်း၊ ဥပေကွာတွေ မခံစားနိုင်ဘူးကွာ၊ တိမ်မွှေ့ခင် တခြားတစ်ယောက်ယောက်ကို လက်ထပ်လိုက်မှာလည်း မခံစားနိုင်ဘူး။ ငါ့ဘက်က ဘာမှလုပ်ဖို့လည်း အင်အားမရှိဘူး။ ကျူးလွန်မိတဲ့အပြစ်တွေအတွက် သေဒဏ်ပေးရင်တောင် ငါ ခံနိုင်ပါသေးတယ်၊ ခုတော့ကွာ"

"ဝန်းရံရာ"

ထင်လင်းနှင့်မျိုးကို ရင်ထဲ ဆို့နစ်လောက်အောင် စိတ်မကောင်းဖြစ်သွားကြသည်။ ဝန်းရံက တဖွတ်ထိုး ညည့်လေး ရှိပေမယ့် စိတ်ရင်းကောင်းသူပါ။

အရင်ကဆို မွေးစားမိဘတွေနှင့် နေရသည့်ဘဝကို အမြဲတမ်း ဂုဏ်ယူတတ်ခဲ့တာ။ ဝန်းရံတို့မိသားစုရဲ့ နွေးထွေးသည့်ဘဝလေးကို သူတို့တွေ အားကျခဲ့ရတာပါ။

အခု ဖြစ်ပျက်သွားသော အခြေအနေမှာ ဝန်းရံ မှားတယ်ဆိုပေမယ့် နားလည်ပေးသင့်သည်ဟု ထင်မိသည်။

အထီးကျန်တစ်ကောင်ကြွက်ဘဝမှာ အတွေးဆိုးတွေနှင့် အမှားများစွာ ကျူးလွန်နိုင်တာပဲ မဟုတ်လား။ ဇီကိစ္စက ဇီအတိုင်း ထားလို့တော့မဖြစ်။

ဝန်းရံမိဘတွေ သိအောင်လို့တော့. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဒါ သူရွေးချယ်တဲ့လမ်းလေ၊ အန်တီတို့ ဘာမှမတတ်နိုင်ဘူး"

"အဲဒီလို အပြတ်ငြင်းလိုက်တာ အန်တီတို့ စိတ်ထဲက မပါဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်၊ ဝန်းရံဘဝ ပျက်စီးသွားမှာကို အန်တီတို့ မြင်ရက်သလား"

"ဟင် သား သားက အခု ဘာဖြစ်နေလို့လဲ"

ဒေါ်နှင်းရီသက် အထိတ်တလန့် ဖြစ်သွား၏။ ဦးခင်ထွန်းက မျက်ခုံးပင့်ကာ ဆတ်ခနဲ ခေါင်းထောင်လာသည်။

"သူ နေ့စဉ်နေ့တိုင်း မျက်ရည်နဲ့မျက်ခွက်ပါ အန်တီ၊ သူ့အမှား သူ သိပြီး နောင်တတွေ ရနေတာပါ၊ သူ့အပြစ်တွေအတွက် တောင်းပန်ချင်ပေမယ့် တောင်းပန်မခံဘဲ ဥပေက္ခာပြုထားတော့ သူ ပိုပြီး ခံစားနေရတာပါ၊ အဲဒီအတွက် ဖြေသိမ့်တာပဲဖြစ်ဖြစ်"

"သွေးမတော် သားမစပ် သူ့ကိုမွေးစားခဲ့တာဆိုပေမယ့်အန်တီတို့ သူ့အပေါ် တာဝန်ကျေခဲ့ပါတယ်၊ ပညာတတ် တစ်ယောက်ဖြစ်တဲ့အထိလည်း အန်တီတို့ အထောက်အပံ့ လုပ်ခဲ့ပါတယ်၊ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်လုံးလည်း အမွေပေးခဲ့တယ်၊ အဲဒီအတွက် သူ့ဆီကနေ အန်တီတို့ ဘာမျှော်လင့်ချက်မှ မထားခဲ့ပါဘူး၊ အခုဟာ ကျေးဇူးကန်းရုံတင် မဟုတ်ဘူး စော်ကားတာ"

"သူ လက်တုံ့ပြန်ချင်တာ အန်တီတို့ကို မဟုတ်ပါဘူး၊ အန်တီတို့နဲ့ သူ့ကို ရှင်ခွဲခွဲခဲ့တဲ့သူ့ကိုယ်သူ အငြိုးထားလိုက်မိတာပါ၊ ဒါဟာ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာဆိုပေမယ့် တိမ်မွေ့ခင် နစ်နာမှုမရှိခဲ့ပါဘူး"

"ဟုတ်ပါတယ် အန်တီ၊ တရားရုံးမှာ တရားဝင်လက်ထပ်ခဲ့တာဆိုပေမယ့် တိမ်မွေ့ခင်အပေါ် ညစ်ညမ်းတဲ့အခွင့်အရေး မယူခဲ့ပါဘူး၊ အခုလည်း အဲဒီ လက်ထပ်စာချုပ်ပြပြီး ကျွန်တော်တို့ အကျပ်ကိုင်နိုင်းတာတောင် နောက်အပြစ်တစ်ခု လုပ်မိမှာစိုးလို့ မငြိမ်းခြောက်ပါရစေနဲ့တဲ့"

ဒေါ်နှင်းရီသက် သက်ပြင်းမောတို့ မပေါ့မပါး လွှင့်ထုတ်သွား၏။ အရာရာ နားလည်နေပေမယ့် တိမ်မွေ့ခင် မငြိုငြင်ရအောင် ထိန်းသိမ်းနေရတာပါ။

ဒီမိတ်တွေရဲ့ ဥပေက္ခာကြောင့် သား ဘယ်လောက်ခံစားကြေကွဲနေမလဲဆိုတာ မသိဘဲနေပါ့မလား။

သံယောဇဉ်ထုထည် အမြစ်ခိုင်တွယ်ပြီးသားမို့ သားရင်ထဲကို ဟိုးအဝေးက လှမ်းမျှော်ကြည့်တောင် မြင်နေပါသည်။ ဒါပေမဲ့ အပူရုပ်ကို ဟန်လုပ်မာန်တင်နေရတာ တိမ်မွေ့ခင်အပေါ် တာဝန်ကျေသင့်လို့ မဟုတ်ပါလား။

"သားအခု ဘာလုပ်နေလဲ"

"သူ ဘာမှ မလုပ်နိုင်ပါဘူး၊ သောက်စားပေလော်နေတဲ့ပုံစံမျိုး ဖြစ်နေတယ်၊ ကျွန်တော်တို့လည်း ထိန်းလို့မရဘူး၊ ဘူ့ဘဝကို ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ချပစ်လိုက်မှာ စိုးရိမ်တယ်''

''အန်ကယ်တို့လည်း စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူးကွာ၊ တိမ်မွေ့ခင်အပေါ် သူ့အပြစ်တွေအတွက်ပါ တာဝန်ကျေအောင် ကြိုးစားနေရတယ်''

''သူလည်း အဲဒါကို သိပါတယ်၊ အဲဒီအတွက်ပဲ သူပိုပြီး စိတ်ထိခိုက်နေတာ''

''ကျွန်တော်တို့ကလည်း ဖွတ်အတင်း လာပြီး တိုက်တွန်းတာမဟုတ်ပါဘူး၊ သူ့အခြေအနေကိုလာပြီး အသိပေးတာပါ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

ထင်လင်းတို့ ထွက်သွားသည်နှင့် ဒေါ်နှင်းရီသက် နေရာမှာတင် ချုန်းပွဲချ ငိုပစ်လိုက်သည်။

''သား သားလေး ဘဝပျက်တော့မယ် ထင်တယ် ကိုတွန်းရယ်၊ သူက နှင်းတို့မေတ္တာနဲ့ အသက်ရှင်လာတဲ့ ကလေးပါ၊ နှင်းတို့နဲ့ ရှင်ခွဲခွဲရလို့ စိတ်ထင်တာတွေ လျှောက်လုပ်လို့ ဒီလိုဖြစ်ရတာ''

''ကိုယ့်ရင်ထဲလည်း မချိပါဘူး နှင်းရယ်၊ ဒါပေမဲ့ ကိုယ်တို့က တိမ်မွေ့ခင် မျက်နှာကိုပဲ ထောက်ထားရမယ်လေ၊ တိမ်မွေ့ခင်အပေါ် သူ ကျူးလွန်ခဲ့တဲ့အပြစ်တွေအတွက် ကိုယ်တို့ပေးဆပ်ရမှာပေါ့၊ သားကို သတိရတိုင်း တိမ်မွေ့ခင်အပေါ်ပဲ တာဝန်ကျေအောင် ကြိုးစားရအောင်ပါ နှင်းရယ် နော်''

ကြေကွဲမှုနှင့် ငိုရှိုက်သံတွေကို အတိုင်းသား ကြားနေရသည်။ ထင်လင်းတို့ ဝင်လာကတည်းက ခန်းဆီးအကွယ်မှာ သူမ ရှိအတိုင်း ရှိနေတာပါ။ ဝန်းရံခအတွက် ခံစားနေကြရသော အန်ကယ်တို့အတွက် သူမ ရင်ထဲ တကယ်မကောင်းနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် စေတနာမေတ္တာသက်သက် စောင့်ရှောက်နေခြင်းထက် ဝန်းရုံခအပြစ်တွေအတွက်ပါ ပေးဆပ်နေတာတဲ့လား။ ဝန်းရုံခနှင့် ပတ်သက်ခဲ့သော သံယောဇဉ်ထုထည်က ပိုမိုကြီးမားကြောင်း သက်သေပဲပေါ့။

ဒီလိုအခြေအနေတွေ ရှိခဲ့တာမို့ သံယောဇဉ်တွေ ဖြတ်တောက်စေခဲ့သည့် တရားခံက သူမ ဖြစ်သွားခဲ့ပြီး ဝန်းရုံခက သူမကို ရန်သူလို သဘောထားခဲ့တာပဲပေါ့။

အခုတော့ အန်တီတို့ရဲ့ညပေက္ခာကိုပါ ခံစားနေရသည့် ဝန်းရုံခဘဝတစ်ခုလုံး ပျက်စီးတော့မည်တဲ့။

သူမကို အရင်ထက် ပိုမျှားမုန်းနေပြီလား။

ဘယ်လောက် ထိခိုက်နာကျင်ကြေကွဲနေပြီလဲ။

အမုန်းနဲ့ဖန်တီးခံလိုက်ရတဲ့ အချစ်အတွက် ဒီရင်မှာလည်း မချိမဆံ့ပါပဲ ဝန်းရုံခရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"တီ တီ"

နောက်ကနေ အနီးကပ် ကားဟွန်းတီးသံကြောင့် ထင်လင်းနှင့် မျိုးကို ချာခနဲ လှည့်ကြည့်မိကြသည်။

"ဟာင် တိမ်မွေ့ခင်"

"တိမ်မွေ့"

"ဟိုရှေ့က အအေးဆိုင်လေးမှာ ခဏလောက် စကားပြောရအောင်"

"ဟုတ် ဟုတ်ကဲ့"

တိမ်မွေ့ခင် ကားလေး အအေးဆိုင်ရှေ့မှာ ထိုးရပ်သွားသည်။ ထင်လင်းတို့နှစ်ယောက်က အအေးဆိုင်လေးထဲ လိုက်ဝင်သွားကြ၏။

"ရှင်တို့ သောက်ချင်တာ မှာပါ"

"ညီလေး ကုတ်နှစ်ဘူး"

တိမ်မွေ့ခင်က ဘာမှမမှာဘဲ ထင်လင်းတို့ကို မျက်လုံးလှန်ကြည့်၏။ ထင်လင်းတို့က မလှုံမလဲ အိုးတိုးအမ်းတမ်း မျက်နှာများနှင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ကို ရှင်တို့ ပြောသွားတဲ့ စကားတွေ ကျွန်မ အကုန်ကြားပါတယ်"

"ဗျာ"

"ကျွန်တော်တို့က တိမ်မွေ့နဲ့လည်း တွေ့ချင်နေကြတာပါ ဒါပေမဲ့"

"ရှင်တို့လည်း အပြစ်မကင်းဘူးလို့ ကျွန်မ စွပ်စွဲမှာ ကြောက်လို့လား"

"ဟို အဲဒါက"

"အားပေးအားမြှောက် မလုပ်ခဲ့လည်း ဝန်းရံ ဆန္ဒကို ဘယ်သူမှ တားဆီးလို့ ရခဲ့မှာ မဟုတ်ဘူးဆိုတာ ကျွန်မ နားလည်ပါတယ်၊ သူက မေတ္တာကို ဆာလောင်ပြင်းပြနေတဲ့သူလေ၊ ကျွန်မက ဖျက်စီးခဲ့တဲ့သူအဖြစ် ရန်သူလို့ သတ်မှတ်ပြီး သူ တုံ့ပြန်ခဲ့တာ"

"သူ နောင်တရနေပါပြီ"

လွင့်ခနဲ ပြုံးလိုက်မိခြင်းမှာ ခနဲ့တာလား၊ မယုံကြည်တာလား ကိုယ့်ကိုယ်ကိုယ်တောင် မသိလိုက်။

"အဲဒီနောင်တထဲမှာ ကျွန်မကိုလည်း သူ ပိုမုန်းနေမှာပေါ့၊ ကျွန်မကြောင့် အန်တီတို့ ဥပေက္ခာပြုတာကိုပါ ခံလိုက်ရလို့လေ"

"မဟုတ်ဘူး တိမ်မွေ့ကို သူ တကယ်ချစ်သွားလို့ ထိခိုက်ခံစားနေရတာပါ"

"ဘာ"

"သူ ဝန်ခံတယ်၊ ကျွန်တော်တို့လည်း အံ့သြနေတာ၊ နီးစပ်မှု တစ်ခုကြောင့် သတိရရုံလောက်လားလို့ပေါ့"

"မဟုတ်ဘူး၊ လက်ထပ်ခဲ့ပေမယ့် သူ ဘာတစ်ခုမှ အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေး မယူခဲ့ဘူးဆို"

"အဲဒါ ဟုတ်ပါတယ်၊ အများအမြင်မှာ ကျွန်မကို ခိုးရာလိုက်သွားတယ်လို့ ထင်နေကြမလား မသိဘူး၊ တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ပြီး လိုက်သွားခဲ့တဲ့ ကျွန်မစိတ်ဆန္ဒကလည်း သူ့ကို တကယ် ချစ်ခဲ့လို့ပါ"

"ကျွန်တော်တို့ နားလည်တယ်၊ သူလည်း အဲဒီအတွက် ပိုပြီး စိတ်ထိခိုက်နေတာ၊ တိမ်မွေ့အချစ်ကို စော်ကားမိသလို ဖြစ်သွားတာ ကြောင့်တဲ့"

"အခုချိန်မှာ ဝန်းရံအပေါ်မှာ တိမ်မွေ့ ဘယ်လိုသဘောထား လဲ ကျွန်တော်တို့ သိခွင့်ရှိမလား"

"ဟို သူ့အပြစ်တွေ ခွင့်လွှတ်ပေးနိုင်မလားလို့ပါ"

တိမ်မွေ့ခင် ခေါင်းလေး ဆတ်ခနဲ ခါထွက်သွားစဉ် မျက်ရည် စက်တွေပါ အရှိန်နှင့် လွင့်ကြွေသွား၏။

"အရူးအမူး ချစ်ခဲ့မိတာတွေကို နောင်တရမိတယ်၊ ကျွန်မ အချစ်တွေကို ယောကျ်ားတစ်ယောက်က အဲလိုမျိုး လိမ်ညာလှည့်ဖျား ယူသွားလိမ့်မယ်လို့ မထင်မိဘူး"

"ဒါက"

"ဘာကြောင့်ဆိုတာတော့ ကျွန်မ နားလည်နေပါပြီ၊ ဒါပေမဲ့ သူ့ကို တကယ်ချစ်ခဲ့မိတဲ့ ကျွန်မ အချစ်တွေကို စော်ကားခံလိုက်ရတော့ ဘယ်လိုမှ မဖြေနိုင်ဘူး"

"သူရိန်နဲ့ ပတ်သက်မှုကရော"

"ဟင် အဲဒီကိစ္စ ရှင်တို့ သိနေတယ်"

"ဟုတ်ကဲ့ ဝန်းရံလည်း သိနေပါတယ်၊ လက်ထပ်စာချုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းခြောက်ပါလားလို့ ကျွန်တော်တို့ တိုက်တွန်းမိသေးတယ်၊ နောက် အမှားတစ်ခု ထပ်မကျူးလွန်တော့ဘူးတဲ့''

''မချစ်လို့ စွန့်လွှတ်ဖို့ ကြိုးစားတာတော့ မဖြစ်နိုင်ဘူး၊ တိမ်မွေ့ ထပ်ပြီး မုန်းသွားမှာကို ကြောက်နေတာ၊ သူ့အနားမှာ မေတ္တာတွေ ပေးမယ့်သူ မရှိဘူး၊ အားပေးမယ့်သူ မရှိဘူး၊ အရင်လို နာကြည်းမှုတွေ နဲ့ မာန်တင်းပြီး ရပ်တည်နေနိုင်တဲ့အင်အားလည်း မရှိတော့''

ထင်လင်းက စကားကို ရှေ့မဆက်တော့ဘဲ ရပ်တန့်ပစ်ကာ တိမ်မွေ့ခင် မျက်ဝန်းတွေထဲ အကဲခတ်ကြည့်သည်။

အချစ်၊ အမုန်း၊ ခွင့်လွှတ်ခြင်း၊ နာကြည်းခြင်းတွေ ရောထွေး ရှုပ်ယှက်ခတ်နေသော တိမ်မွေ့ခင် မျက်ဝန်းများက ခွဲခြားဖို့ခက်ခဲသည့် မျက်ရည်စတွေ စိုစွတ်လို့ပါ။

ပြီးမှ သက်ပြင်းချသံသဲ့သဲ့ ကြားရကာ

''အချိန်ကာလ တစ်ခုကြာရင် သူ မေ့မေ့ပျောက်ပျောက် ဖြစ် သွားမှာပါ၊ အခုချိန်မှာ အန်တီတို့ကိုလည်း ကျွန်မ ဖွတ်ဆွဲထားတာ မဟုတ်ပါဘူး၊ ဝန်းရံခကို သူတို့ သွားတွေ့ချင်တဲ့အချိန်တွေ့''

''သူ့မိဘတွေ ဥပေက္ခာပြုလိုက်ပြီဆိုတာ တိမ်မွေ့ သိနေတာပဲ၊ အန်တီတို့က တိမ်မွေ့အတွက်ပဲ စဉ်းစားတော့တာ''

''ဝန်းရံခကို မမုန်းပေမယ့် သူတို့ တိမ်မွေ့ကို မစွန့်လွှတ်တော့ ဘူးဆိုတာ သေချာတယ်၊ တိမ်မွေ့ဘက်က မပြောင်းလဲတော့ဘူးလို့လည်း ဝန်းရံကို ပြောပြလိုက်ပါမယ်၊ သူရိန်နဲ့လက်ထပ်တဲ့အချိန်ထိ ခံနိုင်ရည် ရှိအောင် ကြိုးစားလို့ပေါ့''

ထင်လင်းနှင့် မျိုးကိုက အအေးဘူးကို တစ်ဝက်စီလောက် သောက်ပြီး ထရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးမလာနိုင်တာသိလို့ စိတ်ပျက်သွားကြခြင်းလား။ ဝန်းရံ့အတွက် စိတ်ထိခိုက်နေကြခြင်းလား မသိနိုင်။

တိမ်မွှေ့ခင် တားဆီးခြင်းမပြုပေမယ့် မျက်နှာလေး မှောင်လာကာ

"သူ့ရိန်နဲ့ကိစ္စ ကျွန်မ ဘာမှ လက်မခံရသေးပါဘူး၊ လုပ်ငန်းကိစ္စနဲ့ပဲ ပတ်သက်နေကြတာပါ"

"အဲဒီက တစ်ဆင့် ဘာတွေပဲဖြစ်လာလာ လက်ထပ်စာချုပ်ပြီး၊ ဝုန်းရံ့ ခြိမ်းခြောက်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ အာမခံပါတယ်၊ တိမ်မွှေ့အပေါ် သူ နောက်ထပ် အပြစ်ကျူးလွန်တော့မှာ မဟုတ်ပါဘူး"

"အားလုံးက ဖယ်ကျဉ်ခံလိုက်ရတဲ့ဘဝမှာ သူစိမ်းဆိုတဲ့ သွေးဝေးမှုကြောင့် သူ့အတွက် တွေးမပေးကြတာ တကယ် စိတ်မကောင်းဘူး၊ အနိတိတို့ကလည်း၊ သွေးသားအရင်း တိမ်မွှေ့ခင်ဘက်ကပဲ ရပ်တည်ကြတယ်၊ သူ့အပေါ် အရမ်းချစ်ခဲ့ပါတယ်လို့ပြောတဲ့ တိမ်မွှေ့ကလည်း သူ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် နားလည်မှုမပေးနိုင်ဘူး"

"ဝန်းရံ့ စိတ်လေပြီး ပျက်စီးမသွားအောင် ကျွန်တော်တို့ပဲ စောင့်ရှောက်လိုက်ပါမယ်၊ တစ်ခုတော့ သေသေချာချာ သိထားပေးပါ၊ ဝန်းရံ့က တိမ်မွှေ့ကို သူ့ဘဝနဲ့ရင်း၊ပြီးကို မြတ်မြတ်နိုးနိုး ချစ်နေရှာပါတယ်"

ထင်လင်းတို့ စကားကို ဖြတ်ပြီး လှမ်းထွက်သွားကြသည်။ တိမ်မွှေ့ခင် ငူငိုင်တွေဝေစွာ ကျန်ရစ်ခဲ့၏။

နှလုံးသားတို့ထိ စီးဝင်ကာ ပွဲတင်ထင်ကြားအောင်မိ၏။

အမုန်းတွေရဲ့ သက်သေအဖြစ်က ရင်မှာ ... ... နစ်နစ် နာကျင်

www.burmeseclassic.com

www.burmeseclassic.com



ဆဲပါ။

အချစ်ရဲ့သက်သေအဖြစ် ဝေးကွာခြင်းနဲ့ ရှောင်တိမ်းနေတော့မှာလဲ။

ဘာလို့ မနီးစပ်တော့တာလဲ။

အချစ်က အချိန်အခါ အကွာအဝေးရဲ့ ဟိုးတစ်ဖက်ခြမ်းမှာ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မင်းကို စိတ်ခုတတ်ကျအောင် ပြောနေတာ မဟုတ်ပါဘူး သူတို့ဆီက တစ်ခုခုပြန်ရဖို့ အချိန်ကာလတစ်ခုတော့ လိုလိမ့်မယ် ထင်တယ်"

"သူရိန်နဲ့ပတ်သက်မှုက အခုချိန်ထိ ရိုးရှင်းသေးတယ်ဆိုတာ တော့ သေချာသိခဲ့ရတယ်၊ နောက်တစ်ခုက တိမ်မွေ့ခင်ဆီက အချစ်ပဲ"

"ဟင်"

"မင်းကိုသူ တကယ်ချစ်ခဲ့တယ်ဆိုတာ ငါတို့ သိလိုက်ရတယ်၊ အခုချိန်ထိ ချစ်နေဆဲလားဆိုတာတော့"

မျိုးကိုက သက်ပြင်းချသံသဲ့သဲ့ ဘီယာခွက်ကို ဆွဲမသောက်ဘဲ ထင်လင်းက ဝန်းရံခ ပန်း ဖျတ်ခနဲ လှမ်းပုတ်ကာ

"အချစ်တွေ၊ အမုန်းတွေကြောင့် လူတွေရဲ့စိတ်တွေ အမျိုးမျိုး ပြောင်းလဲနေတာကွ၊ တိမ်မွေ့ခင်ဆီမှာ မင်းနဲ့ပတ်သက်ပြီး အချစ်တွေ ရှိနေသေးတဲ့အတွက် မျှော်လင့်ချက်တွေ မပျောက်ဆုံးသေးဘူးလို့ ထင်ထား ထားပါကွာ"

"ငါ သူ့ဆီက အများကြီး မျှော်လင့်မထားပါဘူး၊ ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



မှုလေး ရရင် ကျေနပ်ပါတယ်''

''နားလည်နေပြီလို့တော့ သူ ပြောတာပဲ၊ ခွင့်လွှတ်မှုရမရက အချိန်လိုတယ်လေကွာ၊ မင်းမိဘတွေအတွက်လည်း စိတ်မကောင်း ဖြစ်မနေနဲ့ သူတို့က မင်းအပြစ်တွေ ကျေစေချင်လို့ တိမ်မွေ့ခင်ကို ပေးဆပ်နေကြတာ၊ အဲဒီအဖြစ်ကို ကြည့်ရင် မင်းအပေါ် မေတ္တာမကုန်လို့ပေါ့''

''အဲဒီအတွက် ငါ ဖြေသာနေတယ်ဆိုပေမယ့် တကယ် စိတ်မကောင်းဘူး၊ ဖြစ်နိုင်ရင် ရှိုးဦးရဲပြီး ငါ ကန်တော့တောင်းပန်ချင်နေတာပါ၊ တိမ်မွေ့ကိုလည်း တောင်းပန်ခွင့်ရချင်တယ်''

''အခုလို သွေးဆူနေတဲ့အချိန်မှာ စောတော့ အောင့်အည်းနေလိုက်ဦးကွာ၊ မင်းဘက်က နောင်တရပြီး ပြောင်းလဲလာပြီဆိုရင် ခွင့်လွှတ်ပေးမယ့် အခါအခွင့်သင့်လာမှာပါ''

''မင်းတို့ရဲ့အားပေးမှုတွေကို ငါ ကျေးဇူးတင်ပါတယ်၊ ငါ့ဘက်က မင်းတို့ ရှိနေပေးလို့ တော်သေးတယ်''

ဝမ်းနည်းလှိုက်သံပေါက်နေသည်မို့ ထင်လင်းတို့ စိတ်မကောင်းဖြစ်နေကြသည်။ သူတို့သာ ဝန်းရံစောက်က မရပ်တည်လျှင် ဝန်းရံ၏ အဖြစ်က တွေးကြည့်ဖို့တောင် မလွယ်။

''မင်းစိတ်တွေ စော ထွက်ပေါက်ပေးလိုက်ကွာ၊ မင်း အခု ဘာဖြစ်ချင်လဲ''

''ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ပြော ဝန်းရံ''

''ငါ အခု ဘာမှမလုပ်ချင်ပါဘူး၊ မင်းဦးလေးဆီမှာ အလုပ်ပျက်နေတာလည်း ကြာပြီဆိုတော့ ငါ အလုပ်ထဲမှာပဲ စိတ်နှစ်ထားပါ့မယ်''

''အဲဒါဆိုလည်း ပြီးရောကွာ၊ မင်းအတွက် ငါတို့က စိတ်ပူလို့

www.burmeseclassic.com



ပါ''

"အေးပါ ကျေးဇူးပဲ''

ထင်လင်းတို့နှင့် လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ ဦးကျော်ဖံဆီက ဖုန်းလာသည်။

"မနက်ဖြန် စက်ရုံကိုလာဖြစ်အောင် လာခဲ့ဦး ဝန်းရုံ မြေနေရာက ဝယ်ပြီးသွားပြီကွ၊ ငွေသွားချေရမယ်၊ မင်းကားမောင်းပို့မှဖြစ်မှာ''

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် လာခဲ့ပါမယ်''

ဦးကျော်ဖံနှင့် ဖုန်းပြောပြီး အိပ်ရာထဲ ဝင်ခဲ့ပေမယ့် မျက်လုံးတွေက ကြောင်တောင်တောင်နှင့် ဘယ်လိုမှ အိပ်မပျော်။ မျက်ဝန်းထဲမှာ တိမ်မွေ့နှင့် ချစ်ခဲ့ကြသည့်အချိန်တွေကိုသာ မြင်ယောင်ရင်း တောင့်တောင့်တတ ရှိလှသည်။

ကံကြမ္မာက အချစ်နှင့်ထိတွေ့ခွင့် ပေးခဲ့ပေမယ့် အမုန်းနှင့်အစပျိုးခဲ့တာပါလား။

ဒီအိမ်လေးမှာ သူတစ်ယောက်တည်း ဆိုပေမယ့် တိမ်မွေ့ခင်အိမ်မှာတော့ မိသားစုသဖွယ် နွေးထွေးမှုတွေ ရှိနေပေလိမ့်မည်။

ကျေနပ်ပါတယ် တိမ်မွေ့ခင်ရယ်..

ငါ ကျေနပ်နိုင်ပါပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"ဒီနေ့တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ တိမ်မွေ့ရယ်၊ ကိုယ်က အဲဒီနေရာကို စရံတောင် ချပြီးသွားပြီ၊ နေရာက အရမ်းကောင်းတာ၊ ဂိုထောင်အသုံးပြုဖို့ဆိုပေမယ့် စက်ရုံဆောက်ဖို့တောင် အဆင်ပြေတယ်"

"အဲဒါ ကိုသူရိန်ကိစ္စပဲ၊ ကျွန်မက စက်မှုဇုန်ဘက်ပဲ စိတ်ဝင်စားတယ်၊ အန်ကယ်နဲ့သွားကြည့်ထားတာလည်း အဆင်ပြေနေပြီဆိုတော့"

"ကိုယ်က တိမ်မွေ့ကို ကိုယ်နဲ့ပူပေါင်းဖို့ တိုက်တွန်းနေတာ မဟုတ်ပါဘူး။ ကိုယ် ဖန်တီးထားတာလေးကို လော့လာကြည့်စေချင်တာပါ၊ ဒီနေ့ ငွေအပြီးချေမှာလေ တိမ်မွေ့ရဲ့"

သူရိန်က ခပ်ယယ ဖြစ်နေတော့ ဒေါ်နှင်းရီသက် ကြားထဲက အားနာလာသည်။ သူရိန် နေ့စဉ်အဝင်အထွက် ရှိနေပေမယ့် တိမ်မွေ့ဘက်က ဘာကြောင့် လိုက်လျောမှု မရှိတာ နားမလည်နိုင်ပေမယ့် လူကြီးဆိုတော့ မျက်နှာပူမိတာ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သူရိန်က သမီးကို စိတ်ဝင်စားနေတာ ထင်တယ်။ သမီးဘက်က ဆန္ဒရှိရင် ဝန်းရံနဲ့ လက်ထပ်ထားတာကို ထည့်တွက်မနေနဲ့ သမီး၊ ဝန်းရံ နှောင့်ယှက်မလာအောင် အန်တီ တာဝန်ယူပါတယ်"

မိမိဘက်က လမ်းဖွင့်ပေးတော့လည်း တိမ်မွေ့ခင်က မတုန်မလှုပ်ပါ။

"အဲဒါကြောင့် မဟုတ်ပါဘူး သမီးကိုယ်တိုင်က ကိုသူရိန်ကို စိတ်မဝင်စားတာပါ၊ ဘွားဘွားတို့ တိုက်တွန်းတာကိုတောင် တိမ်မွေ့ လက်မခံခဲ့တာ"

ပြတ်သားစွာ ငြင်းဆိုခဲ့ပြီး သူရိန်လာလည်း အေးစက်စက်ပင်။ ကိုယ်ကတော့ သားအတွက် ခံစားပြီး ဖိအားများနေမလားလို့ ထွက်ပေါက် ရစေချင်နေတာပါ။

ဘာဖြစ်ဖြစ် တိမ်မွေ့ခင်ကို စိတ်ချမ်းသာစေချင်၏။

"သမီးလည်း လုပ်ငန်းအတွက် လေ့လာနေတာဖဲ့ လိုက်ကြည့်ထားတော့ ကောင်းတာပေါ့ကွယ်၊ ကိုယ်ကလည်း ဝယ်ဖို့လုပ်ထားတာဆိုတော့ ဈေးကွက်အခြေအနေ သိရတာပေါ့"

"အင်း အဲဒါတော့ ဟုတ်တယ်၊ မြေချ ပါမစ်နဲ့ ဂရမ်အရှမ်အရှင်း မရှိရင်တော့ ကိုသူရိန် ဝယ်ထားတဲ့ သိန်းရှစ်ရာက တန်နေသလိုပဲ တိမ်မွေ့ဝယ်မယ့် အကွက်က သိန်းတစ်ထောင့်ငါးရာတောင် ခေါ်နေတာ"

"အနေအထားကွာလို့ ဖြစ်နိုင်ပေမယ့် ရင်းနှီးမြှုပ်နှံရတာ နည်းရင် အမြတ်အစွန်း ပိုကျန်တာပေါ့ တိမ်မွေ့ရဲ့ စီးပွားရေးလုပ်တာ စွန့်စားမှု တစ်ခုအနေနဲ့ ကိုယ့်ဘက်က စေ့စပ်သေချာဖို့လည်း လိုတယ်"

"ဟုတ်ပါပြီ အဲဒီဘက်မှာ ရှင် ကျွမ်းကျင်တာ တိမ်မွေ့သိပါတယ်၊ ခဏစောင့် တိမ်မွေ့ အဝတ်အစားလဲလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ကားအဆင်သင့်လုပ်ထားလိုက်မယ် သမီး"

ဦးခင်ထွန်း ဝင်ပြောတော့ သူရိန် မျက်စိမျက်နှာပျက်သွား၏။

"ကျွန်တော့်ကားနဲ့ပဲ ခေါ်သွားလိုက်ပါမယ်၊ လူသုံးယောက် ကားနှစ်စီးဖြစ်နေရင် အန်ကယ် ပင်ပန်းတာပေါ့၊ တိမ်မွေ့ကို ကျွန်တော် အိမ်တိုင်ရာရောက် ပြန်လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ပါတယ် အဲဒါဆိုလည်း အန်ကယ် နေခဲ့လိုက်ပါ၊ ကိုသူရိန် ကားနဲ့ပဲ တိမ်မွေ့ လိုက်သွားလိုက်ပါမယ်"

အခုမှ သူရိန် သက်ပြင်းချကာ ပြုံးယောင်သမ်းသွား၏။

အဝတ်အစားလဲကာ အပေါ်ထပ်က ပြန်ဆင်းလာသော တိမ်မွေ့ခင်ကိုကြည့်၍ သူရိန်ခေါင်းထဲ အစီအစဉ်တွေ ဖယ်ဆက်သလို ရှုပ်ထွေးသွား၏။

အခွင့်အရေးတစ်ရပ်အတွက် အသုံးချဖို့ တပည့်နှစ်ယောက်နှင့် တိုင်ပင်ပြီးသားပါ။

"တိမ်မွေ့ ခဏနော်"

ဓာတ်ဆီဆိုင်ရှေ့မှာ ဆီထည့်ဖို့ ကားခဏရပ်ပြီး ခပ်လှမ်းလှမ်း ကိုသွား၍ သူရိန် ဖုန်းဆက်နေသည်။

ပြီးမှ သူရိန် ပြန်လာကာ ကားဆက်မောင်း၏။

"ကိုယ့်တပည့်တွေကို ဂိုဒေါင်မှာ တိမ်မွေ့အတွက် အစားအသောက်လေး ပြင်ဆင်ခိုင်းတာပါ"

"ဘာလို့ အချိန်ဖြုန်းမှာလဲ၊ ခဏကြည့်ပြီး ပြန်မှာပဲဥစ္စာ"

"အပြင်ထွက်လာတုန်းတော့ အေးဆေးပေါ့ တိမ်မွေ့ရယ်၊ တိမ်မွေ့နဲ့ နှစ်ယောက်တည်း ဆုံဖို့က ဒီလောက်တောင် ခဲယဉ်းနေတာ"

"ရှင်နဲ့တိမ်မွေ့ကြားထဲမှာ ဘာအရေးအကြောင်းကိစ္စမှ မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း ဆုံစရာ လိုလို့လား"

"တိမ်မွေ့ အရမ်းသူစိမ်းဆန်တာပဲ၊ ကိုယ်ကတော့ သိမ်မွေ့ကြောင့် မြန်မာပြည်မှာ စီးပွားရေးအခြေချဖို့ ဆုံးဖြတ်လိုက်တာ"

အက်ကြောင်းထပ်လာတော့မည့် စကားတွေ နားမထောင်ချင်တော့တာမို့ တိမ်မွေ့ကားပြတင်းပေါက်ဘက်ကို မျက်နှာလှည့်ပစ်လိုက်သည်။

သူရိန်လည်း ဘာမှမပြောတော့ဘဲ ကားကို လီဗာမြှင့်ကာ မောင်းလာခဲ့၏။

နေရာက ရပ်ကွက်တွေနှင့် အနည်းငယ် အလှမ်းဝေးကာ ခြံဝင်းကျယ်ကြီးတွေ ဖြစ်သည်။ ခြံတစ်ခြံရှေ့ကိုရောက်တော့ အသက်ခပ်လတ်လတ်လူရွယ်တစ်ယောက် တံခါးလာဖွင့်ပေးသည်။

"မောင်ဖော်ရော ရောက်နေပြီလား"

"ဟုတ်ကဲ့ ဆရာ ခိုင်းထားတာတွေ လုပ်နေပါတယ်"

"အေး အေး ကောင်းပြီ၊ တိမ်မွေ့ လာ"

ဂိုထောင်သဖွယ် အိမ်ကြီးထဲကို သူရိန်ရှေ့က ဦးဆောင်ဝင်တော့ တိမ်မွေ့ခင် ခြေလှမ်းတွေ တွန့်ဆုတ်သွား၏။ အိမ်ပိုင်ရှင်များကို မမြင်တွေ့ရဘဲ သူ့တပည့်နှစ်ယောက်သာ မြင်တွေ့ရသည်။

ဘေးပတ်လည်မှာ ငှက်ပျောပင်တွေ ဝါးရုံပင်တွေနှင့်မို့ တခြားအိမ်တွေကိုလည်း ရှင်းရှင်းလင်းလင်း လှမ်းမမြင်ရ။

"ဒီအပြင်မှာပဲ လှည့်ပတ်ကြည့်ပါမယ်၊ အိမ်ရှင်တွေလာမှ အထဲကို ဝင်ကြည့်တာပေါ့"

"သူတို့လည်း လာတော့မှာပါ တိမ်မွေ့ရဲ့၊ စရံချပြီးသားဆိုတော့ ကိုယ့်ဘက်က သေချာနေတာ သိလို့ နောက်ကျနေတာ ဖြစ်မှာပါ၊ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



အအေးလေးဘာလေး သောက်ရင်း စောင့်တာပေါ့''

အခန်းကျယ်ကြီးထဲမှာ စားပွဲနှင့်ဆက်တိခုံတွေ ပြင်ဆင်ပြီးသား မို့ တိမ်မွေ့ လိုက်ဝင်ခဲ့ရသည်။

အဝင်အထွက်မှာ တံခါးပေါက်အပိတ်မရှိ၍ အပြင်ကို လှမ်း မျှော်ကြည့်လို့ ရသေးသည်မို့ စိတ်သက်သာရာရမိသလိုပင်။

''တိမ်မွေ့ အအေးသောက်ပါဦး''

သူရိန်က သောက်စေချင်သောဆန္ဒနှင့် အအေးခွက် ထိုးပေး ပေမယ့် တိမ်မွေ့က လက်လှမ်းမယူဘဲ အဆောက်အဦးရဲ့ အနေအထား ကို အကဲခတ်နေလိုက်သည်။

''အရမ်းကျယ်တယ်နော်၊ တိမ်မွေ့ သဘောကျလား၊ ကိုယ် လည်း အစက ဂိုထောင်လုပ်ဖို့ ရည်ရွယ်ထားတာ၊ နေရာအကျယ်အဝန်း နဲ့ ပတ်ဝန်းကျင်တိတ်ဆိတ်မှုရှိလို့ လုပ်ငန်းလည်ပတ်ဖို့တောင် လုပ်လို့ ရတဲ့ အနေအထားမျိုးပဲ''

''ဈေးနဲ့ဆိုရင် အရမ်းကိုတန်တဲ့နေရာကောင်းပါ၊ ပတ်ဝန်းကျင် နဲ့ အလှမ်းဝေးတော့ လုပ်ငန်းလုပ်ဖို့လည်း အဆင်ပြေတယ်''

''တိမ်မွေ့ စိတ်ဝင်စားရင် ယူလိုက်လေ၊ ကိုယ်က နောက်တစ် နေရာ ရှာလိုက်မယ်၊ ဒြော် အအေးတွေက ပူကုန်တော့မယ်၊ သောက် လိုက်ပါဦး''

သူရိန်က စကားရောဖောရောဖြင့် အအေးခွက်ကို ဖွင့်ထိုးပေး ပြန်၏။ ဒီအတိုင်း စကားပြောနေလျှင်လည်း ဖြစ်ရဲ့သားနှင့် ဘာကြောင့် ဒီအအေးကို ဖွင့်သောက်စေချင်နေမှန်းမသိပေ။

တိမ်မွေ့က လက်ထဲရောက်လာသော အအေးခွက်ကို ပြန်ချ ထားလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"တိမ်မွေ့ ဘာမှစားချင်သောက်ချင်စိတ် မရှိလို့ပါ၊ အိမ်ရှင်တွေ အရမ်းနောက်ကျမယ်ဆို ပြန်မှဖြစ်မယ်"

"ဟာ တိမ်မွေ့ အဲလို မလုပ်နဲ့လေ၊ သူတို့လာတော့မှာပါ ခဏတော့ စောင့်ပါဦး"

"တိမ်မွေ့ ရှိနေလို့ ဘာထူးမှာလဲ၊ ရှင် ငွေချေပြီးဝယ်မယ့်ကိစ္စပဲ နေရာလိုက်ကြည့်ပြီးပြီဆိုတော့ ပြန်တော့မယ်"

"တိမ်မွေ့"

အအေးလည်း မသောက်၊ ဘယ်လိုမှ တားလို့ မရတော့မည့် အနေအထားလည်း ဖြစ်နေပြီမို့ ထရပ်လိုက်သော တိမ်မွေ့လက်ကို သူရိန် ခပ်တင်းတင်း ဖမ်းဆွဲထားလိုက်သည်။

"ဒါ ဘာလုပ်တာလဲ ကိုသူရိန်၊ တိမ်မွေ့လက်ကို လွှတ်ပါ"

"တိမ်မွေ့ ကိုယ် ပြောတာကို သေချာ နားထောင်၊ တိမ်မွေ့ကို လက်ထပ်ချင်တယ် လက်ခံပေးပါ"

"တိမ်မွေ့ စိတ်မဝင်စားဘူးလို့ ပြောပြီးပြီလေ၊ တိမ်မွေ့ကို ဒါမျိုး မလုပ်နဲ့ လက်ကိုလွှတ်"

"တိမ်မွေ့ ခါးခါးသီးသီး ဆက်ငြင်းနေမယ်ဆိုရင် ကိုယ် မလွှတ်နိုင်ဘူး တိမ်မွေ့၊ မင်းကို ပိုင်ဆိုင်ချင်လို့ ဒီအထိ လိုက်လာတာ၊ မင်းကို ကိုယ်မစွန့်လွှတ်နိုင်ဘူး။ မင်းဘက်က အေးဆေး လက်မခံနိုင်ဘူးဆိုရင် ကိုယ့်အဆိုး မဆိုနဲ့",

"ဘာ"

အဆီပြန်ရမ္မက်ခိုးဝေနေသော သူရိန် အပြုအမူများကြောင့် ကျားခံတွင်းထဲ ရောက်နေသည့်အဖြစ်ကို တိမ်မွေ့ သဘောပေါက်လိုက် ၏။ တစ်ခုခု စီရင်ထားဟန်တူသော အအေးခွက်ကို သူမ မသောက်၍

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် အကြမ်းဖက်ဖို့ သူရိန် ကြိုးစားနေဟန် တူသည်။ သူမ လက်ကို အားနှင့်ဆောင့်ရုန်း ဖယ်နေပေမယ့် သူရိန် လွှတ်မပေး။

အစီစဉ်တကျ ယုတ်မာဖို့ ကြံစည်ခဲ့တာပါလား။

ဒီခြံဝင်းထဲမှာက သူ့တပည့်နှစ်ယောက်သာ ရှိသည်။ သူမဘာဝ-ကူကာယ်ရာမဲ့ပြီ ထင်၏။

အခွင့်အရေးကို ယုတ်မာစွာ အသုံးချဖို့ ကြံစည်နေသည့် သူရိန် မျက်နှာကိုကြည့်ပြီး ဝန်းရံခ မျက်နှာကို ပြေးမြင်လိုက်သည်။

လက်ထပ်ပြီးတာတောင် သူမဘာဝ အမည်းစက် စွန်းထင်းအောင် မကောက်ကျစ်ခဲ့။ မှားယွင်းဖို့ အခြေအနေ အခွင့်အရေးတွေ ရခဲ့ပါလျက် သူမကို တန်ဖိုးထားခဲ့တာပါလား။

သူရိန် လက်တွင်းက လွတ်မြောက်ဖို့ သူမ ဘယ်လိုအင်အားကို သုံးရမလဲ။

အရာရာဟာ မှောင်မိုက်လုနီးနီး . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဒီအိမ် သေချာလို့လား အစ်ကို"

"သေချာတယ် ထင်တာပဲ၊ ငွေအပြီးလာချေမှာလို့ ပြောထားတော့ သူတို့စောင့်နေကြမှာပါ၊ သူတို့ဘက်က ရှေ့နေတွေလည်း ခေါ်ထားမယ်လို့ ပြောတာပဲ"

"အဲဒါဆိုလည်း ဝင်ကြည့်ရအောင်လေ၊ ခြံထဲမှာတော့ ကားတစ်စီးတွေ့တယ်"

"အဲဒါဆို ဟုတ်မှာပါ၊ ငါ့မိတ်ဆွေလိုက်ပို့တုန်းက ညဘက်ကြီးဆိုတော့ သေချာ မမှတ်မိဘူးကွ၊ ဒီဘက်က ခြံတွေကလည်း ခြံအမှတ်အိမ်အမှတ်ကို ခြံဝမှာ သေချာမှ ချိတ်မထားကြတာ၊ ခြံတံခါးတော့ ပိတ်မထားဘူး၊ ဟွန်းတီးပြီး ဝင်လိုက်ကွာ"

ခြံဝင်းထဲကို ကားကွေ့ဝင်လိုက်တော့ လူနှစ်ယောက် အပြေးသောပါး ပြေးထွက်လာကြသည်။

"ဘာကိစ္စလဲ၊ ဘာလုပ်ဖို့ လာတာလဲ"

"ခြံဝယ်လိုက်တဲ့လူတွေပါ၊ ငွေလာချေတာ"

"အာ ရှုပ်ရှုပ်ယှက်ယှက်၊ ဒီခြံက ကျွန်တော်တို့ဆရာ ဝယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သား''

''ဟာ ဟုတ်လို့လား၊ ခြံအမှတ် ခြောက်ဆယ့်ငါး၊ ပျဉ်းမပြိုင်လမ်းက ဒီခြံ မဟုတ်ဘူးလား''

''လိပ်စာကတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဝယ်ပြီးသား၊ ခင်ဗျားတို့ သွားတော့ဗျာ''

ထိုလူတွေ နှင်လွှတ်မှ ဦးကျော်ဖုံနှင့် ဝန်းရံခ ကားအောက်ကို ဆင်းလိုက်ကြသည်။ စရံငွေချထားတာက နည်းနည်းနောနော မှုဟုတ်။

ဝယ်လိုက်သည့်လူနှင့် တွေ့ကြည့်မှ ရှင်းတော့မည် ထင်သည်။

''ဒီခြံဝယ်လိုက်တယ်ဆိုတဲ့ မင်းတို့ဆရာနဲ့ တွေ့ပေးပါလား၊ ကိုယ်တို့ တစ်ခုခု မှားနေပြီထင်တယ်''

''အာ ဗျာ ဟိုတက်မှာလည်း ခြံတွေရှိသေးတာ သွားမေးပါလား၊ ဒါက ဝယ်ပြီးသားပါဆို သွားကြဗျာ''

တွန်းတွန်းထိုးထိုးတွေ ဖြစ်လာတော့ လူငယ်စိတ်နှင့် ဝန်းရံခ တင်းသွားသည်။ ထိုလူလက်ကို ဆွဲဖယ်ကာ ဂိုထောင်ဘက်ကို လှမ်းကြည့်လိုက်၏။

''ဝန်းရံ''

''ဟင်''

ဂိုထောင်ဘက်ကနေ သူ့နာမည်ကို ခေါ်လိုက်တာ အတိအကျ။ ဘယ်သူလဲ။ ဒီအသံ ရင်းနှီးနေတာ။

''ဟိတ်လူ ဘာလုပ်တာလဲ၊ ထွက်သွားလေ''

''နေစမ်းပါ ငါ့နာမည် ခေါ်သံကြားလို့''

''အာ ဘယ်သူမှ မရှိဘူး၊ သွားဆို သွားကွာ''

ထိုလူတွေက ဖွတ်အတင်းကို နှင်ထုတ်နေကြသည်။ အကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ပတမ်း ဖြစ်လာပြီမို့ ဒီလူတွေ ဘယ်လိုမှ မရှိးသားနိုင်။

"ဝန်းရံ ဝန်းရံ"

"ဟင် တိမ် တိမ်မွေ့"

ဖွတ်တိုးထွက်လာရင်း တိမ်မွေ့ကို လူတစ်ယောက်လက်ထဲကနေ ရုန်းကန်နေတာ မြင်လိုက်ရသည်။ သူ့စိတ်တွေ ပူထူမှောင်မိုက်သွား၏။ တိမ်မွေ့ အခက်တွေ့ ဒုက္ခရောက်နေတာပါလား။

"တိမ်မွေ့"

"ဟိတ်ကောင် မသွားနဲ့"

"အာ ဒီကောင်တွေ"

ဝန်းရံခ ဘာမှမမြင်တော့။ သူတစ်ပြန် ကိုယ်တစ်ပြန် လက်သီးတွေ တံတောင်တွေ ခုန်ပြန်သွား၏။

ဟိုလူနှစ်ယောက်က တုတ် ဓားတွေပါဆွဲထုတ်လာပြီမို့ ဦးကျော်ခံက ကြောက်အားလန့်အား နောက်ဆုတ်ရှောင်ထွက်သွားသည်။ နှစ်ယောက်နှင့်တစ်ယောက် ဖြစ်နေသလို တစ်ဖက်က တုတ်၊ ဓားတွေကို ကျွမ်းကျင်စွာ သုံးနေ၍ ဝန်းရံခ မယှဉ်နိုင်ဖြစ်လာသည်။

သူ့မျက်စိထဲမှာ တုတ်၊ ဓားတွေကို အသက်လွတ်အောင် ရှောင်ဖို့ထက် တိမ်မွေ့ ဘာမှမဖြစ်ဖို့သာ စိတ်ဇောသန်နေ၏။

"ဝန်းရံ အမလေး ဝန်းရံ ငွသပါပြီ"

"ဝန်းရံ"

ချစ်သူ ဖွေါ်သံလေးကို တိုးသဲ့သဲ့မျှသာ ကြားယောင်ရင်း အရာရာသည် မှောင်အတိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"သား သားလေး"

"ဝန်းရံ ဝန်းရံရယ်"

ဝိုရှိုက်သံတွေကို ဝန်းရံခဲ ကြားမည် မထင်။ ဗိုက်က မားဒဏ်ရာကို ခွဲစိတ်ကုသထားရပြီး တုတ်နှင့်နှစ်ချက် ဆင့်အရိုက် ခံထားရသော ခေါင်းက ဒဏ်ရာက သွေးထွက်လွန်၍ သွေးသွင်းထားရ၏။

"အသက်အန္တရာယ်တော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ ဦးကျော်ဖံ အချိန်မီ ဖုန်းဆက်အကြောင်းကြားနိုင်တာ ကံကောင်းသွားတယ်၊ သတိရလာမယ့်အချိန်တော့ စောင့်ကြည့်ဖို့လိုလိမ့်မယ်၊ ဒဏ်ရာက အရမ်းပြင်းတော့ သူ အတော်ခံစားနေရမှာ"

ဆရာဝန်ကြီးတွေ ဂရုတစိုက် ကုသပေးကြပေမယ့် ဒေါ်နှင်းရီ သက်နှင့်တိမ်မွေ့ခင်က အိမ်မပြန်နိုင်ဘဲ စိုးရိမ်ကြီးစွာ စောင့်ကြည့်နေခဲ့ကြသည်။

"အရမ်းတော့ စိတ်မပူပါနဲ့ အန်တီ၊ သူတို့ချင်း ရှေ့ဆက်ဆုံဖို့ တိုက်ဆိုင်မှုက တိမ်မွေ့ခင်ကိုရော ဝန်းရံကိုရော ကံကောင်းစေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ပါ”

“ဟုတ်တယ် အန်တီ၊ ကျွန်တော် ဦးလေး အဲဒီခြံကို မှားဝင်သွားတာပါ၊ တကယ်တမ်းက အဲဒီခြံက ဆူရိန်ဝယ်ထားတာ အမှန်ပါပဲ၊ ငွေပေးခိုင်းတဲ့ကောင်တွေက ကြောက်အားလန့်အား ပြဿနာရှာလို့ တိမ်မွေ့က ဝန်းရံတို့ကိုမြင်ပြီး အော်လိုက်တာ”

“ဘာဖြစ်ဖြစ် ဒီလို တိုက်တိုက်ဆိုင်ဆိုင် သွားဆုံလို့ တိမ်မွေ့ကို ဝန်းရံ ကယ်ခွင့်ရလိုက်တာ၊ တိမ်မွေ့အတွက် အရမ်းကောင်းသွားပါတယ်၊ သူ သတိရလာရင်တော့ ခွင့်လွှတ်တဲ့ စကားလေး ပြောပေးလိုက်ကြပါ”

ထင်လင်းနှင့်မျိုးကိုက စိတ်မချစွာ နောက်ဆံတင်းပြီး မှာသွားကြသည်။

ဒေါ်နှင်းရီသက်က မျက်ရည်မဆဲသလို တိမ်မွေ့ခင်လည်း ဝမ်းနည်းစွာ ငိုရှိုက်နေဆဲပင်။ သတိမေ့လျော့နေသော ဝန်းရံလက်ကလေးကို ဖွဖွညင်သာ ဆုပ်ကိုင်ထားခြင်းမှ မလွှတ်ဘဲ ဒဏ်ရာတွေနှင့် ဝန်းရံ မျက်နှာလေးကို သနားကရုဏာသက်နေမိသည်။

ဝန်းရံသာ ဒီလို တိုက်ဆိုင်မှုမျိုးနှင့် ရောက်မလာခဲ့လျှင် သူမ ဘာဝမတွေးဝံ့စရာပင်။

“အ အင်း တိမ် တိမ်မွေ့”

“ဟင် ဝန်း ဝန်းရံ သတိရလာပြီ၊ အန်တီ ဝန်းရံ သတိရလာပြီ”

“သား သားလေး”

ဒေါ်နှင်းရီသက်နှင့် တိမ်မွေ့ ပျာယာခတ်သွားကာ ဆရာဝန်ကြီးကို ပြေးခေါ်ကြသည်။ ဆရာဝန်ကြီးက သေချာစမ်းသပ်စစ်ဆေးပြီး

“အသက်အန္တရာယ်က အကောင်းဆုံး လွတ်မြောက်သွားပါပြီ

www.burmeseclassic.com

www.burmeseclassic.com



လူနာကို အားပေးစကား ပြောကြပါ"

ဆရာဝန်ကြီး ထွက်သွားချိန်မှာ ဝန်းရံ့ခ မျက်ဝန်းအိမ်ထောင့်လေးက မျက်ရည်တွေ စီးကျလာသည်။

"မေမေနှင်း"

"သား သားလေး"

"သား သားအမှားတွေအတွက် တောင်းပန်ပါတယ်"

"သား သားလေး မေမေတို့အားလုံး နားလည်တယ်၊ ခွင့်လွှတ်တယ်နော် သား၊ သား နေကောင်းဖို့ပဲ အရေးကြီးပါတယ်၊ ကျန်တာတွေ ဘာမှမလိုတော့ဘူး၊ မေမေ့သားလေး အသက်ရှင်ဖို့ပဲ လိုပါတယ် သားရယ်"

ဒေါ်နှင်းရီသက်က ဝန်းရံ့ လက်ကလေးကို ဆုပ်ကိုင်ပြီး တရှုံ့ရှုံ့ငိုနေသည်မို့ ဦးခင်ထွန်းက ပခုံးလေးကို ဖက်ကာ ဆွဲခေါ်သွားသည်။ ဝန်းရံ့ မျက်ဝန်းလေးက တိမ်မွေ့ခင်ဘက် စောင်းငဲ့လာကာ

"တိမ်မွေ့ကိုလည်း ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့် အပြစ်တွေ"

"ဝန်းရံ့"

ဝန်းရံ့ခ စကားမဆက်အောင် တိမ်မွေ့ခင်က ဝန်းရံ့ နှုတ်ခမ်းလေးကို လက်ညှိုးလေးနှင့် ဖိပိတ်ထားလိုက်သည်။

"ဘာမှ မဖြေရှင်းပါနဲ့၊ ကျန်တာတွေ ဘာမှမပြောပါနဲ့တော့ ဝန်းရံ့ရယ်၊ ဘာမှမလိုအပ်တော့အောင် ဝန်းရံ့ကို နားလည်နေပါပြီ၊ ရှင့်ကို တိမ်မွေ့ ဘယ်တုန်းကမှ မမုန်းခဲ့ဘူး၊ မုန်းတယ်လို့ ပြောခဲ့မိရင်လည်း အဲဒါ ရင်ထဲက မပါတဲ့ မုသားတွေပါ"

"ကျွန်တော် ဒီလို ဖြစ်နေလို့ ခွင့်လွှတ်လိုက်တာလား တိမ်မွေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း အကြောင်းအရာတွေရဲ့ နောက်ကွယ်မှာ ပျော်ဝင်ဖူးတဲ့ မိန်းမတစ်ယောက်က ရှင့်ကို ဘယ်လိုလုပ်မုန်းလို့ရမှာလဲ၊ ဘယ်အရာကိုမှ သတိမရချင်တော့ဘဲ ရှင့်ကို ချစ်ခွင့်ပဲရချင်တယ်"

"တိမ်မွေ့ရယ် ကျ ကျွန်တော်"

"တိမ်မွေ့ကို မုန်းနေခဲ့တဲ့ အချိန်ကအကြောင်းတွေ မပြောပါနဲ့နော်၊ ရှင် ဒီလိုဖြစ်သွားတဲ့အချိန်မှာ တိမ်မွေ့အနားမှာ ရှင်မရှိလို့ မဖြစ်ဘူးဆိုတာ သေချာသွားတယ်၊ တကယ်ဆို တိမ်မွေ့ဘဝမှာ ရှင့်ရဲ့အချစ်ပဲ လိုတာ ဝန်းရဲ"

"တိမ်မွေ့"

တိမ်မွေ့ လက်ကလေးကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်ချိန်မှာ တိမ်မွေ့ ပါးပြင်က မျက်ရည်စီးကြောင်းလေး သွေ့ခြောက်သွားသည်။ ဝန်းရဲ၏ အားတင်းကာ ထူမတ်လိုက်ချိန်မှာ တိမ်မွေ့က ကြင်နာယုယစွာ ထွေးပွေ့ထားဘ၏။

"တိမ်မွေ့ အချစ်တွေကြောင့် ကိုယ် အသက်ဆက်ရှင်ရတာ တန်သွားပြီ တိမ်မွေ့ရယ်၊ မေမေတို့ရဲ့ ခွင့်လွှတ်မှုကိုရတာလည်း ကိုယ့်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ၊ ကိုယ့်အပြစ်ကြွေးတွေအတွက်တော့ ကိုယ့်ဘဝနဲ့ရင်းပြီး ပြန်ဆပ်ပါ့မယ်"

"တိမ်မွေ့ကို တစ်သက်လုံး ချစ်နေမှ အဲဒီအပြစ်တွေက ကျေမှာ ဝန်းရဲ၊ တိမ်မွေ့ကိုထားခဲ့ရင် ရှင့်ကို တစ်သက်လုံး ခွင့်မလွှတ်တော့ဘူး"

"တိမ်မွေ့က မောင့်ကို စိန်ခေါ်နေတာလား"

"ထင်ချင်သလို ထင်လေ၊ ရှင်သာ တစ်ခုခုဖြစ်သွားရင် တိမ်မွေ့ ရူးမှာ၊ တိမ်မွေ့ဘဝမှာ ရှင့်ကိုဘယ်လောက် အရေးတကြီး လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ အခုမှ သေချာသိတာ၊ တိမ်မွေ့အနားမှာပဲ နေပေးပါမောင်"

ထွေးမွေ့မှုတွေနှင့် ယုယသော အနမ်းတွေမှာ အမုန်းတွေကို မေ့ပစ်ပြီး . . တကယ်ဆို သူတို့နှစ်ယောက်အတွက် အချစ်ပဲလိုတာ . . ။

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com